www.burmeseclassic.com

# နှုတ်သမီး

ဗီလင်ရောင်စုံ

BURMESE CLASSIC

GRAPHIC DESIGN: SHEIN SWE NAI

www.burmeseclassic.com

www.burmeseclassic.com

# နတ်သမီး

ဗီလင်ရောင်စုံ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးတာပေ)
အမှတ်- ၅၂၈(က)၊ ဘင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးတျှင်ရှင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဝန်းဒီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုကြီးပေါက် - 09 420243327
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးတာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
နတ်သမီး
မိလင်ရောင်စုံ
ဗျူးတာပေ ၊ ၂၀၀၄၊
၂၄၈ - စာ ၊ ၁၂ × ၁၈ စင်တီ၊
(၁) မိလင်ရောင်စုံ

## အခန်း (၁)

"အသက်ကပဲ နှစ်ဆယ့်နှစ်နှစ်ပြည့်တော့မယ်ကွာ ကျောင်းပြီး လို့ ဘွဲ့တစ်ခုလည်း ရပြီးပြီ၊ ဒီအရွယ်ထိ ကိုယ်ပိုင်လွတ်လပ်မှု မရှိဘူး၊ တစ်ပါးသူရဲ့ဆရာကြီးလုပ်တာ ခံနေရတယ်ကွာ တောက်"

ရတုပိုင် နှုတ်က တဖျစ်တောက်တောက် ပြောနေတာကို ရဲမက် မသိကျိုးကျွံပြုပြီး ဂျာနယ်ကိုပဲ စိတ်မပါဘဲ အာရုံဝင်စားဟန် ဆောင်နေ လိုက်သည်။

"ဟိုတစ်ယောက်ကလည်း နေရာတကာ ဆရာကြီးလုပ် အနိုင် ယူနေတာကွ၊ နာမည်က အဖြူထည် လုံး၀ နာမည်နဲ့ မလိုက်ဖက်ဘူး"

နောက်ဆုံးတော့ ရတုပိုင်ရဲ့ဦးတည်ရာက ဒါပဲဖြစ်သည်။ သူ့ချစ် သူ စိမ့်စမ်းလအကြောင်းပြောရင်း အဖြူထည်ဆီမှာပဲ အဆုံးသတ်တာ ဖြစ်သည်။

ကြားရမြန်များတော့ ရဲမက်အတွက် အပ်ကြောင်းထပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပြားအိုကြီးတစ်ချပ်လို ဖြစ်နေ၏။ ဒါကြောင့်လည်း ရတုပိုင် ဒီလို ခေတ်လမ်းစလာပြီဆိုလျှင် သူ့အနားက ရှောင်ထွက်သွားတတ်စမြဲ ဖြစ်သည်။

အခုတော့ ရှောင်ထွက်လို့မရသည့် အခြေအနေမို့ အနားမှာ ရှိနေသည့် ဂျာနယ်ကိုပဲ အာရုံဝင်စားဟန်ဆောင်ဖတ်နေရတာ ဖြစ်၏။ နားထဲဝင်လာတာကို နားထောင် ဘာမှဝေဖန်ချက်မပေးနဲ့ မနေနိုင် မထိုင်နိုင် ဝင်ပြောမိလျှင်တော့ ရတုပိုင် စကားတွေက ဆုံးတော့မှာ မဟုတ်။

ဒါကို သိနေတာကြောင့် ရေငုံနှုတ်ပိတ် ငြိမ်သက်နေပေမယ့် လည်း

"ရဲမက်"

နာမည်ကို ခေါ်ရုံမကပဲ ပခုံးကိုပါ လက်နဲ့ပုတ်လာတာကြောင့် ရတုပိုင်ကို မော့ကြည့်လိုက်ရသည်။

"ဘာလဲ ရတု"

"မင်း ငါပြောနေတာတွေ ကြားရဲ့လား"

"အင်း ကြားသားပဲ"

"ကြားရက်သားနဲ့ကွာ နည်းနည်းပါးပါးတောင် အရေးလုပ်ဖော် မရတာ ဘာသူငယ်ချင်းလဲ"

သူ မသိကျိုးကျွံပြုနေတာကို မကျေနပ်သည့်မျက်နှာနှင့် ရတုပိုင် ကျိုင်ရှာနေပြီ။ အလိုမကျစွာ တွန့်ကုပ်ထားသည့် မျက်ခုံးစိမ်းမှောင်မှောင် တွေအောက်က မျက်ဝန်းတွေက ကြည်လဲ့နေသည်။

နာတံက ပေါ်လွင်ကာ ပိရိသေသပ်သော နှုတ်ခမ်းတွေက ဖွံ့





ဆောင်မှုတွေ အပြည့်ရှိနေသည်။ ရတုပိုင်က ဒါကြောင့်လည်း ကျောင်း တုန်းကတည်းက ပေါ်ပြူလာ စတားတစ်ယောက် ဖြစ်ခဲ့သည်။

ရှင်းသန့်ချောမောသော ရုပ်သွင်နှင့် ဘာပဲဝတ်ဝတ် ကြည့် ကောင်းသော ခန္ဓာကိုယ် အချိုးအဆစ်နှင့် မြင့်မားသော အရပ်အမောင်း က လိုက်ဖက်လွန်းသည်။ ဒါပေမဲ့ ကျောင်းသားဘဝတုန်းက မိန်းမချော လေးတွေ ဝိုင်းဝိုင်းလည်နေပေမယ့် ရတုပိုင် ချစ်သူရည်းစားတောင် မထားခဲ့ပါ။

ကျောင်းပြီးလို့ ကွန်ပျူတာနှင့် စီးကင်းသင်တန်းတွေတက်ရတော့ မှ စိမ့်စမ်းလ ဆိုသော မိန်းကလေးနှင့် ငြိတွယ်သွားခဲ့တာတော့ အံ့ဩ စရာကောင်းသည်။ ဒါပေမဲ့ စိမ့်စမ်းလနှင့်ပတ်သက်ပြီး အဖြူထည်ဆို သော မိန်းကလေးအတွက် ရတုပိုင် ဖြစ်ပျက်နေသည့် မကျေနပ်မှုတွေက တစ်ခါတစ်မျိုး မရိုးရအောင် ရှိနေခဲ့၏။

"ဟော့ကောင် ရဲမက် ငါပြောတာတွေကို မင်း ကြားကော ကြားရဲ့လား"

ရတုပိုင်ကိုကြည့်ရင်း ဖျပ်ခနဲ လွင့်သွားသော အတွေးစတွေကို ရဲမက် ပြန်စုစည်းရသည်။ လက်ထဲက ဂျာနယ်ကိုလည်း စားပွဲပေါ် လှမ်းတင်လိုက်ရင်း

"တစ်နေ့ တစ်နေ့ ဒီအကြောင်းတွေကိုပဲ ကြားရလွန်းလို့ နား တွေလည်း အူနေပြီ မင်းဆီမလာလိုက်နဲ့ ဒီအကြောင်းတွေပဲ ကြားရတာ လေ"

"ဟ ငါက တမင်လီဆယ်ပြောနေတာမှ မဟုတ်တာ၊ မင်းပဲ စဉ်းစားကြည့် မနေ့က စိမ့်နဲ့ငါ လျှောက်လည်ဖို့ ချိန်းထားတယ် အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ညရောက်တော့ လာလို့မဖြစ်တော့ဘူးလို့ ဖုန်းဆက်တယ်၊ ဒါ ဘာသဘောလဲ အဖြူထည့် ဝင်ရှုပ်တာပဲ ဖြစ်ရမယ်"

"မင်း၊ တစ်ဖက်သတ် ထင်မြင်ချက်ကြီးနဲ့ မစွပ်စွဲသင့်ဘူး"

ဘယ်တော့မှ မပြောဘူး ဆုံးဖြတ်ထားပေမယ့်လည်း မနေနိုင် မထိုင်နိုင် ဝင်ပြောမိပြန်တော့

"ငါ စွပ်စွဲတာ မဟုတ်ဘူး၊ စိမ့်အပေါ်မှာ အဖြူထည်က ဘယ်လောက်ထိ လွှမ်းမိုးချုပ်ကိုင်ထားသလဲဆိုတာ မင်းတို့လည်း အသိပဲ"

ပြောမိတိုင်း ဒီစကားတွေပဲ တစ်က ပြန်စလာမှာသိပေမယ့် ကိုယ်တိုင်က နှုတ်ကျွံသွားခဲ့ပြီဆိုတာ နားတွေပူလောင်ပေဦးတော့မည်။

"ငါသိတယ် စိမ့်ကလည်း အဖြူထည်ရဲ့လောင်းရိပ်အောက်မှာပဲ ကျေနပ်နေတာ ငါ ဒေါသဖြစ်ရတာ အဲဒါတွေကိုပဲ"

"ဒါဆိုလည်း မင်းရဲ့စိမ့်စမ်းလကိုပဲ သွားပြောပေါ့ကွာ"

"ပြောတယ် ပြောလည်း၊ ပြောတဲ့သူပဲ အာခေါင်ကြီး ပေါက်ထွက်သွားမယ်၊ သူက မတုန်မလှုပ် ဒီပုံစံအတိုင်းပဲကွ"

"ဒီမှာ ရတု မင်းကိုငါ အကြံတစ်ခုပေးမယ်"

ရတုဝိုင်ဆီက မဆုံးနိုင်သော စကားတွေကို ထပ်မကြားချင်တော့တာမို့ ရဲမက် စကားဖြတ်ဝင်ပြောတော့ ရတုဝိုင် လှည့်ကြည့်ရင်း

"ဘာအကြံလဲ ပြောစမ်းကွာ၊ ဒီပြဿနာကြီးကို ငါတော်တော် စိတ်ညစ်နေလို့"

"အကောင်းဆုံးက စိမ့်စမ်းလကို မင်း ကားတင်ပြေးတော့"

"ဟာကွာ မင်းကလည်း မဟုတ်တာ"

"ဘာမဟုတ်ရမှာလဲ မင်းတို့အရွယ်က ဆယ်ကျော်သက်လေး





တွေမှ မဟုတ်တော့တာ၊ ဘွဲ့ရကျောင်းပြီးလို့ အလုပ်တောင် ဝင်ကြတော့မှာ"

"ဒါပေမဲ့ အဲဒီလို နိုးပြေးရအောင် မလိုအပ်ဘူးထင်တယ်၊ စိမ့်ကလည်း လက်ခံမှာမဟုတ်ဘူး"

"မင်းနဲ့သူက ချစ်သူတွေပဲ စိမ့်စမ်းလ စိတ်ဆိုးလည်း ခဏပေါ့၊ နောက်ပိုင်းအဆင်ပြေသွားမှာပဲ၊ ဒါမှလည်း မင်းဆီက အခုလို ငြီးညည်းသံတွေ ကြားရမှာ မဟုတ်တော့ဘူးလေ"

ရဲမက် စကားကို နားထောင်ရင်း ရတုဝိုင် ခေါင်းတစ်ချက် ညိတ်သည်။

"အေး မင်းပေးတဲ့အကြံ မဆိုးဘူး ရဲမက်၊ အဲဒီလိုသာ ငါ လုပ်ပစ်လိုက်ရင် ဟိုတစ်ယောက် ဖွေ့ဖွေ့ခုန်သွားမှာ သေချာတယ်"

"ရတုရာ မင်းမှလည်း စိမ့်စမ်းလနဲ့ပတ်သက်ရင် အဖြူထည်ရဲ့ အပေါ်ပဲ အမုန်းတွေ ဝင်နေတယ်"

ရဲမက် စကားကြောင့် ရတုဝိုင် မျက်နှာ ရှုတည်တည်နှင့် တင်းမာသွားခဲ့ရင်း.

"အဖြူထည်က စိမ့်နဲ့အတူ ယှဉ်တွဲပါနေတာဆိုတော့ ပြောရမှာပဲလေကွာ၊ ငါ့ကိုမုန်းတယ် မပြောနဲ့ သင်းလေးကလည်း ငါ မုန်းအောင် လုပ်နေတာကိုးကွ"

"နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်ပြန်ပြီကွာ၊ ကဲ ငါ လစ်တော့မယ် ဒယ်ဒီနိုင်းထားတဲ့ကိစ္စလေးရှိလို့"

စကားပြောနေရင်း ရဲမက် ချက်ချင်းကြီး ထပြန်မည်ပြင်တော့ ရတုဝိုင် မျက်မှောင်ကြီး ကျုံ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကောက်ခါငင်ကာကြီး ကိစ္စပေါ်လာရပြန်ပြီလား"

"မဟုတ်ပါဘူးကွာ ဒယ်ဒီ တကယ်မိုင်းထားလို့ကွ"

"သွားကွာ သွား သွား ငါ့ဘာသာ တစ်ယောက်တည်း အေး ဆေးတွေးနေတာပဲ ကောင်းမယ်"

ရဲမက် သူ့အခန်းထဲက ထွက်သွားကာ ဧည့်ခန်းထဲမှာ မာမီ့ကို နှုတ်ဆက်နေတာကိုလည်း ရတုပိုင် ကြားသည်။ ဒီကောင် သူ ပြောနေတာ တွေ နားမထောင်ချင်လို့ လစ်ပြေးတာ သိနေသည်။

ပြောမည်ဆိုလျှင် သူကလည်း သူပါပဲ။ စိမ့်နှင့်ပတ်သက်ပြီး မကျေမနပ် ဖြစ်တိုင်း အနားမှာရှိသော သူငယ်ချင်းတွေ နားငြီးအောင် ရင်ဖွင့်မိတတ်သည်။ အထူးသဖြင့် စိမ့်နှင့်တစ်အိမ်တည်းနေသော သူငယ် ချင်းညီအစ်မတွေဟု စိမ့်နှုတ်က ဝန်ခံထားသော အဖြူထည်ကို မကျေနပ် ကြောင်းတွေက အမြဲပြောဖြစ်သည့် စကားတွေပါပဲ။

နာမည်က အဖြူထည်။ မျက်နှာလေးက နုနုညက်ညက်နှင့် ဝင်းမွတ်ဖြူစင်အောင် လှတာလည်း သူ လက်ခံပါသည်။ ပြောရလည်း အသားညိုသော စိမ့်ထက်တောင် အဖြူထည် အလှက ထင်ပေါ်သည်။

ဒါပေမဲ့ အဖြူထည်ရဲ့စိတ်ကတော့ နာမည်နှင့် တကယ့် ဆန့် ကျင်ဘက်ဟု သူ သတ်မှတ်ထားသည်။ အပြုံးချိုချိုလေးနှင့် အာသွက် လျှာသွက် ရှိတတ်သော သူမလေးကိုတော့ အားလုံးက ချစ်ခင်ကြသည်။

သူ့ချစ်သူ စိမ့်ကိုယ်တိုင်ကလည်း အဖြူထည် သဘောထား ကြီးသည့်အကြောင်း စိတ်ရင်းစေတနာ ကောင်းကြောင်း ပြောမဆုံးနိုင် အောင် ရှိ၏။

စိမ့် ဘာပဲပြောပြော ရတုပိုင် ဆိုသော သူကတော့ အဖြူထည်





ကို တစ်ချက်ကလေးတောင် ကြည့်လို့မရပါ။ ဒါကြောင့်လည်း မေးပြော ခေါ်ထူးလောက်ပဲ ဆက်ဆံသည်။

ဒါကလည်း စိမ့်နှင့်ချစ်သူတွေဖြစ်ပြီးသည့် နောက်ပိုင်းမှာ သူ ခံစားကြုံဆုံရတာတွေကြောင့် ဖြစ်၏။

သူဌေးသမီး အဖြူထည်တို့အိမ်မှ ဒရိုင်ဘာတစ်ယောက်၏သမီး ဖြစ်သော စိမ့်ကို အဖြူထည်က အမြဲတမ်း အနိုင်ယူထားသည်ဟုပဲ ရတုပိုင် ယုံကြည်ထားသည်။

စိမ့်ကို အဖြူထည်နှင့် အဖြူထည် မိဘနှစ်ပါးက အဆင့်အ တန်း မခွဲခြားဘဲ သမီးရင်းလို ချစ်ခင်သည်။ စိမ့်ပညာရေးကိုသာမက လိုအပ်တာမှန်သမျှ ထောက်ပံ့ကူညီသည်ဟု ဆိုပေမယ့်လည်း သွေးရင်း မဟုတ်သလို တရားဝင်မွေးစားသမီးလည်း မဟုတ်ပါ။

ဘာပဲဖြစ်ဖြစ် စိမ့်ကို ရတုပိုင် ချစ်သည်။ ထိုချစ်ခြင်းမှာ သနား ကရုဏာတို့ ပိုမိုသွားတော့ ကြီးမားသွားခဲ့၏။

ဘယ်နေရာ ဘယ်ကိစ္စမဆို စိမ့်မှာ ကိုယ်ပိုင်ဆုံးဖြတ်ချက် မရှိဘဲ အဖြူထည်ကို တိုင်ပင်နေရတာကို ရတုပိုင် မနှစ်သက်ပါ။ ကျေးဇူး တရားတွေကြောင့် စိမ့် ကြောက်နေခဲ့တာလား။

အဖြူထည်ကလည်း စိတ်ရင်း ကောင်းသည်ဆိုပေမယ့် ထို ကျေးဇူးတရားတွေကြောင့် စိမ့်အပေါ်မှာ လွှမ်းမိုးချုပ်ကိုင်ချင်နေတာလား မသိ။

နောက်ဆုံး သူနှင့်စိမ့်တို့ ချစ်သူဘဝ လွတ်လွတ်လပ်လပ် တွေ့ ကြတာတောင် အဖြူထည်က ပါသည်။ ဒီလို ကိုယ်ရေးကိုယ်တာကိစ္စတွေ မှာပါ ဝင်စွက်ဖက်လာတော့ ရတုပိုင် စိတ်မှာ ကသိကအောက် ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ် အဖြူထည်အပေါ် အထင်မလွဲပါနဲ့၊ ဖြူက စိမ့်အပေါ် တကယ်ကောင်းတဲ့ ကျေးဇူးရှင်ပါ၊ စိမ့်တို့က ညီအစ်မရင်းချာတွေလို ဟိုးငယ်ငယ်ကတည်းက နေခဲ့ကြတာပါ"

အမြဲတမ်း အဖြူထည် ဘက်က အကာအကွယ်ပေးတတ်သော စိမ့်ကြောင့် သူ သည်းခံပေးရသည်။ ဒါပေမဲ့ ကြာလာတော့လည်း စိမ့်၏ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို ဝင်စွက်ဖက်တတ်သည့် အဖြူထည်ကို သူ ဘယ်လိုမှ ကြည့်မရတော့ပါ။

သူနှင့်စိမ့်ကြားမှာ နေရတကာ ဝင်မပါလျှင် အဖြူထည်ကို အမြင်မကြည်စရာ မရှိပါ။ သေချာသည်က အဖြူထည် ဝင်စွက်ဖက်နေသ၍ သူနှင့်စိမ့်ကြားမှာ ပျော်ရွှင်စရာတွေ ဆိတ်သုဉ်းနေမှာပဲဖြစ်၏။

ရဲမက် ပြောသလို စိမ့်ကို အမြန်ဆုံး လက်ထပ်ဖြစ်လျှင် အဆင်ပြေမည်ထင်သည်။ ဒါပေမဲ့ သူ့ကိုချစ်သော မာမီကတော့ သဘောတူမည် မထင်ပါ။

မာမီက စိမ့်ရဲ့အဆင့်အတန်းနှင့်ဂုဏ်ဒြပ်ကို လက်ခံနိုင်စွမ်း မရှိမှာ သေချာ၏။ ပြီးတော့ သူကလည်း အခုချိန်မှာ ပညာသင်ပြီးလို့ လုပ်ငန်းခွင် ဝင်နိုင်သေးတာ မဟုတ်ပါ။

ဒယ်ဒီက သူ့ရဲ့လုပ်ငန်းများစွာထဲက တောင်အရဲ့ စက်မှုဇုံထဲမှာ ရှိသော အချိုရည်စက်ရုံကို ဦးစီးစေချင်သည်။ သူကလည်း စိတ်ဝင်စားသည်။ ဒါပေမဲ့ ဒယ်ဒီကတော့ အလုပ်နှင့်ပတ်သက်လျှင် တစ်ဦးတည်းသော သားဟုဆိုကာ သူ့ကို လက်ထဲပုံအပ်လိုက်တာမျိုး မလုပ်ပါ။

"သား ကျောင်းပြီးပြီဆိုတော့ ဒယ်ဒီဘက်က တစ်နှစ်တိတိ ထပ်ပြီး အချိန်ပေးမယ်၊ သားဘက်က ကြိုတင်ပြင်ဆင်သင့်တာ ပြင်ဆင်





ထားတာပါ၊ ပြီးရင် အချိုရည်စက်ရုံမှာ သား လက်ထောက်မန်နေဂျာ အဆင့်ကနေ စဝင်ပြီး ကြိုးစားသင်ယူပါ"

ဒယ်ဒီ ခွင့်ပြုပေးသည့် တစ်နှစ်မှာ သူ တတ်သင့်သည့် သင်တန်းတွေ တက်ဖြစ်သည်။ သူ တက်မည်ဆိုတော့ ရဲမက်နှင့်သီဟလည်း အတူတက်ကြသည်။

ကွန်ပျူတာသင်တန်းမှာပဲ စိမ့်နှင့်သူတို့ ဆုံတွေ့ ချစ်သူတွေဖြစ်ခဲ့ကြတာ ဖြစ်၏။

ချစ်သူသက်တမ်း တစ်နှစ်မပြည့်သေးခင်မှာပဲ ပျော်စရာ ချစ်သူဘဝလေးမှာ အဖြူထည်၏ အနှောင့်အယှက်တွေ ဝင်လာတာ ဖြစ်သည်။

ရဲမက် အကြံပေးသလို စိမ့်ကိုတော့ သူ နိုးမပြေးချင်ပါ။ စိမ့်ဘဝလေးမှာ ငွေကြေးဂုဏ်အဆင့်အတန်း မမြင့်မားပေမယ့် ဖြူစင်ရိုးသားပြီး စာနာသနားစရာကောင်းသည်။

ဒါကြောင့်လည်း မာမီတို့ သဘောမတူခဲ့ဘူးဆိုလျှင်တောင် စိမ့်ကို သူ ဂုဏ်မငယ်ရအောင် လက်ထပ်ယူချင်၏။

မာမီတို့ မကြည်ဖြူဘူးဆိုလျှင်တောင် တခဏပဲ စွန့်လွှတ်ထားမှာ သူ ယုံသည်။

မိဘနှင့်သားသမီးကြားမှာ တောင်းစုတ်ပလုံးစုတ်လို စွန့်ပစ်ရိုးရှိမည်လား။ စိမ့်ကိုလည်း သမီးအဖြစ် လက်ခံလာမည်ဟု သူ ယုံသည်။

လတ်တလောမှာတော့ အချိန်ကာလတစ်ခုလောက်တော့ သူ စောင့်နေဦးမည်။ အဖြူထည်ရဲ့အနှောင့်အယှက်တွေကိုတော့ တတ်နိုင်သမျှတော့ သည်းခံပေးရဦးမည်ပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ထည် ရေချိုးခန်းထဲက ထွက်လာသည်အထိ စိမ့်ကို မတွေ့ရသေးပါ။ လုံချည်ရင်လျားနှင့်ပဲ စိမ့်အခန်းဘက် လှမ်းခဲ့လိုက်သည်။

အခန်းထဲမှာလည်း စိမ့် မရှိပါ။ စားပွဲပေါ်က နာရီလေးကို ထည် လှမ်းကြည့်တော့ ဆယ်နာရီထိုးတော့မည်။ ရတုပိုင်နှင့် ချိန်းထားတာက ဆယ်နာရီခွဲ။ အခုထိတောင် စိမ့် ရေမိုးမချိုးသေးတော့ နောက်ကျတော့မည်။

ထည် အာရုံထဲမှာ ရတုပိုင် မျက်နှာကို ပြေးမြင်မိ၏။ နောက်ကျနေလျှင် ရတုပိုင် မျက်နှာကြီး စူပုပ်နေမှာ သေချာသည်။ ပြီးတော့ ရတုပိုင်က အလွန်ရစ်တတ်သူဖြစ်သည်။

ရတုပိုင် ရစ်တိုင်းလည်း ထည့်ကို ဆွဲထည့်တတ်သည်။ မဆီမဆိုင် ထည့်ကို အလိုမကျသော မျက်ဝန်းတွေနှင့် ကြည့်တတ်ကာ စိမ့် နှင့်အတူ ပါလာတာကိုလည်း ကျေနပ်ပုံတစ်စက်ကလေးမှ မရှိတတ်။





တစ်ခါတစ်ခါမှာတော့ ထည် ဘယ်လိုမှ သည်းမခံနိုင်တာကြောင့် ရတုပိုင်ကို တစ်ခွန်းမခံ ပြန်ရန်တွေ့မိသည်။ ထိုအခါတိုင်း စိမ့် မျက်ရည်လေးတွေ ဝိုင်းကာ တောင်းပန်သလို ကြည့်တတ်စမြဲ။

နောက်ဆုံးတော့ စိမ့်ကို သနားစိတ်နှင့်ပဲ ထည် ဒေါသတွေကို မျိုချလိုက်ရစမြဲ။

ရတုပိုင် စိတ်မှာ ထည့်ကို စိမ့်နှင့်သူ့ကြားမှာ ဝင်ရှုပ်နေသူဟု ထင်နေသည်လား။ တကယ်ဆို ထည်နှင့်စိမ့်က ညီအစ်မရင်းချာတွေလို နေလာခဲ့ကြတာ ဟိုးငယ်စဉ်ကတည်းက။

ရတုပိုင် ဆိုတာ မနေ့တစ်နေ့ကမှ စိမ့်ရဲ့ချစ်သူ ဖြစ်လာတာပဲလေ။

"ဟိတ် ဘာလုပ်နေတာလဲ"

အနောက်က ကပ်အော်သံလေးနှင့်အတူ စိမ့်ကို မြင်လိုက်တာမို့ ထည် မျက်မှောင်လေး ကျုံ့ကြည့်ရင်း

"စိမ့် ဘယ်သွားနေတာလဲ"

"မီးဖိုထဲမှာလေ၊ ဒေါ်အေးကို သွားကူနေတာ"

"ဟယ် ဘာလို့ သွားလုပ်နေတာလဲ၊ နာရီကိုလည်း ကြည့်ဦး"

"ဘာလို့လဲ ဖြူရဲ့၊ ဆယ်နာရီပဲ ရှိပါသေးတယ်"

စိမ့်စကားကြောင့် ထည် မျက်စောင်းလေး ထိုးပစ်မိသည်။

"ရတုပိုင်နဲ့ ချိန်းထားတာက ဆယ်နာရီခွဲ မဟုတ်လား၊ ရေမိုးချိုး ပြင်ဆင်တော့လေ စိမ့်ရဲ့၊ တော်ကြာ စိမ့်လူကြီးက ထည့်ကိုပဲ အပြစ်တင် မဲနေဦးမယ်နော်"

"အံမယ် မကြည့်ပါလား၊ ဖြူကို ထိရင် နည်းနည်းမှ မခံဘူး



www.burmeseclassic.com

www.burmeseclassic.com



ညိုတာ သူ သိတယ်"

"အေး စိမ့် အဲဒီလိုလုပ်နေလေ ရတုဝိုင်က ထည့်ကို ပိုမကြည်လေ"

"မကြည်ရင်လည်း မတတ်နိုင်ဘူး၊ စိမ့်က ဖြူကိုချစ်တယ်လေ"

ပြောရင်း စိမ့်က ထည် ခန္ဓာကိုယ်လေးကို သိုင်းဖက်လာတာကြောင့် ထည် ခန္ဓာကိုယ်လေး ရုန်းထွက်ရင်း၊

"ဖယ်ပါ သွား ရေချိုးတော့ စိမ့်ရာ"

"ဖြူလည်း ရင်လျားကြီးနဲ့ လုပ်မနေနဲ့၊ ဒအေးပတ်ပြီး ဖျားဦးမယ်၊ ကဲ စိမ့် ရေအမြန်ချိုးလိုက်မယ်"

စိမ့်ပြောပြီး အဝတ်အစားလဲလှယ်ဖို့ ပြင်ဆင်နေတော့မှ ထည် အခန်းလေးထဲက ထွက်ခဲ့လိုက်သည်။

စိမ့်တို့နှစ်ယောက် ချိန်းဆိုတွေ့ကြသည့်အခါတိုင်း ထည် အဖော်လိုက်ပေးရတာ အမြဲဖြစ်သည်။ ဒါကို ရတုဝိုင် မကြိုက်ပေမယ့်လည်း မတတ်နိုင်ပါ။

စိမ့် အပြင်ထွက်တိုင်း ထည် အမြဲတမ်း လိုက်ရတာ အစဉ်အလာ ဖြစ်နေပြီပဲ။ စိမ့် ဆိုသည့်အတိုင်း စိမ့်စမ်းလ ဆိုတာ အသားလေးညိုစိမ့်စိမ့်နှင့် ကာကယ်ဖြူစင်ပြီး ချစ်စရာကောင်းသော မိန်းကလေးဖြစ်သည်။

စိမ့်တို့ ဘိုးဘွားတွေက ထည်တို့ ဘိုးဘွားတွေလက်ထက်ကတည်းက လူယုံတော်တွေ ဖြစ်သည်။

ဖေဖေ မေမေတို့လက်ထက်ရောက်တော့လည်း စိမ့်အဖေက ဒရိုင်ဘာအဖြစ် ဆက်ရှိနေခဲ့သည်။ ခြံထဲက အလုပ်သမားတန်းလျားမှာ





ပဲနေကြကာ ထည့်ကိုမွေးပြီး တစ်ပတ်ကျော်မှာပဲ စိမ့်ကိုမွေးတာကြောင့် ဖေဖေ မေမေတို့က စိမ့်ကိုလည်း သမီးရင်းလို ချစ်ခဲ့သည်။

စိမ့်တစ်နှစ်ကျော်ကျော်မှာပဲ စိမ့်မိခင် ဆုံးပါးတော့ အမိမဲ့ စိမ့်ဘဝလေးကို သနားကာ မေမေက ပိုလို့ ချစ်ခင်ခဲ့သည်။

ထည်ကလည်း ခင်တွယ်စရာ စိမ့်ကိုပဲ ငယ်ငယ်ကတည်းက ကစားတူ စားတူမို့ ညီမရင်းချာလို ခင်တွယ်ခဲ့သည်။

ကျောင်းတက်တော့လည်း နှစ်ဦးအတူပဲ ဖြစ်သည်။ ဆယ်တန်းအောင်တော့ ထည် အမှတ်ကောင်းပေမယ့် စိမ့်နှင့်အတူ စီးပွားရေးတက္ကသိုလ်ပဲ တက်ဖြစ်သည်။

စိမ့်နှင့်အတူ တက္ကသိုလ်တက်လိုသော ထည့်ရဲ့သံယောဇဉ်စိတ်က ထိုမျှအထိ ကြီးမားခဲ့တာဖြစ်သည်။

မေမေတို့ကလည်း သွေးရင်း ထည့်စိတ်ကိုသိကာ ထည့်အတွက် အဝတ်အစား ဝယ်လျှင် စိမ့်အတွက်ပါ အမြဲဝယ်ပေးတတ်ခဲ့၏။

ဒီလောက်အထိ ကြီးမားသော ထည်နှင့်စိမ့်တို့ နှစ်ယောက်ကြားက သံယောဇဉ်ကို ရတုဝိုင် နားလည်ဖို့ကောင်းသည်။

ကြံ့ရည်ရောင် တီရှပ်ခါးရှည်လေးကို အစိမ်းနုရောင် အသားကပ်ဘောင်းဘီရှည်လေးနှင့် တွဲဝတ်ဆင်ကာ ထည် ထွက်ခဲ့လိုက်သည်။

ချစ်သူနှင့်တွေ့ဖို့ အလှပြင်နေမည့် စိမ့် အခန်းဘက်ကို လျှောက်ခဲ့လိုက်သည်။ ထင်သည့်အတိုင်းပါပဲ စိမ့် အလှပြင်မှန်ရှေ့မှာ အဝတ်အစားလဲနေသည်။

ကြက်သွေးရောင် ဝတ်စုံလေးနှင့် စိမ့် မျက်နှာလေးကိုတော့ မှုန်နေအောင် ပြင်ဆင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူနဲ့တွေ့ဖို့ အလှတွေပြင်မဆုံး ဖြစ်နေတယ်ပေါ့လေ"

စိမ့် ရှက်ပြုံးလေးနှင့် ထည်ကို လှည့်ကြည့်ရင်း

"စိမ့်က ဖြူလောက်မှ မလှတာပဲလေ၊ ပြင်ရဆင်ရတာပေါ့၊ ဖြူကတော့ တကယ် ဘာမှခြယ်သစရာမလိုပဲ လှတယ်"

"ဟော့ မြှောက်မနေနဲ့ ဒီနေ့ကျွေးမွေးမှာက ရှင့်လူကြီးနော်"

"တကယ်ပြောတာပါ ဖြူရဲ့၊ ဖြူက နာမည်နဲ့လိုက်အောင် အသားလေးက ဝင်းနုစ်ပြီး လှတယ်၊ ကျောင်းတုန်းက ယောက်ျားတွေ သည်းသည်းလှုပ်နေခဲ့တာပဲလေ"

စိမ့် ငေးငေးလေး ကြည့်ကာ ပြောနေတော့ ထည် ပြုံးမိသည်။ စိမ့် ပြောသလို ကျောင်းတုန်းက ယောက်ျားလေးတွေ ဘယ်လောက် ဝိုင်းနေပါစေ ထည် တစ်ယောက်ကိုမှ ပြန်မကြိုက်ခဲ့ပါ။

ထည်ကော စိမ့်ပါ ပညာရေးကိုပဲ အာရုံထားကာ ချစ်သူမရှာခဲ့ကြပါ။

"ဖြူ ဘာလို့ ချစ်သူမထားတာလဲဟင်"

စိမ့် မေးလာတော့ ထည် ယဲ့ယဲ့လေးပြုံးရင်း ခေါင်းခါမိသည်။

"ဟင့်အင်း မထားချင်ပါဘူး၊ စိမ့်နဲ့ရတုဝိုင်ကိုကြည့်ပြီး စိတ်ညစ်လို့"

"ဟင် စိမ့်တို့က ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမှာလဲ ချစ်သူရည်းစားတွေ တွေ့ကြတော့လည်း စိမ့် လူကြီးမျက်နှာက သုန်မှုန်နေတာလေ"

"အဟင်း မောင်ကဟန်မဆောင်တတ်ဘူး ဖြူရဲ့ မကျေနပ်ရင် မကျေနပ်သလို မျက်နှာက ချက်ချင်းပေါ်လွင်သွားတာ၊ စိမ့်ကိုတော့





မောင်က ချစ်ပါတယ်"

"ဟုတ်မှာပါ စိမ့်လူကြီးက တို့ကိုပဲ အမြင်မကြည်တာ"

ထည့်စကားကြောင့် စိမ့်မျက်နှာလေး ညှိုးသွားတော့ ထည် သနားမိပြန်သည်။ ထည်နှင့်ရတုဝိုင်ကြားမှာ စိမ့်ခမြာလည်း အနေခက် စိတ်ညစ်ရှာမှာသေချာသည်။

"ကဲ သွားရအောင် စိမ့်"

တမင် စကားဖြတ်ကာ ထည်ပြောတော့ စိမ့်ခေါင်းလေးညိတ်ကာ အခန်းထဲက အတူထွက်ခဲ့ကြသည်။

ညှော်ခန်းထဲအရောက်မှာပဲ ဦးလေးအောင်နှင့် ရင်ဆိုင်တိုးတော့ စိမ့်ခြေလှမ်းလေးတွေ မဝံ့မရဲ တွန့်ဆုတ်သွား၏၊ ဒါကိုရိပ်မိသော ဦးအောင်ကို ပြုံးနှုတ်ဆက်ရင်း

"ဦးလေးအောင် ဖေဖေ ပြန်လွှတ်လိုက်တာလား"

"ဟုတ်တယ်သမီးလေး မမလေးကို ညှော်ခံပွဲတစ်ခု လိုက်ပို့စရာရှိလို့"

ပြောရင်း ဦးအောင်အကြည့်တွေက စိမ့်ဆီ တန်းတန်းမတ်မတ်ရောက်သွားခဲ့သည်။ စိမ့် မဝံ့မရဲလေးနှင့် မျက်လွှာချထားရှာ၏။

"သမီးစိမ့် ဘယ်သွားမလို့လဲ"

"ဩော် သမီးတို့ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက် အလှူသွားကြမလို့ပါ ဦးလေးအောင်"

ကြားက ထည်ဝင်ဖြေလိုက်မှာ ဦးအောင်ယုံကြည်သွားဟန်နှင့် ခေါင်းညိတ်ကာ ညှော်ခန်းမှာ ဝင်ထိုင်ပြီး သတင်းစာကိုကောက်ဖတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ကို မျက်ရိပ်ပြကာ ထည် ဆင်ဝင်အောက်က ကားဆီ ချခဲ့ဆိုက်သည်။ ထည့်အတွက် ဖေဖေတို့ ဝယ်ပေးထားသော ပါဂျဲရိုး ကားလေးကို ထည်ကိုယ်တိုင်ပဲ မောင်းတာဖြစ်သည်။

ကားလေးကို ခြံထဲက မောင်းထွက်တော့မှပဲ စိမ့်ဆီက စကား သံတုန်တုန်လေး ထွက်လာ၏။

"အဖေ အဲဒီလိုကြည့်ရင် ငါအရမ်းလန့်တယ် ဖြူရယ်"

"နင်ကလည်း မိတဆိုတော့ စိုးရိမ်တာပေါ့ဟာ ကဲပါ ခေါင်းထဲ မထည့်နဲ့တော့နော်"

ထည် နှစ်သိမ့်လိုက်ရပေမယ့် စိမ့်စိတ်ကို မြင်သိနေပါသည်။ ကားပြတင်းတံခါး အပြင်ဘက်ကို ငေးကြည့်နေသော စိမ့် စိတ်တွေ အတိတ်ကို တမျှော်တခေါ်ကြီးတွေ တွေးနေမှာသေချာ၏။

ငယ်စဉ်တုန်းက အမှားတစ်ခုသည် စိမ့်အတွက်တော့ တစ် သက်လုံး နောင်တရစရာကြီးအဖြစ် ချောက်လှန့်ခြင်း ခံနေရရှာသည် လား။

တကယ်ဆို ထိုစဉ်က စိမ့်နှင့်ထည်တို့ ဆယ်တန်းစာမေးပွဲ ဖြေပြီးစ အချိန်ကမှ အပျိုဖော်ဝင်စအရွယ်ဟု ဆိုရမည်။

ဖေဖေနှင့်ပတ်သက်ပြီး အိမ်ကို ဝင်ထွက်နေသော ဦးဗညားနိုင် ကြောင့်ဟုပဲ ဆိုရတော့မည်။

ဦးဗညားနိုင်က ရုပ်ရည်ချောမောပြီး သဘောကောင်းသူဖြစ် သည်။ ထည်တို့ထက်တော့ အသက်ဆယ်နှစ်ကျော်ခန့်ကြီးသော ဦးဗညား နိုင်သည် အမြဲတမ်း မျက်နှာကပြုံးရွှင်ကာ ဝတ်စားဆင်ယင်ပုံကလည်း စမတ်ကျသူဖြစ်၏။





ဦးဗညားနိုင်ကို အပျိုရိုင်းလေး စိမ့် တိတ်တခိုးစိတ်ဝင်စားနေ မှန်း ထည်လည်းအစကတော့ မရိပ်မိခဲ့ပါ။

ငွေကြေးလည်းချမ်းသာသော ဦးဗညားနိုင်က အိမ်ကိုလာတိုင်း ထည်နှင့်စိမ့်အတွက် စားစရာတွေ ဝယ်လာပေးတတ်သည်။ ကြုံလျှင်ကြုံ သလိုလည်း အဝတ်အစား အလှပြင်ပစ္စည်းလေးတွေ ဝယ်လာပေးတတ် ၏။

ဒါတွေကြောင့်ပင် စိမ့် စိတ်တွေယိမ်းယိုင်သွားခဲ့တာဟု ထင် သည်။ ဦးဗညားနိုင်က မိန်းကလေးတွေ သဘောကျအောင် ပြုမူနေတတ် တာကြောင့်လည်း စိမ့် ငြိတွယ်သွားခဲ့တာ ဖြစ်နိုင်သည်။

ဦးဗညားနိုင်နှင့် စိမ့်တို့ချစ်ကြိုက်သွားတာတောင် ထည် မရိပ်မိ လိုက်ပါ။

ထည် သိလိုက်ရချိန်မှာတော့ အတော့်ကို နောက်ကျနေပြီ။

ထိုညက ထည့်အခန်းတံခါးကိုခေါက်ကာ နိုးလာသော မေမေ ကြောင့် ထည် လန့်နိုးခဲ့ရသည်။ ပြီးတော့ မေမေပြောပြသော စကားတွေ ကြောင့်လည်း မျက်ဝန်းလေးဝိုင်းကာ အံ့သြမိ၏။

"စိမ့်လေး ရည်းစားနဲ့ချိန်းတွေ့နေတုန်း ကိုအောင် မိသွားလို့ ပြဿနာတွေ တက်နေတယ် သမီးရေ"

"ရှင် ဘယ် ဘယ်လိုမေမေ ဒီအချိန်ကြီး စိမ့်ကဘယ်သူနဲ့ ချိန်းတွေ့တာလဲ ဘယ်ကရည်းစားလဲ"

"သမီး လုံးဝမသိဘူးလား"

"ဟင့်အင်း စိမ့်သမီးကို ဘာမှမပြောဘူး၊ မေမေ"

"လာ လာ သမီးဧည့်ခန်းထဲမှာ သမီးဖေဖေတော့ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရှင်းသေးနေရတယ်''

ထည် အိမ်ချင်မှူးတူးနှင့် မေမေနဲ့အတူ ညှော်ခန်းထဲရောက်ခဲ့ [illegible] တခွန့်ခွန့်ငိုကြွေးနေသော စိမ့်က ဖေဖေအနားမှာရှိနေသည်။

ဖေဖေရှေ့ထိုင်ခုံမှာတော့ ဦးဗညားနိုင် ခေါင်းကြီးငုံ့ကာ တိတ်ဆိတ်စွာထိုင်နေသည်။ ဦးလေးအောင်ကတော့ သမီးဖြစ်သူ စိမ့်ကို ချက်ထောင့်နီကြီးတွေနှင့် ကြည့်ကာ ဒေါသတွေ ပြေပျောက်ပုံမရသော မျက်နှာကြီးနှင့် ရပ်နေ၏။

''ဗညားနိုင် မင်း ဒီလိုမကြံအပ် မဖြစ်အပ်မှန်းသိရက်နဲ့ လုပ်ခဲ့တာ သိပ်မှားတယ် တကယ်ဆို စိမ့်စမ်းလလေးက ကလေးသာသာပဲ ရှိသေးတယ် မင်းဘက်က ဆင်ခြင်အသိတရားရှိသင့်တယ်''

''ကျွန် ကျွန်တော် မှားပါတယ် ဦးရယ်''

''ငါ့ကို မတောင်းပန်နဲ့တော့ ဗညားနိုင် မင်းသွားတော့ ဘယ်တော့မှ ငါ့ခြံထဲမလာနဲ့တော့ မပတ်သက်နဲ့တော့ကွာ သိက္ခာတရားကင်းမဲ့တဲ့လူနဲ့ ငါ မပတ်သက် မကျွမ်းဝင်ချင်တော့ဘူး''

ဖေဖေ ယတိပြတ်စကားနှင့် ဦးဗညားနိုင်ကို နှင်ထုတ်လိုက်၏။ ဦးလေးအောင် တက်တစ်ခေါက်ခေါက်နှင့် အံကြိတ်ကြိတ်ရင်း

''ငါ သိပ်ရက်တယ် မိစိမ့် နင့်ကိုသတ်ပစ်ချင်တယ်သိလား၊ နင်လည်းသေ ငါလည်းထောင်ထဲဝင်မယ်''

''ကိုအောင် ဒေါသကိုထိန်းတော့ဗျာ သားသမီးကို ဆုံးမရမှာ မိဘတာဝန်ဆိုပေမယ့် အခုလိုက် ရိုက်နှက်ဆုံးမတာတော့ ကျုပ်လက်မခံဘူး။ အဲဒီလိုလုပ်လိုက်လို့ မှားပြီးတဲ့အမှားက အမှန်ပြန်ဖြစ်သွားသလား''

''မဟုတ်ပါဘူး ဆရာရယ် သင်း ဒီလောက်ဆင်ခြင်ဉာဏ်မဲ့ရ





သလား''

''စိမ့်စိမ်းလလေးက အခုမှ ကလေးသာသာပဲ ရှိသေးတယ်ဆိုတာ မမေ့နဲ့လေဗျာ၊ ခင်ဗျားရိုက်နှက်လို့ နာကျင်ခံစားရရုံပဲ ရှိမယ်၊ ဒီတော့ အကျိုးမရှိတာမလုပ်ပါနဲ့၊ ခင်ဗျားကော ကျုပ်ပါမွေးထားတာ သမီးလေးတွေ၊ မမှားသင့်တာ မမှားအောင် စောင့်ရှောက် ထိန်းသိမ်းရမယ့်တာဝန်ရှိတယ်၊ ဒီနေ့ကစပြီး စိမ့်စမ်းလလေးကို ကျုပ်သမီးလေးနဲ့ အိမ်ထဲခေါ်ထားမယ်၊ အခုလို အမှားမျိုးထပ်မဖြစ်ရအောင် ကျုပ်တာဝန်အပြည့်အဝယူတယ်''

ဖေဖေက စိမ့်ကို ခြံထဲက အလုပ်သမားတန်းလျားမှာ မနေစေတော့ဘဲ တိုက်ပေါ်ခေါ်တင်ထားခဲ့သည်။

ထိုအချိန်ကတည်းက ဦးအောင်က သမီးဖြစ်သူ စိမ့်ကို မျက်နှာသာမပေးတော့ပါ။ စိမ့်ခမြာလည်း သူ့အမှားနှင့်သူ ဖခင်ဖြစ်သူဒေါသကို ကြောက်လန့်သွားခဲ့သည်။

စိမ့်မှားခဲ့သော အမှားတစ်ခုကြောင့် စိမ့်ခမြာ ဖခင်ဖြစ်သူ၏ မျက်စိဒေါက်ထောက်ကြည့်နေမှုကို အမြဲခံရသည်။ စိမ့်တစ်ယောက်တည်း အပြင်ထွက်ခွင့်မရှိ။

ဒါတွေကြောင့်လည်း ကျောင်းတက်တော့ စိမ့်နှင့်အတူ စီးမွားရေးဘက္ကသိုလ်တက်ဖို့ပဲ ထည် ဆုံးဖြတ်ခဲ့တာဖြစ်၏။

စိမ့်ကို ထည်နှင့်ဆိုလျှင် ဦးလေးအောင်က စိတ်ချသည်။ အခုလည်း စိမ့် ရတုပိုင်နှင့် ချစ်နေတာကို ဦးလေးအောင် မသိရှာပါ။ စိမ့်ကတော့ ဖခင်သိမှာကို ကြောက်နေရှာ၏။

''စိမ့်ရယ် နင့်အရွယ်က ဆယ်တန်းကျောင်းသူလေးမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့တာပာယ်၊ ပြီးတော့ ရတုပိုင်ကလည်း နင့်ကို တကယ်ချစ်ပါတယ်၊ မိန်းကလေးတစ်ယောက်အတွက် အားကိုးရတဲ့သူပဲပာယ်''

''ဒါပေမဲ့ အဲဒီအမှားကြီးအတွက် စိမ့်အမြဲတမ်း နောင်တရနေတယ် ကြောက်နေတယ် ဖြူရယ်''

စိမ့် ခံစားချက်တွေကို နားလည်သော တနာမိသော ထည်ကတော့ စိမ့်ကို ထည်နှင့်အတူ တွဲခေါ်ကာ ဖေးမခဲ့သည်။ စိမ့်နှင့်ပတ်သက်သမျှ ထည် တာဝန်ယူထားရသည့်အတွက် စိမ့်တယ်သွားသွား ထည်ပါရတာကို ရတုပိုင်က အထင်လွဲသည်။

ထည်မှာတော့ စိမ့်ရဲ့အဖေ ဦးအောင်သိသွားမှာကို စိုးရိမ်ပြီး သိုဝှက်ကာရံပေးထားရတာကို ရတုပိုင် သိမှသိပါလေစ. . .။

■ ■ ■

## အခန်း (၃)

ထည် ကြိုတင်တွေးဆထားသည့်အတိုင်းပါပဲ၊ ချိန်းဆိုထားသော ကြေးအိုးဆိုင်လေးထဲမှာ မှုန်တင်းတင်းမျက်နှာနှင့် ထိုင်နေသော ရတုပိုင်ကို တွေ့လိုက်ရသည်။

ဆယ်နာရီခွဲပြီးလို့ ဆယ်မိနစ်လောက် လွန်သွားသည်ဆိုတော့လည်း ရတုပိုင် စိတ်တိုရှာမည်ပေါ့။

အပြာနုနု ရှပ်အင်္ကျီလက်တိုနှင့် နက်ပြာရောင် ဂျင်းဘောင်းဘီ တွဲဖက်ဝတ်ဆင်ထားသော ရတုပိုင်စတိုလ်ကတော့ အားလုံးထဲမှာ ထင်ရှား ပေါ်လွင်နေသည်။ နုဖတ်ချောမွတ်သော မျက်နှာက အလိုမကျ၍ မှုန်တေနေတာတောင် အကြည့်ရဆိုးမသွားခဲ့ပါ။

''စိမ့် နင့်လူတော့ မှုန်တေနေတာပဲ၊ ငါ ဟိုဘက်ဝိုင်းမှာပဲ ထိုင်မယ်နော်''

''အင်းပါ''



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ကို လွှတ်လွှတ်လပ်လပ် ထိုင်ပါစေဟု တွေးရင် ထည်တခြားဝိုင်းမှာပဲ ထိုင်ဖို့ ဆုံးဖြတ်လိုက်သည်။ မှုန်ကုပ်ကြည့်နေသော ရတုဝိုင်ကို ထည် ရှုတင်းတင်းလေးပြန်ကြည့်ကာ ကောင်တာရှေ့က စားပွဲဝိုင်းဆီ ထွက်ခဲ့လိုက်၏။

စိမ့်နှင့် ရတုဝိုင်ချိန်းဆိုထားသော ကြေးအိုးဆိုင်လေးမှာမို့ ထည် ကြိုက်သော ကြေးအိုးသောက်ချင်တာကြောင့် ဆိုင်ထဲဝင်လိုက်ခဲ့တာ ဖြစ်သည်။ ဒါကို ဘာလာရှုပ်ဦးမှာလဲဟူသော အကြည့်နှင့် ရတုဝိုင် ကြည့်နေတာ သဘောပေါက်သည်။

ခါတိုင်းဆိုလျှင် ရတုဝိုင် စောင့်နေရာနေရာအထိ စိမ့်ကိုကားနှင့် လိုက်ပို့ပြီးတာနှင့် ထည်ပြန်တတ်သည်။ အေးအေးဆေးဆေး ရွှေတိဂုံ ဘုရားသွားထိုင်ချင် ထိုင်နေတတ်စမြဲ။

ဒါမှမဟုတ်လျှင် သူငယ်ချင်း ကေသွယ်တို့အိမ်မှာ အချိန်ဖြုန်း လိုက်တာလည်းရှိ၏။ အခုတော့ ကေသွယ် မန္တလေးက အဘွားတွေဆီ သွားနေတာမို့ ထည် သွားလည်လို့မရပါ။

ကြေးအိုးတစ်ပွဲမှာကာ အအေးတစ်ဘူးကို စိမ်ပြေနပြေသောက်နေသည့် ထည့်ကိုတော့ ရတုဝိုင် ကြည်လင်ပုံမရ။ စိမ့်ကိုလည်း ဟိုမေး ဒီမေး ရစ်နေမှာသေချာ၏။

ဒါကိုတွေးမိတာကြောင့်လည်း ထည် တမင်အချိန်ကြာကြာ ထိုင်နေဖို့ စဉ်းစားလိုက်ပါသည်။

ရတုဝိုင် အကြည့်တွေက ထည်ဆီလှမ်းကြည့်လိုက် စိမ့်ကို တိုးတိုးပြောလိုက်နှင့် အာရုံတွေ ရှုပ်နေပုံရ၏။ သူတို့နှစ်ယောက်ကြားမှာ အဖြူထည်ဆိုသော မိန်းမကို အနှောင့်အယှက်တစ်ခုလို့ ရတုဝိုင် အမြဲ





ထင်နေတတ်သည်။

ဒါကို ထည်ကလည်း ဒေါသဖြစ်မိသည်။ ဒါကြောင့်လည်း ဒီလို အရွဲ့တိုက် ထိုင်မိတာပဲဖြစ်၏။

နဖတ်ချောမောသော မျက်နှာနှင့်မလိုက်ဖက်အောင် ရတုဝိုင် စိတ်တိုဒေါသ ဖြစ်နေပုံလေးက ထည် မျက်ဝန်းထဲမှာတော့ တစ်မျိုးကြည့် ကောင်းပါသည်။

တစ်ခါတစ်ခါ ဒီမျက်နှာလေးကိုကြည့်ကာ ထည် ကြိတ်ရယ် ရတာ အရသာတစ်မျိုး ခံစားရစမြဲ။

ရှင်နဲ့ကျွန်မကတော့ အမြဲတမ်း ကမ္ဘာ့ရန် ဖြစ်နေတော့မယ် ထင်ပါရဲ့ ရတုဝိုင်။

စိမ့် နောက်ကျတာကို ဒေါသမဖြစ်မိပေမယ့် အဖြူထည် ပါလာ ကတည်းက လူကအလိုလို စိတ်တိုသွားမိသည်။ တကယ့် ပါလေရာ ပေါ်ချက်လေးပါလား။

အေးအေးဆေးဆေး အတူဆုံ စကားပြောချင်လို့ စိမ့်တစ် ယောက်တည်းလာပါဟု ပြောထားလျက်နဲ့ အဖြူထည်ပါလာတာတော့ တကယ့် စိတ်တိုချင်စရာကောင်းသည်။

ပထမတစ်ကြိမ် တွေ့ဖို့မှန်းဆက်တုန်းကလည်း စိမ့်မလာနိုင်ခဲ့။ ဒါကို နားလည်နိုင်ပေမယ့် စိမ့်ပေးသည့် အကြောင်းပြချက်က စိတ်ကို တိုစေခဲ့၏။ အဖြူထည် သိပ်နေမကောင်းတာကြောင့် မလာနိုင်ခြင်းတဲ့။

အခုတော့ မရှေ့အဖြူထည် နေကောင်းသွားပြီပေါ့။ ကိုယ့်ဝိုင်း ကို အတူလာမထိုင်တာ ကျေးဇူးတင်မိပေမယ့် လူကိုလှောင်ပြုံးနှင့် မထီ တရီ ကြည့်သွားပုံကတော့ ခံရခက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ဘူး"

စိမ့်နှဲဆုံတိုင်း အဖြူထည် ပြဿနာတွေနှင့်ပဲ တစ်ယောက်တစ်ခွန်း ပြောဆိုနေရလွန်းလို့ ဘာမှ မပြောချင်တော့ပါ။

"ဘာမှ မဖြစ်ဘူးသာဆိုတယ် မောင့်မျက်နှာကြီးကလဲ"

"ဘာလို့လဲ ဘာဖြစ်နေလို့လဲ"

"အဟင်း တစ်ခုခုဖြစ်နေသလားလို့ စိမ့်နောက်ကျသွားရင် တောင်းပန်ပါတယ်နော်"

"အဲဒါက ခွင့်လွှတ်လို့ရတယ်၊ နေပါဦး စိမ့်ရဲ့အထိန်းတော်ကြီးက ဘာလို့မပြန်သေးဘဲ ထိုင်နေတာလဲကွ"

မမျိုသိပ်နိုင်ဘဲ သွဲ့မေးတော့ စိမ့်နှုတ်ခမ်းလေးတွေ ယွဲ့ယွဲ့လေး ပြုံးသွားခဲ့ရင်း

"ပြန်မှာပေါ့မောင်ရဲ့ ကြေးအိုးသောက်ပြီးရင် ဖြူက ဘုရားသွားမှာတဲ့ စိမ့်ပြန်ခါနီး ဖုန်းဆက်ခေါ်မှ သူလာကြိုမှာပါ"

"စိမ့်ကလည်းကွာ ပြန်ရင်မောင်လိုက်ပို့လို့ ရတာပဲ၊ အိမ်အထိ မဟုတ်တောင် လမ်းထိပ်ထိပို့ပေးမှာပေါ့ သူပါလာတာကိုက မောင့်အတွက် အနှောင့်အယှက်ဖြစ်နေတာ"

"ဟင် မောင့်ကိုဖြူက ဘာအနှောင့်အယှက်တွေ ပေးနေလို့လဲ၊ သူ့ဟာသူနေတာကို မောင်က အသလွှတ် ကြည့်မရဖြစ်နေတယ်"

အဖြူထည့်ကိုပြောလျှင် ဆတ်ဆတ်ထိမခံနိုင် ဖြစ်တတ်တာ စိမ့်အကျင့်ဖြစ်သလို သူကလည်း ဒါကိုပဲ မကြိုက်တော့

"သူ့ဟာသူနေရင် စိမ့်အရေးကိစ္စတွေမှာ ဘာလို့ နေရာတကာ





ပါနေရတာလဲ"

"မဟုတ်ဘူးလေ မောင်ရဲ့ ဖေဖေကစိမ့်တစ်ယောက်တည်းဆို ဘယ်ကိုမှလွှတ်တာမဟုတ်ဘူး။ ဖြူပါလို့သွားရတာ၊ မောင်နဲ့အခုလို တွေ့ရတာလည်း ဖြူကြောင့်မို့ပဲ မောင်ကဖြူ့ကို ကျေးဇူးတောင်တင်ရဦးမှာ"

စိမ့်စကားကြောင့် ရတု မျက်နှာ မဲ့ခနဲဖြစ်သွားသည်။ ရိုးသားသော စိမ့်ခမြာ ဖြူ့ရဲ့အရိပ်အောက်မှာ ဘယ်လိုမှ ရုန်းထွက်နိုင်မည် မထင်တော့ပါ။

"တကယ်ပြောတာ မောင်ရဲ့ ဖြူ့ကို ကျေးဇူးမတင်ချင်နေပါ အပြစ်တော့ မမြင်ပါနဲ့ မောင်ရယ်"

"မောင်တမင် အပြစ်မြင်တာမှ မဟုတ်တာ၊ ဒါပေမဲ့ စိမ့်သူငယ်ချင်းက မောင့်ကို ပြောင်စရာနောက်စရာ သတ္တဝါတစ်ကောင်လို ထင်နေတာ မတွေ့ဘူးလား စောစောက လှောင်သလိုကြည့် ပြုံးသွားတာ စိမ့်မမြင်ဘဲ"

ရတုပိုင် မကျေမနပ်ဆိုတော့ စိမ့်သဘောကျသလို လွင်လွင်ကလေး ရယ်လိုက်ရင်း

"မောင်ရယ် ဒါကဒီလိုပါ မောင်ကဖြူကိုတွေ့တိုင်း မကြည်မလင်နဲ့ မျက်နှာကြီး သုန်မှုန်နေတော့ ဖြူက ရင်းနှီးတဲ့သဘောနဲ့ နောက်တာပါ"

"မောင်ကတော့ သူနဲ့မရင်းနှီးချင်ပါဘူး"

ရတုပိုင် မျက်နှာရှုံ့မဲ့ကာ ယတိပြတ်ပြောတော့ စိမ့်မျက်နှာလေးပေါ်က အပြုံးရိပ်တို့ လွင့်ပြယ်သွားခဲ့ကာ

"မောင်ဘာဖြစ်လို့ ဖြူ့ကိုဒီလောက် မုန်းနေရတာလဲ၊ ဖြူက



www.burmeseclassic.com

www.burmeseclassic.com



အရှမ်းစိတ်ထားဖြူတဲ့ မိန်းကလေးပါ၊ ဖြူ့ကိုမြင်တဲ့ သူတိုင်းက ချစ်ခင်ကြတယ်။ မောင်တစ်ယောက်သာ ဘာအကြောင်းပြချက်မှ မရှိဘဲ အသလွှတ် မုန်းနေတယ်၊ စိမ့်ကိုမောင် တကယ် ချစ်တယ်ဆိုရင်တောင် ဖြူ့ကို ကျေးဇူးတင်ရမှာ''

''တော်ပြီကွာ ဒီအကြောင်းတွေမပြောနဲ့ စိမ့်နဲ့မောင်တွေ့တိုင်း ဒီပြဿနာကို ရှင်းနေရတာ နားငြီးတယ်''

ရတုပိုင် စကားဖြတ်ပြောပစ်တော့လည်း စိမ့်ပင့်သက်လေး ရှိုက်ကာ နှုတ်ဆိတ်သွားခဲ့ရှာသည်။ ဒီလို ချစ်သူမျက်နှာလေး ညှိုးသွားတော့ ရတုပိုင် ရင်ထဲမှာလည်း မကောင်းဖြစ်ရပြန်၏။

အဖြူထည်အကြောင်းပြောလျှင် အဆုံးသတ်က ဒါပဲဖြစ်သည်။ ဒါကြောင့်လည်း အစက တရားခံ အဖြူထည်ကို သူ မုန်းမိတာဖြစ်သည်။

ရတုပိုင် အကြည့်တွေ အဖြူထည်ဆီ ရောက်သွားမိပြန်သည်။ ခြေတစ်ဖက်ချိတ်ကာ ကြေးအိုးသောက်နေပုံက စိမ်ပြေနပြေအသွင်နှင့် ဖြစ်၏။ ဘေးတိုက် မြင်နေရသော မျက်နှာလေးက ချစ်စရာကောင်းပါသည်။

ပြောရလျှင် အဖြူထည်သည် စိမ့်နှင့်ယှဉ်လျှင် အဘက်တက်က သာလွန်သည်။ ရုပ်ရည်၊ အဆင့်အတန်း၊ မိဘအသိုင်းအဝန်း ဘာမှ လိုအပ်ချက်မရှိ။

ဒါပေမဲ့ ဒါတွေကို သူ အထင်မကြီးပါ။ သူ အထင်ကြီးလေးစားမိတာက ဖြူစင်ရိုးသားသော စိတ်ဓာတ်လေးကိုပဲဖြစ်သည်။

စိမ့်စမ်းလ ဆိုသော စိမ့်မှာက ဖြူစင်ရိုးသားသော နှလုံးသားလေး ရှိခဲ့ပြီးဖြစ်သည်။





သူ မြတ်နိုးမိတာကလည်း ထိုစိတ်ဓာတ်ကလေးကြောင့်ပါပဲ။

''စိမ့်ရေ ငါသွားတော့မယ်နော်၊ နင်ပြန်မယ့်အချိန်သာ ဘယ်ကို လာခေါ်ရမလဲဆိုတာ ဖုန်းဆက်လိုက် သိလား''

ရတု အတွေးတွေလွန်နေတုန်းမှာပဲ အဖြူထည် အနားရောက်လာကာ စိမ့်ကိုပြောနေသည်။

''အေးပါ ဖြူ၊ ငါ ဖုန်းဆက်လိုက်မယ်''

မကြည့်ဘူးဟု ဆုံးဖြတ်ထားသည့်ကြားက ရတုပိုင် မော့ကြည့်မိတော့ အဖြူထည်က နှာခေါင်းလေးရှုံ့ပြကာ နောက်ပြောင်သွားခဲ့သေး၏။

စိမ့်ကို ပြန်ပြောမိလျှင်လည်း ကိုယ့်ကိုပဲ ဘာလို့သွားကြည့်တာလဲ ဟု အပြစ်တင်နေဦးမည်။ အဖြူထည် ကားလေး ဆိုင်ရှေ့က ထွက်သွားတော့ စိမ့်လည်း ကြေးအိုးသောက်ပြီးနေပြီမို့

''စိမ့် မောင်တို့ ဘယ်သွားကြမလဲ''

''မောင် ဘယ်သွားမလို့လဲ၊ ကြိုက်တဲ့နေရာသွားလေ''

''ဒါဆို ရဲမက်တို့အိမ် သွားမယ်၊ ဒီနေ့ ဒီကောင့်မိဘတွေ မရှိဘူး။ မောင်နဲ့စိမ့်သွားရင် ဟိုကောင် ရဲမက်ကလည်း ရှောင်ပေးမှာပဲ''

''ဟင်''

စိမ့်မျက်နှာလေး အထိတ်တလန့် မျက်ဝန်းတွေနှင့် မော့ကြည့်လာတော့ ရတုပိုင် ပြုံးမိသည်။ သူ တမင်အရွဲ့တိုက်ပြောတာကို တကယ် ထင်မှတ်သွားသော စိမ့်မျက်နှာလေးက ဟန်တောင်မဆောင်နိုင်ပါ။

''အဟွန်း နောက်တာပါကွာ၊ ရှားရှားပါးပါးလေး လည်ပတ်ခွင့်ရတုန်း၊ စိမ့်သွားချင်တဲ့နေရာလေးတွေ လိုက်ပို့ပေးမှာပါ''

သူပြောတော့မှ စိမ့် မျက်စောင်းလေး ထိုးပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



'မောင် သွားချင်တဲ့နေရာ သွားပါ၊ ဒါပေမဲ့ နေ့လယ်လောက်တော့ စိမ့်ပြန်မှဖြစ်မှာနော်''

စိမ့်စကားကို ရတုဝိုင် ခေါင်းညိတ်ပြရင်း ကျသင့်ငွေကို ထုတ်ရှင်းပေးတော့ စားပွဲထိုး ချာတိတ်ကလေးက ခေါင်းခါသည်။

''ရှင်းပြီးပြီ အစ်ကို၊ စောစောက အစ်မလေး အားလုံး ရှင်းသွားပါတယ်''

ရတုဝိုင် မျက်နှာမှုန်တင်းတင်း ဖြစ်သွားတာကို စိမ့်က မမြင်ဟန်ဆောင်ရင်း ရှေ့က လှမ်းထွက်သွား၏။

ရတုဝိုင် စိတ်ထဲကတော့ ခံရခက်ခက် ဖြစ်မိသည်၊ ကျေးဇူးတင်ခံချင်လို့ အဖြူထည် တမင်ရှင်းပေးသွားတာလား၊ မမျှော်လင့်လိုက်နဲ့ အဖြူထည်။

ငါတို့ကိစ္စမှာ ဝင်ရှုပ်နေတဲ့ မင်းကိုတစ်သက်လုံး မကျေနပ်ဘူးဆိုတာ မင်း မှတ်ထားလိုက်စမ်း။

■ ■ ■

## အခန်း (၄)

စိမ့်ကို အခန်းထဲမှာလည်းမတွေ့၊ ညှိခန်းထဲမှာလည်း မတွေ့တာမို့ ထည် ခြံထဲဆင်းခဲ့လိုက်သည်။

နေ့လယ်နေ့ခင်းဆို မအိပ်တတ်သော စိမ့်သည် ဒေါ်အေးနှင့်အတူ အိမ်မှုကိစ္စတွေ ကူလုပ်ပေးတတ်သည်။ ဒီနေ့တော့ လုပ်စရာအလုပ်မရှိ၍ထင်သည်။ ဒေါ်အေးလည်း တစ်ရေးတမော အိပ်နေ၏။

ဒါဆိုလျှင်တော့ စိမ့် ခြံထဲမှာရှိချင်ရှိ မရှိလျှင် နောက်ဖေးသစ်သားအိမ်လေးကို သွားသည်ပဲ ဖြစ်မည်။ ဖခင်ရဲ့အိမ်လေးကို စိမ့် နေ့စဉ်သွားပြီး ရှင်းလင်းပေးတတ်တာ ထည် သိထားသည်။

ထင်သည့်အတိုင်းပါပဲ။ ဦးလေးအောင်၏ အိမ်လေး တံခါးပွင့်လို့နေသည်။ ဦးလေးအောင်က ဖေဖေနှင့်ကုမ္ပဏီကိုပါသွားတာမို့ စိမ့်ပဲရှိမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းထဲက ကြိမ်ကုလားထိုင်လေးမှာ ကျောပေးထိုင်နေသော စိမ့် ထည်ဝင်လာတာကိုတောင် သတိမပြုမိအောင် ဘာတွေ အတွေး လွန်နေသည် မသိပါ။

စိမ့်ကို နောက်ချင်စိတ်လေးနှင့် ခြေသံမကြားအောင် လှမ်းခဲ့ကာ ပခုံးလေးကို ဆတ်ခနဲ ပုတ်လိုက်၏။

"ဟိတ်"

"အမေ့ လန့်လိုက်တာ ဖြူရယ်"

စိမ့် အလန့်တကြားလေး ဖြစ်သွားတာကို ထည် ရယ်မိရင်း နံဘေးက ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်၏။

"ဒီမှာလာပြီး ဘာတွေ အတွေးနယ်ချဲ့နေတာလဲ စိမ့်ရဲ့၊ ငါ ဝင်လာတာတောင် မသိဘူးလား"

"အင်း ဒီလိုပါပဲ ဖြူရယ်၊ ဟိုတွေး ဒီတွေးပေါ့"

"ဘာဟိုဟိုဒီဒီတွေလဲ စိမ့်ရယ်၊ ထည်လည်း သိချင်တယ်"

စိမ့် မျက်ဝန်းလေးတွေက ထည့်ကို ငေးငေးလေး စိုက်ကြည့်ပြီး ပင့်သက်လေး ရှိုက်သည်။

"တခြားမဟုတ်ပါဘူး ဖြူရယ်၊ ရှေ့ဆက်ပြီး ဘာတွေဖြစ်မလဲ ဆိုတာ တွေးနေမိတာပါ"

"ဘာတွေ ဖြစ်ရမလဲ စိမ့်ရဲ့၊ နောက်တစ်ပတ်လောက်ဆိုရင် နင်နဲ့ငါ အလုပ်ဝင်ရပြီလေ၊ ကိုယ့်လုပ်အားနဲ့ရတဲ့ငွေကို သုံးနိုင်ပြီပေါ့။ နင့်ရဲ့ ရတုပိုင်လည်း မကြာခင် အလုပ်ဝင်တော့မှာဆို၊ နင်တို့နှစ်ယောက် အတွက် အလုပ်ကိုယ်စီနဲ့ဆိုတော့ အဆင်ပြေပြီပေါ့"

"မောင်နဲ့ငါ့ရှေ့ရေးက နင် ပြောသလောက် မလွယ်ပါဘူး





ဖြူရယ်"

စိမ့် ခေါင်းလေးခါရင်း ပြောနေတော့ ထည် မျက်မှောင်လေး ကုပ်ကာ လက်မခံနိုင်သလို ကြည့်ရင်း

"ဘာလို့ မလွယ်ရမှာလဲ စိမ့်ရဲ့၊ ရတုပိုင်က နင့်ကိုချစ်သလို သူ့မိဘတွေကလည်း တစ်ဦးတည်းသောသား၊ ရတုပိုင်ကို ချစ်ကြမှာပဲ"

"မောင့်ကို မောင့်မိဘတွေက ချစ်ပေမယ့် ငါနဲ့တော့ သဘောတူ ကြည်ဖြူဖို့ မလွယ်ဘူး ဖြူ"

"စိမ့်ရယ် နင် ထင်တာတွေ လျှောက်ပြောမနေစမ်းပါနဲ့၊ နင်က ဘာဖြစ်နေလို့ သူတို့က သဘောမတူရမှာလဲ"

"ဪ ဖြူရယ် ငါက အခြေအမြစ် အသိုင်းအဝိုင်း မရှိဘူး လေ"

စိမ့် ပြောလိုက်ပုံလေးကြောင့် ထည် စိတ်ကလေးတွေတောင် ညစ်ညူးချင်သွားသည်။ စိမ့်က သူ့ဘဝ သူ အားငယ်နေခြင်းဆိုတာ နားလည်၏။

"နင် ဘာတွေလျှောက်ပြောနေတာလဲ စိမ့်ရယ်၊ နင်က ငါ့ဖေဖေ နဲ့မေမေရဲ့သမီးတစ်ယောက်ပဲ၊ ဦးအောင်ကလည်း နင့်ရှေ့က မားမားမတ် မတ် ရပ်တည်ပေးမယ့် ဖခင်တစ်ယောက်ပဲ၊ ဘာမှ အားငယ်စရာကိစ္စ တစ်ခုမှမရှိဘူး"

ထည့် စကားကို စိမ့် ဘာမှခွန်းတုံ့မပြန်ပေမယ့် ညှိုးရိုးသမ်းနေ သော မျက်ဝန်းလေးတွေကတော့ ငေးငေးလေး ရှိနေဆဲဖြစ်သည်။

"နင် ဘာတွေ အားငယ်နေတာလဲ စိမ့်၊ အခုခေတ်မှာ အဆင့် အတန်းခွဲခြားတာ မရှိပါဘူး၊ ဒီမှာ ဒီနေ့ဆင်းရဲပေမယ့် မနက်ဖြန် ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်၊ ပြီးတော့ နင်က ပညာတတ် မိန်းမတစ်ယောက်ပဲ၊ ကိုယ့်ကို ကိုယ် ရပ်တည်နိုင်တဲ့ အင်အားတွေ နင်ကော ရတုပိုင်မှာပါ အပြည့်အဝ ရှိတယ်၊ နောက်ဆုံး ရတုပိုင် မိဘတွေက သဘောမတူဘူးဆိုရင်တောင် နင်တို့နှစ်ယောက် ဘဝကို တည်ထောင်နိုင်တယ်၊ ရတုပိုင်က နင့်ကို နိုးပြေးမှာပေါ့''

''ဖြူကလည်းဟယ် မဟုတ်တာ''

''ဘာလို့ မဟုတ်ရမှာလဲ၊ အဲဒီအခြေအနေတွေ ကြုံလာနိုင်တယ် ဒီတော့ နင် သတ္တိရှိမွှေးထား''

''ငါ အဲဒီလောက် သတ္တိမရှိဘူး၊ အဖေ့ကိုကြောက်တယ်''

''အမလေး စိမ့်ရယ်၊ အချိန်တန် အရွယ်ရောက်လို့ ရည်းစား ထားတာကို ဦးလေးအောင် နားလည်မှာပါ၊ နောက်ပြီး ရတုပိုင် ဆိုတာ ဦးလေးအောင် လက်မခံနိုင်တဲ့ ယောကျာ်းမျိုး မဟုတ်ပါဘူး''

ထည် စကားတွေကို စိမ့် ငြိမ်သက်စွာပဲ နားထောင်နေခဲ့သည်။ အားငယ်တတ်လွန်းသော စိမ့်ကို ထည် အားမလိုအားမရ ဖြစ်မိတာ အမှန်။

တကယ်ဆိုလျှင် စိမ့်ဘဝထက်ဆိုးသောဘဝတွေ အများကြီး ရှိသည်။ တွေးကြည့်လျှင် စိမ့် ကံကောင်းလွန်း၏။ ဖေဖေ မေမေတို့က စိမ့်ကို သမီးရင်းနှင့်မခြား ချစ်ကြသည်။

စိမ့်ဘဝအတွက် လိုလေသေးမရှိ ထောက်ပံ့နေခဲ့ကြတာ စိမ့် အသိပဲ ဖြစ်၏။ ဒါနှင့်တောင် စိမ့် အားငယ်တတ်တာ ထည် တစ်ခါ တစ်ခါ စိတ်တိုချင်မိရဲ့။

''စိမ့်ရေ စိမ့်လေးရေ''





အိမ်လေးအပြင်ဘက်က ဒေါ်အေး ခေါ်သံကြောင့် စိမ့်ကော ထည်ပါ အတူထရပ်လိုက်ရင်း တံခါးဝကို ရောက်ခဲ့ကြ၏။

''စိမ့်လေးကို မမဆွေ ခေါ်နေတယ်''

''ရှင် ဟုတ်ကဲ့ ဒေါ်အေး၊ စိမ့် လာခဲ့ပါ့မယ်''

မေမေ ဘာခိုင်းစရာရှိသလဲ မသိ။ စိမ့်ကိုခေါ်နေသည်ဆိုတော့ စိမ့် ထည့်ကို ကြည့်ရင်း၊

''မေမေဆွေ ခေါ်နေတယ်တဲ့၊ ငါ သွားလိုက်ဦးမယ်''

''သွားလေ စိမ့်၊ ငါ ခြံထဲမှာပဲ ရှိမယ် ဟုတ်လား''

စိမ့် ခေါင်းလေးညိတ်ပြကာ ဒေါ်အေးနောက် လိုက်သွားတော့ ဦးလေးအောင်ရဲ့ အိမ်တံခါးကို စေ့ပိတ်ပေးခဲ့ကာ ထည် ခြံထဲက ခုံတန်း လေးမှာပဲ ထိုင်နေလိုက်ပါသည်။

စိမ့် အနားမှာမရှိပေမယ့် စိမ့်အကြောင်းတွေက ထည့်ခေါင်းထဲ မှာ ကျန်ရစ်နေဆဲ။

စိမ့် အားငယ်စိုးရိမ်နေတာ ရတုပိုင်ရဲ့မိဘတွေ သဘောမတူ မှာစိုးလို့ ထင်သည်။ ရတုပိုင် မိဘတွေကကော ရတုပိုင်ကို စိမ့်နှင့် သဘောမတူဘူးတဲ့လား။

မိဘတွေက သဘောမတူဘူးပဲ ထားဦးတော့ ရတုပိုင်ဘက်က ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုတော့ ရှိသင့်သည်။

မိဘတွေ ဘယ်လိုပဲ ဆုံးဖြတ်ပါစေ စိမ့်ကို တကယ်ချစ်လျှင် ရတုပိုင်ဘက်က ရဲရင့်စွာ ဆုံးဖြတ်သင့်သည်။

ထည် တစ်ယောက်တည်း တွေးနေတုန်းမှာ စိမ့် အိမ်ထဲက ပြန်ထွက်လာသည်။ သစ်ရိပ်အောက်က ခုံတန်းလေးမှာ ထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



ထည်ရှိရာသို့ စိမ့် တန်းတန်းမတ်မတ် လျှောက်လာတာ ဖြစ်၏။

စိမ့် မျက်နှာလေး ပျက်နေတာမြင်တော့ ထည် ရင်ထိတ်သွားမိပြန်ပါသည်။ မေမေ ဘာပြောလိုက်တာကြောင့်လဲ။

"စိမ့် ဘာဖြစ်လာတာလဲ၊ မေမေ ဘာပြောလိုက်လို့လဲ"

စိမ့် ထည့်နံဘေးမှာ ဝင်ထိုင်ရင်း ပဲ့သက်မောလေး ရှိုက်နေပြန်သည်။

"ရွာက အဘွား လေဖြတ်သွားလို့တဲ့ ဖြူရယ်"

"ဟင်"

စိမ့် ဖေဖေဘက်က အဘွားတစ်ယောက် ရွာမှာရှိတာတော့ ထည် သိထားပါသည်။ ဦးလေးအောင် မိခင်ကြီးက အသက်ရှစ်ဆယ်နားနီးပြီ။ သားက ရန်ကုန်လာဖို့ ခေါ်ပေမယ့် ရွာကို မခွဲနိုင်ဟုဆိုကာ ရွာမှာပဲနေသည်။

ရွာမှာရှိသော ဝမ်းကွဲတူ တူမတွေက ကျွေးမွေးစောင့်ရှောက်ထားပြီး ဦးလေးအောင်က လစဉ် ငွေပို့ပေးနေတာပဲဖြစ်၏။

"ဘွား အိပ်ရာထဲ လဲပြီဆိုတော့ ပြုစုဖို့ လူလိုလာပြီ ဖြူ။ ဒါကြောင့် ဘွားကို ငါ သွားစောင့်ရှောက်ပေးရမယ်"

"ဟင် နင်သွားရမယ် ဟုတ်လား"

"ဟုတ်တယ် အဖေနဲ့ငါ သွားရမှာ၊ အဖေက အကြာကြီးနေပေးလို့ မရဘူးလေ၊ ဒီတော့ ငါပဲ ရွာမှာနေခဲ့ပြီး ဘွားကို ပြုစုပေးရမှာ"

ထည် အတော်ပဲ စိတ်ညစ်သွား၏။ စိမ့်လည်း စိတ်ရှုပ်ထွေးနေပုံရကာ မျက်နှာလေးမှာ အထင်းသားပေါ်နေသည်။

"နင်က ဘယ်လောက်အထိနေပြီး စောင့်ရှောက်ပေးရမှာလဲ"





"မပြောတတ်သေးဘူးလေ ဘွားက အိပ်ရာထဲလဲပြီဆိုတော့ ငါ သွားစောင့်ရှောက်ပေးမှ ဖြစ်တော့မှာပေါ့"

"ရွာက တူ တူမတွေ ရှိနေတာပဲ စိမ့်ရယ်"

"ရှိတာတော့ ရှိတာပေါ့ ဖြူရယ်၊ ဒါပေမဲ့ အဖေက သားအရင်းအချာ ငါက မြေးအရင်းလေ၊ ဒီလိုအချိန်မျိုးမှာတော့ ဘွားအနားမှာ မဖြစ်မနေ ရှိသင့်တာပေါ့"

စိမ့်ပြောတာလည်း ဟုတ်နေသည်။ ဝမ်းကွဲ တူ တူမတွေက စောင့်ရှောက်ပေးထားတာပဲ ကြာပြီ။ အခုလို အခြေအနေမှာ ဦးလေးအောင်တို့ သားအဖက မပြုစုဘူးဆိုလျှင် မဖြစ်သင့်။

"စိမ့် နင်က အလုပ်ဆင်းရတော့မှာဆိုတော့ ဘယ်လိုလုပ်မှာလဲ"

ရက်ပိုင်းအတွင်းမှာပဲ ထည်နှင့်စိမ့်တို့ ဖေဖေ ရှယ်ယာဝင်ထားသော ဘဏ်တစ်ခုမှာ အတူအလုပ်ဝင်ကြရမည်။ အားလုံး စီစဉ်ပြီးကာမှ စိမ့်ခမြာ ပြဿနာက ဝင်လာတာဖြစ်၏။

"လောလောဆယ်တော့ ငါ ဘယ်ဆင်းလို့ရမှာလဲ၊ မေမေ့အခွေကလည်း ဘွားကို ပြုစုဖို့ ရွာကိုပြန်ဖို့ ခေါ်ပြောတာ"

မေမေ ခေါ်ပြောသည့်ကိစ္စဆိုတော့လည်း စိမ့်ခမြာ ငြင်းဆိုလို့မရနိုင်။ ပြီးတော့ ငြင်းဆန်ရမည့်ကိစ္စလည်း မဟုတ်ဆိုတာလည်း ထည် ပါ သိနေသည်။

"အေးတယ် ဘွားရဲ့ကျန်းမာရေးကိစ္စကြီးဆိုတော့လည်း နင် သွားရမှာပေါ့ဟယ်၊ နင်တို့ ဘယ်တော့ သွားကြမှာလဲဟင် စိမ့်"

"မနက်ဖြန် သွားရမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ချက်ချင်းကြီး၊ ရတုပိုင်ကော သိပြီးပြီလား"

"ဘယ်သိဦးမှာလဲ၊ ငါတောင် အခုမှသိတာ"

"အင်း ဟုတ်သားပဲ၊ ဒါဆို နင် အကျိုးအကြောင်း ရတုပိုင်ဆီ ဖုန်းဆက်လိုက်ဦးလေ"

"အင်း ငါ ဆက်မှာပါ၊ ဘယ်အချိန်မှ ပြန်ရမယ်မသိတော့ မောင် မေးရင်တောင် ငါ ဖြေနိုင်မှာမဟုတ်ဘူး"

"စိမ့်ရယ် ရတုပိုင် နားလည်မှာပေါ့ဟာ"

ထည် နှစ်သိမ့်လိုက်ရပေမယ့် ရင်ထဲမှာတော့ မကောင်းတော အမှန်ပဲဖြစ်သည်။ စိမ့်နှင့်အတူ အလုပ်ဆင်းရတော့မည်ဆိုကာ ကြိုတင် ပျော်နေမိတာတွေ ပျက်စီးကုန်ပြီ။

ရတုပိုင် သိလျှင်လည်း ခံစားရမှာသေချာသည်။

ချစ်သူကို ဘယ်အချိန်ကာလမှန်းမသိ ခွဲခွာရတော့မည့် စိမ့် မျက်နှာလေးက ငိုတော့မယောင် ဖြစ်နေတော့ ထည် သနားလိုက်တာ။

■ ■ ■



## အခန်း (၅)

ရတုပိုင် က စိမ့်ကို တွေ့ချင်သည် ဆိုတော့လည်း ထည့်ကိုပဲ စိမ့်က အကူအညီ တောင်းလာပြန်၏။

"ဘယ်လိုလုပ်ရမလဲ ဖြူရယ်၊ မောင်က တွေ့ချင်လို့တဲ့၊ မနက် ဖြန် ညနေပဲ သွားရတော့မယ်၊ တွေ့ဖို့ မလွယ်ဘူးဆိုတာကို မနက်ပိုင်း မရရအောင် ထွက်ခဲ့ပါတဲ့"

ဒီလိုအချိန်မှာ ရတုပိုင်ဘက်ကိုတော့ ထည် နားလည်ပေးနိုင်ပါ သည်။ စိမ့်ကို မသွားခင်လေးတော့ လူချင်းတွေ့ချင်မှာ ချစ်သူတော်ရဲ့ဆန္ဒ။

"တကယ် စိတ်ညစ်တယ် ဖြူရယ်"

"ဘာညစ်စရာရှိလို့လဲ၊ ရတုပိုင်နဲ့ ခဏသွားတွေ့လိုက်ပေါ့၊ မနက်ပိုင်း တွေ့လို့ရတာပဲ"

"တစ်မနက်လုံး အဖေရှိနေမှာလေ ဖြူရဲ့၊ ခရီးသွားခါနီးကြီး ဘယ်လိုပြောပြီး အပြင်ထွက်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မပူစမ်းပါနဲ့၊ ငါ ကြံပါ့မယ်"

ထည် ကတိပေးထားသည့်အတိုင်း မနက်ရောက်တော့ စိမ့်ကို ရတုပိုင်နှင့် တွေ့နိုင်ဖို့ စီစဉ်ပေးရ၏။

"ဦးလေးအောင် စိမ့်ကို ဝယ်စရာလေးတွေ ဝယ်ပေးလိုက်ချင်လို့ ဈေးဘက်ခဏခေါ်သွားမယ်နော်"

"ဩော် အေး အေး၊ အများကြီး လျှောက်ဝယ်မနေနဲ့နော် သမီး။ ပစ္စည်းတွေ သယ်ရတာ ဒုက္ခရောက်မှာစိုးလို့"

"ဟုတ်ကဲ့ နည်းနည်းပါ။ စိမ့် လာလေ ငါနဲ့ ခဏလောက်လိုက်ခဲ့"

"အင်း အင်း လိုက်ခဲ့မယ် ဖြူ"

စိမ့်ကို ခေါ်ထုတ်ခဲ့ကာ ရတုပိုင် စောင့်နေမည်ဆိုသော ကော်ဖီဆိုင်လေးအထိ ထည် ကားနှင့်မောင်းပို့ပေးခဲ့၏။

ကော်ဖီဆိုင်လေးရှေ့မှာ ရတုပိုင်ရဲ့ကားကို အသင့်တွေ့ရသည်။

"ကဲ စိမ့် ကော်ဖီဆိုင်ထဲမှာ နင့်လူ ရောက်နေပြီထင်တယ်၊ သွားလိုက် တစ်နာရီလောက်ကြာရင် ငါ လာခေါ်မယ်"

"ဟင် နင်ပါလိုက်ခဲ့လေ၊ ဆိုင်ထဲမှာ ထိုင်နေလို့ရတာပဲ"

"ငါ ဈေးဘက်ခဏသွားဦးမယ်လေဟာ၊ နင့်အတွက် ဘာလေးညာလေး ဝယ်ပေးလိုက်မယ်လေ၊ ဒါမှ ဦးလေးအောင် မရိပ်မိမှာပေါ့"

"ဩော် အင်း အင်း ဟုတ်သားပဲ သွား သွား"

စိမ့် ကော်ဖီဆိုင်လေးဘက် ခပ်သုတ်သုတ် လှမ်းသွားတော့မှ ထည် ကားလေးကို ဆက်မောင်း ထွက်ခဲ့လိုက်သည်။

စိမ့် မသွားခင်လေးမှာ နှစ်ယောက်စကားတွေ ပြောချင်သေး





ပေမယ့် အခုချိန်မှာ ရတုပိုင်အတွက်ပဲ အရေးကြီးသည်။

ကိုယ့်ဘက်ကသာ သူတို့နှစ်ဦးအတွက် လူကြီးတွေကို လိမ်ညာကာ စီမံပေးနေရပေမယ့် ရတုပိုင်ကတော့ သူမအပေါ် အကောင်းတစ်ချက် မမြင်ပါ။

မမြင်လိုက်နဲ့ မြင်လိုက်တာနှင့် ရတုပိုင် မျက်နှာမာတည်တည် ရှုသိုးသိုးကိုပဲ မြင်ရစမြဲ။

အခုတော့ စိမ့် ရှေ့မှောက်မှာ ရတုပိုင် မျက်နှာ ဘယ်လိုဖြစ်နေမည်လဲ မသိပါ။

■ ■ ■

ကျုလုလု မျက်ရည်တွေကို လက်ကိုင်ပဝါလေးနှင့်တို့ကာ သုတ်နေသော ချစ်သူလေးကိုကြည့်ကာ ရတု သနားနေမိသည်။

စိမ့် အလုပ်ဆင်းလျှင် သူလည်း အလုပ်ခွင်ရောက်နေပြီ။ ဆုံတွေ့ချိန်တွေ နည်းပါးသွားနိုင်ပေမယ့် အလုပ်ပိတ်ရက်တွေမှာတော့ ဆုံနိုင်မည်တွေးကာ ကြည်နူးခဲ့ရသည်။

အခုတော့ စိမ့် သွားမည့်ခရီးက ရက်အကန့်အသတ်မရှိဆိုတော့ နှစ်ယောက်ဆုံတွေ့ဖို့ဆိုတာ ဘယ်အချိန်မှမှန်း ပြောလို့မရနိုင်ပါ။

ပဲခူးဆိုတာက ရန်ကုန်မြို့နှင့် သိပ်မဝေးလှပေမယ့် စိမ့် သွားရမည့်ရွာလေးက ပဲခူးမှတစ်နာရီကျော်လောက် ခရီးဆက်ရသေးသည်တဲ့။

"စိမ့် မောင့်ကို အရမ်းလွမ်းနေတော့မှာပါ မောင်ရယ်"

ပြောရင်း စိမ့် ရှိုက်သံလေး ကြားရပြန်သည်။ စိမ့် ခန္ဓာကိုယ်လေးကို ပွေ့ဖက်နှစ်သိမ့်ချင်ပေမယ့် ထိုင်နေကြတာ ကော်ဖီဆိုင်လေးမို့ မသင့်တော်ပါ။ စိမ့်ရဲ့လက်ဖဝါးလေးကိုပဲ ဆုပ်ကိုင်ထားရင်း



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ စိမ့်ရယ် မောင် စိမ့်မျက်ရည်တွေကို မမြင်ရက်ဘူး။ ပဲခူးနဲ့ရန်ကုန်ဆိုတာ မဝေးပါဘူး၊ ကိုယ်ပိုင်ကားနဲ့လာရင် လွယ်ကူပါတယ်၊ မောင် တစ်ပတ်တစ်ခါလောက် ရောက်အောင် လာတွေ့မှာပေါ့"

"မောင် တကယ် စိမ့်ကိုလာတွေ့မှာလားဟင်"

"တကယ်ပေါ့ စိမ့်ရယ်၊ ဒါနဲ့ ဟိုမှာ စိမ့်ကိုဆက်သွယ်လို့ရမယ့် ဖုန်းရှိလားဟင်"

"ရှိတယ် မောင်၊ စိမ့် ရောက်ရင် မောင့်ဆီ ဆက်သွယ်လိုက်မှာပါ၊ ပြီးတော့ ဘယ်လိုလာရမယ်ဆိုတာလည်း အသေအချာ ပြောပြမှာပေါ့"

"ဟို စိမ့်ရဲ့ဦးလေးတွေ ရှိတယ်ဆိုတော့ ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ မောင်ရဲ့၊ စိမ့် ဦးလေးတွေ အဒေါ်တွေကို စိမ့်က ရှင်းပြထားမှာပေါ့၊ သဘောကောင်းပြီးသား"

စိမ့်က ဖခင်ကို ကြောက်ရပေမယ့် ဦးလေး အဒေါ်တွေကိုတော့ ပိုင်နိုင်သည်ဆိုတော့ တော်သေးသည်။

"ဒါနဲ့ အဖြူထည်က ဘယ်သွားတာလဲ၊ စိမ့်ကိုလာခေါ်မှာလား"

"တစ်နာရီလောက်ကြာရင် လာခေါ်မယ်တဲ့ မောင်"

ရတုပိုင် မျက်နှာကြီး ရှုံ့မဲ့သွားခဲ့သည်။

"ညနေမှ စိမ့်ကို သွားကြမှာပဲကွာ၊ နောက်ဆုံးတွေ့ချိန်လေးတောင် တွန့်တိုနေလိုက်တာ"

"မဖြစ်ဘူး မောင်ရဲ့၊ ဒီလိုအချိန်မှာ အပြင်ထွက်ဖို့တောင် မသင့်ဘူး၊ အဖေလည်းရှိတယ်၊ အခုတောင် ဖြူက စိမ့်အတွက် တစ်ခုခု ဝယ်ပေးချင်လို့ဆိုပြီး အဖေ့ကို ညာခေါ်ပေးလို့ ထွက်ခွင့်ရတာ၊ စိမ့်တစ်ယောက်တည်းဆို တကယ်မလွယ်ဘူး"





"စိမ့်ရယ် စိမ့်အသက်လည်း မငယ်တော့ပါဘူး၊ အချိန်တန် အရွယ်ရောက်လို့ ချစ်သူထားတာ အဆန်းလား၊ စိမ့်အဖေက ဘာလို့ အရမ်းချုပ်ချယ်နေတာလဲကွာ"

ရတုပိုင် ပြောတော့ စိမ့် မျက်နှာလေး ညှိုးကာ ပျက်သွားခဲ့သည်။ ဒီလိုအချိန်မှာ ချစ်သူကို စိတ်မဆင်းရဲစေချင်ပေမယ့် ရတု အားမရဖြစ်ကာ ပြောမိတာပဲ ဖြစ်သည်။

တကယ်ဆို ရတုပိုင် ဆိုသောသူက စိမ့်အဖေ လက်မခံနိုင်သည့် အချက်တွေ ဘာများရှိနေခဲ့လို့လဲ။ ပြီးတော့ စိမ့် သိက္ခာမဲ့စေမည့် အလုပ်မျိုးလည်း သူ ဘယ်တော့မှ မလုပ်ခဲ့ပါ။

ဒါကို စိမ့် သိသလို အဖြူထည်လည်း သိသည်။ စိမ့် သွားလေရာကို အရိပ်လို တကောက်ကောက်လိုက်တတ်သည့် အဖြူထည်က ဒီလို ကိစ္စမျိုးမှာတော့ ဝင်ရှင်းမပြတူးတဲ့လား။

"တကယ်ဆို အဖြူထည်ကတောင် စိမ့်အဖေ နားလည်အောင် ရှင်းပြပေးသင့်သေးတယ်"

"အဖေနဲ့ဖြူ့ကို အထင်မလွဲပါနဲ့ မောင်ရယ်၊ အဖေက ဖြူ့လိုပဲ စိမ့်ကို သိပ်ချစ်တယ်၊ ပြီးတော့ တစ်ခုခုဖြစ်မှာလည်း စိုးရိမ်တယ်"

"မောင်နဲ့အတူ ရှိနေချိန်မှာ စိမ့် ဘာအန္တရာယ်မှ မရှိစေရဘူး"

ရတုပိုင် မျက်မှောင်ကြီးကုပ်ကာဆိုတော့ စိမ့် ကသောကမျော ခေါင်းလေးခါလိုက်ကာ ဖြေရှင်းရှာသည်။

"အဲဒီ သဘောမျိုး မဟုတ်ဘူးလေ မောင်ရဲ့"

"ဒါဆို ဘာသဘောလဲ၊ ဘာကို စိုးရိမ်တာလဲ စိမ့်"

"ခက်ပါလား မောင်ရယ်၊ စိမ့် ဘာမှမပြောတတ်တော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့လည်း စကားယှဉ်မပြောချင်တော့ဘူး။ စိမ့် အရှုံးပေးပါတယ်''

စိမ့် စိတ်ညစ်ညူးသလိုလေး ဆိုနေပြန်တော့ ရတုပိုင် ဘာမှ ဆက်မပြောချင်တော့ပါ။

စိတ်ထဲက မကျေမနပ်ဖြစ်နေတာ အဖြူထည်ကို ဖြစ်သည်။ သင်းလေးက စိမ့်ကို အရိပ်လို စောင့်ရှောက်ပေးနေတာတဲ့လား။

အခုလို စိမ့် တောကိုသွားရမည်ဆိုတော့ အဖြူထည် ဘာလို့ လိုက်မသွားတာလဲ။ မေးချင် ပြောချင်တာ နှုတ်တွေယားနေသည်။

ကိုယ့်ဆီ စိမ့် လာတွေ့တာမျိုးကိုတော့ အရိပ်လို လိုက်လာ နှောင့်ယှက်နေသည်။ ရတုပိုင် ဆိုတဲ့ကောင်ကိုပဲ မယုံသလို အမိပွါယ် သက်ရောက်မနေဘူးလား။

ပြောမိပြန်လျှင်လည်း စိမ့်က မျက်ရည်အဝဲသားနှင့် ဖြေရှင်း ချက်တွေ ပေးဦးမည်။ ဒီတော့ ရင်ထဲက စကားတွေကို မျိုချနေလိုက်ရ ပြန်သည်လေ။

■ ■ ■

## အခန်း (၆)

''ဟင် ရတုပိုင်ပါလား''

ထည် မျက်ဝန်းတွေပဲ အမြင်မှားသွားသလားဟုတောင် ထင်မိ သေးသည်။ အပြာရောင် အကွက်စိပ် အော်တာရှပ်နှင့် ဂျင်းအပြာဖျော့ ဖျော့ကို ဝတ်ဆင်ထားသော ရတုပိုင်က အားလုံးထဲမှာ ထင်ထင်ပေါ်ပေါ် လေး ဖြစ်နေသည်။

ထည်ရဲ့အစ်ကို ဝမ်းကွဲ၊ မောင်ဝမ်းကွဲတွေဖြစ်သော ကိုလတ်၊ ကိုလွင်တို့နှင့် ရယ်ရယ်မောမော စကားလက်ဆုံကျလို့နေသည်။

ထည်ကသာ မြင်တွေ့လိုက်တာ ဖြစ်သည်။ ရတုပိုင်ကတော့ ထည့်ကို မြင်တွေ့ပုံ မရှိသေးပါ။

ရတုပိုင်က ဘယ်သူနှင့်ကျွမ်းဝင်သိနေလို့ ဒီပွဲလေးကို ရောက် လာရတာလဲ မပြောတတ်ပါ။ အမှန်ဆို ဒီပွဲလေးက ထည်တို့ ဆွေမျိုး အများစုသာ ဆုံတွေ့ကျင်းပသည့်ပွဲလေး ဖြစ်သည်။

ဈူးတာပေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားက ပြန်ရောက်လာသော ကိုလတ်ကို ကြိုဆိုသည့်ပွဲလေး ဖြစ်သလို ကိုလတ်လိုပဲ အမေရိကားရောက် မြန်မာမလေးဖြစ်သော မမနေဇာခိုင်နှင့် ကိုလတ်တို့ ချစ်သူတွေဖြစ်ခဲ့တာမို့ နှစ်ဖက်မိဘဆွေမျိုးတွေ ရင်းနှီးဆုံတွေ့ကြသော ပွဲလေးလည်း ဖြစ်သည်။

ဒါဆိုလျှင် ရတုပိုင်သည် မမနေဇာခိုင်ဘက်က ဆွေမျိုးတော်တစ်ဦးဖြစ်နေမည်လား။

မြက်ခင်းလွင်ပြင်လေးမှာပဲ စားပွဲဝိုင်းတွေချကာ ကျင်းပသည့်ပွဲခင်းလေးထဲက ဧည့်ပရိသတ်တွေကို ထည် အခုမှပဲ အသေအချာလိုက်ကြည့်မိ၏။ ထည် မသိမမြင်ဖူးသော မျက်နှာစိမ်းတွေကို တွေ့ရသည်။

သိချင်စိတ်တွေကို ထည် ချုပ်ထိန်းလို့မရတော့တာမို့ မြူ့အနားမှာရှိနေသော ထည့် ညီမဝမ်းကွဲ ကဗျာကို လက်တို့မေးမိတော့၏။

''ကဗျာ ကိုလတ်တို့ ကိုလွင်တို့နဲ့ စကားပြောနေတဲ့သူကို သိလား''

ကဗျာ ပြုံးတုံ့တုံ့ မျက်နှာလေးနှင့် ထည့်ကိုစိုက်ကြည့်ရင်း

''စိတ်ဝင်စားလို့လား၊ မြူလေး။ လန်းတယ်နော်''

အရေးထဲမှာ ကဗျာက ရစ်နေသေးသည်။ ထည် ဘာကြောင့်မေးတာလဲဆိုတာ ကဗျာ သိမည်မဟုတ်။

''အဲဒါ ကိုလတ်ချစ်သူ မမနေဇာရဲ့ မောင်ဝမ်းကွဲ တဲ့၊ နာမည်က ရတုပိုင် တဲ့၊ ဟိုမှာလေ ဒယ်ဒီတို့ဝိုင်းမှာ ထိုင်နေကြတာ ညာဘက်က မမဇာတို့မိဘတွေ ဘယ်ဘက်က ရတုပိုင်ရဲ့မိဘတွေပေါ့''

ကဗျာ အပြည့်အစုံ ရှင်းပြမှပဲ ရတုပိုင်ရဲ့မိဘတွေပါ မြင်တွေ့





လိုက်ရသည်။ ရတုပိုင် ချောမောခန့်ထည်လွန်းတာ မိဘနှစ်ပါးရဲ့အမွေကို ပိုင်ဆိုင်ထားလို့ ဖြစ်သည်။ ရတုပိုင်ရဲ့အဖေကော အမေပါ ချောမောကြသည်ပဲ။

တိုက်ပဲ တိုက်ဆိုင်လွန်းသည်။ ထည့်ကိုသာတွေ့လျှင် ရတုပိုင် မျက်နှာကြီး ချက်ချင်းပဲ မှောင်မည်းသွားမည်လား။ မပြောတတ်ပါ။ သေချာတာကတော့ ထည့်လိုပဲ အံ့ဩသွားနိုင်၏။

ရယ်ရယ်မောမော ရတုပိုင် မျက်နှာကို မြင်ရခဲ့လှတာမို့ ထည် သတိလက်လွတ် ငေးငေးလေး ကြည့်နေမိ၏။

''မြူလေး''

အနားက ကဗျာ တံတောင်နှင့်တွက်ကာ ခေါ်လိုက်မှ ထည် သတိဝင်ကာ လှည့်ကြည့်တော့ ကဗျာ အရယ်မျက်နှာနှင့်

''မြင်ရုံနဲ့ ကြွေသွားပြီလား အဟင်း ဟင်း''

ကဗျာ စကားကြောင့် ထည် မျက်နှာလေးနီကာ အမှန်ကိုရှင်းပြဖို့ ပြင်ဆင်မိတုန်းမှာပဲ ကင်မရာလေးကိုင်ကာ အနားရောက်လာတာ နဒီ။

''ဟေး နင်တို့ ဘယ်သူ့အကြောင်း ပြောနေကြတာလဲ၊ ငါသိတယ်နော် အဟင်း ဟင်း''

နဒီကလည်း ထည်တို့ ကဗျာတို့လိုပဲ ဝမ်းကွဲညီမတစ်ယောက်ဖြစ်သည်။ အခုလည်း ထည်တို့ဝိုင်းမှာ ဝင်ထိုင်လာ၏။

''တို့ ဘယ်သူ့အကြောင်း ပြောတယ် ထင်နေလို့လဲ နဒီရဲ့''

''သိပါတယ် ကဗျာရယ်၊ နင်တို့မျက်လုံးတွေ ဦးတည်နေကြတာ ရတုပိုင်ဆီမှာပဲဟာ၊ တကယ်နော် ချောတယ် စတိုင်ကတော့ အားလုံးပဲ



www.burmeseclassic.com

မှာ အထင်ပေါ်ဆုံး ရွှေမင်းသားပဲ''

ရတုပိုင် အသွင်က ထည်ရဲ့ညီမတွေကြားမှာတောင် အထင်ကရ ဖြစ်နေသည်။ ကဗျာက နှုတ်ခမ်းလေးမဲ့ ပခုံးလေးကျုံ့ရင်း

''ဝန်ခံပါတယ် ဒါပေမဲ့ သူ့ကိုယ်သူ ဝါတော်ရ ပုဂ္ဂိုလ်ကြီးလို လုပ်နေတာတော့ ကြည့်မရပါဘူးဟယ်''

''အဲဒါကိုက သူ့ကို ကောင်မလေးတွေ စိတ်ဝင်စားအောင်လုပ်တဲ့ ဗျူဟာတစ်ခုဖြစ်မှာပေါ့''

နဒီ စကားကို ကဗျာ မဲ့မဲ့လေး တုံ့ပြန်ရင်း ထည့်ကိုပါ မျက်စိတစ်ဖက်မှိတ်ပြရင်း

''နင့်အိုင်ဒီယာတွေက မိုက်လှချည်လား နဒီရဲ့၊ ရတုပိုင်က အနေတည်တာ ထင်ပါတယ်''

''မယုံရင် ငါ နမူနာ ပြရမလား ကဗျာ''

''ဘယ်လိုနမူနာလဲ နဒီ''

''သူ ငါ့ကို နည်းနည်းလောက် သတိထား ဂရုစိုက်သွားအောင် လုပ်ပြမယ်လေ''

နဒီက အပိုင်ပြောနေသည်။ ရွှေရောင်ဆံပင် အခွေအလိပ်လေးတွေနှင့် ခေတ်ဆန်ဆန်လှသော နဒီသည် ရည်းစားတွေလည်း ပေါတာ ထည် သိထား၏။

''နင်က ကိုယ့်ကိုကိုယ် အရမ်းအထင်ကြီးလွန်းတယ်၊ နင် ဆုံဖူးတဲ့ယောကျာ်းတွေနဲ့ ရတုပိုင် မတူနိုင်ဘူးထင်တယ်''

''မယုံရင် ခဏပဲ စောင့်ကြည့်လိုက် အိုကေ''

မခံချင်အောင် နောက်ပြောင်ရင်း နဒီနှင့်ကဗျာတို့ အလောင်း





အစား အထမမြှောက်ခင် ထည် ကြားဝင်ရတော့သည်။

''နင်တို့ ရတုပိုင်မှာ ရည်းစားမရှိဘူး ထင်နေကြသလား''

ထည် ဝင်ပြောတော့ ကဗျာ မျက်မှောင်လေးကုပ်ကာ မယုံသင်္ကာမျက်ဝန်းတွေနှင့် ကြည့်လာ၏။

''ဖြူလေး နင် ဘာမှမသိတဲ့ ဝင်မပါနဲ့ဟာ၊ ဘေးကနေပဲ ငြိမ်လုပ်ပေးစမ်းပါ''

''ငါ သိလို့ ပြောတာပေါ့ ကဗျာ''

''ဖြီးပြန်ပြီ၊ သူ့နာမည်တောင် နင်မသိလို့ အခုလေးပဲ ငါပြောပြခဲ့ရတာပါ ဖြူလေးရယ်''

ကဗျာက ထည့်ကို လှောင်သလို အကြည့်တွေနှင့် ကြည့်ရင်း ပြောတော့ ထည် ခေါင်းလေးခါရမ်းပြရင်း

''အဲဒါက နင့်ကို သေချာအောင် မေးတာ၊ သူ့ချစ်သူ ဘယ်သူလဲ သိချင်သေးလား ငါပြောပြမယ်''

''ကဲ ပြောစမ်းပါဦး''

''ရတုပိုင်ရဲ့ချစ်သူက စိမ့်စမ်းလ ပဲ''

''ဘာရယ်''

''ဘာ ဘာပြောတယ် ဖြူလေး၊ စိမ့်စမ်းလ ဟုတ်လား''

ကဗျာကော နဒီပါ မျက်လုံးတွေ အဝိုင်းသားဖြစ်ကာ မယုံသင်္ကာ ထည့်ကို စိုက်ကြည့် အံ့သြနေကြသည်။ ဒီလို ဖြစ်ကုန်ကြမည်ဆိုတာကိုလည်း ထည် ကြိုမျှော်လင့်ပြီးသားဖြစ်၏။

''ငါတို့ နားကြားလွဲတာ မဟုတ်ပါဘူးနော် ဖြူလေး''

''ဟုတ်တယ် နားကြားလွဲတာ မဟုတ်ဘူး။ ရတုပိုင်နဲ့ စိမ့်နွဲ့

www.burmeseclassic.com



ချစ်သူတွေဖြစ်နေတာ ခြောက်လကျော်ပြီ''

''ဒါ ဒါဆို နင်နဲ့ရတုဝိုင် မရင်းနှီးဘူးလား ဖြူ''

''ဟင့်အင်း ရင်းနှီးတဲ့အဆင့်လောက် မရှိဘူး နဒီ''

''ဘာဖြစ်လို့လဲ စိမ့်နဲ့နင်က ညီအစ်မရင်းချာတွေထက်တောင် ချစ်နေကြ တွဲနေကြတဲ့ဥစ္စာ''

ရတုဝိုင်နှင့်ထည့်ကြားက ပြဿနာအရင်းအမြစ်ကို ထည့် မပြောချင်ပါ။ စိမ့်စမ်းလ ဆိုတာ နဒီတို့ ကဗျာတို့ ဘယ်လိုမှကြည့်မရ သောသူ ဖြစ်နေတာ သိသည်။

သွေးမတော် သားမစပ် စိမ့်ကို ထည့်တို့တစ်မိသားစုလုံးက ချစ်ခင်နေကြတာကို ကဗျာတို့ နဒီတို့က သဘောမကျပါ။

''အန်တီဆွေရယ် အန်တီဆွေမှာ သမီးအရင်းအချာ ရှိနေလျက်နဲ့ သွေးသားမစပ်တဲ့ ဒရိုင်ဘာအလုပ်သမားသမီးကို အိမ်ပေါ်တင်ခေါ် ထားရတယ်လို့''

ဒီလို အဆင့်အတန်းခွဲခြားတာမျိုးကို လက်မခံသော မေမေက လည်း ယတိပြတ်ပြောပစ်တတ်၏။

''စိမ့်စမ်းလလေးက သနားစရာကောင်းတယ်၊ စိတ်ထားဖြူစင် ရိုးသားတယ်၊ သူလေးရဲ့မိဘတွေ ဘိုးဘွားတွေကအစ အန်တီဆွေတို့ အပေါ် ကျေးဇူးသိ တာဝန်ကြေခဲ့ကြတဲ့သူတွေ၊ အဖေရင်းရှိနေသေးလို့ပေါ့ မရှိရင် အမွေစားအမွေခံသမီးအဖြစ်တောင် မွေးစားမယ်လို့ တွေးထား ပြီးသား''

စိမ့်အပေါ်မှာ အမြင်မကြည်သော ကဗျာတို့အတွက် ရတုဝိုင် နှင့်စိမ့် ချစ်သူတွေဆိုသော စကားကြောင့် မလိုတမာ ဖြစ်နေကြမှာ





သေချာ၏။

''ပြောလေ ဖြူ၊ ရတုဝိုင်နဲ့နင် မရင်းနှီးတာ ဟုတ်ပါ့မလား''

''ဒါ အမှန်ပဲ၊ တရင်းတနှီး မရှိပါဘူး၊ ရတုဝိုင်ဆိုတာ စိမ့်ရဲ့ ချစ်သူလို့ ငါ အသိအမှတ်ပြုတယ်၊ သိထားတယ် ဒါပဲပေါ့''

''မတန်လိုက်တာဟယ်၊ ရတုဝိုင် မိဘတွေသာသိရင် ရင်ကျိုး မှာ''

''အေးလေ ငါဖြင့် အံ့သြလိုက်တာ၊ ရတုဝိုင်ကလည်း ကြိုက် စရာရှားလို့ဟယ်''

''နေပါဦး စိမ့်က ဘာဖြစ်နေလို့လဲ၊ နင်တို့ပြောနေကြတာတွေက အဓိပ္ပါယ်မရှိလိုက်တာ''

ထုံးစံအတိုင်း စိမ့်ကို ထိလျှင် နာတတ်သော ထည့် အပြစ်တင် တော့ ကဗျာနှင့်နဒီတို့ မျက်စောင်းတွေ ရှုးခနဲ ရောက်လာကြသည်။

''အေးပါ စိမ့်စမ်းလနဲ့ ပတ်သက်ပြီး ပြောရင် နင်နဲ့ငါတို့ ရန် ဖြစ်ကြရုံပဲရှိမယ်၊ ဒီတော့ နင် ဘာမှမဖြစ်ဘူးဆိုတဲ့ စိမ့်စမ်းလကို ရတုဝိုင် ဘက်က အသိုင်းအဝိုင်းက သဘောတူမလား စောင့်ကြည့်လိုက်၊ အဲဒီ အခါကျရင် အဖြေမှန်ပေါ်လာမှာပဲ''

မှဲ့မှဲ့ရွှဲရွှဲလေး ပြောကာ ကဗျာ ဆတ်ခနဲ ထထွက်သွားတော့ နဒီကလည်း မျက်စောင်းလေးထိုးကာ နောက်ကလိုက်သွားသည်။

ကဗျာနှင့်နဒီကတော့ တကယ် မျက်နှာပြောင်တိုက်ကာ ရတုဝိုင် တို့ဝိုင်းကို ရောက်သွားကြသည်။ ကိုလတ်တို့ မိတ်ဆက်ပေးတော့ ရယ်ရယ် မြူးမြူး နှုတ်ဆက်နေကြသည်။

ထည့် တမင်ပဲ မသိကျိုးကျွံပြုရင်း တစ်ယောက်တည်း ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



တုန်းမှာ ကဗျာအစ်မ မမသဒ္ဒါ ရောက်လာသည်။

"ဟယ် ဖြူဖလေး ဘယ်လိုဖြစ်လို့ တစ်ယောက်တည်း ထိုင်နေတာလဲ၊ ကဗျာတို့ဆီသွားလေ ဘာလဲ ရန်ဖြစ်ထားကြပြန်ပြီလား"

"မဖြစ်ပါဘူး မမသဒ္ဒါရဲ့၊ ကဗျာတို့ ဟိုတက် ခဏသွားနေကြလို့ပါ"

နှမ်းဖက်ခွေမျိုးတွေကို ကိုလတ် မိတာတွေက မိတ်ဆက်ပေးတော့မှ ရတုဝိုင် ထည်ကို မြင်တွေ့သွားတော့သည်။

မျက်ဝန်းတွေထဲမှာ လက်ခနဲ အံ့ဩရိပ်တို့ တခဏထင်ပြီး ရတုဝိုင်က မသိကျိုးကျွံဟန်ဆောင်နေသည်။ ထည်ကလည်း အခုမှ တွေ့ကြသူတွေလို နေပြလိုက်သည်။

ထည်နှင့်ရတုဝိုင်တို့ ထိပ်တိုက်ဆုံတွေ့မှုကို အကဲခတ်ကြည့်နေသော ကဗျာ ထည် အနားရောက်လာပြန်သည်။

"ဖြူ နှင် ငါ့ကိုမှန်မှန်ပြောစမ်းပါ၊ ရတုနဲ့ နှင် ဘာပြဿနာရှိသလဲ"

"ဘာပြဿနာရှိရမှာလဲ မရှိဘူး"

"ဘယ်လို မဖြစ်နိုင်တာပဲ၊ စိမ့်နဲ့ပတ်သက်ပြီး နှင်တို့ ဒီထက် ရင်းနှီးမှုရှိရမယ်၊ ဘာလဲ ငါတို့ရှေ့မှာမို့ ဟန်ဆောင်နေကြတာလား"

"ခက်ပါလား ကဗျာရယ် ဘာကိုဟန်ဆောင်ရမှာလဲ၊ ရတုဝိုင်နဲ့ ငါ့ကြားမှာ ရင်းနှီးမှုမရှိဘူး အဲဒါအမှန်ပဲ"

"ငါ လက်မခံနိုင်တာ အဲဒါပဲ စိမ့်နဲ့နှင် ညီအစ်မရင်းချာတွေထက် ပိုခိုကြတာပဲ၊ စိမ့်ချစ်သူက နှင်နဲ့မရင်းနှီးဘူးဆိုတာ အကြောင်းတစ်ခုကို ရှိရမယ်၊ နှင်နဲ့ရတုဝိုင် ဖတ်လမ်းတစ်ခု စိမ့်မသိဘဲ ရှိခဲ့ကြသလား"





ထည် မျက်လုံးလေးတွေ ပြူးသွားရသည်။ ကဗျာ အတွေးတွေ ချော်နေတော့ ခက်သည်။ မပြောချင်ပေမယ့် ရတုဝိုင်နှင့်ထည်ကြားက ဆက်ဆံရေးကိုတော့ ပြောပြရတော့၏။

"တခြား ဘာပြဿနာ၊ ဘာအကြောင်းမှ မရှိဘူး ကဗျာ၊ ပြောရရင် ရတုဝိုင်က စိမ့်အနားမှာ ငါ အမြဲရှိနေတာကို အနှောင့်အယှက်လို့ ထင်နေတယ်၊ စိမ့်ကို ငါက ထိန်းချုပ်ထားတယ်ထင်ပြီး အမြင်မကြည်ဘူး၊ ဒါကြောင့် ငါကလည်း ဘာသိဖာသာ ဆက်ဆံနေခဲ့တာပဲ"

"အံမယ် သူက ဒီလိုလား၊ ဘာလဲ နှင်က စိမ့်လက်ထဲကနေ သူ့ကိုလုယူမယ်ထင်ပြီး ခပ်တည်တည် ဆက်ဆံပြတာပေါ့"

"မဟုတ်တာ ရတုဝိုင်က စိမ့်ကို လွတ်လပ်မှုမပေးဘဲ ငါ ချုပ်ကိုင်ထားတယ် ထင်နေတာ"

"ရတုဝိုင်က အဲဒီလို ထင်ရသလား၊ စိမ့်စမ်းလက အမြဲထည် ထက် ဘာများပိုသာလို့ သူက သည်းသည်းလှုပ်နေတာလဲ၊ နောက်ဆို သူတို့ဘာသာ ဘယ်သွားသွား နှင် လိုက်မပို့နဲ့ ဖြူလေး"

စိမ့်ကို ကြည့်မရသည့် ကဗျာ ထည်နှင့်ပတ်သက်လာတော့ ကြားထဲက မခံချင်ဖြစ်ကာ နာနေပုံရသည်။ မျက်နှာလေးမှာ မခံချင် ဒေါသတွေ ရောင်စဉ်ဖြာနေသည်။

"နေစမ်းပါဦး အဲဒီ စိမ့်စမ်းလ အဖေကတော့ နှင်ပါမှ ဂိတ်ချတယ်ဆိုတဲ့အကြောင်း ရတုဝိုင်ကို မပြောပြဘူးလား"

"ပြောပါတယ် ဒါပေမဲ့ ရတုဝိုင်နဲ့ငါကတော့ ပြဿနာတက်မြဲပဲလေ၊ စိမ့်ကလည်း၊ အမြဲရှင်းပြရှာပါတယ်"

ကဗျာ မျက်နှာလှလှလေးကို တမင်မဲ့ချပစ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"နှင် စိမ့်စမ်းလ စကားတွေကိုမယုံနဲ့ ဖြူလေး၊ နှင်က သူ့ထက် အစစအရာရာ သာနေတော့ ရတုပိုင်နဲ့နှင့်ကို တမင်မတည့်အောင် ချောက် တွန်းချင်သွန်းနေမှာပဲ၊ ရတုပိုင် နှင့်ကိုပိုပြီး အမြင်မကြည် မုန်းနေအောင် သွင်းနေတာ"

"မဟုတ်တာ ကဗျာရယ် နှင်တို့က စိမ့်ကိုကြည့်မရတိုင်း တစ် ချိန်းမထင်ကြပါနဲ့ဟာ၊ စိမ့်က အရမ်းဖြူစင်ပြီး ခင်မင်စရာကောင်းတဲ့သူပါ ဟာ"

"ဖြူလေး နှင်နဲ့ငါက တစ်ဝမ်းကွဲတဲ့ သွေးသားရင်းညီအစ်မ ပါဟဲ့၊ နှင် တော်တော် စိမ့်ကိုအထင်ကြီးတယ်နော်၊ ငါကတော့ စိမ့်ကို ကုတ်ကမြင်းလို့ပဲ မြင်တယ်၊ နှင် နာရင်လည်း မတတ်နိုင်ဘူး"

ကဗျာ ဒေါသမျက်နှာကြီး ရဲရဲနီလျက် ပြောကာ ထွက်သွားခဲ့ သည်။ စိမ့်နှင့်ပတ်သက်ပြီး ညီအစ်မတွေကြားမှာ စကားများရန်ဖြစ်နေ ရတာမို့ ထည် စိတ်ပျက်မိသည်။

ရတုပိုင်ကို လှမ်းကြည့်လိုက်တော့ စားပွဲပိုင်းမှာ တည်တည်ကြီး ထိုင်လျက် ထည့်ကို စိုက်ကြည့်နေဆဲ။

စောစောက ထည့်ကို မတွေ့ခင်တုန်းက ပြုံးရွှင်နေသော မျက်နှာက ဘယ်ကိုကွယ်ပျောက်ကုန်သည်မသိ။ ဘယ်တာဝ ရောက်ကြောင့် များ ရတုပိုင်နှင့်ထည့်ကြားမှာ အမုန်းတို့ သန္ဓေတည်နေခဲ့တာလဲ မသိ။

■ ■ ■

ရတုပိုင် စိတ်ထဲမှာ အလိုမကျဖြစ်နေတာတော့ အမုန်ပဲဖြစ် သည်။

ဒီပွဲမှာ အဖြူထည်နှင့်ဆုံမည်ဟု ဘယ်လိုမှ ထင်မှတ်မထားခဲ့ပါ။





ကိုလတ် မိဘတွေ မိတ်ဆက်ပေးမှ မြင်ရခြင်းဖြစ်သည်။ အဖြူထည်က တော့ သူ့ကို အစောကြီးကတည်းက မြင်တွေ့ထားပုံရ၏။

တိုက်တိုက်ဆိုင်ဆိုင် ကိုလတ် ညီမဝမ်းကွဲ ဖြစ်နေတာကိုလည်း အံ့ဩမဆုံးပါ။

အဖြူရောင် ဇာပေါက်အင်္ကျီလေးကို မော်ဒယ်စိမ်းရောင် ဘောင်းဘီနှင့် တွဲဖက်ဝတ်ဆင်ထားသော အဖြူထည်ကတော့ အားလုံး ထဲမှာ ထင်းထင်းလင်းလင်း ရှိနေသည်။

ခါးမရောက်တရောက် ဆံပင်ရှည်ရှည်တွေကို ခပ်မြင့်မြင့်လေး စုစည်းထားပြီးမှ ပြန်သိမ်းချထားပုံလေးက ရှင်းသန့်ချောမောသော မျက်နှာလေးနှင့် ပိုလို့ လိုက်ဖက်ကြည့်ကောင်းနေခဲ့၏။

အသားအရေလေး ဖြူနုဝင်းညက်လျက် ဘာပဲဝတ်ဝတ် ကြည့် ကောင်းသည့်စတိုင်လေးက စွဲမက်စရာကောင်းပေမယ့် ရတုပိုင်စိတ်က တော့ အဖြူထည်ကို ဘယ်လိုမှ ခင်မင်လို့မရပါ။

ဒါကလည်း စိမ့်ကြောင့်ပဲ ထင်သည်။ စိမ့်ကို ထိန်းချုပ်ဆရာ လုပ်နေခဲ့တာကို သူ မျက်မုန်းကျိုးနေတာပဲဖြစ်၏။

အဖြူထည်ရဲ့ညီမတွေပဲဖြစ်သော ကဗျာချွေနှင့် ရှင်းနုဗီတို့ နှစ်ယောက်က သူ့ပိုင်းရောက်လာကာ တရင်းတနှီး နှုတ်ဆက်ကြသေး သည်။ အဖြူထည်က တမင်မလာတာ ထင်ရှားသည်။ ပြီးတော့ သူနှင့် စိမ့်အကြောင်းတွေကို ဘာမှ အဖြူထည် ပြောမပြတာ ဘာကြောင့်လဲ မသိ။

ဒါက စိမ့်နှင့်သူ ချစ်သူတွေဟု အဖြူထည် အသိအမှတ်မပြု တာလား။ ဒါမှမဟုတ် သူမတို့အသိုင်းအဝိုင်းမှာ စိမ့်ကို အရေးမလုပ်သည့်



www.burmeseclassic.com

www.burmeseclassic.com



[illegible]သာ။ စိမ့် ရှိနေလျှင်တောင် ဒီပွဲကို ခေါ်လာချင်မှ ခေါ်လာမှာဟု [illegible]တာ စိတ်မကောင်းဖြစ်ရ၏။

ဒယ်ဒီနှင့်မာမီတို့ကတော့ ခွေမျိုးတောင့်တင်းသလောက် ချမ်းသာကြွယ်ဝသော ကိုလတ်တို့အမျိုးတွေနှင့် ပန်းသင့်နေတာ အထင်အရှား။

ဒီပွဲက မမဇာရဲ့ပွဲဆိုပေမယ့် ဆက်နွယ်သည့်နှစ်ဖက်အသိုင်းအဝိုင်းတွေ မိတ်ဖွဲ့ရင်းနှီးသည့်ပွဲဟုလည်း ဆိုနိုင်သည်။

အထူးသဖြင့် မာမီကတော့ အားလုံးထဲတွင် ထင်းထင်းရှင်းရှင်း နှင့်လှနေသော အဖြူထည်ကို သဘောတွေကျနေပုံရသည်။ အဖြူထည့် မိဘတွေနှင့် ရယ်မောစကားဝိုင်းဖွဲ့နေသည်။

တိုက်တိုက်ဆိုင်ဆိုင် ဆုံကြသည့်အဖြစ်ကို စိမ့်သိလျှင် အံ့သြဦးမည်။ အဖြူထည်က စိမ့်ကို ဖုန်းဆက်ပြောချင်ပြောလောက်သည်။

မာမီတို့ပြန်ဖို့ ပြင်မှပဲ သူလည်း ကိုလတ်ကို နှုတ်ဆက်ဖြစ်တော့၏။ ကဗျာနှင့်နဒီကိုလည်း နှုတ်ဆက်ရသေး၏။ နဒီ ဆိုသော ကောင်မလေးရဲ့ အနှောင့်အသွားမလွှတ် စကားတွေကြောင့်တော့ ကသိကအောက်ဖြစ်မိသေး၏။

"ရတု လမ်းမှာဆုံရင် မသိချင်ယောင် ဆောင်မနေကြေးနော်၊ နဒီတို့က ခင်မင်မိပြီဆိုရင် တစ်သက်လုံးအတွက်ပဲ သိလား အဟင်း"

ကားပေါ်ရောက်တော့လည်း မာမီက အဖြူထည် ချီးမွမ်းခန်းတွေ ဖွင့်မဆုံးရှိ၏။

"မခွေ့ သမီးလေးနာမည်က အဖြူထည် တဲ့၊ သား သတိထားမိသလား၊ တအကျီဖြူလေးနဲ့ ချစ်စရာမျက်နှာလေးလေ"





"ဒီလောက် ခွေမျိုးတွေ အများကြီးကို ဘယ်သတိထားမိမှာလဲ မာမီရာ မသိပါဘူး"

"ဒါဆို နောက်ကြမှ ထမင်းစားဖိတ်ရင်း သီးသန့်မိတ်ဆက်ပေးမယ်၊ တစ်ဦးတည်းသော သမီးလေးကွဲ့၊ စီးပွားရေးနဲ့ကျောင်းပြီးပြီလို့ သူ့အဖေရှယ်ယာပါတဲ့တဏ်မှာ အလုပ်ဝင်တော့မှာတဲ့၊ ချမ်းသာကြွယ်ဝပေမယ့် မာန်မာနကင်းတာ အမှန်ပဲ၊ မာမီတော့ အရမ်းလေးစား သဘောကျတယ်ကွယ်"

မာမီ့စကားတွေကို မကြားယောင်ပြုရင်း သူ့ကားကိုပဲ ဂရုစိုက်မောင်းနှင်နေလိုက်သည်။

သူ့ရဲ့ချစ်သူ စိမ့်စမ်းလ ဆိုတာလည်း အဖြူတို့နှင့်တစ်မိုးအောက်မှာ အတူနေတာ မာမီ မသိရှာဘူး ထင်သည်။ စိမ့်ကို မိဘရင်းချာတွေလို ချစ်ပါသည်ဆိုသော အဖြူထည် မာမီကလည်း ဘာကြောင့်ဖွင့်မပြောသည်လဲ။

စိမ့်ကတော့ အဖြူထည်နှင့် သူ့ကို သမီးရင်းလို အတူချစ်သည်ဟု အမြဲပြောသည်။

သိပ်ကို ရိုးသားဖြူစင်လွန်းသည့် စိမ့်ခမြာ ဘာမှမသိရှာပါလား။

စာနာသနားမှုလေးနဲ့ စိမ့်ကို ထောက်ပံ့ကူညီပေးနေသော ကျေးဇူးတွေရှိတာ မှန်ပေမယ့် သမီးရင်းချာနဲ့ယှဉ်လာလျှင်တော့ စိမ့်စမ်းလ သည် ဒရိုင်ဘာရဲ့သမီးပဲ ဖြစ်မှာပါ။

ကျေးဇူးတရားတွေအတွက် စိမ့် အဖြူထည်ကို ရှန်းမထွက်နိုင်တာက သူ့ကိုရင်မောစေ၏။

စိမ့်ကိုတော့ အဖြူထည် လောင်းရိပ်အောက်က သူ ဆွဲထုတ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရနိုင်မည်။ ဒါတောင် အရိပ်ကြီးက လိုက်မိုးနေဦးမည်လား။

ဒါကိုတော့ ဘယ်လိုမှ လက်မခံနိုင်ပါ။ ရတုဝိုင်ရဲ့ဖနီးမယား စိန့်ဖြစ်ပြီဆိုလျှင် အဖြူထည် လွှမ်းမိုးမှုတွေ ကင်းစင်စေရမည်။

ဒါ သူ့ရင်ထဲက ခိုင်မာသော ရည်ရွယ်ချက်။

■ ■ ■

## အခန်း (၇)

"ဟဲ့ ရတုလေး စောစောစီးစီး ဘယ်သွားမလို့လဲ"

မနက် ဘရိတ်ဖတ်စ် စားပြီး ရုံမက်တို့အိမ်သွားဖို့အတွက် အထွက်မှာပဲ ဧည့်ခန်းထဲမှာ မမဇာတို့ သားအမိနှင့် ဆုံတော့၏။

"သူငယ်ချင်းဆီ မမဇာရေ အလုပ်မဝင်ခင် ဘော်တွေနဲ့ ဆုံရ တွေ့ရတာလေ"

"သွားထား သွားထား အလုပ်ထဲရောက်ရင်တော့ ခြေငြိမ်မှ ဖြစ်မယ်နော်"

"စိတ်ချပါ မမဇာရဲ့၊ ကြီးကြီး သား သွားဦးမယ်နော်၊ မာမီ တော့ ကော်ဖီဝိုင်းမှာရှိတယ်"

"အေး အေး သွားပါ သား၊ ကြီးကြီးတို့ ခဏနေပြီး ပြန်တော့ မှာ"

မျှားတာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီး ပြောနေတုန်းမှာပဲ ဧည့်ခန်းထဲ ထွက်လာသူက မာမီ ဖြစ်သည်။ မာမီက သူ့ကို မေးငေါ့ပြရင်း

"သမီး မောင်လေး ပိုပြီးခြေကြိုမ်အောင် မိန်းမပါ ပေးစားလိုက်ရင် မကောင်းဘူးလားဟေ့"

"ဟာ အိုကေတာပေါ့ အန်တီဆွေရဲ့၊ သမီးက မောင်ချောလေး အတွက် ယောင်းမချောချောလေး ရှာပေးနိုင်ပါတယ် အဟင်း"

"ဟာ မလုပ်ပါနဲ့ မမဇာရယ်၊ လွတ်လွတ်လပ်လပ် နေပါရစေဦး"

"အံမယ် ဒီလောက်နေရရင် တော်ပြီပေါ့၊ ကိုလတ် ညီမလေးတွေ ဘယ်လောက်ချောသလဲ တွေ့တယ်မို့လား၊ ဘယ်သူ့သဘောကျလဲ ငါ့မောင် စိတ်ကြိုက်ရွေး"

"ဟုတ်တယ် သမီးရေ ဟိုတစ်နေ့က ပြန်လာကတည်းက သူ့ကို ပြောပြနေရတာ"

မာမီနှင့်မမဇာ အတိုင်အဖောက်ညီနေတော့ သူ ခေါင်းကုတ်မိ၏။ စကားလတ်စမပြတ်သေးဘဲ ရှောင်ထွက်သွားလို့ မသင့်တော့ ခက်ပြီ။

"ရည်းစား မရှိသေးဘူး မဟုတ်လား၊ ဘယ်သူ့သဘောကျလဲ မမကိုပြောလေ"

"နိုး ဘယ်သူမှ မကြိုက်ဘူး၊ မမဇာကလည်း မာမီကို ချွန်တွန်း မလုပ်ပါနဲ့ဗျာ နော်"

"အောင်မယ် ကိုယ့်အစ်မကို ချွန်တွန်းလုပ်တယ်လေး ဘာလေးနဲ့ မရဘူး အဲဒီကိစ္စတော့ အန်တီဆွေ သမီးနဲ့ ဆွေးနွေးရမှာပဲ"

မာမီ့စကားကြောင့် ရတုပိုင် မျက်နှာလေး ရှုံ့မဲ့ကာ ပခုံးတွန့်





လိုက်မိ၏။ မာမီနှင့်မမဇာကြားမှာ ဆက်နေရင် သူ ချောင်ပိတ်တော့မည်။

"မာမီတို့ဘာသာ စုံဖူးတိုက် ဆွေးနွေးကြတော့၊ သားတော့ လစ်ပြီ"

စကားကိုဖြတ်ပြီး ဆင်ဝင်အောက်က ကားပေါ်တက်ကာ ရတုပိုင် မောင်းထွက်ခဲ့လိုက်သည်။

မာမီကြောင့်တော့ ခက်နေပြီ။ မာမီ သဘောကျနေတာ အဖြူ ထည်ကိုပဲ ဖြစ်၏။ သူ့ချစ်သူ စိမ့် ဆိုတာ အဖြူထည်တို့နှင့် အတူနေသော မိန်းကလေးဆိုတာသိလျှင် မာမီ ဘာပြောမည်လဲ။

သေချာတာက စိမ့်ရဲ့ဘ၀အမှန်ကို မာမီအတွက် လက်ခံဖို့ ခက်ခဲမှာပဲ ဖြစ်သည်။ ဒါကို သိထားလို့ပဲ သူ မပြောဖြစ်သေးတာဖြစ်၏။

ဒီကိစ္စတွေကို စိမ့် သိသွားလျှင်လည်း ၀မ်းနည်းအားငယ်သွားမှာ သေချာသည်။ အတွေးနှင့်ပင် စိမ့်ကို သူ သနားသွားရသည်။

စိမ့်အကြောင်းတွေးနေတုန်း ဖုန်းလေးက မြည်လာတာမို့ သူ နားထောင်ရင်း ကားစက်ရှိန်ကို လျှော့ချလိုက်ရ၏။

"ရတု ငါပါ ရဲမက်"

"ပြော"

"အံမယ် လေသံက မာလှချည်လား"

"စကားမများနဲ့ကွာ၊ ဘာပြောမလို့ ဆက်တာလဲ"

"မင်းအခု ဘယ်မှာလဲ ရတု"

"မင်းဆီလာနေတာ အခု ကားပေါ်မှာ"

"ဟာ မင်း ငါ့အိမ်လာမှာစိုးလို့ အချိန်မီဆက်တာ၊ ငါ အခု



www.burmeseclassic.com

www.burmeseclassic.com



အပြင်သွားစရာရှိလို့ကွ အပြန်ကျ မင်းအိမ်လှည့်ဝင်ခဲ့မှာ''

ဒီကောင် ဖုန်းလှမ်းဆက်တာပဲ တော်သေးသည်။ နို့မို့ ရဲမက်မရှိတဲ့ ကိုယ်က သူ့အိမ်သွားနေမိသည့်အတွက် အချိန်ကုန်တာပဲ အဖတ်တင်တော့မည်။

''ဒါဆိုလည်း ပြီးရောလေ၊ မင်း ဘယ်အချိန်လောက် ငါ့အိမ်ကို ရောက်မှာလဲ''

''မနက်စာ ထမင်းစားချိန် အမီပေါ့ကွာ အဟဲ အန်တီ့လက်ရာလေး မစားရတာကြာပြီ''

ရတု တိုးတိုးလေး ဆဲကာ ဖုန်းပိတ်လိုက်သည်။ ထမင်းစားချိန်ဆိုတော့ ဆယ့်တစ် ဆယ့်တစ်ခွဲလောက်မှ ရဲမက်ရောက်မှာဖြစ်သည်။

သူ အိမ်ကိုလည်း မပြန်ချင်သေးပါ။ မာမီနှင့်မမဖောတို့ စကားဝိုင်းမှာ ဝင်ပါနေရမှာစိုးသည်။

ဘယ်သူငယ်ချင်းအိမ် သွားလည်ရမည်လဲ ရတုဝိုင် ကားမောင်းရင်း စဉ်းစားမိသည်။ အခင်ဆုံး သူငယ်ချင်း သီဟကလည်း ပြင်ဦးလွင်ကို ခဏအလည်သွားမည်ဆိုကာ သွားခဲ့တာ နှစ်လကျော်လုနေပြီ။ ကြည့်ရတာ ပြင်ဦးလွင်မှာပဲ အိမ်ထောင်ကျတော့မည် ထင်ရဲ့။

ကျန်သူငယ်ချင်းတွေလည်း အလုပ်ခွင် ဝင်နေကြပြီဆိုတော့ ရတုဝိုင်အတွက် လည်ပတ်အချိန်ဖြုန်းဖို့ နေရာက ခပ်ရှားရှားဖြစ်နေပြီ။

မထူးတော့ပြီမို့ ရတုဝိုင် ကားလေးကို မြို့ထဲဘက် ဦးတည်မောင်းခဲ့လိုက်သည်။ မော်တင်ဂျွန်းရှင်းရှေ့ရောက်တော့ ကားကို ပါကင်မှာထိုးရပ်လိုက်၏။

သူ လိုချင်သော ပစ္စည်းလေးတွေအပြင် မာမီကြိုက်တတ်သော





ကြက်ဥခေါက်မုန့်နှင့် ထန်းလျက်ချောင်းတွေ ဝယ်ရမည်။ ဒယ်ဒီအတွက်လည်း ပုစွန်နှင့်ငါးဖယ်ချဉ်တွေပါ ဝယ်ဖြစ်သည်။

အမျိုးသမီး အဝတ်အထည်တွေ ရောင်းချသော ဆိုင်လေးရှေ့ ရောက်တော့ စိမ့်ကို သတိရမိသည်။

ချစ်သူဘဝသက်တမ်းတစ်လျှောက်လုံး စိမ့်နှင့်အတူ ဒီလို ဂျွန်းရှင်းတွေကို မရောက်ဖူးခဲ့။ စိမ့်အတွက် လက်ဆောင်တွေလည်း ဝယ်မပေးဖြစ်ခဲ့ပါ။

စိမ့်နှင့်တွေ့ရသောနေရာတွေက ကော်ဖီဆိုင်၊ ဘုရား၊ ပန်းခြံတို့မျှလောက်ပဲ ဖြစ်သည်။ ရုပ်ရှင်တောင် အတူမကြည့်ဖူးသေးပါ။ ဒါကလည်း ပါလေရာ ငါးပိချက်လေး အဖြူထည်ကြောင့် ဖြစ်၏။

အဖြူထည်ကို ငဲ့ကာ စိမ့်ကလည်း ချစ်သူနှင့်လွတ်လွတ်လပ်လပ် လည်ခွင့်မသာခဲ့။ သူကလည်း အဖြူထည် ပါလာတာကို မကြည်လင်တာမို့ စိမ့်ကိုလည်း မတောင်းဆိုတော့ပါ။

''ရတုဝိုင်''

ခေါ်သံကြောင့် အတွေးစတွေ ပြတ်ကာ လှည့်ကြည့်တော့ ကဗျာဆွေနှင့် နဒီတို့ဖြစ်နေသည်။

''ဩော် ကဗျာတို့ ဈေးဝယ်ထွက်ကြတာလား''

''ဟုတ်တယ်လေ ကဗျာတို့ ညီအစ်မတွေဆုံလို့ ရှော့ပင်းနဲ့ထွက်လာကြတာ၊ ရတုကော အတူတူပဲလား''

''အဟွန်း လမ်းကြုံလို့ ဝယ်ချင်တာလေး သတိရပြီး ဝယ်ဖြစ်တာပါ''

''ကြုံတုန်း တစ်ခုခုစားရင်း ဆိုင်ခဏထိုင်ကြရအောင်လေ



www.burmeseclassic.com

www.burmeseclassic.com



ခုထက်ရဲ့”

နဒီ စကားကြောင့် သူ ခေါင်းခါငြင်းမိ၏။

“ကျွန်တော် တကယ် မစားနိုင်တော့ဘူး။ ထမင်းကြော်တွေ စားထားလို့ ဗိုက်ပြည့်နေတယ်”

“အရည်တော့ ရမှာပါ၊ ကဗျာတို့ တိုက်မှာပါ”

“ရတုနော် မကြာခင် ဆွေမျိုးတော်ရတော့မှာကို အဲဒီလိုတော့ မစိမ်းကားပါနဲ့”

ဘယ်လိုမှ ငြင်းလို့မရတော့တာမို့ ရတု ခေါင်းညိတ်လိုက်ရသည်။

“အင်း ခဏတော့ ထိုင်လို့ရပါတယ်၊ သွားရအောင်”

“ဩော် နေဦး ဖြူလေးကို ပြောလိုက်ဦးမယ်”

နဒီ စကားကြောင့် သူ မျက်မှောင်ကြီးကျုံ့ကာ နဒီ မျက်ဝန်းတွေ ဦးတည်ရာကို လှည့်ကြည့်တော့ မိန်းကလေး ဖန်စီပွစ္စည်းလေးတွေ ရောင်းသည့် ဆိုင်လေးထဲမှာ အဖြူထည်။

သေလိုက်စမ်း အဖြူထည်ရှိမှန်းသိလျှင် ဆိုင်ထိုင်ဖို့အတွက် သူ ဘယ်လိုမှ လက်ခံမိမှာမဟုတ်။

နဒီက အဖြူထည်အနားသွားကာ ပြောပြနေပုံရသည်။ အဖြူထည် မျက်နှာလေး၊ သူ ရှိရာကို ရောက်လာသည်။ သူ တမင်မျက်နှာလွှဲနေလိုက်၏။

“သွားကြစို့ ကဗျာရေ၊ ဖြူလေးက ဝယ်ချင်တာလေးတွေ ဝယ်ပြီးမှ လာခဲ့မယ်တဲ့”

သူ့ကို မြင်လိုက်တာမို့ အဖြူထည် တမင် ကျန်ရစ်ခဲ့တာဟု သူ ချက်ချင်းသဘောပေါက်သည်။ သူရှိနေလို့ မလာတာလည်း၊ ကောင်း





တာပဲလေ။

နဒီတို့ ကဗျာတို့နှင့် ကော်ဖီဆိုင်လေးကို လျှောက်လာပေမယ့် အာရုံထဲမှာတော့ ခဏလေးပဲကြည့်မိသော အဖြူထည် ပုံရိပ်လေးက အဓိပ်ထင်ပါလာသည်။

ငှဝါရောင်အင်္ကျီလေးက ခါးရှည်ရှပ်အင်္ကျီပုံစံလေး ဝတ်ထား တာက ဂျင်းပြာရင့်ရင့်အကျပ်နှင့်ဖြစ်သည်။ နောက်တစ်ကြိမ် ထပ်လှည့် ကြည့်ချင်လောက်အောင် ဆွဲဆောင်မှုရှိပေမယ့် သူ လှည့်မကြည့်ဖြစ်ပါ။

တကယ်တမ်းလည်း ကော်ဖီဆိုင်လေးမှာ နဒီတို့ ကဗျာတို့နှင့် ထိုင်ဖြစ်သည့် မိနစ်နှစ်ဆယ်ကျော်ခန့် အချိန်လေးအထိ အဖြူထည် ပေါ်မလာသေးပါ။ နဒီတို့ ကဗျာတို့ စကားတွေကို အလိုက်သင့်နားထောင် နေရပေမယ့် ရတုရဲ့ စိတ်အာရုံတွေက အဖြူထည်ဆီ ရောက်နေခဲ့သည်။

ဘာလဲ ဘာသဘောလဲ၊ ဒါ သူ့ကို တမင်ပညာပြသည့်သဘော လား။ စိမ့်နှင့်ဆိုလျှင် မခွဲတမ်း ပါတတ်သည့် အဖြူထည်။

ညီမအရင်းအချာတွေနှင့်ကျတော့ တမင်ရှောင်နေသည်။

အတူမထိုင်ရတာကိုပဲ ကျေနပ်သည်ဆိုသော သူ အခုတော့ ဘာကြောင့် မကျေမနပ် ဖြစ်နေပြန်တာလဲ။

အဖြူထည်နှင့်ပတ်သက်သမျှ ဘာမှအလိုမကျ ဖြစ်နေတာကပဲ သူ မှားနေခြင်းလား။

တစ်ခုခုတော့ လွဲနေပြီထင်၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဖုန်းမြည်သံလေးကြောင့် ဖွင့်ကြည့်တော့ ရတုပိုင် မသိသော ဖုန်းနံပါတ်တစ်ခု ဖြစ်နေသည်။ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားခြင်းနှင့်အတူ စိမ့်ဆီကလားဟု ထင်မိ၏။

"ဟဲလို ရတုပိုင်ပါ"

"မောင်လား၊ စိမ့်ပါ"

"စိမ့် မောင် စိမ့်ဖုန်းကို မျှော်နေတာ၊ ရှာရောက်ရောက်ချင်း ဘာလို့ မဆက်တာလဲ"

"ရောက်ရောက်ချင်း အပြင်ထွက်ဖို့ မလွယ်ဘူးလေ မောင်ရဲ့၊ အဖေကော စိမ့်ပါ ဘွားအတွက် စီစဉ်စရာတွေ လိုက်စီစဉ်ပေးနေရတာ ပေါ့"

"ခေတ်ရီး စိမ့်၊ မောင် အပြစ်တင်တာ မဟုတ်ပါဘူး၊ စိတ်တွေ လောနေလို့ပါ၊ ဒါနဲ့ စိမ့်အဘွား၊ ဘယ်လိုလဲဟင် သက်သာရဲ့လား"

"ကိုယ်တစ်ခြမ်း လေဖြတ်သွားတာတဲ့ မောင်ရယ်"





ငိုသံလေးနှင့် စိမ့်ဆိုတော့ သူ စိတ်မကောင်းဖြစ်သွားရသည်။

"ပြန်ကောင်းဖို့အတွက်တော့ မြန်မာဆေးဆရာကော၊ အင်္ဂလိပ် ဆရာပါ ပြတာပဲ၊ ဖြူ့မိတ်တွေက ပိုက်ဆံအလုံအလောက် ပေးလိုက်တယ် မောင်"

အဖြူထည် နာမည်ကြားရတော့ မနေ့က ဆုံခဲ့ကြတာကို သတိ ရကာ စိတ်ထဲမှာ မျက်ခနဲ ဖြစ်သည်။ စိမ့် မရှိသည့်ရက်ပိုင်းကလေးမှာ အဖြူထည်နှင့် ထိပ်တိုက်ဆုံတာ နှစ်ခါရှိခဲ့ပြီ။

ဒီအကြောင်းတွေကို စိမ့် မသိသေးဘူး ထင်သည်။

"စိမ့်ဆီကို အဖြူထည် ဖုန်းဆက်သေးသလား"

"အင်း ဆက်ပါတယ် မောင်၊ ရောက်တဲ့ညကတည်းက ဆက် တာ၊ စိမ့်ကိုလည်း အားမငယ်ဖို့ အားတွေပေးတယ်လေ၊ အဖြူထည်တို့က အားလုံး လိုလေသေးမရှိ ကူညီကြပါတယ်"

စိမ့်စကားထဲမှာ အဖြူထည်က အမြဲတမ်း မပါမဖြစ် ဖြစ်နေ တော့ ရတုပိုင် နားထောင်ရတာ အမြင်ကပ်ချင်လာ၏။ စိမ့် အဘွားကိစ္စ မှာ ငွေကြေးထောက်ပံ့ပေးနေတာကို ကျေးဇူးကြီးလို့ စိမ့် သတ်မှတ်နေပြန် သည်လား။

"ဒီမှာ စိမ့် တကယ်ဆို စိမ့်တို့အဘွားကို ရန်ကုန်ခေါ်လာပြီး ပါရဂူကြီးတွေနဲ့ ကုသသင့်တယ်၊ ဘာလဲ အဖြူထည်တို့အိမ်မှာ နေဖို့ ထိုင်ဖို့ ခက်ခဲနေသလား။ ဒါဆို ကိုယ် စီစဉ်ပေးနိုင်တယ်"

"မောင့် စေတနာကို စိမ့် အသိအမှတ်ပြုပါတယ် မောင်ရယ်၊ ငေးမေမေဆွေတို့ကလည်း မောင် ပြောတဲ့အတိုင်း အကြံပေးကြပါတယ်၊ ဒါပေမဲ့ ဘွားက ဘယ်လိုမှ လက်မခံဘူး၊ သူ့မွေးရပ်ချက်ကြွေမြေမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းချချင်တယ်တဲ့၊ ဒါကြောင့် ဘွားဆန္ဒအတိုင်း လိုက်လျောနေရတာ''

ရတုပိုင် နှုတ်ဆိတ်သွားရသည်။ စိမ့်တို့အဘွားက အသက်အရွယ်လည်း ကြီးပြီ။ ရှေးလူကြီးဆိုတော့လည်း တယူသန်ဆန်ကာ အစွဲအလန်းကြီးမည်ပေါ့။

''အခုတော့ ဖေဖေနဲ့စိမ့်တို့ ဘွား စိတ်ချမ်းသာအောင်ပဲ ထားရတယ်၊ ဖေဖေက လိုတာတွေ စီစဉ်ပေးပြီး တစ်ပတ်လောက်ပဲနေပြီး ပြန်မှာလေ''

''ဟို စိမ့်က ကျန်ရစ်ခဲ့ရမှာပေါ့''

''ဟုတ်တယ် မောင်၊ ဘွားကို စိမ့်ပဲ ဂရုစိုက်စောင့်ရှောက်ပေးရမှာပေါ့''

''မောင်နဲ့စိမ့် တွေ့ဖို့ဆိုတာ ရက်အကန့်အသတ်မဲ့နေပြီပေါ့''

''မောင်ရယ် ဒီအချိန်မှာ စိမ့် ဘာမှမတတ်နိုင်ဘူးလေ''

စိမ့် စကားသံလေး ကြားရတော့ သနားစိတ်က ဝင်ပြန်သည်။ တကယ်ဆိုလျှင် စိမ့်လည်း မနေချင်ဘဲ နေရတာ သူ နားလည်ထားသည်။

''စိမ့် စိမ့်နဲ့ဘွား နှစ်ယောက်တည်း နေကြတာလားဟင်၊ တခြား အဖော်မရှိဘူးလား''

''ရှိပါတယ် မောင်ရဲ့၊ အဒေါ်နဲ့ဦးလေးမိသားစု ရှိပါတယ်၊ ပြီး တော့ အိမ်နီးချင်းတွေကလည်း ဆွေမျိုးမကင်းတဲ့သူတွေချည်းပဲ''

စိမ့် ရှင်းပြတော့ သူ စိုးရိမ်စိတ်လေးတွေ လျော့ပါးရပါသည်။ ဘာပဲဖြစ်ဖြစ် သူနှင့်ဝေးသည့်နေရာတစ်ခုမှာ စိမ့် ရောက်နေတာအတွက် သူ စိုးရိမ်စိတ်ပူမိတာတော့ အမှန်ပဲဖြစ်သည်။





''မောင် စိမ့်တို့ ရွာလေးကို လာမယ်ဆို''

''အင်း၊ လာမှာပေါ့၊ စိမ့်ဆီက ဘာမှ ဆက်သွယ်မှုမရသေးလို့ လာမယ့်ဆန်းအေးရက် မောင်လာမယ်လေ၊ ရဲမက်ကိုပါ အဖော်ခေါ်ခဲ့မယ်''

''လာခဲ့လေ မောင်၊ စိမ့် မျှော်နေမယ်''

''ဆက်ဆက် လာခဲ့မှာပါကွာ၊ စိမ့်နဲ့ဆုံနိုင်ခွင့်က ဒီနည်းလမ်းပဲ ရှိတော့တာပဲလေ၊ မောင် ကြိုးစားရမှာပေါ့''

''ဒါပဲနော် မောင်၊ ဒီမှာ စိမ့် ဖုန်းဖိုးတွေ တက်နေပြီ၊ ဖုန်းချလိုက်တော့မယ်နော်''

''အင်း အင်း ဒါပဲ စိမ့်''

တစ်ဖက်က စိမ့် ဖုန်းလေးချသွားတော့ သူလည်း ဖုန်းကို ပိတ်လိုက်ရ၏။ စိမ့်ကိုပြောချင်သည့် စကားတွေ အများကြီး။ ဒါပေမဲ့ ဘာမှမပြောလိုက်ရပါ။

အဖြူထည်နှင့် ဆုံခဲ့ဖြစ်တာတွေလည်း မပြောဖြစ်ခဲ့။ ကြည့်ရတာ စိမ့် သိသေးပုံ မပေါ်ပါ။

အဖြူထည်က စိမ့်ဆီ ဖုန်းဆက်ပါလျက် ဘာလို့ မပြောပြခဲ့တာလဲ မသိပါ။

စိမ့်နှင့်တွေ့လျှင်တော့ ဒီအကြောင်းတွေ သူ ပြောဖြစ်အောင် ပြောပြရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ပဲခူးနှင့်နှစ်မိုင်ခန့်လောက်ဝေးသော စိမ့်တို့အဘွား ရွာလေးက မြေနီလမ်းလေးမှ ကားကို ခက်ခက်ခဲခဲ မောင်းခဲ့ရသည်။

မှန်တွေအကုန်ပိတ်ထားတာမို့ သူတို့နှစ်ယောက် ဖုန်မှုန့်အလူးလူး မဖြစ်ချင်းပင်။

ရွာလေးထဲဝင်တော့ သူလည်း ချွေးတွေပြန်နေပြီ၊ ရဲမက်မျက်နှာလည်း ရှုံ့တွနေသည်။

"ဟား တော်တော်ဆိုးတဲ့လမ်းပဲ၊ ဒီခရီးကို မင်း တစ်ပတ်တစ်ခါ လာရရင် မလွယ်ဘူး"

"မင်းကလည်းကွာ ညည်းညူလိုက်တာ"

"ဟုတ်တယ်လေ မင်းကောင်းစားဖို့ ငါက ကြားက ဒုက္ခရောက်ရတာလေ၊ ကြားက ငထွားခါးနာပေါ့"





"မင်းအတွက် အကျိုးရှိအောင် ရွာသူချောချောလေးတစ်ယောက် စိမ့်ကို ရှာပေးနိုင်းပါ့မယ်"

"တော် တော် မင်း၊ ရင်ဆိုင်နေရတဲ့ ဒုက္ခတော့ မခံစားနိုင်ဘူးဟေ့"

ဖုန်အလိမ်းလိမ်း တက်နေသော သူတို့အိမ်ခံကားကြီးနောက်ကို ရွာထဲက ကလေးတွေ ဟစ်အော် ပြေးလိုက်ကြသည်။ အိမ်ထဲကလူတွေကလည်း ထွက်ကြည့်ကြသည်။

စိမ့်တို့ အိမ်လေးကိုတော့ အလွယ်တကူ မေးမြန်းလို့ရတာမို့ အိမ်ရှေ့ရောက်ခဲ့သည်။

"လာ မောင် စိမ့်မျှော်နေတာ၊ ကိုရဲမက်လည်း ပါတာကိုး"

ခြံဝင်းလေးရှေ့ ရောက်သည်နှင့် စိမ့် အပြေးလေး ထွက်ကြိုသည်။ သူနှင့် ရဲမက် ကားတံခါးဖွင့်ဆင်းရင်း စိမ့် ဘွားအတွက်ဝယ်လာသော မုန့်ဘူးတွေ အချိုရည်ဘူးတွေကို နောက်ခန်းထဲက ထုတ်ယူတော့

"ဘာတွေဝယ်လာတာလဲ မောင်ရယ်"

"စိမ့်အဘွားအတွက် စိမ့်လည်း စားဖို့ လိုအပ်တာတွေပေါ့"

"ဒုက္ခရှာလို့ မောင်ရယ်၊ အိမ်မှာ စိမ့်တို့အတွက် မြို့ ဝယ်ပို့လိုက်တဲ့မုန့်တွေ အများကြီးရှိပါတယ်"

အဖြူထည် နာမည် ပါလာပြန်တာမို့ သူ စိတ်ကသိကအောက်ဖြစ်ရပေမယ့် ရောက်ရောက်ချင်း စိမ့်နှင့်စကားမများချင်တာမို့ မျိုသိပ်ထားလိုက်ရ၏။

"ကဲ ရှိရှိ မရှိရှိ မောင် ဝယ်လာတာတော့ ယူထားလိုက်ကွာ"

စိမ့် မငြင်းသာဘဲ သူ့လက်ထဲက ဆွဲအိတ်လေးတွေကို ငိုင်းဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကူညီသယ်ပေးရှာသည်။

ပျဉ်ခင်း၊ ထရံကာ၊ ခေနိမိုးအိမ်လေးပေါ်ကို စိမ့် ဦးဆောင်ခေါ်တော့ သူနှင့်ရဲမက် တက်ခဲ့လိုက်သည်။

အိမ်ပေါ်မှာ စိမ့်ဦးလေးနှင့် အဒေါ်ဖြစ်သူက ရတုပိုင်တို့ကို ပျာပျာသလဲ ကြိုဆိုကြရင်း သင်ဖြူးဖျာလေး ခင်းပေးကြသည်။

"ထိုင်ကြပါဦးကွယ်၊ အကြမ်းရည်သောက်ကြ လက်ဖက်သုပ်လေး စားကြဦး"

"မောင် ထမင်းစားပြီးမှ ပြန်နော်"

"မစားတော့ဘူး စိမ့်၊ မောင်တို့ ခဏနေရင် ပြန်ရမှာ၊ ရဲမက်က ကိစ္စလေးရှိသေးလို့"

"ဟင် မောင်တို့လာမယ်ဆိုတော့ စိမ့်က ဟင်းတွေချက်ပြုတ်စီစဉ်ထားတာ"

စိမ့်စကားကြောင့် သူ အားနာမိသည်။ ဒါပေမဲ့ ရဲမက်က ဒီလိုအိမ်လေးမှာ ထမင်းစားဖို့ တွန့်နေမှာ သိသည်။ သူလည်း စိမ့်ကြောင့်သာ လာခဲ့ရတာဖြစ်သည်။ ဒီလိုနေရာမျိုးမှာ ထမင်းမစားတတ်တာ အမှန်။

ဒါပေမဲ့ စိမ့်လက်ရာ ဟင်းကိုတော့ စားချင်ပါသည်။ ရဲမက်ကို အားနာတာကြောင့် ငြင်းရတာဖြစ်၏။

"နောက်တစ်ခေါက်မှပဲ စားတော့မယ် စိမ့်ရယ်၊ ခဏနေရင် မောင်တို့ ပြန်ရမှာမို့ပါ"

"အင်းလေ ဒါဆိုလည်း မောင် နောက်တစ်ခေါက်လာမှပဲ စားပါ၊ စိမ့် စီစဉ်ပေးထားမယ်နော်"





"အင်း စိမ့် ခြံထဲက ကွပ်ပျစ်လေးမှာ ထွက်ထိုင်ရအောင်နော်"

အိမ်လေးထဲမှာနေရတာ ရတု အသက်ရှူမဝသလို ခံစားရသည်။ ရဲမက်ခမျာလည်း ဘောင်းဘီနှင့်ဖျာမှာ ထိုင်နေရတာ အဆင်မပြေပုံမရ။

"ဒါဆိုလည်း သွားထိုင်ကြမယ်လေ၊ ကိုရဲမက်လည်း ခြံထဲဆင်းလမ်းလျှောက်ပေါ့၊ ကားထိုင်စီးရတာ ညောင်းညာနေပြီထင်တယ်"

"ညောင်းရုံတင်မကဘူး အသက်ပါရှူလို့မဝချင်ဘူး၊ စိမ့်ရေ၊ ကားမှန်တွေအားလုံး ပိတ်ထားရတာ"

သုံးယောက်သား အိမ်ပေါ်က ဆင်းခဲ့ကြသည်။ စိမ့် အဘွားက ဆေးသောက်ပြီး အိပ်ပျော်နေတာမို့ နှုတ်ဆက်စကားလေးတောင် မပြောရပါ။

ခြံထဲက ကွပ်ပျစ်လေးမှာ သူနှင့်စိမ့် ထိုင်စကားပြောချိန်မှာ ရဲမက်ကတော့ ခြံထဲမှာ လမ်းလျှောက်နေသည်။

"မောင့်ကို အားနာလိုက်တာ၊ ခရီးဝေးကြီးကို ပင်ပင်ပန်းပန်း လာရတာ စိမ့် သနားတယ်၊ နောက်ဆို ခဏခဏ မလာပါနဲ့နော်၊ ဟို မောင် ပင်ပန်းမှာစိုးလို့ပါ"

"စိမ့်ကိုပဲ မောင်က သနားနေတာ၊ ဒီလို အဝေးကြီးမှာ စိမ့်လာနေရတာကို မောင်က သနားတာပါကွာ"

စိမ့် ကြည်ကြည်နူးနူးလေး ပြုံးသည်။ ကျောလယ်အထိ ရှည်သော ဆံပင်တွေကို အနောက်က စည်းနှောင်သိမ်းကာ သနပ်ခါးမွှန်မွှန်လေးလိမ်း ပါးကွက်ကြားလေး လှထားသော စိမ့်ကို သူ ငေးကြည့်မိသည်။

မျက်နက်ဝန်းညိုညိုလေးတွေနှင့် စိမ့် သူ့ကို ပြန်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပင်သက်လေး ရှိုက်သည်။

"မောင်ရယ် မောင့်ဘဝနဲ့စိမ့်ဘဝက အရမ်းကို ကွာခြားပါတယ် တကယ်တမ်းကျ စိမ့်ဘဝက ဖြူ ကောင်းလို့ အရောင်တောက်ပနေတဲ့ ဘဝပါ"

"ဟာ လာပြန်ပြီ၊ အဖြူထည် နာမည်၊ စိမ့်ကို မောင် အားမရ တာ အဲဒါတွေပဲ၊ ဘာလို့ အဖြူထည် လောင်းရိပ်အောက်က စိမ့် ရုန်း မထွက်နိုင်တာလဲ"

"မောင်ရယ် အမှန်လည်း စိမ့်ဘဝက ဖြူတို့အရိပ်အောက်မှာပဲ လေ"

"စိမ့် အဲဒီလို အားငယ်မှုတွေပဲ မောင် မကြိုက်တာ"

ရတုပိုင် အသံက လိုတာထက် ပိုကျယ်သွားခဲ့တော့ ရဲမက် တောင် လမ်းလျှောက်နေရင်းက လှမ်းကြည့်သည်။ စိမ့်ကတော့ သူ့ရဲ့ ဒေါသရိပ်ထင်နေသော မျက်နှာကိုကြည့်ကာ မျက်ရည်လေး ဝဲလာ၏။

စိမ့်ကိုကြည့်ကာ သနားစိတ်လေးနှင့် သူ အော်မိတာကို နောင်တရမိ၏။ စိမ့် လက်ဖဝါးလေးကိုဆုပ်ကိုင်ရင်း

"စိမ့် မငိုနဲ့နော်၊ မောင်က စိမ့် ထိခိုက်အောင် ပြောတာ မဟုတ်ပါဘူး။ စိမ့် ပြောတာတွေကို မောင် ခံစားသွားရလို့ပါ"

ဝဲလာသည့် မျက်ရည်တွေကို မျက်တောင်ကော့ကြီးတွေနှင့် ပုတ်ခတ်ပြီး စိမ့် သိမ်းဆည်းရင်း ခေါင်းလေးညိတ်ရှာသည်။

စိမ့်သည် ဘာကြောင့် အရာရာမှာ အဖြူထည်နှင့် ယှဉ်ကာ ဝမ်းနည်းခံစားနေသည်လဲ မသိပါ။ အဖြူထည် အကြောင်းပါလာတော့ သူ မေးချင်တာကို သတိရသွားခဲ့တာမို့





"စိမ့်ကို မေးရဦးမယ်"

"ဘာလဲ မောင် မေးလေ"

"အင်း မေးမယ်ဆိုတာထက် ပြောချင်တာပါ၊ စိမ့် မရှိတဲ့ရက် မှာ မောင်နဲ့အဖြူထည် နှစ်ကြိမ်ဆုံဖူးတယ်"

စိမ့် မျက်ဝန်းလေးတွေဝိုင်းကာ ကြည့်သည်၊ အဖြူထည်နှင့်တွေ့ တာကိုတော့ စိမ့် အံ့သြနေမှာ သေချာ၏။

"ပထမတစ်ကြိမ်က မောင့်အစ်မဝမ်းကွဲရဲ့ချစ်သူ ကိုလတ်ရဲ့ ညီ့ခံပွဲမှာလေ၊ အဖြူထည်က ကိုလတ်ရဲ့ညီမဝမ်းကွဲတဲ့၊ အဲဒီတုန်းက အဖြူထည်အပြင် ကဗျာချွေတို့ ရှင်းနဒီတို့နဲ့ပါ ဆုံရတာ"

"အဲဒီအကြောင်းတွေကို အဖြူထည် ဖုန်းဆက်ပြောပြတယ် မောင်၊ အဲဒီနေ့က ဖြူ့ကို မောင် မခေါ်ဘူးဆို"

"ခေါ်စရာလား၊ သူလည်း မောင့်ကို ခေါ်တာမှမဟုတ်တာ၊ နောက်ပြီး ခပ်တည်တည်ကြီး လုပ်နေတာလေ၊ ဒီတော့ မောင်က ဘာလို့ခေါ်ရမှာ လဲ"

ရတုပိုင် စကားကြောင့် စိမ့် သဘောကျသလို ရယ်မောသည်။ ပြီးမှ

"မောင်ကလည်း ဖြူကို မောင်ကလည်း ခပ်တည်တည်ကြီးလုပ် ခဲ့တာပဲ မဟုတ်လား"

"ကြည့်စမ်း အဖြူထည် ဘာမှမပြောဘူးထင်တာ၊ ပြောစမ်း သူက မောင့်အတင်းတွေ ဘာပြောလဲ"

"အဟင်း ဟင်း ဘာမှမပြောပါဘူး၊ မောင့်ကိုတွေ့တာလောက် ပဲ အဲ ကဗျာတို့ နဒီတို့ကိုလည်း မောင်တွေ့တယ်ပေါ့၊ ချောတယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



ချောသလို ကဲလည်း ကဲကဲတွေနော်''

စိမ့် သဝန်တိုနေတော့ ရတု ပြုံးမိသည်။ ချစ်သူသက်တမ်း ထင်လျှောက်လုံး ဘယ်မိန်းကလေးနှင့်မှ စိမ့် သူ့ကို သဝန်မတိုဘူးပါ။ ဘယ်ချာတို့ နဒီတို့နှင့်သဝန်တိုနေတော့ ရယ်ချင်သည်။

''ကိုယ်က လုံးဝစိတ်မဝင်စားပါဘူး''

''မောင် မဝင်စားပေမယ့် သူတို့က ကဲကဲတွေလေ၊ ဖြူက သူညီမတွေအကြောင်း သိတာပေါ့၊ နဒီဆို ဘာရှုပ်သလဲ မမေးနဲ့''

''နေပါဦး စိမ့်ကို အဖြူထည်ကပြောတာတွေလား၊ သူများချစ်သူတွေကြားမှာ ခလောက်ဆန်နေတာပဲ အလကား သူ့မှာတွဲဖော်တွဲဖက် မရှိလို့ မနာလို ဝန်တိုဖြစ်နေတာ''

ရတုပိုင် တမင်စိတ်ပေါက်ပေါက်နှင့် ပြောပစ်လိုက်မိသည်။ စိမ့်ကလည်း ထုံးစံအတိုင်း အဖြူထည်ကို ထိတော့ ဆတ်ဆတ်ထိမခံပါ။

''အဲ့မယ် မောင်နော် ဖြူကို ဒီလိုမပြောပါနဲ့၊ ကျောင်းမှာက တည်းက ကြိုက်တဲ့သူတွေ အများကြီး၊ ဖြူက လုံးဝစိတ်မဝင်စားတာ''

အာရုံထဲမှာ ဖြူ့မျက်နှာကို ရတုပိုင် ပြေးမြင်မိသည်၊ ငိမ့် ပြောတာ အမှန်တွေဆိုတာ သူ လက်ခံသည်။ ဒါပေမဲ့ တမင်ပခုံးတွန့် မျက်နှာမဲ့ပစ်ရင်း

''သူ့ရုပ်လေးကြည့်ပြီး စိတ်ဝင်စားတဲ့သူရှိချင် ရှိမှာပေါ့၊ စိတ်ဓာတ်ကို မသိလို့ပါ၊ သိရင် ဘယ်သူမှ ကြိုက်မှာမဟုတ်ဘူး''

''မောင်က ဖြူကို အလိုလိုမုန်းနေတာကိုး၊ ဖြူက တကယ် စိတ်ဓာတ်ဖြူပါတယ် မောင်ရယ်''

တကယ်ပါပဲ၊ သူ တမင်ရှုပြီး ပြောနေတာကိုတောင် လက်မခံ





ဘဲ စိမ့်က အဖြူထည် ဘက်မှာပဲ ရပ်တည်နေသည်။

အဖြူထည် မေမေနှင့်သူ့မာမီတို့ ရင်းနှီးကျွမ်းဝင်ကာ သူနှင့် အဖြူထည်ကို ရည်ရွယ်နေတာသိရင်တော့ စိမ့် ဘယ်လိုနေရှာမည်လဲ။

ရတုပိုင် ပင့်သက်လေးရှိုက် မျိုသိပ်ထားလိုက်သည်။

မပြောသင့် မပြောအပ်သေးချိန်မှာ မပြောချင်သေးပါ။ ပြီးတော့ စိမ့်ကိုလည်း အခုချိန်မှာ စိတ်သောကရောက်စရာတွေ မပြောချင်သေးပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မေမေရဲ့သူငယ်ချင်း အန်တီသဇင် ကိုးကွယ်သော ဆရာတော် တစ်ပါး၏ သိက္ခာထပ်ပွဲကို မာမီသွားတော့ ထည်ပါ လိုက်ဖြစ်သည်။

မော်ဘီမှာ သီတင်းသုံးသော ဆရာတော်ကျောင်းကို မာမီနှင့် ညအိပ်လိုက်ခဲ့တာ ဖြစ်၏။ မာမီကတော့ မကြာခဏ ဆရာတော်ကို ဖူးမြော်ဖူးပေမယ့် ထည်က တစ်ခါမှ မကြည်ညိုဘူး၍ လိုက်ခဲ့မိသည်။

မနက်ဖြန် အကျွေးအမွေး အလှူအတွက် ချက်ပြုတ်ပေးကြသည့် ဒကာ ဒကာမတွေက အများကြီးပါပဲ။

သူ့နေရာနှင့်သူ အကွက်စေ့စေ့ ရှိနေတာမို့ ထည်တို့က ဧည့်သည်တွေဖြစ်ကာ ဘာမှလုပ်စရာမရှိဘဲ ထိုင်နေရုံသက်သက်ရှိသည်။

အန်တီသဇင်ကတော့ သူ့လူရင်းတွေ ဖြစ်သည့်အတွက် ကျောင်းနောက်ဘက် ချက်ပြုတ်ရေးမှာ စီမံကွပ်ကဲနေသည်။





အဖြူထည်နှင့်မေမေကတော့ အခုမှ မြင်သိရသော ဧည့်သည်တွေနှင့် ကျွမ်းဝင်ကာ စကားတွေ ဖောင်ဖွဲ့နေရုံပါပဲ။

"သမီး ခဏလေးနော်၊ မေမေ သဇင်ဆီ ခဏသွားဦးမယ်"

"ဟုတ်ကဲ့ မေမေ သွားလေ"

မေမေ ထွက်သွားတော့ ထည် တစ်ယောက်တည်း ကျန်ခဲ့၏။ နံဘေးမှာ ရန်ကုန်ကပဲ လာသည်ဆိုသော အန်တီကြီးက ထည့်ကိုပြုံးပြရင်း

"သမီးလေးက တစ်ဦးတည်းသောသမီးလား"

"ဟုတ်ကဲ့ အန်တီ၊ မေမေတို့က ထည့်ကို တစ်ယောက်တည်းပဲ မွေးထားတာလေ"

"အင်း အဲဒါလည်း ကောင်းပါတယ်ကွယ်၊ အန်တီမှာတော့ သားနှစ်ယောက် သမီးတစ်ယောက်လေ"

"ပျော်စရာကြီးပေါ့ အန်တီရဲ့"

"အမလေး ပျော်တာရော စိတ်ပူပန်ရတာကော အများကြီးကွဲ၊ အကြီးဆုံးသားနဲ့ အလတ်မကတော့ အိမ်ထောင်ကျကုန်လို့ စိတ်အေးရပါတယ်၊ အငယ်ဆုံးသားအတွက် ပူပန်နေရတုန်းပဲ"

ရွှေတွေသီးနေအောင် ဆင်ယင်ထားသော အန်တီကြီးက စကားလည်း အလွန်အပြောကောင်းပုံရ၏။ ထည် ပျင်းပျင်းနှင့် ခေါင်းလေး တညိတ်ညိတ် နားထောင်နေမိသည်။

"ဆိုးလို့သွမ်းလို့ ပူပန်ရတာ မဟုတ်ဘူး၊ အခုချိန်ထိ မိန်းမ မယူသေးလို့ပူနေရတာကွဲ့"

"ဟင် အန်တီကလည်း မိန်းမမယူတော့ အန်တို့အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်တာပေါ့ မကောင်းဘူးလား"

"တစ်သက်လုံး မယူရင်.ပြဿနာမရှိဘူးလေ၊ တွေ့ရာကောက်ယူပြီး အန်တီနဲ့မတည့်ရင် ဒုက္ခ"

ဘယ်ဆီမှာမသိသော ချွေးမအတွက် တွေးကြိုပူနေသော အန်တီကြီးဒုက္ခကို ထည်လည်း အကြံမပေးတတ်ပါ။

"သမီး နာမည်လေးက"

"အဖြူထည်ပါ အန်တီ"

"ဟယ် နာမည်နဲ့လူနဲ့ လိုက်ဖက်လိုက်တာကွယ်၊ သမီးရုပ်ရည်လေးကို ကြည့်ပြီး စိတ်ထားဖြူစင်မှာ အန်တီ ကြိုသိတယ်"

ထည် စိတ်ထဲက ဘုရားတချင်မိသွားသည်။ လူကို ချက်ချင်းကြီး တွေ့ကာ ဖြောက်ပင့်နေတာကို သိနေသည်။

"အင်း သမီးလေးလို စိတ်သဘောဖြူစင်ပြီး လူကြီးသူကြီးမှန်းသိတတ်တဲ့ မိန်းကလေးမျိုးမှ အန်တီက သမီးတော်ချင်တာကွဲ့"

ဘုရားရေဟုတောင် ထည် နှုတ်က ထွက်လုမတတ်ပါပဲ၊ ထည့်ကို ဒွဲတိုးကြီး ချွေးမတော်ချင်နေတာ အထင်အရှား။

"ယောက္ခမတွေနဲ့ အတူတူနေခဲ့ဖူးတော့ အန်တီက ချွေးမဆိုးဆိုးနဲ့ ကြုံရမှာ ကြောက်တယ်ကွဲ့"

လက်စသတ်တော့ အန်တီကြီးကိုယ်တိုင် ချွေးမဆိုးတစ်ယောက်ဖြစ်ခဲ့ဖူးသည်ထင်သည်။ သူ့အလှည့်ကျတော့ ချွေးမဆိုးနဲ့ ကြုံရမှာကြောက်နေပုံရ၏။

တော်တော်လည်သည့် အန်တီကြီးပါလား။ ဝင့်ဆိုတာ ရှောင်လွှဲလို့ရမည်တဲ့လား။ ဒီလို အန်တီကြီးမျိုးကို ထည်ကလည်း ယောက္ခမတော်





ရမှာ သိပ်ကြောက်ပါသည်။

"သမီးရေ ဒီမှာကြည့်ပါဦး ဘယ်သူတွေလဲလို့"

ဝမ်းသာအားရ ပြောလာသော မေမေ့အသံကြားမှ ထည် ထွက်ပေါက်ရသွားသူလို လှည့်ကြည့်မိ၏။

"ဟင်"

အံ့ဩလွန်းလို့ ထည် ပါးစပ်လေး အဟောင်းသား ဖြစ်သွားခဲ့သည်။ ရတုဝိုင်တို့ သားအမိကို ဒီမှာဆုံရမည်ဟု လုံးဝ မထင်ထားမိပါ။ ရတုဝိုင် မာမီက ထည့်ကို ဝမ်းသာအားရ ရယ်ပြရင်း

"တိုက်တိုက်ဆိုင်ဆိုင် တွေ့တတ်တယ် သမီးရေ အန်တီလေ မဆွေကိုတွေ့တော့ ဝမ်းသာလိုက်တာ၊ ဒီမှာ သားလည်းပါတယ် သမီးရဲ့"

ထည် မကောင်းတတ်လို့ ယဲ့ယဲ့လေး ပြုံးပြလိုက်ရပေမယ့် ရတုဝိုင်ကတော့ အားနာပါးနာ အပြုံးလေးတစ်ချက်တောင် မပြုံးဘဲ မျက်နှာတည်ကြီးနှင့် ရှိနေသည်။

ရတုဝိုင် ရင်ထဲက ခံစားချက်ကို ထည် ကောင်းကောင်းသိပေမယ့် မေမေတို့ကတော့ ဘာမှသိရှာကြပုံမရပါ။

"မမိုးတို့ကလည်း မိတ်ဆွေတစ်ယောက်ခေါ်လို့ လိုက်လာတာတဲ့ သမီးရယ်၊ မေမေနဲ့သွားဆုံလို့လေ ကဲ ထိုင်ကြပါဦး"

"သား ထိုင်လေကွယ် မတ်တတ်ကြီးနဲ့"

အန်တီစိုးက မတ်တတ်ရပ်နေဆဲ ရတုဝိုင်ကို ထိုင်ခိုင်းတော့မှ ရတုဝိုင် ကော်ဖောအခင်းပေါ်မှာ မထိုင်ချင်ထိုင်ချင် ဝင်ထိုင်သည်။

စောစောက ထည်နှင့်စကားကောင်းနေသော အန်တီကြီး၏ အကဲခတ် မျက်ဝန်းတွေနှင့် ကြည့်နေတာမို့ မေမေကပြုံးပြကာ



www.burmeseclassic.com

www.burmeseclassic.com



''ဒါ မကြာခင် ဆွေမျိုးတော်ရတော့မယ့် သူတွေလေ အစ်မကြီးရဲ့''

မေမေ့စကားကြောင့် ထည် ကြက်သီးလေးတွေထသွားရသလို အန်တီကြီးမျက်နှာလည်း ကွက်ခနဲ ပျက်သွားခဲ့သည်။ တကယ်ဆို မမအောခြည်နှင့် ကိုလတ်တို့ကို ရည်ညွှန်းကာ မေမေအလွယ်တကူ ပြောလိုက်တာ ဖြစ်သည်။

ထည့်ကို ချေးမတော်လိုသော အန်တီကြီး မျက်စိမျက်နှာပျက်နှင့် တစ်ဖက်ဝိုင်းကို ကူးသွားခဲ့သည်။

မေမေနှင့်ရတုဝိုင်မာမီတို့ စကားတွေဖောင်ဖွဲ့အောင် ပြောဆိုအဖွဲ့ကျနေပေမယ့် ရတုဝိုင်နှင့်ထည်ကတော့ ကိုယ်စီ နှုတ်ဆိတ်နေခဲ့ကြသည်။

အနက်မှာ အဖြူပွင့်လေးတွေ ဖော်ယက်ထားသော ယောပုဆိုးနှင့် လည်ကတုံးရှပ်လက်ရှည်ကို ဝတ်ဆင်ထားသော ရတုဝိုင် အသွင်စတိုင်က ရှင်းသန့်ချောမောလွန်းနေပါသည်။

ဒါပေမဲ့ ထိုမျက်နှာ ရှင်းသန့်သန့်လေးနှင့် မလိုက်ဖက်အောင် ရတုဝိုင် တည်တံ့သုန်မှုန်နေသည်။

''သူက ဘာဖြစ်လို့ ဖြူလေးနဲ့ဆုံတိုင်း အဲဒီလို အချိုးမျိုးချိုးနေရတာလဲ''

ကဗျာပြောခဲ့သော စကားကိုပြန်ကြားယောင်ကာ ထည်ပင့်သက်လေးရှိုက်မိသည်။

ဟိုးအရင်တုန်းကဆိုလျှင် ရတုဝိုင် သုန်သုန်မှုန်မှုန်နေလျှင်ထည် မထိတခိလှောင်ပြုံးပြုံးတတ်စမြဲ၊ မကြားတကြားပြော နောက်ပြောင်





မိစမြဲ။ ဒါပေမဲ့ နောင်ပိုင်းမှာတော့ ရတုဝိုင်ကို ထည် မစ မနောက်ဖြစ်တော့ပါ။

ဒီလိုလူနှစ်ယောက်ကိုမှ ကံကြမ္မာက ဘာလို့ တိုက်ဆိုင်မှုတွေနှင့် ဆုံဆည်းနေတာလဲ မသိ။

''ဩော် သမီးရေ ခဏနေခဲ့ဦးနော်၊ သဇင်ဆီ မမစိုးကို ခေါ်သွားမလို့ကွဲ့''

မေမေ့စကားကြောင့် ထည် ခေါင်းညိတ်လိုက်၏။ ရတုဝိုင်ကလည်း အန်တီစိုးနှင့်အတူ ထရပ်တာမို့

''သား ဒီမှာနေခဲ့လေ မာမီတို့က ချက်ပြုတ်ဆောင်ဘက်သွားမလို့ ဒီကပဲစောင့် ပြန်လာမှာ''

အန်တီစိုးပြောတာမို့ ရတုဝိုင် မျက်နှာကြီးရှုံ့ကာ ပြန်ထိုင်သည်။ မေမေတို့ ဘာရည်ရွယ်ချက်နှင့် ထည်တို့ကို ထားခဲ့တာလဲမသိပါ။

နှစ်ယောက်သား ဘာမှမပြောဖြစ်ဘဲ ကျောခိုင်းထိုင်မိကြသည်။ ထည်ယူလာသော တရားစာအုပ်တစ်အုပ်ကို ထုတ်ဖတ်နေချိန်မှာ သူကလည်း ဟိုငေးဒီငေး ထိုင်နေဆဲ။

နာရီဝက်လောက်ကြာမှ မာမီတို့ပြန်ရောက်လာကြသည်။ ထည်တို့ အမူအယာတွေကြည့်ကာ မေမေက

''ဟင် သမီးစာအုပ်ဖတ်နေတယ်၊ မောင်ရတု ပျင်းနေမှာပေါ့''

''ရပါတယ်အန်တီ ကျွန်တော်နေတတ်ပါတယ်၊ ဩော် မာမီ ဖြစ်နိုင်ရင် သားဒီညပြန်မယ်၊ မနက်ဖြန်မှ မာမီကိုလာကြိုမယ်လေ''

''မရဘူး သား ညအိပ်နေမယ်လို့ ကတိပေးပြီးမဖျက်နဲ့လေ မနက်ဖြန်မှ အတူပြန်တာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ရတုပိုင် ဘာမှမပြောနိုင်သလို မျက်နှာကြီးသုန်မှုန်နေသည်။ [illegible] အစီအစဉ်ကို ဖျက်ချင်တာ ထည့်ကြောင့်ပဲထင်သည်။

ဒီနေရာကို စိတ်သာပါလာလျှင် ရတုပိုင်ကို ဒီပုံစံမျိုးနှင့် တွေ့ရမှာ [illegible]တာထင်သည်။

အခုတော့ ရတုပိုင် စိတ်တွေညစ်ညူးနေပြီထင်၏။ စိတ်အေးချမ်းငြိမ်းချင်လို့ ဘုန်းကြီးကျောင်းလာမိသော ထည်နှင့် ရတုပိုင်အတွက်တော့ ခက်နေပြီ။

ကံကြမ္မာက တိုက်ဆိုင်လွန်းတော့လည်း ဘာများတတ်နိုင်မှာလဲ ရတုပိုင်ရယ်။

■ ■ ■

ညရောက်တော့ ထည် အိပ်ချင်သည်ဟု အကြောင်းပြကာ ထည်တို့အတွက် စီစဉ်ပေးထားသော အိပ်ရာထဲ ဝင်လှဲနေလိုက်သည်။

မေမေကတော့ ရတုပိုင်မာမီနှင့် ဝိုင်းဖွဲ့စကားပြောရင်း ကျန်ခဲ့သည်။ ရတုပိုင်လည်း ဘယ်ရောက်နေသည်မသိပါ။ ထည်လို အိပ်ရာထဲ ဝင်နေသလား ကျောင်းဝင်းထဲမှာပဲ လမ်းလျှောက်နေသလား မသိပါ။

ထည်ရဲ့ ဟန်းဖုန်းလေး မြည်လာတာကြောင့် အသာဖွင့်ကြည့်တော့ ကဗျာဆီက ဖြစ်နေသည်။

"ကဗျာ ပြောလေ"

"ငါနေ့လယ်ကတည်းက ဖုန်းဆက်မလို့ သူငယ်ချင်းတွေနဲ့ ရှုပ်ရှင်သွားကြည့်ကြတာ အခုမှ အေးအေးဆေးဆေး ဆက်တာ"

"ပြောလေ ဘာပြောမလို့လဲ ကဗျာ"

"မမဇာခြည်က ပြောတယ်သိလား မမဇာခြည် အမေကရော ရတုပိုင်အမေကပါ ရတုပိုင်ကို ငါတို့အထဲက တစ်ယောက်ယောက်နဲ့ ပေးစားချင်နေတယ်တဲ့"





ဒီအကြောင်းကို ပြောချင်တာကြောင့် ကဗျာ ဒီအချိန်ဖုန်းဆက်တာထင်သည်။ ထည်ကိုလည်း အိမ်မှာပဲဟု ထင်နေပုံရ၏။

"ငါပြောတာ ကြားလား ဖြူ"

"ကြားပါတယ် ရတုပိုင်မှာ ချစ်သူရှိတာ မသိကြလို့ဖြစ်မှာပါ"

"သိလည်း စိမ့်စမ်းလလို စာမဖွဲ့လောက်တဲ့ မိန်းကလေးမျိုးကို သဘောမတူလောက်ပါဘူး ဖြူရယ်"

စိမ့်ကို မျက်မုန်းကျိုးနေသော ကဗျာ ဒီလိုပဲပြောမှာ သိနေသည်။

"ဖြူလေး"

"ပြော ကဗျာ"

ကဗျာနဲ့ ဖုန်းဆက်မပြောချင်တာ အမှန်ဖြစ်သည်။ ဒါကြောင့်လည်း မြန်မြန်ပြီးပြီးရော နားထောင်နေလိုက်၏။

"ငါကတော့ နင့်ကိုရတုပိုင်နဲ့ သဘောတူတယ်"

"ကဗျာ နင်ဘာတွေ လျှောက်ပြောနေတာလဲ"

ထည် အသံကတုန်တုန်လှုပ်လှုပ်ကလေး ဖြစ်သွားတာမို့ ကဗျာ ဟက်ဟက်ပက်ပက်ကလေး ရယ်နေသည်ကိုကြား၏။

"ဘာလဲ နင့်ရဲ့စိမ့် အသည်းကွဲမှာစိုးလို့လား ဖြူလေး"

"ဟုတ်တယ်"

ကဗျာ စကားတွေကို အမြင်ကပ်လာတာမို့ ပြတ်ပြတ်ပဲပြောလိုက်မိသည်။

"ဒါဆို စိမ့်ချစ်သူသာ မဟုတ်ခဲ့ရင် ရတုပိုင်ကို နင်လက်ခံမှာ



www.burmeseclassic.com

www.burmeseclassic.com



လား''

''ဘာတွေမေးနေတာလဲ စိတ်မဝင်စားဘူး''

''ငါကတော့ ရတုပိုင်လို ယောကျ်ားမျိုးကို မငြင်းချင်ဘူး''

''ကဗျာ နင်လည်း စိတ်ကူးယဉ်မနေနဲ့ ရတုပိုင်က စိန့်ကလွဲပြီး ဘယ်သူမှ စိတ်ဝင်စားမှာ မဟုတ်ဘူး''

''သေချာလုရျည်လား ဖြူလေးရဲ့''

''ဒီထက် သေချာတာတောင် ဒီထက်မသေချာဘူး ကဗျာ ငါအခု မော်ဘီမှာ''

''ညြော် ဟိုတစ်နေ့က အန်တီဒွေ ဖုန်းဆက်တယ်၊ မော်ဘီက ဆရာတော်ကြီး သိက္ခာထပ်အလှူမှာပေါ့''

''ဒါဆို ဒါပဲဟာ နောက်မှဆက်ပြောတော့မယ်''

ကဗျာ စကားက ဆက်ရန်ရှိသေးသည့်သဘော။ ထည်ကတော့ ဒီအကြောင်းကို ဆက်မဆွေးနွေးချင်တော့ပါ။

''ကဗျာ ခဏနေဦး၊ အခု ဒီပွဲကို ရတုပိုင်တို့သားအမိလည်း ရောက်နေတယ်''

''ဟယ် ဟုတ်လား၊ သူ နင့်ကိုတွေ့လား''

''အင်း ဆုံကြပါတယ်''

''ဟုတ်လား နင်တို့ အဆင်ပြေနေကြတယ်လား''

ကဗျာ မမြင်နိုင်မှန်းသိပေမယ့် ထည် မျက်နှာလေးမဲ့ပစ်ရင်း

''အန်တီစိုးနဲ့ မေမေကတော့ ဝမ်းသာပြီး တတွဲတွဲပဲ၊ ငါနဲ့ရတုပိုင် အတွက်တော့ တကယ့် စိတ်အနှောင့်အယှက်တွေနဲ့လေ''

''ဘာလဲ သူက နင့်ကိုတွေ့လို့ပေါ့''





''ဟုတ်တယ်လေ ငါတို့ချင်းက မတည့်ဘူးလေ''

''အံမယ် ဘာလို့ ဖြူကိုတွေ့တာနဲ့ သူက အနှောင့်အယှက်ဖြစ်ရတာလဲ၊ ဒါကို ငါ လက်မခံဘူး။ နင့်ဘက်ကနာတယ်ဟာ''

''ထားလိုက်ပါ ဒါပဲနော်၊ နောက်မှဟာ''

ပြောပြီး ထည် ဖုန်းကိုပိတ်လိုက်သည်။ မျက်ဝန်းတွေက အိပ်စက်မရပါဘဲ အတွေးတွေ ရှုပ်ထွေးလွင့်မျောနေသည်။

မေမေက ကဗျာ ပြောသလို ထည်နှင့်ရတုပိုင်ကို ရည်ရွယ်နေသည်လား။ ဒါဆိုလျှင်တော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။

ရတုပိုင်လည်း ရိပ်မိကာ ထည့်ကို သုန်သုန်မှုန်မှုန် ဆက်ဆံနေတာ ဒါကြောင့်လား။

ထည်က စိမ့်နှလုံးသားကို ကြေကွဲအောင် လုပ်မည့်သူဟု ရှင် ထင်နေသလား ရတုပိုင်။

အဖြူထည် နှလုံးသားက ဒီလောက် မရက်စက်၊ မယုတ်မာတတ်ဘူး။ ဒါကို ရှင် ယုံကြည်ထားလိုက်ပါ ရတုပိုင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟာ မာမီကလည်း အဓိပ္ပါယ်မရှိလိုက်တာ"

"ဘာကို အဓိပ္ပါယ်မရှိဘူး ပြောတာလဲ သားရဲ့"

မာမီ သူ့ကို စူးစူးစိုက်စိုက် ပြန်ကြည့်ကာ မေးခွန်းထုတ်သည်။ သူ တကယ်ပဲ စိတ်ညစ်မိသလို ဒေါသလည်း ထွက်နေသည်။ ဒီလိုအခြေအနေတွေ ဖြစ်လာမည်ဆိုတာ ကြိုမျှော်လင့်ထားပေမယ့် မာမီ မြန်မြန်ဆန်ဆန်ကြီး ပြောလာမည်ဟု ထင်မှတ်မထားခဲ့ပါ။

"မာမီ မေးတာကို ဖြေဦးလေ သားရဲ့"

"မာမီ အခု ဘာအကြောင်းပြောနေတာလဲ၊ အဖြူထည်နဲ့ပေါ စားချင်တဲ့ အကြောင်းပြောနေတာ မဟုတ်လား"

"ဟုတ်တယ်လေ သားကို မာမီ အဖြူထည်လေးနဲ့ သဘောတူတယ် ပြောမိတာ မှားသွားသလား"

အဖြူထည်လို မိန်းကလေးတစ်ယောက်ကို မာမီ ချွေးမတော်





ချင်နေတာတော့ မမှားဟု သူ ဝန်ခံသည်။ ဒါပေမဲ့ သူ့မှာ စိမ့်ရှိသည်။

"သားမှာချစ်သူရှိတယ် မာမီ"

"ဘာရယ် ဘယ်သူလဲ သား။ ဘယ်က မိန်းကလေးလဲ၊ အဲဒီကောင်မလေး မျိုးရိုးနဲ့ အဆင့်အတန်းက ဘာလဲ"

မာမီ့နှုတ်က မေးခွန်းတွေ တရစပ်ထွက်ကျလာသည်။ မာမီမေးသမျှ သူ ဖြေလျှင်လည်း မာမီ ခေါင်းခါမှာသိနေ၏။

"သူ့နာမည်က စိမ်းစမ်းလ တဲ့၊ အမေ မရှိတော့ဘူး၊ အဖေနဲ့ နေရတာပါ"

မာမီ မျက်မှောင်ကျုံ့သွားကာ သူ့စကားတွေကို ဆက်နားစွင့်နေပေမယ့် သူ ဘာမှထပ်မရှင်းပြနိုင်ခဲ့။

"မာမီ နားထောင်နေတယ်လေ၊ သား သူ့မိဘက ဘာလုပ်သလဲ"

စိမ့် ဖခင်က အဖြူထည်တို့အိမ်က ဒရိုင်ဘာတစ်ယောက်ဟု သူ့နှုတ်က ပြောထွက်ဖို့ နှုတ်ဆွံ့အနေခဲ့သည်။ ဒါ မာမီ ဘယ်လိုမှ လက်မခံနိုင်သောအချက်ကြီးဆိုတာ သူ ကြိုသိသည်။

"စိမ့် အဖေက ကားမောင်းပါတယ် မာမီ၊ ဒရိုင်ဘာဆိုပါတော့"

"ဘာရယ်"

မာမီ့မျက်နှာက သွေးဆုတ်ဖြူလျော်သွားခဲ့တာ ချက်ချင်းဖြစ်သည်။ သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း မာမီ ခေါင်းကိုခါရမ်းနေသည်။

"မ မဖြစ်နိုင်တာ သား။ မာမီ ဘယ်လိုနည်းနဲ့မှ သဘောမတူနိုင်ဘူး။ မဖြစ်သင့်တာ"

"ဘာကို မဖြစ်သင့်တာလဲ မာမီ၊ စိမ့်က ရိုးသားဖြူစင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



[illegible]ည်း စီးပွားရေးဘွဲ့ ပိုင်ဆိုင်ထားတယ်''

"အဲဒီ အရည်အချင်းလောက်နဲ့ မာမီ လက်မခံနိုင်ဘူး သား။ [illegible]ဖြူလေးလို အဆင့်အတန်းရှိရှိနဲ့ ယဉ်ကျေးသိမ်မွေ့သူလေးကိုပဲ [illegible] ထားတော်ချင်တယ်၊ သားလုပ်မယ်ဆိုရင်တော့ မာမီ မတတ်နိုင်ဘူး [illegible]''

ပြောပြီးသည်နှင့် မာမီ ထွက်သွားခဲ့သည်။ ရတုပိုင် ပင့်သက်မောကို ရှိုက်ရင်း ကျန်ရစ်ခဲ့ရသည်။

မာမီတစ်ယောက် အဖြူထည်ကို မမဖာရဲ့ ခင်ပွန်းဖလောင်းကိုလွှင်ရဲ့ပွဲလေးမှာကတည်းက တွေ့ပြီး သဘောကျသွားခဲ့တာ ဖြစ်သည်။

အဖြူထည်လို မိန်းကလေးမျိုးကို ဘယ်သားရှင်မဆို ချွေးမတော်ချင်တာ မဆန်းပါ။

မော်ဘီက ပြန်လာသည့်နေ့ကတည်းက မာမီတစ်ယောက် အဖြူထည်အကြောင်း ပြောမဆုံးပါ။ အဖြူထည် မိခင်နှင့် မာမီ အတော့်ကို ခင်မင်ကျွမ်းဝင်သွားခဲ့ကြတာ ဖုန်းတွေဆက်မဆုံး ဖြစ်နေတာ သူ သတိထားမိသည်။

ထိုကတည်းက ရတု ရိပ်မိနေခဲ့တာ ဖြစ်၏။ စိမ့်စမ်းလ ဆိုတာ အဖြူထည်တို့အိမ်မှာ ကားမောင်းသည့် ဒရိုင်ဘာတစ်ယောက်သမီးဆိုတာ သာ မာမီသိလျှင်တော့ . . .။

ပိုလို့တောင် ခါးသီးမှာ သေချာသည်။ မာမီ သဘောတူနေသည့် အဖြူထည်ရဲ့ဘဝနှင့် စိမ့်ဘဝက သိပ်ကိုကွာခြားလွန်းနေသည်။

ဒါပေမဲ့ ရတု မျှော်လင့်ထားတာ ဒီကိစ္စကို အဖြူထည် လက်မခံဖို့ပဲ ဖြစ်သည်။ စိမ့်ကို အဖြူထည် တကယ် ညီအစ်မရင်းလိုချစ်သည်





ဆိုလျှင် ငြင်းဆိုမှာပဲဖြစ်သည်။

ပြီးတော့ သူနဲ့အဖြူထည်က တစ်ယောက်နှင့်တစ်ယောက် လုံးဝ မတည့်တာ အမှန်။

မာမီ သူ့ကို အသိပေးဖွင့်ပြောသလို အဖြူထည်ကိုလည်း သူ့မ မိခင်က ဖွင့်ပြောလိမ့်မည်။ ဒါဆိုလျှင် အဖြူထည် အဖြေက ဘာလဲ။

သိချင်စိတ်တို့ကို ရတုပိုင် ထိန်းမရတော့တာ အမှန်မို့ ဘောင်းဘီအိတ်ထဲက ဟန်းဖုန်းလေးကို ထုတ်လိုက်မိသည်။

စိမ့်ကို ဖုန်းဆက်ချင်တိုင်း ရတု ဆက်သွယ်ရတာ အဖြူထည်ရဲ့ဖုန်းလေးမို့ မှတ်မိနေသည်။

အဖြူထည်ရဲ့ ဖုန်းနံပါတ်လေးကို ဖိနှိပ်လိုက်တော့ အလွယ်တကူ ဝင်သွား...

ဗို''

"ကျွန်မပါ အဖြူထည် ရတုပိုင်ပါ''

အဖြူထည်နှင့် တိုက်ရိုက်စကားပြောရမည်ဆိုတော့ ရတုပိုင် စိတ်မှာ ရှိတွန့်တွန့်ဖြစ်မိသေးသည်။ အခု စိမ့် မရှိမှန်းသိလျက်နှင့် ဆက်သည်ဆိုတော့ အဖြူထည် အံ့သြနေလောက်၏။

"ဘာပြောမလို့လဲ ရတုပိုင်၊ စိမ့်ကို ငါ ဘာပြောပေးရမလဲ''

အဖြူထည် အသံက တည်တည်ငြိမ်ငြိမ်ပဲ ရှိသည်။ သူ ဖုန်းဆက်တာ စိမ့်ကို ပြောစရာရှိလို့ဟု ထင်နေသည်လား။

"စိမ့်ကို ပြောချင်မှတော့ ဒီဖုန်းကို ဆက်မလား၊ သူ မရှိတာ ကိုယ် သိထားပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ခြော် သဘောပေါက်ပြီ၊ ဒါဆို ထည်နဲ့ပြောချင်တဲ့သဘော ပေါ့ ဟုတ်လား"

အဖြူထည်ကို ရတုဝိုင် ကြည့်မရတာ အဲဒါတွေပဲ ဖြစ်သည်။ စကားပြောလျှင် လေသံက အထက်စီးက ခနဲ့တဲ့တဲ့ ပြောတတ်သည်။

"ဟုတ်တယ် နင်နဲ့ပြောချင်လို့၊ တစ်မျိုးတော့ အမိပ္ပါယ်မ ကောက်လိုက်နဲ့ဦး"

ရတု တမင်ပြုန်ရှိသဲ့သဲ့ ပြောလိုက်တော့ ခံရခက်ခက်ဖြစ်သွား မည့် အဖြူထည် မျက်နှာလေးကို မြင်မိသေး၏။

"လိုရင်းပြောပါ ရတုဝိုင်၊ ငါ့မှာအလုပ်တွေ ရှိတယ်၊ နင် ထင်သလိုလည်း ဘာမှအဓိပ္ပါယ်ကောက်စရာ မရှိဘူး"

ပြောပုံကြောင့် ရတု အံကြိတ်မိသည်။ သူနှင့်အဖြူထည်ကြား မှာ အဆင်ပြေနိုင်ဖို့ဆိုတာ အတော်မလွယ်သည့်ကိစ္စ။ ဘယ်သူမှ ဘယ် သူ့ကို သေးသေးတင်မခံချင်ကြတော့ ခက်သည်ပေါ့။

"ဒီအတွက် ကျေးဇူးပါပဲ အဖြူထည်၊ လိုရင်းပြောရရင် မင်းနဲ့ ငါ့ကိစ္စကို စိမ့်ကို ချက်ချင်းအသိမပေးလိုက်ဖို့ပါ"

"ဘာကိစ္စလဲ ငါ မရှင်းဘူး"

အဖြူထည် အသေအချာ သိနေသည်အထင်နှင့် သူ ပြောလိုက် မိတာ လွန်သွားပြီထင်၏။

"နင် တကယ်ပဲ မသိတာလား အဖြူထည်၊ ဒါဆိုလည်း ပြော ရတာပေါ့။ နင့်အမေနဲ့ ငါ့မာမီက ငါတို့နှစ်ယောက်ကို ရည်ရွယ်နေတာ နင် မသိဘူးလား။ နင့်အမေ နင့်ကိုမပြောပြသေးဘူးလား"

"အခုထိတော့ မပြောသေးဘူး"





"စောစောကပဲ မာမီ ကိုယ့်ကို ပြောသွားတယ် အဲဒါ"

"ငါ နားလည်ပြီ ရတုဝိုင်၊ မေမေ ပြောလာရင်လည်း ငါ့ဘက် က ငြင်းဆန်ဖို့ အသင့်ပဲ"

စကားမဆုံးခင် ဖြတ်ပြောတာကို မနှစ်သက်ပေမယ့် အဖြူ ထည့်ဘက်က ယတိပြတ် သဘောတရားကို သိရတာမို့ ဝမ်းသာသွားမိ၏။

"အဲဒါဆိုရင်တော့ တကယ် သင့်ခယူပဲ၊ ကိုယ်ကတော့ မင်း ထက်ကြိုပြီး ငြင်းထားပြီးပြီ"

အဖြူထည်ဆီက နောက်ထပ်ဘာစကားမှ မကြားခင် သူ ဖုန်း ပိတ်ပစ်လိုက်သည်။ အဖြူထည်က ငြင်းဆန်မည်ဟု ယတိပြတ်ပြောမှ တော့ သူကလည်း လက်မခံဘူးဆိုတာ ပြောဖြစ်အောင် ပြောရမှာပဲ ဖြစ်သည်။

အဖြူထည်က ငြင်းဆန်သည်ဆိုဦးတော့ မာမီက စိမ့်ကို လက် ခံဖို့ကတော့ မလွယ်တော့ဟု သူ သိထားသည်။

အဖြူထည်လို မိန်းကလေးကို ငြင်းဆိုကာ အဖြူထည် အိမ်က အိုင်ဘာသမီးကို လက်ထပ်မှာ မာမီ ဘယ်လိုနည်းနှင့်မှ ကျေနပ်လက်ခံ နိုင်မှာမဟုတ်ပါ။

ဒါတွေအတွက် သူ့မှာလုပ်စရာ တစ်ခုပဲရှိ၏။ မာမီ့ဘက်က ခါးသီးစွာ ငြင်းဆန်လာလျှင် စိမ့်ကို သူ ခိုးယူဖို့ပဲ ရှိတော့သည်။

မာမီကိုယ်တိုင်ကလည်း သူ ဖွတ်လုပ်လျှင် ဘာမှမတတ်နိုင်ဟု ယတိပြတ်ပြောသွားခဲ့၏။ အလုပ်မဝင်ခင်မှာပဲ သူ အိမ်ထောင်ကျတော့ မည့်အဖြစ်အတွက် စိတ်ထဲမှာတော့ လေးပင်မိသည်။

မိဘအရိပ်ကို ကျောခိုင်းပြီး စိမ့်ကို လက်ထပ်လိုက်လျှင် ကြုံ



www.burmeseclassic.com

www.burmeseclassic.com



ရမည့် အခက်အခဲတွေက အများကြီး။ ပြီးတော့ လက်ရှိလည်း စိမ့်မှာက လူမမာအဘွားအိုနှင့် ရွာမှာရောက်နေ၏။

စိတ်ညစ်ညူးစရာ အခြေအနေတွေကို တိုင်ပင်ဖို့အတွက် ပြေးသတိရမိတာ ရဲမက်ပဲ ရှိသည်။

ရဲမက်ဆီကို သူ ရောက်ခဲ့ရပြန်ပါသည်။

"မင်းကလည်း နေစိမ့်လိုက်တာ၊ ငါတောင် ဒီနေ့လယ် ဖုန်းဆက်တော့မလို့"

ဆင်ဝင်အောက်မှာ သူ့ကား ထိုးရပ်သည်နှင့် ရဲမက်က ဆီးကြိုဟောက်နေသည်။

"ဟိုကောင် သီဟကလည်း ပြင်ဦးလွင်မှာ အိမ်ထောင်ကျနေပြီလား မသိဘူး၊ အင်း မင်းနဲ့စိမ့်သာ အိမ်ထောင်ကျသွားရင်တော့ ငါတော့ သောင်ပြင်လွတ်တဲ့ အဲ ရွှေဟင်္သာဖြစ်တော့မှာ အဟဲ"

ရဲမက် နောက်ပြောင်နေတာကိုလည်း သူ မရယ်နိုင်ဘဲ

"ခြံထဲမှာပဲ ထိုင်စကားပြောရအောင်ကွာ"

သစ်ရိပ်အောက်မှာရှိနေသော ခုံလေးဆီ သူ လျှောက်ခဲ့တော့ ရဲမက် နောက်က လိုက်လာသည်။

"မင်းမျက်နှာကြီးက ဘာဖြစ်နေတာလဲ ရတု၊ ဘာကိစ္စရှိလို့လဲ ဒီတစ်ပတ်လုံး မင်းပျောက်နေတော့ ငါက စိမ့်စမ်းလဆီ သွားတယ်ထင်နေတာ"

"ဒီတစ်ပတ်လုံး မရောက်ပါဘူးကွာ၊ ပြီးခဲ့တဲ့ အင်္ဂါနေ့က ငါ မာမီနဲ့မော်ဘီကဆရာကျောင်းကို လိုက်သွားတာ"

"ဘာလဲ တရားရပြီး လူဝတ်ကြောင်ကို စွန့်တော့မလို့လား





ရတု"

"နောက်မနေနဲ့ကွာ ငါ ပြောပြတာ နားထောင်၊ အဲဒီမှာ အဖြူထည်နဲ့ သူ့အမေလည်း လာကြတယ်၊ မထင်မှတ်ဘဲနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံကြတော့ ငါ့မာမီနဲ့အဖြူထည်ရဲ့ အမေတွေပြီး ပန်းသင့်ကုန်ရောကွ"

"မင်းနဲ့အဖြူထည်ကတော့ ထုံးစံအတိုင်းပေါ့"

"အေး စကားတောင် မပြောပါဘူး၊ ဒါပေမဲ့ အဲဒီနောက်ပိုင်းမှာ မာမီနဲ့အဖြူထည်အမေ ဖုန်းတွေပြော၊ လူချင်းတွေကြတယ်ထင်တယ် အခု ငါနဲ့အဖြူထည်ကို မာမီက သဘောတူနေတယ်"

"ဟာ ပြဿနာပဲ"

"အေး ဒီမနက်ပဲ မာမီနဲ့ငါ စကားပြောဖြစ်တယ်၊ ငါ့မှာ ချစ်သူရှိတယ်ဆိုတာကို မာမီ လက်မခံဘူး"

"စိမ့်အကြောင်း မင်း ပြောလိုက်သလား"

"ဘာမှမပြောရသေးဘူး၊ ပြောများပြောလိုက်ရင် မာမီ ခါးခါးသီးသီး ငြင်းမှာသေချာတယ်၊ ငါလည်း အဖြူထည်ကို ဖုန်းဆက်ပြောလိုက်တယ်"

"ဘာပြောလဲ ရတု"

"သူ့အမေက မပြောသေးဘူးတဲ့၊ ပြောလာရင်လည်း သူ ငြင်းမှာပဲတဲ့"

ရတုပိုင် စကားဆုံးသည်အထိ ရဲမက် ငူငူကြီး နားထောင်ငြိမ်သက်နေတာမို့

"ရဲမက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"ငါ့ကို တစ်ခုခု အကြံပေးဦးလေကွာ"

"မင်းဘာသာ ဆုံးဖြတ်ပြီးသားကို ငါက ဘာအကြံပေးရမှာလဲ"

"မဟုတ်ဘူးလေကွာ၊ မာမီက စိမ့်ကို လက်ခံမှာမဟုတ်ဘူး။ ငါ စိမ့်ကို နိုးပြေးရင်ကော"

"အေး အဲဒါဆိုရင်တော့ မင်းရည်ရွယ်ချက်တွေ ပျက်တော့မှာ သေချာတယ်၊ မင်းက အလုပ်ဝင် အဆင်သင့် ဖြစ်မှ စိမ့်နဲ့အိမ်ထောင်ပြု ဖို့ ရည်ရွယ်ထားတာလေ"

"ဒါပေမဲ့ အခြေအနေက အဲဒီအချိန်ထိ မစောင့်တော့ဘူးကွ ငါ ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်နေပြီ"

"အင်း အခြေအနေတစ်ခုကို စောင့်ကြည့်ပါဦးကွာ၊ လတ် တလောမှာ စိမ့်စမ်းလမ်းမှာလည်း သူ့အဘွား ကျန်းမာရေးကြီးနဲ့၊ မင်း ခေါ်ရင်တောင် လိုက်ဖို့မလွယ်တာ"

ရဲမက်ပြောတာလည်း မှန်သည်။ သူ့ဘက်က စိမ့်ကို နိုးပြေး မည်ဆိုလျှင်တောင် စိမ့်အခြေအနေက မမာကျန်းသည့် အဘွားကို ဥပေက္ခာပြုထားဖို့ မလွယ်။

ဒီပြဿနာတွေကို စိမ့်သိလျှင် ဘာမှမတတ်နိုင်ဘဲ ပိုပြီး စိတ် ဆင်းရဲရမှာသေချာသည်။

အဖြူထည်ကိုတော့ သူတို့ကိစ္စတွေ စိမ့်ကိုမပြောပြဖို့ မှာထား သည်။ အဖြူထည်သာ ဖွင့်ပြောအသိပေးလိုက်လျှင်တော့ စိမ့်ခမြ စိတ် ဆင်းရဲတော့မှာ သေချာသည်။

"အင်း ငါတို့ကိစ္စတွေ စိမ့်သိလို့မဖြစ်ဘူး အဖြူထည်ကို မပြော





ဖို့ ပြောထားတယ်၊ ဒါပေမဲ့ ပြောလိုက်ရင်တော့ခက်ပြီ"

"အဖြူထည်က ပြောမှာမဟုတ်ပါဘူး"

ရဲမက်ကတော့ ယုံယုံကြည်ကြည်ဆိုသည်။ သူကတော့ အဖြူ ထည်ကို ယုံဖို့မဝံ့မရဲ ဖြစ်နေသည်။

သူနှင့်ဆိုလျှင် ရွဲ့တတ်၊ လှောင်တတ်သည့် အဖြူထည်သာ ခနောက်ဆန်လျှင်တော့ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"သမီးရေ ဖြူလေး သမီး"

အခန်းအပြင်က မေမေခေါ်သံကြောင့် ထည်ရေချိုးပြီး အဝတ်အစားလဲနေရာမှာ တံခါးလေးကို သွားဖွင့်ပေးရ၏။

"လာပြီ မေမေ"

ထည့်ဖွင့်ပေးသောတံခါးမှ မေမေဝင်လာရင်း ပြုံးပြုံးလေးကြည့်ကာ

"သိပ်ပင်ပန်းနေပြီလား သမီး"

"မပင်ပန်းပါဘူး မေမေ ရေမိုးချိုးလိုက်တော့ လန်းဆန်းသွားပါပြီ"

သည်နေ့ မနက်အစောကြီးထဲက စိမ့်အဘွားဆီကို ထည်တို့ မိသားစု သွားကြတာဖြစ်သည်။





စိမ့်တို့ဆီမှာပဲ မနက်စာစားကြရကာ ဘွားကိုအားပေးကြ၊ ဝယ်လာသော စားစရာတွေ အားဆေးတွေပေးကြသည်။ ထည်ကတော့ စိမ့်လိုက်ပြသော ရွာထဲအနှံ့ လျှောက်ကြည့်ဖြစ်သည်။

ညနေမှပဲ အိမ်ပြန်ရောက်တာမို့ ထည်တို့ပင်ပန်းသွားကြတာတော့ အမှန်ပဲဖြစ်သည်။

အခန်းထဲက ထည့်ခုတင်စွန်းမှာ မေမေဝင်ထိုင်တော့ ထည်မေမေ့အနားမှာ ဝင်ထိုင်မိ၏။ မေမေ ဘာများပြောချင်သည်လဲ မသိ။

"မေမေ ဘာကိစ္စရှိလို့လဲဟင် ထည့်ကိုဘာပြောမလို့လဲ"

မေမေ ခေါင်းလေးညိတ်ပြုံးကာ ကြည့်နေသည်။ နှုတ်က ဘာစကားမှချက်ချင်း ထွက်မလာသေးပေမယ့် ထည့်စိတ်က တစ်ခုခု ကြိုသိနေသလို ခံစားရသည်။

ဟိုတလောက ရတုဝိုင် ကြိုတင်ဖုန်းဆက်ပြောထားသော ကိစ္စဟုပဲ ထင်မိသည်။ မနေ့က မေမေနှင့်ရတုဝိုင်မိခင်တို့ ဖုန်းနှင့်စကားတွေ ပြောဆိုနေကြတာ အကြာကြီးဖြစ်သည်။

ဘာတွေပြောကြသလဲဆိုတာ ထည် အသေအချာမသိပေမယ့် ရတုဝိုင်နှင့်ထည်တို့ နာမည်တွေကိုလည်း တစ်စွန်းတစ်စ ကြားခဲ့ရသည်။

"မေမေ သမီးကို အစောကြီးကတည်းက ပြောမလို့ အခုမှပဲ ပြောရတော့မယ်"

မေမေ လေသံမှာ ကျေနပ်ကြည်နူးခြင်းတို့နှင့် သိမ်မွေ့နူးညံ့နေခဲ့သည်။ ထည်ကတော့ မေမေ ပြောလာလျှင် ငြင်းဆိုဖို့ပဲ ကြိုတင်စဉ်းစားထား၏။

"မမစိုးက သမီးလေးကို သူ့သား မောင်ရတုဝိုင်နဲ့ သဘောတူ

www.burmeseclassic.com



ကြည်ဖြူနေတယ် သမီး။ အဲဒါ သူ့သား၊ အလုပ်မဝင်ခင် သမီးနဲ့စေ့စပ်ထားချင်နေတယ်''

ထည် တွေးထားသည့်အတိုင်းတော့ မေမေ့ဘက်က ပြောလာနေပြီ။

''မေမေ ဘာပြန်ပြောလိုက်လဲဟင်''

''မေမေကတော့ ဘာမှမပြောသေးပါဘူး၊ သမီးလေးဆန္ဒကို သိချင်သေးတယ်၊ သမီးမှာ ချစ်သူရှိလား''

''မရှိပါဘူး၊ မေမေ''

မေမေ့မျက်နှာမှာ ကြည်နူးရိပ်တွေ ဖြာဝေသွားခဲ့သည်၊ ထည့်မှာ ချစ်သူမရှိသေးခြင်းအတွက် မေမေ ကျေနပ်သွားခြင်းက ရတုပိုင်နှင့်ကြည်ဖြူနေခြင်းဆိုသည့်သဘော။

''အင်း စိမ့်လေးကတော့ ပြောပါတယ်၊ သမီးမှာ ချစ်သူရည်းစားမရှိဘူးတဲ့''

စိမ့်ကိုတောင် မေမေက မေးမြန်းထားသည်တဲ့လား။ စိမ့်ကကော သူမမှာ ချစ်သူရှိတာကို မေမေကို တစ်ခါတည်း မပြောလိုက်ဘူးလား။

''မေမေကတော့ မောင်ရတုပိုင်ကို သဘောကျတယ်သမီး။ သမီးလေးကကော ဘယ်လိုသဘောရသလဲ''

မေမေရဲ့ ဆန္ဒနှင့် မျှော်လင့်ချက်တွေကို ထည်မဖျက်ဆီးချင်ပေမယ့် ဒီအချိန်မှာ ထည် ယတိပြတ် ရှင်းရမည်ဆိုတာကိုလည်း ထည်သဘောပေါက်ပြီးပြီမို့

''ရတုပိုင်ကို သမီးသဘောမကျပါဘူး၊ မေမေ''

''ဟင်''





ထည် အခြေအနေကြောင့် မေမေ အံ့ဩမင်သက်သွားခဲ့သည်။ ထည် မေမေ့ကို ပြုံးပြုံးလေးကြည့်ရင်း

''ဟုတ်တယ်မေမေ သမီး စိတ်မဝင်စားဘူး။ ပြီးတော့ ရတုပိုင်မှာလည်း ချစ်သူရှိပါတယ်မေမေ''

''ဘယ်လို သမီးသိနေတယ်ပေါ့''

ထည် ခေါင်းလေးညိတ်ပြုံးမိရင်း မေမေ့ကိုကြည့်မိသည်။ အမှန်ကို ကြားသိလျှင် မေမေဘယ်လိုနေမည်လဲ။

''ရတုပိုင်ရဲ့ ချစ်သူက စိမ့်ပဲမေမေ''

''ဘာ ဘာရယ်သမီး၊ စိမ့်လေးနဲ့ဟုတ်လား''

ဘယ်လိုမှ မထင်မှတ်သည့် စကားတစ်ခွန်းကို ကြားလိုက်ရသူလို မေမေ မင်သက်ငေးမောသွားခဲ့တာ တော်တော်ကြာသည်။ မေမေ အံ့ဩမည်ဆိုလျှင်လည်း အံ့ဩလောက်ပါသည်။

''ဟုတ်တယ်မေမေ စိမ့်နဲ့ရတုပိုင် ချစ်ကြိုက်နေကြတာ ခြောက်လကျော်လောက်ရှိနေပြီ''

''စိမ့်လေး အဖေသိရဲ့လား သမီး''

''ဟင့်အင်း လုံးဝမသိပါဘူး၊ မေမေ စိမ့်လေးက အသိကိုမပေးရဲတာပါ အခု သမီးမေမေ့ကို အရင်ဆုံးပြောပြတာပါ''

''အင်း ကိုအောင်သိရင် မလွယ်တာတော့ အမှန်ပဲသမီး''

မေမေ ပင့်သက်မောလေးရှိုက်ကာပြောသည်။ ဒီလိုကိစ္စမျိုးကို စိမ့်အဖေ ဘယ်လိုမှ ခွင့်မပြုဘူးဆိုတာ မေမေသိနေပြီးသား။

''မေမေ ရတုပိုင်က ငြင်းဆိုစရာ ယောက်ျားတစ်ယောက်မဟုတ်သလို စိမ့်ကလည်း ဘွဲ့ရပြီးလို့ အလုပ်တောင်ဝင်တော့မှာပဲ မေမေ ငြိ



www.burmeseclassic.com

www.burmeseclassic.com



လေးအောင်ကို နားလည်အောင်ပြောပြပေးပါနော်''

မေမေ ထည့်ကိုငေးငေးလေးစိုက်ကြည့်ရင်း ခေါင်းကိုညိတ်သည်။

''အင်း မေမေ သဘောပေါက်နားလည်ပါတယ် သမီးရယ်၊ သမီးလေးက စိမ့်လေးကို ဇော်ဇော် သံယောဇဉ်ကြီး ချစ်တယ်နော်''

''ဖြော် မေမေရယ် စိမ့်ကိုမေမေတို့လည်း ချစ်ခဲ့ကြတာပဲ မဟုတ်လား''

မေမေပြောတာကို ထည့် ခေါင်းမညိတ် ခေါင်းမခါဘဲ ငြိမ်ငြိမ်လေးပဲ နေလိုက်ပါသည်။ စိမ့်ရဲ့ချစ်သူဆိုတော့လည်း ရတုပိုင်နှင့်ထည့်ကို ခင်မင်ရင်းနှီးသော သူငယ်ချင်းတွေဟု မေမေထင်မှာ ဆန်းတော့မဆန်းပါ။

ဒါပေမဲ့ ရတုပိုင်နှင့် ထည့်ကြားက ဆက်ဆံမှုတွေကတော့

''အင်း မေမေတော့ မမစိုးကို ဘယ်လိုပြန်ပြောရမလဲတောင် မသိတော့ဘူးကွယ်''

''မေမေ ဘာမှပြန်ပြောစရာမှမလိုတာ စိမ့်နဲ့ရတုပိုင်အကြောင်းကို လည်း မသိဟန်ဆောင်နေလိုက်ပေါ့၊ ဒီကိစ္စကို ရတုပိုင် သူ့အမေကို ပြောပြလိမ့်မယ်၊ ရတုပိုင်နဲ့ စိမ့်က ချစ်သူတွေပဲ''

မေမေ ထည့်စကားကိုနားထောင်ရင်း နှုတ်ဆိတ်နေသည်။ မေမေ့စိတ်ထဲမှာ အတော်ကို ရှုပ်ထွေး ခံစားသွားရမယ်ဆိုတာကိုတော့လည်း ထည့် သိနေပါသည်။

''မေမေ''

''ပြောလေ သမီး''





''မေမေက သမီးကို ယောကျ်ားယူစေချင်နေတာလားဟင်''

ဒီတစ်ခါတော့ မေမေ ပင့်သက်လေးရှိုက်ကာ ထည့်ကို ဖွဖွလေး ဖက်ထားသည်။

''ဒီလိုတော့လည်း မဟုတ်ပါဘူးသမီးရယ်၊ ဒါပေမဲ့ သမီးလေးရဲ့ အသက်ကလည်း ငယ်ရွယ်တော့မယ့် အရွယ်မှမဟုတ်တာ မောင်ရတုပိုင် ဆိုတာ မေမေတို့လို လူကြီးတွေမျက်စိထဲမှာ ဘာမှပြောစရာ မရှိဘူး၊ မိဘမျိုးရိုးကော အဆင့်အတန်းဂုဏ်ဒြပ်ပါ ပြည့်စုံတယ်၊ ပြီးတော့ ရတုပိုင်ရဲ့မိခင် မမစိုးကပါ သမီးလေးကို လိုလားကြည်ဖြူနေလို့ မေမေက ဝမ်းသာကြည်ဖြူခဲ့တာပါ''

''ဒါပေမဲ့ စိမ့်နဲ့ရတုပိုင် ချစ်သူတွေလေ၊ စိမ့်ကိုလည်း မေမေ သမီးရင်းလို စောင့်ရှောက်ခဲ့တာပါ၊ မေမေ စိမ့်အတွက် ဝမ်းသာတယ် မဟုတ်လားဟင်''

''အင်း မေမေ တကယ်ဝမ်းသာပါတယ် သမီး၊ ဒါပေမဲ့ စိမ့်လေးနဲ့ဆိုရင် မမစိုးက သဘောတူပုံ့မလားပဲ စိုးရိမ်နေတာ''

''စိမ့်က ဘာဖြစ်နေလို့လဲ မေမေရယ်''

မေမေ ခေါင်းကိုခါသည်။ ပြီးမှ တွေတွေငေးငေးလေး အတန်ကြာအောင် စဉ်းစားနေပြီးမှ

''ဘာလို့လဲဆိုတော့ စိမ့်လေးက မေမေတို့ သွေးသားရင်းချာ မဟုတ်တာ မမစိုး သိမှာပဲလေ၊ မေမေတို့ မမွေးထုတ်ရုံတမယ် ချစ်ခဲ့ရတာမှန်ပေမယ့် မမစိုးက ဒါကိုလက်ခံ အသိအမှတ်ပြုဖို့လိုတယ်''

''အဲဒီအတွက် စိမ့်ဘက်က မေမေတို့ အပြည့်အဝရပ်တည်ပေးရင် အဆင်ပြေမယ်ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"မမစိုး ကျေနပ်လက်ခံရင် မေမေတို့ဘက်က အပြည့်အဝ တာဝန်ယူပေးမှာပါ သမီးရယ်"

မေမေ့စကားကြားရသောကာတိစကားအတွက် ထည် ဝမ်းသာ ကျေနပ်သွားမိသည်။ မေမေက သမီးရင်းလို သဘောထားသည်ဆိုမှတော့ ရတုပိုင် မိဘတွေက ဘာကြောင့် လက်မခံနိုင်ရမှာတဲ့လဲ။

"သမီး ဝမ်းသာလိုက်တာ မေမေရယ်၊ ဒါပေမဲ့ ဒီအကြောင်းတွေ မေမေ ဖွင့်မပြောလိုက်နဲ့ဦးနော်၊ ရတုပိုင် ကိုယ်တိုင်ပြောတာပဲ ကောင်းတယ် အန်တီစိုး သိသွားတော့ မေးလာမှ မေမေရှင်းပြလိုက်ပေါ့"

"အင်းပါ သမီးရယ်"

ထည် ရင်ထဲမှာ စိမ့်အတွက် ဝမ်းသာကျေနပ်သွားမိပါသည်။ ရတုပိုင်လည်း ကျေနပ်နိုင်မည် ထင်ပါသည်။ ထည့်ဘက်က ပြင်ဆိုရုံမျှမက စိမ့်အတွက်တောင် မေမေကို ကူညီပေးဖို့ ပြောပြီးပြီပဲ။

ထည့်ရဲ့စေတနာကို ရတုပိုင် နားလည်မည်ထင်ပါရဲ့။

■ ■ ■

## အခန်း (၁၃)

နောက်နှစ်ရက်ဆို ဖေဖေရဲ့ဘဏ် အလုပ်တစ်ခုမှာ ထည် အလုပ်ဝင်ရတော့မှာမို့ ကဗျာက ဈေးဝယ်ထွက်မည် ဖုန်းဆက်ခေါ်တော့ လိုက်ဖို့လက်ခံလိုက်သည်။

u AsEShi w 1Junction ကိုရောက်ခဲ့သည်။ ဝယ်ချင်တာလေးတွေ ဝယ်ဖြစ်ကြသည်။

"ဖြူလေး ငါ ဆလင်းဘတ်အိတ် ဝယ်ချင်လို့"

"ဝယ်လေ ငါလည်းဝယ်မယ်ဟာ"

ကဗျာက သူနှင့်ရင်းနှီးကျွမ်းဝင်သော အိတ်မျိုးစုံရောင်းသည့် ဆိုင်ထဲဝင်တော့ အဖြူထည်လည်း ဝင်ခဲ့သည်။

အလုပ်ဆင်းလျှင်တော့ ဆလင်းဘတ်အိတ် လိုအပ်သည်။ ထည် မှာရှိပြီး ဖြစ်ပေမယ့် စိမ့်နှင့်အတူ အရောင်တူ ဒီဇိုင်းတူ ကိုင်ချင်တာမို့ အိတ်တူနှစ်လုံး ဝယ်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် နှစ်လုံးစလုံးက ဒီဖိုင်းအရောင်တူချည်းလား။ ဒီဖိုင်းတွေ အများကြီးရှိတာပဲ နှစ်မျိုးယူပါလား ညီမလေးရဲ့"

ဆိုင်ရှင် အစ်မကြီးကတော့ ထည် တစ်ယောက်တည်း သုံးမည် ထင်ကာ အကြံပေးသည်။

"ဟုတ်သားပဲ ဖြူလေးရဲ့ နင်ကလည်း ပုံစံတူကြီး နှစ်လုံး တောင်"

"ဟုတ်တယ် ငါဒီပုံစံ ဒီဒီဖိုင်းလေးပဲကြိုက်လို့"

ကဗျာ မျက်မှောင်လေးကုပ်သွားကာ ကြည့်နေပြီးမှ ချက်ချင်း သဘောပေါက်သွားဟန်နှင့်

"ဘာလဲ နောက်တစ်လုံးက စိမ့်စမ်းလ အတွက်လား"

"ဟုတ်တယ် သူလည်း ငါနဲ့အတူ အလုပ်ဆင်းရမှာလေ ရွာက ပြန်လာတဲ့အခါကျ ဘယ်မှာပဲလုပ်မှာမို့"

"ဖြူလေး နင်ကလေ စိမ့်စမ်းလအတွက်ဆို အမြဲတမ်းပဲကောင်း နေတာနော် အင်း ဒါလည်း ဝဋ်ကြွေးတစ်ခုပဲ သွေးမတော်သားမစပ် တစ်ယောက်ကို နင်ပေးဆပ်နေရတာပဲ"

စိမ့်နှင့် ပတ်သက်လျှင်တော့ ကဗျာတို့ နဒီတို့ဘယ်တုန်းကမှ အမြင်မကြည်လင်ကြတာ ထည် သိသည်။ အခုလည်း အတိုက်အခံ မပြောချင်တော့တာမို့ နှုတ်ဆိတ်နေလိုက်သည်။

ထည်ဘာမှ ခွန်းတုံ့မပြန်တော့ ကဗျာလည်း ဘာမှထပ်မပြော တော့ပဲ ရပ်သွားခဲ့သည်။

ဆိုင်ထဲက ထွက်ခဲ့ကြတော့ ဝယ်ထားသည့် ပစ္စည်းအိတ်တွေ တပွေ့တစ်ပိုက်နှင့် ဗိုက်တွေလည်း ဆာလာတာမို့





"တစ်ခုခုစားရအောင်လား ကဗျာ"

ကဗျာလည်း ဆာလောင်နေတာမို့ ခေါင်းညိတ်သဘောတူသည်။ Junction ထဲက ဆိုင်လေးတစ်ဆိုင်ကိုပဲ နှစ်ယောက်သားအတူ လှမ်းခဲ့ ကြသည်။

"ဟင် ရတုဝိုင်တို့နဲ့ ဆုံပြန်ပြီ"

ဆိုင်ထဲမှာ ထိုင်နေသော ရတုဝိုင်တို့နှင့်မှ ဆုံနေရပြန်ပြီ။ ရတု ဝိုင် တစ်ယောက်တည်းမဟုတ်ပါဘဲ ရဲမက်နှင့် သီဟပါရှိနေသည်။

ရဲမက်က လက်မြှောက်ပြီး နှုတ်ဆက်ရင်း ထည်တို့ဆီ လျှောက် လာသည်။

"အဖြူထည်တို့ ကဗျာကို ရှော့ပင်းနဲ့ထွက်ကြတာလား"

"ဟုတ်တယ် ကိုရဲမက်၊ ဝယ်ချင်တာလေးတွေ လာဝယ်တာပါ"

"အခု တစ်ခုခုစားကြမလို့ မဟုတ်လား။ လာလေ ကျွန်တော် တို့ဝိုင်းမှာ တစ်ခါတည်း အတူထိုင်ကြပါလား။ ရတုလည်း ပါတယ်"

ထည် မငြင်းနိုင်ခင်မှာပဲ ကဗျာက တမင်ဦးအောင် ဝင်ပြော၏။

"အင်းလေ အတူထိုင်ကြတာပေါ့၊ ရတုနဲ့ကလည်း ရင်းနှီးနေ တာပဲဟာ"

ကဗျာ တမင် ရတုဝိုင်တို့ဝိုင်းမှာထိုင်ဖို့ ပြောလိုက်ခြင်းဟု ထည် သိသည်။ ရဲမက်ရှေ့မှာ ငြင်းရဖို့လည်း မကောင်းတာမို့ လိုက်ခဲ့ရသည်။

ရတုဝိုင်ကတော့ ထုံးစံအတိုင်း မျက်နှာကြီးတည်တည်နှင့် အေးသောက်နေ၏။

"ရတု ဒီမှာ အဖြူထည်တို့တွေ့ကွ"

မော့ကြည့်ကာ မပွင့်တပွင့် တစ်ချက်ပြုံးပြတာ နံဘေးက ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ဖြစ်လိမ့်မည်။

"ထိုင်ကြလေ၊ ဘာစားမှာလဲ မှာကြ၊ ကျွန်တော်တို့က စားပြီး [illegible]"

ကဗျာနှင့်ထည် ပုစွန်ခေါက်ဆွဲ မှာလိုက်သည်။ မမြင်မတွေ့တာ ကြာပြီဖြစ်သော သီဟကို ထည် ပြုံးပြရင်း နှုတ်ဆက်လိုက်မိ၏။

"မတွေ့တာ ကြာပြီနော် ကိုသီဟ၊ ဘယ်သွားနေတာလဲ"

"ပြင်ဦးလွင်က အမျိုးတွေဆီ သွားနေတာ အဖြူထည်ရဲ့"

"ဟုတ်တယ် အဖြူထည်ရေ၊ ဒီကောင် ဟိုမှာ အိမ်ထောင်ကျနေပြီလို့တောင် ကျွန်တော်တို့ ထင်နေတာ"

ရဲမက်က ရယ်ရယ်မောမော ဝင်ပြောတော့ သီဟ မျက်နှာကြီး မဲ့ပုံစံရင်း

"ပေါက်ကရတွေကွာ၊ ဒီလို အဖြူထည်ရေ သွားတုန်းက တစ်ပတ်ဆယ်ရက် အလည်ဆိုပြီးသွားတာ၊ ဟိုရောက်တော့ ဦးလေးက ကျန်းမာရေးမကောင်းလို့ ဦးလေးအလုပ်မှာ ဝင်ကူပေးရင်း နှစ်လခွဲလောက်ကြာသွားတာ၊ တစ်နေ့ကမှ ပြန်ရောက်တာလေ"

ပြောရင်း သီဟ အကြည့်တွေက ကဗျာဆီကို မကြာခဏရောက်နေတာမို့ အဖြူထည် မနေနိုင်တော့ဘဲ မိတ်ဆက်ပေးရ၏။

"ဩော် ကဗျာ ဒါက ကိုရဲမက် သူက ကိုသီဟ တဲ့၊ ကဗျာက ထည်နဲ့မောင်နှမ ဝမ်းကွဲတော်ပါတယ်"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

သီဟ အကြည့်တွေက ကဗျာဆီက မခွာကြဘဲ တရင်းတနှီး နှုတ်ဆက်၏။ ကဗျာကလည်း ပြုံးပြုံးလေးနှင့်





"ရတုပိုင်ကိုတော့ သိပြီး ခင်ပြီးသားပါ၊ ဘာလို့လဲဆိုတော့ မမဖာနဲ့ပတ်သက်ပြီး မကြာခင် အမျိုးတွေ တော်ရတော့မှာကိုး၊ ကိုရဲမက်နဲ့ကိုသီဟကိုလည်း ခင်မင်ပါတယ်"

"ဟုတ်ကဲ့ပါ ကဗျာ၊ ကျွန်တော်တို့က ရတုပိုင်ရဲ့ ညီအစ်ကိုလို ခင်မင်ရတဲ့ သူငယ်ချင်းတွေပါ၊ ဒါကြောင့် မိတ်ဆွေတွေလို သတ်မှတ်ထားပါနော်၊ နောင် လမ်းမှာကြုံရင် ဆုံရင်လည်း ခေါ်ပါနော်"

သီဟ အပြုအမူတွေက ကဗျာအပေါ်မှာ လိုအပ်တာထက် ပိုမိုနေတာ ထင်ရှားနေသည်။ ရဲမက်ကလည်း အလိုက်တသိနှင့် ဘာမှ ဝင်မပြောဘဲ နေသည်။

ရတုပိုင်ကတော့ ဘာမှကို အလေးမထားသလို ရှေ့က အအေးဘူးကိုပဲ စိုက်ကြည့်နေ၏။

"ကဗျာ စားနော်၊ အဖြူထည်လည်း စားပါ"

စားပွဲထိုးလေးလက်ထဲက ပန်းကန်တွေကို ကိုယ်တိုင်ထယူပြီး သီဟ ကဗျာရှေ့ချပေး လော်ကွတ်တွေပိုကာ ထည် ရယ်လည်းရယ်ချင်သည်။

"ကဗျာ ဘာအအေးသောက်မလဲဟင်၊ ကျွန်တော် မှာလိုက်မယ်"

ခွံ့မကျွေးရုံတမယ် သဗ္ဗါတွေ စေတနာတွေ ရေစီးကမ်းပြိုဖြစ်နေသည့် သီဟကို ရတုပိုင် မျက်မှောင်ကြီးကုပ်ကြည့်နေသည်။

သီဟ အပြုအမူတွေက အာသွက်ရောမလေး ကဗျာကိုတောင် မျက်ကိုးရက်ကန်းနှင့် မျက်နှာလေး ရဲရဲနီနေစေ၏။ အခြေအနေကို အကဲခတ်မိသော ရဲမက်က အောက်က ခြေနှင့်တို့ သတိပေးတော့မှ



www.burmeseclassic.com

www.burmeseclassic.com



"ဟင် အင်း ဟို အဲ ဆောရီး အဟဲ"

"ငါတို့ သွားကြရအောင်၊ ငါ ဒယ်ဒီ့ဆီ ဝင်ရဦးမယ်"

ရတုဝိုင်းဆီက အသံထွက်လာတော့ ရဲမက်နှင့်သီဟ လှမ်းကြည့်သည်။

ရတုဝိုင်က ပိုက်ဆံရှင်းဖို့ စားပွဲထိုးလေးကို လက်ယပ်လို့ ခေါ်နေ၏။

သီဟက ခါးကြားက ခေါက်သားရေအိတ်ကို ဆွဲထုတ်ပြီး ဖြစ်နေသည်။

"နေပါ ကျွန်မ ရှင်းလိုက်ပါ့မယ်"

"ဟာ မဟုတ်တာ ထည့်ရယ်၊ ကျွန်တော် ရှင်းပါရစေ"

သီဟ ပိုက်ဆံကို ဦးအောင်ထုတ်ကာ အားလုံးအတွက် ရှင်းပေးနေသည်။ ရတုဝိုင် ဘာမှမပြောဘဲ ထရပ်ပြီးဖြစ်၏။

"ကဲ အားလုံးပဲ ခွင့်ပြုကြပါဦးနော်"

ရဲမက်က နှစ်ယောက်စလုံးကို နှုတ်ဆက်၏။ ရတုဝိုင် မျက်နှာက တည်တည်နှင့် အပြုံးရိပ်တို့ တစ်စက်လေး မထင်ပါ။

"အဖြူထည် ခွင့်ပြုပါဦး၊ ကဗျာ ပြန်ဆုံချင်သေးတယ်ဗျာ"

သီဟ မသွားချင် သွားချင်ဟန်နှင့် နှုတ်ဆက်နေတာကို စိတ်မရှည်စွာ ရတုဝိုင် အရင်ဆုံးထွက်သွား၏။ ရဲမက်က သီဟ ပခုံးကို တစ်ချက်ပုတ်သတိပေးမှ သီဟ ပါသွားရှာသည်။

"ကဗျာ သီဟကတော့ နင့်ကို သိသိသာသာကြီး စိတ်ဝင်စားနေတာနော်"

"အေးလေ ဒီလောက် ပေါ်တင်ကြီးဖြစ်နေတော့ ငါတောင်





ရှက်လာတယ်၊ တော်သေးတာပေါ့ ဆက်ရှိနေရင် ခေါက်ဆွဲတောင် ဖြောင့်ဖြောင့် စားနိုင်မှာမဟုတ်ဘူး"

"ဖြစ်ရမယ် အဟင်း ဟင်း၊"

"အဲဒါ ထားဦး၊ ရတုဝိုင်အချိုးက ဘာအချိုးလဲ၊ ငါ့ကိုနှုတ်ဆက်တာလည်း မကောင်းတတ်လို့ နှုတ်ဆက်ရတဲ့ပုံမျိုး"

"အဲဒါ သူ့စတိုင်ပဲလေ၊ ငါရှိနေတော့ တမင် ဘာမှမပြောဘဲ နေနေတာပေါ့"

"ဖြူ နင့်ကို အဲဒီလို ဆက်ဆံတာ ငါ လုံးဝ မကျေနပ်တာပဲ၊ တကယ်ဆို စိမ့်နဲ့သူ ဘာကြီးပဲဖြစ်ဖြစ် နင့်ကိုသူ ကောင်းကောင်းမွန်မွန် ဆက်ဆံသင့်တယ်"

"ထားလိုက်စမ်းပါဟာ၊ ငါ့အတွက် ပြဿနာမရှိဘူး"

"ပြဿနာမရှိဘူး မလုပ်နဲ့၊ နင်လည်း သူ့ကို ဘာမှဂရုစိုက်မနေနဲ့ဟာ၊ ငါပြောသလိုသူနဲ့စိမ့် ကိစ္စမှာလည်း ဘာမှမကူညီနဲ့"

ကဗျာစိတ်က ထည့်ထက် ထိရှလွယ်သည်။ ယခုလည်း ထည့်ကိုယ်စား ရတုဝိုင်ကို ဒေါသတွေဖြစ်နေသည်။

ထည်နှင့်ပတ်သက်ပြီး ရတုဝိုင်ကို မကျေနပ်သည့်သူတွေထဲမှာ စိမ့်လည်း ပါသည်၊ ရတုဝိုင်ရဲ့ဆက်ဆံမှုတွေအတွက် စိမ့်ကလည်း ထည့်ကို အားနာတောင်းပန်တာ မကြာခဏ။

ဒါကြောင့်လည်း ရတုဝိုင်က ပိုလို့ မကျေမနပ်ဖြစ်နေတာလား မသိပါ။

ထည်ကတော့ ပေါ့ပေါ့ပါးပါးပဲ ခေါင်းထဲထည့်မထားခဲ့ပါ။ အချိန်တန်လျှင် ရတုဝိုင် နားလည်လာမည်ဟုပဲ ယုံထားသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဒုန်း ဒုန်း ဒုန်း"

"ကိုကြီး ကိုကြီး"

အခန်းတံခါးကို တဒုန်းဒုန်းထုရိုက်နေတာတင်မကဘဲ နှုတ်ကလည်း အာပြဲကြီးနှင့် အော်ခေါ်နေသော နီမာ အသံကြောင့် ရတုဝိုင် ဒရင်းဘတ်မှာ လှဲအိပ်နေရာမှ ဝေါက်ခနဲ ထထိုင်လိုက်မိသည်။

"ကိုကြီး ကိုကြီး ဒုန်း"

"ဟဲ့ နီမာ ဘာလို့ စွတ်အော်နေတာလဲ"

"ရှင် ကိုကြီး အဲ ကြီးကြီးက ထမင်းစားခေါ်ခိုင်းလို့ပါ"

"သွား မဆာသေးဘူးလို့ ပြောလိုက်"

"ရှင် ဟုတ်ကဲ့ ဟုတ်ကဲ့"

တံခါးတောင် မဖွင့်ဘဲ သူ့ အထဲက လှမ်းဟောက်လိုက်တော့ နီမာ အသံတွေ ပျောက်သွားခဲ့သည်။



ဒရင်းဘက်မှာ ပြန်မှိုလှဲရင်း ပင့်သက်ရှိုက်မိပြန်သည်။ ဒီတစ်ပတ် စိမ့်ဆီသွားမည့်အစီအစဉ်လည်း ပျက်ရသည်။ ဖယ်ဒီက အလုပ်မဝင်ခင် အတွေ့အကြုံရအောင်ဟုဆိုကာ ကုမ္ပဏီကို ခေါ်သွားတာမို့ သူ မအားပါ။

ဒီကြားထဲမှာ မာမီကလည်း အဖြူထည်နှင့် တကျည်ကျည်နားချနေတာကြောင့် စိတ်ညစ်ရသေးသည်။

စိမ့်အကြောင်းတွေ အမှန်အတိုင်းပြောပြဖို့ကျတော့လည်း နှုတ်က မဝံ့မရဲ ဖြစ်နေခဲ့၏။ ဒါပေမဲ့ တကယ်လိုအပ်လာလျှင်တော့ မဖြစ်မနေ ပြောရမှာပဲဖြစ်သည်။

မာမီ လက်မခံလျှင်တော့ ဆုံးဖြတ်ချက်တစ်ခုတော့ သူ ဆုံးဖြတ်ရွေးချယ်ရမည်။

"သား ရတု သား"

ဒီတစ်ခါတော့ မာမီကိုယ်တိုင် ရတုဝိုင်ကို လာခေါ်နေပြီ။ နီမာ ခေါ်မရ၍ မာမီကိုယ်တိုင် ရောက်လာတာ ဖြစ်မည်။

"သား ဗိုက်မဆာသေးလို့ပါ မာမီ၊ မာမီတို့ စားနှင့်လိုက်လေ"

"မဆာသေးလည်း မစားပါနဲ့ဦး၊ မာမီ ပြောစရာလေးရှိလို့ တံခါးခဏဖွင့်ပေးဦး"

ရတုဝိုင် ပင့်သက်မောကြီး ချမိပြန်သည်။ ထုံးစံအတိုင်း မာမီရဲ့ နားချစကားတွေကိုကြားရဦးမည် ထင်သည်။ ဒီနေ့ ရှားရှားပါးပါး နေသည့် နားရက်လေးတော့ စိတ်ညစ်ညူးစရာကောင်းဦးတော့မည်။

ရတုဝိုင် တံခါးဖွင့်ပေးလိုက်တော့ မာမီ အခန်းထဲကိုဝင်လာသည်။ စာကြည့်စားပွဲရှေ့က ဆုံလည်ကုလားထိုင်မှာ မာမီ ဝင်ထိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ရထု ခုတင်စွန်းမှာပဲ စိတ်ပျက်လက်ပျက် ဝင်ထိုင်လိုက်၏။

မျက်နှာကြီး သုန်သုန်မှုန်မှုန်နှင့် ရတုဝိုင် မျက်နှာကို မာမီ အကဲခတ်သလို တစ်ချက်ကြည့်ရင်း

"ဘယ်သူ့ကို ဘာတွေ မကျေမနပ် ဖြစ်နေတာလဲ သား"

"ဩော် ဟို ဘယ်သူမှမဟုတ်ပါဘူး။ ဟိုကောင် ရဲမက်ဆီ ဖုန်းခေါ်တာ ဖုန်းပိတ်ထားလို့ပါ"

မာမီ့ကို ညာလိုက်ရ၏။ မာမီ့နှုတ်က ထွက်လာမည့် စကားတွေကိုတော့ နားစွင့်ထားလိုက်သည်။

"သား အဖြူထည်လေးကို ဘာတွေပြောလိုက်သလဲ"

"ဗျာ ဘာကိုပြောရမှာလဲ၊ ကျွန်တော်တို့ ဆုံတောင် မဆုံဘူး"

မာမီ မယုံသင်္ကာ မျက်ဝန်းတွေနှင့် စိုက်ကြည့်နေတော့ သူ ရင်မဆိုင်ချင်ဘဲ မျက်နှာလွှဲမိသည်။ တစ်ခုခုတော့ ထူးခြားပြီထင်သည်။

"သား ဘာမှမပြောဘူးပြောတယ်၊ အခု မဆွေက လူကြီးချင်း ဆုံတွေ့ပြောတုန်းက ကြည်ကြည်သာသာနဲ့ လက်ခံတဲ့အရိပ်တွေပြပြီးမှ အခုတော့ ချက်ချင်းကြီး ပြောင်းလဲသွားတာ မာမီ အံ့ဩလွန်းလို့"

"ဘာကို ဘယ်လိုပြောင်းလဲသွားတာလဲ မာမီ"

"မာမီတို့ချင်း လူငယ်ကိစ္စပြောထားတော့ မဆွေကလည်း သဘောကျပါတယ်၊ အခု ထပ်ဆွေးနွေးတော့ သူ့သမီးလေးက အိမ်ထောင်ရေးကို စိတ်မဝင်စားသေးဘူးလို့ ပြောတယ်တဲ့"

ရတုဝိုင် စိတ်ထဲက ကြိတ်ကျေနပ်သွားမိသည်။ ဒါဆို အဖြူထည်ကို သူမ မိခင်က ဖွင့်ပြောလို့ အဖြူထည် ငြင်းခဲ့ပြီထင်၏။

"သမီးလေး အဖြူထည်ကလည်း မာမီသွားတိုင်း ရှောင်နေတာ



သိသာလွန်းတယ်၊ မာမီကတော့ ဖြူလေးကို တစ်ခုခုပြောလိုက်လို့ ထင်တာပဲ၊ မဆွေကလည်း ခါးခါးသီးသီး မငြင်းရုံတမယ်ပဲ"

မာမီ့စကားအရဆိုလျှင်တော့ အဖြူထည်က ငြင်းလိုက်ရုံမကဘဲ သူနှင့်စိမ့်အကြောင်းတွေများ ပြောလိုက်သည်လား မသိပါ။ စိမ့် ပြောဖူးသော စကားတွေအရဆိုလျှင် စိမ့်ကို အဖြူထည် မိဘတွေကလည်း ချစ်ကြသည်တဲ့။

မာမီကတော့ ဒီကိစ္စကို သိပုံမရသေးပါ။ မာမီသွားသည့်အချိန်တွေမှာ စိမ့်က အိမ်မှာရှိမနေတော့ မသိနိုင်သေး။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို မာမီ သိအောင်တော့ သူ ပြောမှဖြစ်မည်ထင်၏။

"ဘာတွေ တွေးနေတာလဲ သား။ သား မာမီ့ကို ပြောစရာရှိနေသလား"

"ရှိတယ် မာမီ၊ အန်တီဆွေက သူ့သမီးအဖြူထည်နဲ့ကိစ္စမှာ ခေါင်းရှောင်သွားတာ တခြားကြောင့် မဟုတ်ပါဘူး"

မာမီ မျက်ခုံးတွေပင့်ကာ သူ့ကိုကြည့်နေသည်။ အမှန်တရားတစ်ခုကို သိလိုက်လျှင် မာမီ ဘယ်လိုပြောင်းလဲသွားမည်လဲ။

"သားရဲ့ချစ်သူ စိမ့်စမ်းလ ဆိုတာ အန်တီဆွေရဲ့မွေးစားသမီး ဖြစ်နေလို့ပဲ မာမီ"

"ဘာရယ် သား ဘာပြောတယ်"

"ဟုတ်ပါတယ် မာမီ၊ စိမ့်က အန်တီဆွေရဲ့မွေးစားသမီးပါ"

"ဒါ ဒါဆို ဒရိုင်ဘာရဲ့သမီးကို သမီးရင်းနဲ့မခြား မွေးစားထားတယ်ဆိုတာ မင်းရဲ့ချစ်သူမိန်းကလေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မာမီ"

"ဒြော် ဒါကြောင့်ကိုး"

မာမီ ခေါင်းတညိတ်ညိတ်နှင့် အံ့သြသလို ရေရွတ်နေ၏။ မာမီ မျက်နှာပေါ်က အရိပ်တွေကို ရုတ်ခြည်း အကဲခတ် မဖတ်ရှုတတ်ပါ။

"အင်း မဒွေက ပြောရခက်နေလို့ မာမီကို မပြောတာပေါ့လေ"

"ဟုတ်တယ် မာမီ၊ အဖြူထည်က ပြောပြလိုက်ပြီထင်တယ်"

"မာမီ အဖြူထည်လေးနဲ့ သားကိစ္စကို ရပ်ရမယ်ဆိုတဲ့သဘော ပေါ့"

"မာမီ မရပ်ရင်လည်း ဖြစ်လာနိုင်မယ့်ကိစ္စမဟုတ်ဘူး မာမီ"

မာမီ့အကြည့်တွေ သူ့ဆီ စူးစူးနစ်နစ် ရောက်လာသည်။ ပြီးတော့ မာမီ ခေါင်းကိုခါရမ်းရင်း

"သားကို အဖြူထည်လေးက ငြင်းနေရင်လည်း ရတယ်၊ ဒါပေမဲ့ အဲဒီ ဒရိုင်ဘာသမီးနဲ့တော့ မာမီ လက်မခံနိုင်ဘူး သား"

"ဗျာ"

"ဟုတ်တယ် သား၊ ဘယ်လောက်ရုပ်ချောကောင်းသလဲ မာမီက အဖြူထည်လေးနဲ့ သဘောတူတယ်၊ သားက ဒရိုင်ဘာသမီးကိုကြိုက်နေတယ်၊ မိဘက အကောင်းဆုံးရွေးချယ်တယ်၊ သားကလက်မခံဘူး"

"စိမ့်မှာ ဘာအပြစ်ရှိလဲ မာမီ၊ ပြောရရင် အန်တီဒွေရဲ့မွေးစား သမီးတစ်ယောက်ပဲလေ"

"အဲဒါ အစစ်အမှန်မှ မဟုတ်တာပဲ၊ ပြီးတော့ သမီးရင်းမဟုတ်ဘူးလေ၊ မဒွေတို့က စာနာသနားတတ်တယ်၊ ဒါကြောင့် သမီးရင်းလို





စောင့်ရှောက်ထားတယ်ဆိုဦးတော့ ဒရိုင်ဘာသမီးက ဒရိုင်ဘာသမီးပါပဲ၊ မျိုးရိုးကို ဖုံးကွယ်ပစ်လို့ မရဘူး သား"

"မာမီ မာမီ အဆင့်အတန်းခွဲခြားနေတာလားဟင်"

"အဆင့်အတန်း ခွဲခြားတာမဟုတ်ဘူး သား၊ ဒါပေမဲ့ ကိုယ့်ရဲ့ အခြေအနေနဲ့တော့ နှိုင်းယှဉ်ရမယ်၊ စဉ်းစားကြည့်စမ်း မာမီက အဖြူထည် လေးနဲ့သားကို ရစေချင်တယ်၊ နောက်ဆုံး မင်းဆန္ဒအတိုင်း လက်ခံလိုက် ရရင် မာမီ မဒွေကို ဘယ်လိုမျက်နှာပြရမလဲ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး မာမီ၊ လုံးဝ သဘောမတူဘူး သား"

"မာမီ"

"ဘာမှထပ်မပြောနဲ့တော့ သား၊ တကယ်ဆိုရင် အဲဒီမိန်းက လေးကို မဒွေတို့ ဆွေမျိုးအသိုင်းအဝန်းက လုံးဝကြည်ဖြူတာမဟုတ် ဘူး၊ မာမီ လုံးဝ သဘောမတူဘူး သား၊ ဒါကိုမှ သား ဆန့်ကျင်မယ်ဆို ရင်တော့ မာမီကော ဒယ်ဒီပါ သားကို စွန့်လွှတ်ရလိမ့်မယ်"

စကားအဆုံးမှာ မာမီ အခန်းထဲက လှည့်ထွက်သွားခဲ့သည်။ သူ မာမီကျောပြင်ကို ငေးမောရင်း ပင့်သက်တွေ အခါခါချမိသည်။

အခြေအနေတွေက သူ မျှော်လင့်ထားသည်ထက်တောင် ဆိုး သွားခဲ့ပြီလား။ အာရုံထဲမှာ စိမ့်မျက်နှာလေးကို ပြေးမြင်မိသည်။

ဒီအကြောင်းတွေ သိလျှင် စိမ့် ဘယ်လောက် ဝမ်းနည်းသွား မည်လဲ။

သူ့ရင်ထဲမှာ မောန်းသွားရတာ အမှန်။ သား ရင်ထဲက နှလုံး သားကို တစ်ချက်ငုံ့မကြည့်ပေးနိုင်တော့ဘူးလား မာမီရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟား မင်းရောက်လာမှပဲ ငါလည်း ခေါင်းတွေပူသွားပြီ"

ရဲမက် သူ့စကားတွေကို နားထောင်ရင်း ခေါင်းကဆံပင်တွေကို တဗျင်းဗျင်းကုတ်ကာ ညည်းညူသည်။

"မင်းက ခေါင်းပဲပူတာ၊ ငါက ရင်တွေပါ ပူနေပြီ"

"အင်း မင်းမာမီဘက်က ကြည့်တော့လည်း ဟုတ်တာပဲ၊ သူက သဘောတူတာ အဖြူထည်၊ မင်း သဘောကျနေတာက စိမ့်စမ်းလ၊ တစ်အိမ်တည်း အတူနေကြတာ ဆိုတော့လည်း အဖြူထည်နဲ့ ဦးတည်ပြီးမှ စိမ့်စမ်းလဘက် ပြန်တောင်းရမ်းရမှာ ရှက်ရှာမှာပေါ့"

"စိမ့်က ငါ့ရဲ့ချစ်သူပဲ"

"အဖြူထည်ကလည်း မင်းမာမီ အရမ်းသဘောကျနေတဲ့ ချွေးမလေးလေကွာ၊ ပြီးတော့ ဘယ်လိုပဲကြည့်ကြည့် အဖြူထည်ကိုတော့





ယောက်ျားလေးရင် မိဘတိုင်း သဘောကျမှာပဲ"

ရဲမက် ပြောနေတာကို သူ မငြင်းနိုင်ပါ။ စိမ့်နှင့်အဖြူထည်ဆိုတာက ဘယ်လိုပဲယှဉ်ယှဉ် အပုံကြီးကွာခြားပါသည်။

ရုပ်ရည်ကော မာမီတို့တွက်ဆသည့် အဆင့်အတန်း ဂုဏ်ဖြစ်တွေပါ အဖြူထည်က သာလွန်ပါသည်။ ဒီလိုချွေးမလောင်းကို သားအတွက် ဦးတည်ပြီးကာမှ မွေးစားသမီး စိမ့်ဘက်ဦးလှည့်ဖို့ မာမီရှက်သွားမှာပဲဖြစ်၏။

"ငါ စိမ့်ကို သနားတယ်ကွာ"

ရတုပိုင် တိုးတိုးလေးရေရွတ်တော့ ရဲမက် ပင့်သက်ကြီးချကာ ကြည့်သည်။

"ငါဘာဆက်လုပ်သင့်သလဲ ရဲမက်"

"အဲဒါ မင်းစဉ်းစားဆုံးဖြတ်ရမယ့် ကိစ္စလေ မင်းမာမီဘက်ကတော့ မင်း စိမ့်စမ်းလကို ရွေးချယ်ခဲ့ရင် ခါးခါးသီးသီး တုံ့ပြန်မှာတော့ သေချာတယ်"

"ငါမျှော်လင့်ပြီးသားပါ ဒါပေမဲ့ မာမီတို့ဆန္ဒကို ငါလက်မခံနိုင်ဘူးလေ၊ ဘာပဲဖြစ်ဖြစ် စိမ့်ဆီ ငါဒီတစ်ပတ်အတွင်း လိုက်သွားမယ်၊ စိမ့်နဲ့ဆွေးနွေးမယ်၊ စိမ့်သဘောပေါက်ပြီး ချက်ချင်းလိုက်မယ်ဆိုရင် ငါ တစ်ခါတည်း ခေါ်သွားမယ်၊ စိမ့်က ချက်ချင်းလက်မခံသေးရင်လည်း ငါ နားချရမှာပဲ"

"ရတု မင်းတကယ် ဆုံးဖြတ်လိုက်ပြီလား"

"ဒီလောက် အရေးကြီးတဲ့ကိစ္စကို ငါကနောက်စရာလားကွာ"

"မနောက်မှန်းတော့ သိတယ်လေ၊ မိန်းမခိုးမယ့်ကိစ္စကိုတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းအလျှင်အမြန်ကြီး ဆုံးဖြတ်နိုင်လို့ မေးကြည့်တာ''

''မလျှင်မြန်လို့ မရတော့ဘူးလေ၊ အခြေအနေက ဒီလိုဖြစ်လာပြီကိုး၊ ဒါနဲ့ သီဟ မင်းဆီဖုန်းဆက်သေးလား''

ရတု သတိရစွာ သီဟကိုမေးတော့ ရဲမက်က ပန်းတွန့် ခေါင်းခါပြ၏။

''ဒီကောင်လား သွားအားကိုးမနေနဲ့၊ ဒီရက်မှာ ဒီကောင်ကဗျာအရေးကိစ္စတွေနဲ့ လုံးပမ်းနေတယ်''

''ဒီကောင်က ကဗျာနဲ့ အဆင်ပြေနေပြီလား''

''ပြေလုလု အနေအထားရောက်နေပြီ၊ ဟိုတစ်ခါ ဆုံပြီးကတည်းက အသည်းအသန်ဖြစ်ပြီး ကြိုးစားနေတာ၊ ညတိုင်း ဖုန်းတွေဆက် ရက်ခြားကော်ဖီဆိုင်ထိုင်နဲ့ တစ်ဖဝါးမခွာဖြစ်နေတာ ကဗျာက မကြာခင် အဖြေပေးမယ်ဆိုလို့ ပျော်နေတာကွ''

''အင်း သီဟကတော့ ဖြစ်ရမယ်''

''မပြောနဲ့လေ မင်းလည်း အခုပဲ အချစ်ကြောင့် ငါးရံ့ပြာလူးဖြစ်နေပြီမို့လား''

ရဲမက် စကားကြောင့် သူ ပြုံးမိသေးသည်။ အချစ်ဆိုတာ မှုလောင်စေတတ်သော မီးမှန်းသိလျက် ဘာကြောင့် လူတွေ မိုက်မဲစွာ တွယ်မက်နေကြသည်လဲ မသိ။

''ရဲမက် မင်းကော ချစ်တဲ့သူ မတွေ့သေးဘူးလား''

''နိုး နိုး မင်းတို့ကိုကြည့်ပြီး စိတ်ကုန်လွန်းလို့''

''ငါတို့က ဘာဖြစ်နေလို့လဲ''

''ပူလောင်နေလို့လေ၊ ငါ့ဘာသာ အေးအေးနေတဲ့ကောင်တောင်





တစ်နှယ်ငင် တစ်စင်ပါနေရတာ ကြည့်ပါလား''

''အေးကွာ ငါနဲ့စိမ့်ကိစ္စပေါ်လာရင် မင်းပဲကူညီပေးပါဦး''

''အေးပေါ့လေ မကူညီလို့ မရတဲ့သူတွေဆိုတော့ ကူညီပေးရမှာပေါ့၊ နေဦး မင်းကိစ္စတွေ စိမ့်ဆီဖုန်းဆက်ပြီး ပြောပြလိုက်ပါလား''

''ဟာ မလုပ်နဲ့ စိမ့် ဘာမှမသိသေးတာကောင်းတယ်၊ ကြိုသိရင် ငြင်းဖို့စကားတွေ ကြိုစဉ်းစားထားမှာ သေချာတယ်''

''ဒါတော့ကွာ သူ့မှာလည်း အဘွားကိစ္စကြီးက ရှိနေတာကိုး၊ ပြီးတော့ အဖြူထည်နဲ့မင်းကိစ္စပါသိရင် နည်းနည်းတော့ စိတ်ထဲမှာ တွေဝေသွားမှာ သေချာတယ်''

သူ ခေါင်းညိတ်မိသည်။ စိမ့်က အဖြူထည်ရဲ့ကျေးဇူးတရားတွေနှင့် ရပ်တည်နေရသူဖြစ်သည်။ သူနှင့်အဖြူထည်ကို လူကြီးတွေ သဘောကျစီစဉ်ချင်နေတာသိလျှင် စိမ့် တွေဝေသွားနိုင်သည်။

ရတု တွေးထားသည်က သူနှင့်အဖြူထည် အကြောင်းကိုတော့ စိမ့်ကို မပြောချင်ပါ။

စိမ့်ကို အခြားသောအကြောင်းကိစ္စတစ်ခု အကြောင်းပြကာ သူ့နောက်လိုက်အောင် ပြောရမည်။

သူနှင့်စိမ့်ကိုတော့ မာမီ သဘောမတူဟု အပြတ်ပြောထားတာမို့ ရင်ဆိုင်ရမည့်ဒုက္ခတွေကိုလည်း ကြိုတွေးထားပြီးပြီ။ ဒါတွေကို သူ ရဲရဲရင့်ရင့် ရင်ဆိုင်ပါမည်။

မာမီ ဘယ်လောက်ထိ သူ့ကို ဥပေက္ခာပြုထားနိုင်မည်လဲ။

ကြာလျှင်တော့ စိတ်ပြေသွားမှာပဲ ဖြစ်သည်။ ပြီးတော့ စိမ့်ရဲ့ စိတ်ထားတွေကို မာမီ သိလာလျှင်တော့ ချစ်ခင်သွားမှာ ယုံသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီ ချစ်နေသော အဖြူထည်လိုပဲ စိမ့်ကလည်း စိတ်သဘော မနော ဖြူစင်ရိုးသားသူလေးဆိုတာ မာမီ သိလာခဲ့လျှင်တော့ . . .။

■ ■ ■

## အခန်း (၁၆)

တံခါးခေါက်သံနှင့် မာမီ ခေါ်သံတွေကို ကြားရတာမို့ သူ မျက်လုံးတွေဖွင့်ကြည့်မိသည်။ မျက်ဝန်းတွေကလည်း အိပ်ချင်မူးတူးနှင့် စားပွဲပေါ်က နာရီလေးကို ငုံ့ကြည့်မိ၏။

နာရီက ငါးနာရီခွဲကျော်ကျော်လေးပဲ ရှိသေးသည်။ ဒီလိုစော စောစီးစီး မာမီ မနှိုးဘူးပါ။

"သား ရတု သားလေး"

"လာပြီ မာမီ လာပြီ"

ခုတင်ပေါ်က လျောခနဲ ဆင်းကာ သူ အခန်းတံခါးကို ဆွဲဖွင့် ပေးလိုက်ရသည်။

"မာမီ ဘာဖြစ်လို့လဲဟင်"

"သား အဖြူထည်လေးတို့အဖေ ကိုမျိုးခန့် ညက သွေးပေါင် တွေတက်လို့ ဆေးရုံတင်ထားရတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



မာမို့မျက်နှာက စိုးရိမ်ရိပ်တွေနှင့်ရှိသည်။ သူကတော့ အိပ်ချင်မူးတူး မျက်ဝန်းတွေကို ပွတ်သပ်ရင်း ခေါင်းညိတ်မိ၏။

ညတုန်းက စိမ့်အကြောင်းတွေးကာ ညဉ့်နက်မှပဲ အိပ်ပျော်ခဲ့တာမို့ အိပ်ရေးမဝချင်သေးပါ။

"စောစောကပဲ မဆွေ ဖုန်းဆက်လို့ သိရတာ သားရယ်၊ မာမို့ကို ဆေးရုံလိုက်ပို့ပေးစမ်းပါ နော် သားလေး"

မာမီကတော့ အန်တီဆွေကို သံယောဇဉ်တွေ ငြိတွယ်နေခဲ့တာတော့ သေချာ၏။ အခုပဲကြည့် စိုးရိမ်မျက်ဝန်းတွေက မပြယ်သေး။

"ဟုတ်ကဲ့ မာမီ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"ဒါဆို မျက်နှာသစ် အဝတ်အစားလဲပြီး ဆင်းခဲ့နော်၊ ကော်ဖီမြန်မြန်သောက်ပြီးတာနဲ့ သွားကြမယ်၊ မာမီ ပြင်ဆင်ထားမယ် သား"

မာမို့ကို ခေါင်းညိတ်ပြပြီး ညဝတ်အကျႌကြီးကို သူ အမြန်လဲလှယ်ကာ ရေချိုးခန်းဘက် ထွက်ခဲ့လိုက်သည်။

သူ ကော်ဖီဝိုင်းကိုရောက်တော့ မာမီလည်း ပြင်ဆင်ပြီးလို့ အသင့်စောင့်နေသည်။

"လာ သား ကော်ဖီနဲ့မုန့်တော့ စားလိုက်ဦး"

သူ့အတွက် စီစဉ်ပေးထားသော ပေါင်မုန့် ကြက်ဥကြော်နှင့် ကော်ဖီကို ကသောကမျောလေး စားသောက်လိုက်ရသည်။

စားသောက်ပြီးသည်နှင့် အဖြူထည်တို့ ဖခင် တင်ထားရသော အထူးကုဆေးရုံကြီးဆီ ကားကိုမောင်းခဲ့လိုက်သည်။ တစ်လမ်းလုံး မာမီစကားမပြောတဲ့ နှုတ်ဆိတ် ဆုတောင်းပေးနေတာ အန်တီဆွေ ယောကျ်ား အတွက်ပဲလား မသိပါ။





ဆေးရုံကိုရောက်တော့ ငိုထားသော မျက်ဝန်းမို့မို့တွေနှင့် အန်တီဆွေ စောင့်ကြိုနေသည်။

"မနေ့က သူငယ်ချင်းတွေနဲ့ ဒန်ပေါက်စားတယ်တဲ့၊ ညစာထမင်းကိုလည်း သူကြိုက်တဲ့ငါးသလောက်ပေါင်းနဲ့ဆိုတော့ သွေးတွေ ထိုးတက်သွားတာပေါ့၊ ညတွင်းချင်း ဆေးရုံခေါ်လာရတာ၊ ဆွေဖြင့် အရမ်း စိုးရိမ်သွားတာပဲ မမစိုးရယ်"

"အခု သက်သာနေပြီမို့လား မဆွေ"

"ညကတည်းက သတိပြန်ရနေပါပြီ၊ သမီးလေးလည်း စိုးရိမ်ပြီး တစ်ညလုံး မအိပ်ဘူး၊ သူ့အဖေဘေးနားမှာပဲလေ"

အခန်းထဲရောက်တော့ အဖြူထည် မျက်နှာလေး သူတို့သား အမိဆီ လှည့်လာသည်။

"သမီးလေး ပင်ပန်းနေပြီလား၊ အန်တီတို့လည်း သိသိချင်း တန်းလာကြတာကွဲ့"

"ကျေးဇူးပါ အန်တီစိုး၊ မေမေက စိုးရိမ်ပြီး ညကတည်းက ဆက်မယ် လုပ်နေလို့ မနက်မှဆက်ပါလို့ ထည် တားထားရတာ"

"ညကတည်းက ဆက်လိုက်ရင် ညတွင်းချင်း အန်တီတို့ လာမှာပေါ့"

"အန်တီစိုးတို့ ပင်ပန်းမှာစိုးလို့ပါ"

တစ်ညလုံး ဖခင်အတွက် ပူပန်နေခဲ့ရသည့် အဖြူထည်မျက်နှာလေးက မျက်ဝန်းတွေ ချောင်ကျနေသည်။

အိပ်ပျော်နေဟန်တူသော ဖခင်ခုတင်ဘေးမှာ ငုတ်တုတ်ကလေး ထိုင်နေတာကိုကြည့်ရင်း ရတု သနားမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဝင်းမွတ်မွတ်လေးက ဘာမှမခြယ်သထားဘဲ ရှိတာမို့ အဖြူထည်ရဲ့သဘာဝအလှတွေက ထင်းနေသည်။ မျက်ခုံးလေးတွေ နက်မှောင်သွယ်တန်းကာ မျက်တောင်ကော့ကြီးတွေ ဝန်းခသော မျက်ဝန်းတွေက ကြည်ကြည်လင်လင်လေး ရှိ၏။

နှာတံစင်းစင်းလေးနှင့် နဂိုစိုလဲ့သော နှုတ်ခမ်းလေးတွေကလည်း ဖူးဖူးမို့မို့လေး ရှိ၏။

ဆံနွယ်ရှည်တွေကို သိုးမွေးကွင်းလေးနှင့်စုချည်ထားကာ ချည်သားခါးရှည်အင်္ကျီအပွလေးနှင့် ကွာတားဘောင်းဘီလေး ဝတ်ဆင်ထားသော အဖြူထည်သည် စွဲဆောင်မှုအပြည့်ရှိ၏။

အဖြူထည်သည် စိမ့်နှင့်သက်တူရွယ်တူဖြစ်ပေမယ့် မျက်နှာလေးက ပိုလို့ရှင်းသန့်နုနယ်သလို ရှိသည်။ စိမ့်နှင့်အမြဲတမ်း အတူယှဉ်တွဲတွေ့ရသော အဖြူထည်သည် အားလုံးအမြင်မှာ ထင်ထင်ရှားရှားလေး ထူးခြားပေါ်လွင်နေတတ်သည်။

ဒါကြောင့်လည်း စိမ့် အဖြူထည်နှင့်အတူ ပါလာတာကို သူ့စိတ်က မနာလိုဖြစ်နေတာ ထင်သည်။

"မမဌေတို့ကိုကော အကြောင်းကြားပြီးပြီလား မဆွေ"

"ညကတည်းက အကြောင်းကြားလိုက်တော့ ဆွေမျိုးတွေ တစ်အုပ်တစ်မကြီး ရောက်လာကြလို့ ဆေးရုံတစ်ရုံလုံး လှုပ်ခတ်ကုန်ရောပဲ မမစိုးရေ ကိုမျိုး သတိပြန်လည်လာပြီး စိတ်ချရမှ သူတို့ပြန်သွားကြတာ၊ ဇာလေးတို့သားအမိလည်း ဒီမနက် လာကြမယ်တဲ့"

မာမီနှင့်အန်တီဆွေတို့ စကားတွေ ဖောင်ဖွဲ့နေချိန်မှာ အဖြူထည်ကတော့ ဖခင်ဖြစ်သူ မျက်နှာကိုပဲ အရိပ်တကြည့်ကြည့် ရှိနေ၏။





မျက်နှာသုတ် သိုးမွေးပဝါလေးနှင့် ဖခင်နဖူးပေါ်က ချွေးစလေးတွေကို အသာအယာ ပွတ်သုတ်ပေးနေသည်။

အဖေကို အတော်ချစ်သည့် သမီးပဲဟု ရတု စိတ်က တွေးမိသေးသည်။

"သမီးက ဖအေကို တော်တော်ချစ်ပုံရတယ်နော်"

"ဟုတ်တယ် မမစိုးရေ အခုလည်း တစ်ရေးတောင်မအိပ်သေးဘဲ အနားက မခွာသေးလို့ ဆွေ့မှာ သမီးအတွက် ပြန်စိုးရိမ်နေရတယ်"

မာမီ့မျက်ဝန်းတွေက အဖြူထည်ကို ကျေနပ်မဆုံး ခေါင်းလေးတညိတ်ညိတ် ကြည့်နေသည်။

မာမီ့စိတ်မှာ အဖြူထည်ဆိုသော မိန်းမချောလေးကို ချွေးမတော်စပ်ခွင့် ဆုံးရှုံးခဲ့ရခြင်းအတွက် ရင်ထုမနာဖြစ်နေမည်လားမသိ။

"သား ပြန်ချင်ပြန်နှင့်လိုက်လေ၊ မာမီ မပြန်သေးဘူး၊ ဇာလေးတို့သားအမိကို စောင့်လိုက်ဦးမယ်၊ သူတို့ပြန်မှ အတူပြန်ခဲ့မယ်"

မာမီက မမဇာတို့သားအမိကို စောင့်ပြီးမှ ပြန်မည်ဟုဆိုတော့ သူ ဘာပြောရမှန်းမသိ။

အမှန်ပြောရလျှင် သူ မပြန်ချင်သေးပါ။ ဘာကြောင့်မှန်းမသိ မာမီနှင့်အတူ နေချင်သေး၏။ ဒါပေမဲ့ မာမီ ကိုယ်တိုင်က သူ့ကိုမနေချင်ဘူးထင်မှတ်ကာ ပြန်ခိုင်းနေတော့လည်း ထရပ်လိုက်ရ၏။

"မာမီ ဘယ်အချိန်ပြန်မလဲ၊ ဖုန်းဆက်လေ သား လာကြိုမှာပေါ့"

"ရတယ် သား၊ ဇာလေးတို့ လိုက်ပို့ပေးမှာပါ"

"အင်း၊ ဒါဆို သားပြန်မယ်၊ အန်တီ ခွင့်ပြုပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ သား၊ ကောင်းပြီ"

အဖြူထည်ကို နှုတ်ဆက်ဖို့ လှမ်းကြည့်တော့ သူ့ကို မကြည့်ပါ။ ဖခင်ဖြစ်သူ မျက်နှာကိုပဲ စိုက်ကြည့်နေတာမို့ သူ နှုတ်ဆက်ခွင့်မသာခဲ့ပါ။

အဖြူထည် တမင်ပဲ မမြင်ဟန်ဆောင်နေခဲ့တာလား။ ဒါပေမဲ့ သူ့စိတ်က အံ့သြစရာကောင်းအောင် အဖြူထည်အပေါ် စိတ်က အပြစ် မမြင်မိပါ။

အရင်ကဆိုလျှင် အဖြူထည် မဲ့လျှင် သူကပိုပြီး မဲ့ပြဖို့ပဲ တွေးခဲ့ စိတ်ကူးခဲ့တာဖြစ်၏။

အခုတော့ အဖြူထည်ကိုလည်း သူ့စိတ်က အပြစ်မမြင်မိဘဲ နားလည်စွာပဲ လှည့်ပြန်ခဲ့သည်။

အရင်ဆုံတုန်းကလို သူ တမင်နှုတ်မဆက်တတ်တာသိလို့ အဖြူထည် အလိုက်တသိ မော့မကြည့်တာပဲထင်၏။

သူကလည်း သူပါပဲ။ အဖြူထည်အပေါ် ဘယ်တုန်းကမှ ပြေလည်စွာ မဆက်ဆံခဲ့ဖူးပါ။

နောက်ဆိုလျှင်တော့ အဖြူထည်နှင့်ဆုံလျှင် သူ့ဘက်က ပြေလည်စွာဆက်ဆံဖို့ ဆုံးဖြတ်မိသည်။ ဒါ အဖြူထည်အပေါ်မှာ သူ ပထမဆုံး စာနာနားလည်လိုက်မိခြင်းပဲဖြစ်၏။

အဖြူထည်ဆိုတာ မုန်းတီးစရာကောင်းသော မိန်းမတစ်ယောက် မဟုတ်တာ သူ လက်ခံမိပြီ။

■ ■ ■



## အခန်း (၁၄)

ဖေဖေ့အခြေအနေက အတော့်ကို သက်သာသွားသည့်အတွက် ထည် စိတ်ချမ်းသာသွားရတာတော့ အမှန်ဖြစ်သည်။ ဆေးရုံက ဆင်းခွင့် မရသေးပေမယ့် ဖေဖေ တော်တော်နာလန်ထူနေခဲ့ပြီ။

ဖေဖေ ဆေးရုံတက်နေသော သုံးရက်မြောက်မှာတော့ စိမ့် ရောက်လာခဲ့သည်။

"ဦးဦးခန့် ဆေးရုံတင်ရတယ်ကြားတော့ ငါ အရမ်းစိုးရိမ်သွားတာပဲ ဖြူရယ်၊ ချက်ချင်းလာချင်တာ၊ အဖေက သက်သာနေပါပြီ၊ တစ်ရက်နှစ်ရက်နေမှ ပြန်ပါဆိုလို့ ငါ ရွာမှာဆက်နေ နေရတာ"

စိမ့် ဖြူ့ကိုတွေ့တွေ့ချင်း စကားတွေ တစာစာနှင့် ပြောသည်။ အသားညိုသောစိမ့် ရွာပြန်ပြီးမှ ပိုလို့ အသားတွေ ညိုစိမ့်သွားသည် ထင်မိ၏။

"ရပါတယ် စိမ့်ရယ်၊ နင် ဘာလို့ပြန်လာရတာလဲ၊ သွားလိုက် သာလိုက်နဲ့ ပင်ပန်းပါတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



စိမ့် မျက်နှာလေး ပြုံးရိပ်သမ်းကာ ထည့်ကိုကြည့်ရင်း

"မဟုတ်ဘူး ဖြူရဲ့၊ ငါ ရွာကို ပြန်စရာမလိုတော့ဘူး၊ အပြီး ပြန်လာတာ"

"ဟင် နင် အဘွားကို စောင့်ပေးစရာမလိုတော့ဘူးလား"

"အဘွားလည်း သက်သာနေပါပြီ၊ အရင်လို ပြန်မကောင်းပေမယ့် နည်းနည်းပါးပါး လှုပ်ရှားနိုင်ပါတယ်၊ ဘွားကလည်း ငါ့ကို အလုပ်လုပ်စရာရှိတာ လုပ်တဲ့၊ ဦးလေးတို့လင်မယားကလည်း ဘွားကို တာဝန်ယူပေးမယ်တဲ့၊ ဒါကြောင့် ငါ အလုပ်ဝင်ဖို့ ပြန်လာတာပါ"

"ဟယ် တကယ် ငါ ဝမ်းသာလိုက်တာ စိမ့်ရယ်"

ထည် ဝမ်းသာအားရဆိုရင်း စိမ့်ကို ဖက်ထားမိတော့ စိမ့်ကလည်း ထည့်ကို တင်းတင်းလေး ပြန်ဖက်ထားသည်။

"နင် ပြန်လာပြီး အလုပ်ပါဝင်မယ်ဆိုတော့ ငါ အရမ်းဝမ်းသာသွားပြီ သိလား၊ စိမ့်၊ နို့မို့ ငါတစ်ယောက်တည်း အလုပ်ဝင်ရမှာ ပျင်းစရာကြီးဟာယ်"

"တစ်ယောက်တည်းပျင်းရင် ချစ်သူရည်းစားလေး ထားကြည့်ပါလား ဖြူရဲ့"

စိမ့်ပြောတော့ ထည် စိမ့်ပခုံးလေးကို ဖွဖွဆုပ်ကိုင်ရင်း မျက်မှောင်လေး ကုပ်ကြည့်မိ၏။

"အံ့မယ် ဘာလုပ်ရမှာလဲ"

"အဟင်း နင် တစ်ယောက်တည်း အထီးမကျန်စေချင်လို့ပေါ့ ဖြူရယ်"

"တော်စမ်းပါ ရည်းစားဆိုတာ ရေခဲမုန့်တစ်ခွက် စားရတာ





လောက်တောင် အရသာရှိမယ် မထင်ဘူး"

"အားယို့ယို့ နိုင်းနှိုင်းလိုက်ပုံကြီးကလည်း"

စိမ့် ပြောရင်း ရယ်နေတော့ ထည်လည်း ရယ်မိသည်။ အဖော်ရအောင် ချစ်သူရည်းစားထားနိုင်းနေသည်တဲ့လား။ အချစ်ဆိုတာ အပျင်းပြေ အပျော်ထားစရာအရာဟု ထည် မထင်ပါ။

အချစ်ကို ထည့်နှလုံးသားက မခံစားတတ်လို့ မဟုတ်ပါ။ ဒါကို စိမ့်မှ မသိနိုင်ဘဲ။

"ဖြူ နင် ဒီအချိန်ထိ ဘယ်သူ့မှ ချစ်လို့မရဘူးလား"

ထည့်မျက်နှာကို ငေးငေးလေးကြည့်ကာ စိမ့် မေးသည်။ စိမ့် မေးလာသည့်မေးခွန်းအတွက် အဖြေတစ်ခုရှိပေမယ့် ထည် ခေါင်းလေးပဲ ခါမိ၏။

"ဟင့်အင်း ငါချစ်တဲ့သူ ဘယ်တော့မှ ရှိမှာမဟုတ်ဘူး"

"ရှိမှာမဟုတ်ဘူး ဟုတ်လား"

ထည့်အဖြေကို စိမ့် တိုးတိုးလေး လိုက်ရေရွတ်နေတုန်းမှာပဲ အခန်းဝမှာ မြင်လိုက်ရတာ ရတုပိုင်. . .။

"ဟယ် မောင်"

စိမ့် ဝမ်းသာအားရ ရေရွတ်ရင်း အခန်းဝကို လျှောက်သွားသည်။ ထည်လည်း ရတုပိုင်ကို တွေ့လိုက်ရတာကြောင့် အံ့ဩမိသည်။ စိမ့် ရောက်နေသည်ကို ရတုပိုင် ဘယ်လိုသိနေတာလဲ။

စိမ့်ကပဲ ကြိုဖုန်းဆက်ပြောလိုက်လို့ ရောက်လာတာလား။

"မောင် စိမ့်ရောက်နေတာ ဘယ်လိုလုပ် သိတာလဲ"

"ဟင့်အင်း မသိဘူး၊ စိမ့်က ဘယ်တုန်းက ပြန်ရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ''

''ဒီမနက်ပဲ ရောက်တော မောင်ရဲ့၊ ပြီးမှ မောင့်ဆီဖုန်းဆက်ပြောမလို့ မောင် ဒီကိုရောက်လာမယ် မထင်ဘူး''

ထည် အံ့ဩမိသည်။ စိမ့် ရောက်လာတာ မသိဘဲ ရတုပိုင်ရောက်လာသည်ဆိုတော့ ဆေးရုံကို ဘာကိစ္စရောက်လာတာလဲ။ အန့်တီစိုးလွှတ်လိုက်တာလားမသိ။

''အန်ကယ်ခန့် အခြေအနေသိချင်လို့ ဝင်လာတာ စိမ့်ရဲ့၊ အရင်ရက်ကတည်းက ကိုယ့်မာမီနဲ့ တစ်ခေါက်လာပြီးပြီလေ''

ရတုပိုင်တို့ သားအမိလာတာ ထည် စိမ့်ကို မပြောရသေးပါ။ စိမ့်က ရတုပိုင် စကားကြောင့် ထည့်မျက်နှာကို လှည့်ကြည့်လာ၏။

''ဟုတ်တယ် စိမ့် ဖေဖေ ဆေးရုံတင်ကတည်းက ရတုပိုင်တို့တွေ တစ်ခေါက်ရောက်ပြီးပြီ''

''ဪ ဟုတ်လား၊ စိမ့်က အခုမှ ရွာကပြန်လာတာ မောင်ရဲ့၊ ဦးဦးခန့်က သက်သာနေပြီလေ၊ မနက်ဖြန်လောက်ဆိုပဲ ဆင်းရတော့မှာတဲ့''

ထည့်ကိုယ်စား စိမ့်က ဝင်ဖြေနေတော့ ရတုပိုင် ခေါင်းညိတ်နားထောင်နေသည်။

နုံ့သာရောင် ရှပ်လက်ရှည်ကို လေးညှင်းရောင် ဘောင်းဘီရှည်နှင့် တွဲဝတ်ဆင်ထားသော ရတုပိုင် စတိုင်က ရှင်းသန့်ချောမွေ့နေသည်။ မထင်မှတ်ဘဲ ရတုပိုင်နှင့် ဆုံလိုက်ရတာမို့ စိမ့် ဝမ်းသာနေတာလည်း သေချာသည်။

ဘာပဲဖြစ်ဖြစ် စိမ့်တို့ချစ်သူနှစ်ဦး လွတ်လွတ်လပ်လပ် ဆုံတွေ့





စေချင်တာမို့

''စိမ့် နင်တို့ လွတ်လွတ်လပ်လပ် စကားပြောကြလေ၊ ငါ ဖေဖေ့အနားမှာ ရှိနေမယ်၊ မေမေလာမှ လိုက်ခဲ့မယ်၊ တစ်ဆိုင်ဆိုင် သွားထိုင်ကြပါလား''

''အင်း ဆေးရုံရှေ့ကဆိုင်မှာ ငါတို့ရှိမယ်၊ လာ မောင် သွားရအောင်၊ မောင့်ကို စိမ့် ပြောစရာတွေ အများကြီးပဲ''

စိမ့်က ရတုပိုင် လက်ကို ဆွဲကာ ပြောနေတော့ ရတုပိုင် ထည့်ကို လှမ်းကြည့်ရင်း

''အဖြူထည် အန့်တီဆွေ လာရင် ကိုယ်လာသွားတယ်လို့ ပြောလိုက်ပါဦးနော်''

ထည့်ကို ရတုပိုင် စကားကောင်းကောင်းမွန်မွန် ပြောခြင်းကဒါ ပထမဆုံးဖြစ်၏။ ထည် အံ့ဩနေရင်းက ခေါင်းလေးညိတ်ပြလိုက်ပါသည်။

အံ့တော့ အံ့ဩစရာပါပဲ။ ရတုပိုင်ရဲ့ဆက်ဆံမှုတွေ ပြောင်းလဲသွားခဲ့တာတော့ သေချာသည်။ ဘာကြောင့်လဲမသိပေမယ့် ထည် ထင်မိတာ သူနှင့်ထည်ကိစ္စကို ထည် ပြတ်ပြတ်သားသား ငြင်းပေးခဲ့တာကြောင့် ထင်ပါသည်။

ဘာပဲဖြစ်ဖြစ် ရတုပိုင် နားလည်သွားခြင်းအတွက်တော့ ထည် ဝမ်းသာပါသည်။

■ ■ ■

စိမ့် ဆွဲခေါ်သည့်အတိုင်း ရတု လိုက်ခဲ့ရင်း ဆေးခန်းအပြင်ရောက်တော့ . .



www.burmeseclassic.com

www.burmeseclassic.com



"စိမ့်ကလည်း ခဏတဖြုတ်တောင် မထိုင်ရသေးဘူး၊ အဖြူထည့်ကိုတောင် အားနာစရာကောင်းတယ်"

သူ့စကားကြောင့် စိမ့် မျက်ဝန်းဝိုင်းစက်စက်လေးတွေနှင့် မော့ကြည့်သည်၊ စိမ့် မျက်ဝန်းအကြည့်တွေကြောင့် သူ မလုံမလဲဖြစ်ရသေး၏။

"အလဲ့ ထူးဆန်းပါလား၊ မောင်က ဖြူ့ကို အားနာတယ်ဟုတ်လား"

"မောင်ဆိုလိုတာက မောင်လာတာ အနံကယ်ခန့်ကို လူနာမေးလာတာလေ၊ မာမီက မလာနိုင်လို့ လွှတ်လိုက်တာ၊ ဘာမှလည်း မမေးရတော့ မကောင်းဘူးလေ"

"အဟင်း ဟင်း စိမ့်သွားတဲ့ တစ်လနီးပါးအတွင်းမှာ အပြောင်းအလဲတွေ မြန်လိုက်တာ၊ အရင်က ဖြူ့ကို နည်းနည်းလေးမှ ကြည့်မရတဲ့ မောင်က အခုတော့ အားနာတယ် ဘာတယ်ဖြစ်လို့"

စိမ့် စကားကြောင့် ရတုဝိုင် မျက်စိမျက်နှာပျက်နှင့် ကသောကမျော ပြန်ရှင်းရပြန်သည်။

"အရင်က ကြည့်မရဘူးဆိုတာ အကြောင်းရှိတယ် စိမ့်ရဲ့၊ အဖြူထည်က အမြဲတမ်း မောင့်ကို လှောင်သလို ပြောင်သလို လုပ်တတ်ပြောတတ်တာကိုး"

"မောင်ကလည်း စိမ့်နဲ့ဖြူ တတွဲတွဲဖြစ်နေတာကို မကြိုက်တဲ့ပုံပြတော့ ဖြူက တမင်ပြောင်နောက်တာပါ"

"ဟုတ်ပါပြီ မောင်က အဖြူထည် စိမ့်ကို အမြဲချူပ်ကိုင်တယ်ထင်မိလို့ပါ"

"ဒါဆို အခု မောင် ဖြူ့ကို နားလည်ပြီပေါ့"





ရတု ခေါင်းလေးညိတ်ပြရင်း စိမ့်လက်လေးကို ဆွဲကာ ဆိုင်လေးထဲ ဝင်လိုက်သည်။ ဆေးရုံရှေ့က အအေးဆိုင်လေးမှာပဲ ဝင်ထိုင်ဖြစ်ကြတာဖြစ်၏။

စားပွဲထိုးလေးကို စားစရာတွေ မှာရင်း စကားစတွေ ပြတ်သွားကြသည်။ စိမ့်ကတော့ ရတုဝိုင် မျက်နှာကို မမြင်တာကြာပြီမို့ ငေးငေးလေး ငေးစိုက်ကြည့်နေသည်။

"ဘာပြောမလို့ ကြည့်နေတာလဲ စိမ့်ရဲ့"

"ဟင့်အင်း မောင့်မျက်နှာကို မမြင်ရတာ ကြာလို့ ကြည့်နေတာ၊ စိမ့်လေ မောင့်ကိုအရမ်းလွမ်းခဲ့ရတာ"

"မောင်လည်း အတူတူပါပဲကွာ"

"ဟုတ်ရဲ့လား၊ စိမ့်မရှိတော့ တခြားမိန်းကလေးမိတ်ဆွေတွေ တိုးပြီး ကော်ဖီဆိုင်ထိုင်ရ အအေးဆိုင်ထိုင်ရနဲ့ မေ့နေပြီလားလို့"

မျက်နှာလေး မဲ့ကာရွဲ့ကာ သဝန်တိုပြနေသော စိမ့် စကားကြောင့် ရတု ပြုံးမိသည်။ ဒါကို စိမ့်မြင်တော့ မျက်စောင်းလေးထိုးရင်း

"ဘာလဲ မောင်က စိမ့်ပြောတာကို လှောင်တာလား"

"ဟာ မဟုတ်တာကွာ"

"ဘာမဟုတ်ရမှာလဲ၊ စိမ့် သိတယ်နော်၊ ကဗျာတို့ နုဒီတို့ဆိုတာ ဖြူနဲ့ညီအစ်မတွေဆိုပေမယ့် တခြားစီပဲ"

စိမ့် ဘယ်သူတွေကို ရည်ညွှန်းနေသည်ဆိုတာ သိလိုက်ရတော့ ရတုဝိုင် ပိုလို့ ရယ်ချင်မိသည်။ တကယ်တော့ ကဗျာနှင့်နုဒီဆိုတာ ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းသမားတွေမှန်း ပေါင်းကြည့်မှသိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ကို ရှင်းပြနေလျှင်လည်း စိမ့်ယုံမှာမဟုတ်။

"စိမ့်"

"ဘာလဲ"

"စိမ့် စိုးရိမ်နေတာတွေ မှားတယ်ပြောမလို့၊ အခု ကဗျာနဲ့ သီဟာက ငြိတော့မှာ"

"ဘာရယ် ဘယ်လို"

ရတု စကားက စိမ့်ကို အံ့ဩသွားစေတာ အမှန်။ စားလက်စ ဘဲသားမုန့်ကိုတောင် ပန်းကန်ထဲ ပြန်ပစ်ချပြီး စိမ့် ရတုကိုကြည့်နေဆဲ။

"မအံ့ဩနဲ့ အဖြူထည် မိတ်ဆက်ပေးရင်း ရင်းနှီးသွားကြတာ၊ အခုဆို ကဗျာနဲ့သီဟာတို့ အတော်ရင်းနှီးနေပြီ၊ သီဟာက ချစ်ခွင့်ပန်ထားတယ်၊ ကဗျာက ခေါင်းညိတ်ဖို့က ကိုးဆယ့်ကိုးရာခိုင်နှုန်းပဲ"

"ကိုသီဟာနဲ့ ကဗျာ ဖြစ်ပါ့မလား မောင်ရယ်၊ ကဗျာ့မှာက ရည်းစားတွေ အများကြီးနော်"

"မဟုတ်ပါဘူး စိမ့်ရဲ့ သူငယ်ချင်းတွေပါ"

စိမ့် နှာခေါင်းလေးရှုံ့ကာ မျက်နှာလေး မဲ့သွားသည်။ ကဗျာနှင့် နဒီက စိမ့်အပေါ် အမြင်မကြည်သလို စိမ့်ကလည်း ကဗျာတို့ကို အမြင် မကြည်ကြဘူးထင်ပါသည်။

ကဗျာက ယောကျ်ားလေးသူငယ်ချင်းတွေ များသည်။ ပွင့်လင်းသည်။ ဒါပေမဲ့ ချစ်သူမရှိသေးတာ သေချာသည်။ ဒါကို သီဟာ အသေအချာ စုံစမ်းထားပြီးသား။

"မောင့်သူငယ်ချင်းကလည်း ကြိုက်စရာရှားလို့"

"သီဟာက တကယ်ချစ်နေတာပါ စိမ့်၊ ပြီးတော့ ကဗျာအ





ကြောင်းတွေ သိထားတယ်၊ ခွင့်လွှတ်နိုင်တယ်လေ"

"အင်း ဒါဆိုရင်လည်း ပြီးတာပဲ၊ သူများအကြောင်းမပြောတော့ဘူး"

စိမ့် စကားဖြတ်ကာ ကော်ဖီကို ငုံ့သောက်နေတာ ကြည့်ရင်း ရတုပိုင် ပြောချင်သည့်စကားတွေ ပြောဖို့ စလိုက်သည်။

"စိမ့်ကို မောင် ပြောစရာရှိတယ်"

"ဘာလဲ မောင် ပြောလေ"

"မောင့်ရဲ့အစီအစဉ်တွေ ဒီရက်ပိုင်းအတွင်း စိမ့်ကိုနိုးမလို့"

"ဟင်"

စိမ့် မျက်ဝန်းလေးတွေ အံ့ဩထိတ်လန့်ခြင်းတွေ လက်ခနဲ ထင်ကာ မျက်နှာလေးကလည်း နီမြန်းထူပူသွားခဲ့၏။

"ဆောရီး စိမ့်၊ မောင်က ပြောချင်တာ အားကြီးပြီးလောသွားလို့ပါ၊ မောင်ဆိုလိုတာက ဒီရက်ပိုင်းမှာ မောင် စိမ့်တို့ရွာကိုလာမယ်၊ စိမ့် သဘောတူရင် စိမ့်ကို နိုးပြေးမယ်ပေါ့"

"နေ နေပါဦး မောင် ဘာလို့ အဲဒီလို စီစဉ်နေရတာလဲ"

"မောင့် စကား ဆုံးအောင်နားထောင်ဦးလေ၊ စိမ့် သဘောတူမှ လို့ ကြိုပြောထားတယ်လေ"

ရတုပိုင် စကားကို လက်မခံသလို စိမ့် ခေါင်းလေးကိုခါရမ်းသည်။

"အဲဒါကိုက သဘောမကျတာ၊ အဘွားလူမမာကြီးကိုပစ်ပြီး မောင့်နောက်ကို စိမ့်ကလိုက်ရမှာတဲ့လား၊ ပြီးတော့ နောက်တစ်ခုက ဘာဖြစ်လို့ စိမ့်ကို အရေးတကြီး နိုးပြေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရေးတကြီးမဟုတ်ပါဘူး၊ လိုအပ်လို့ပေါ့"

"လိုအပ်လို့ မောင့်စကားက ဘာလဲ"

သူ တမင်မပြောသေးဘဲ စိမ့်ကို စကားစကြည့်နေခဲ့တာ အဖြူထည် ပြောထားသည်လား သိချင်တာကြောင့်ဖြစ်သည်။ အခုတော့ စိမ့် ပုံစံက ဘာမှသိပုံမရတာ ထင်ရှားသည်။

စိမ့်ကို ဖွင့်မပြောပါနှင့်ဟု သူ ပြောထားသည့်စကားကိုတောင် အဖြူထည် ကတိတည် နားထောင်သားပဲ။

"မောင် ဘာတွေလဲ စိမ့်ကိုပြောစမ်းပါ၊ စိမ့်သိချင်လှပြီ"

"ဒီလိုပါ စိမ့်၊ အဖြူထည်အစ်ကိုဝမ်းကွဲ ကိုလွင်နဲ့ မောင့်အစ်မဝမ်းကွဲ မမဖာတို့နဲ့ပတ်သက်ပြီး အဖြူထည် မိဘတွေနဲ့ မောင့်မိဘတွေ ခင်မင်ခဲ့ကြတာ စိမ့် သိထားပြီးပြီနော်"

ဒီကိစ္စကို စိမ့်သိထားတာမို့ ခေါင်းလေးညိတ်ကာ ဆက်နားထောင်နေ၏။

"အဲဒီနောက်ပိုင်းမှာ မောင့်မာမီနဲ့ အဖြူထည်ရဲ့အမေ ခဏခဏဆုံတွေ့ကြတယ်၊ တော်တော်ကျွမ်းဝင်သွားတယ်၊ လိုရင်း ပြောရရင် မာမီက မောင့်ကို အဖြူထည်နဲ့ သဘောတူနေတယ်"

"ရှင်"

စိမ့် မျက်ဝန်းလေးတွေ ဝိုင်းစက်ထိတ်လန့်သွားသည်။ မယုံကြည် အံ့သြခြင်းအရိပ်တွေ စိမ့် မျက်ဝန်းထဲမှာ ရောင်စဉ်ပြေးလျက်ရှိ၏။

"မောင့်ဘက်က မာမီ့ကို ငြင်းဆိုပြီးပြီ၊ အဖြူထည်ဆီလည်း မောင် ဖုန်းဆက်ပြောခဲ့တယ်၊ အဖြူထည်ကလည်း သူ့အမေပြောတော့ ငြင်းခဲ့တယ်၊ ဒါကြောင့် မာမီတို့အစီအစဉ်တွေ ပျက်ကုန်တယ်၊ နောက်ဆုံး





လိုအပ်ရင် မောင်က စိမ့်ကို နိုးပြေးမယ်လို့ ဆုံးဖြတ်ထားတာ"

သူ့စကားဆုံးတော့ စိမ့် ပင့်သက်လေးရှိုက်သည်။ ညှိုးရိုပ်သမ်းနေသော မျက်နှာလေးကတော့ ပြေလျော့မသွားသေး။

"စိမ့် ဘာဖြစ်နေတာလဲဟင်၊ မောင်က စိမ့်သိရင် စိတ်ညစ်မှာစိုးလို့ ကြိုမပြောတာပါ"

"နေဦး မောင်၊ စိမ့် တစ်ခုမေးချင်လို့"

"မေးလေ ဘာမေးမှာလဲ စိမ့်"

"မောင့် မေမေက စိမ့်နဲ့မောင့်ကို သဘောမတူဘူးမို့လား"

စိမ့်အမေးစကားက သူ့ရင်ကို ထိတ်ခနဲ ဖြစ်သွားစေပေမယ့် သူ ဟန်ဆောင်ထိန်းချုပ်ရင်း

"ဟာ ဒီသဘော မဟုတ်ပါဘူး"

"စိမ့်ကို မညာပါနဲ့ မောင်ရယ်၊ စိမ့်တို့အခြေအနေကို မောင့်မိဘတွေ သဘောမကျနိုင်ဘူးဆိုတာ စိမ့် အရင်ကတည်းက ကြိုတွေးထားပြီးသားပါ မောင်ရယ်"

"စိမ့်ရာ ဘာပဲဖြစ်ဖြစ် စိမ့်ကို မောင်ချစ်တယ်လေ"

"တကယ်ဆို မောင်က ဖြူနဲ့သာလိုက်ဖက်ညီတာပါ၊ မိဘတွေ ချင်းကလည်း"

"စိမ့် မပြောနဲ့တော့ကွာ"

ရာ အော်လိုက်တော့လည်း စိမ့် စကားသံလေးတိတ်ကာ မျက်ရည်လေးတွေ ဝိုင်းလာတာ ချက်ချင်း။ သူ စိမ့်လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း

"စိမ့်ရယ် မာမီတို့ သဘောမတူလည်း ခဏပါ၊ မောင့်ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



စိမ့်လေးရဲ့ဖြူစင်တဲ့ စိတ်ဓာတ်လေးကို မောင်ချစ်တာပါ၊ အဲဒီဖြူစင်ရိုးသားတဲ့ စိတ်ဓာတ်လေးကိုပဲ မောင် မြတ်နိုးတာပါ၊ နောက်တော့ မာမီတို့လည်း ချစ်လာမှာပဲလေ၊ မောင် တစ်ခါတည်း ပြောလိုက်မယ် စိမ့်၊ မောင် စိမ့်ကိုပဲ လက်ထပ်မှာပါ''

''ဟင့်အင်း၊ မောင့်မိဘတွေက ခါးခါးသီးသီး ဖြစ်နေရင်တော့ စိမ့် လက်မခံပါရစေနဲ့''

''မဖြစ်နိုင်တာ စိမ့်ရယ်၊ မောင့်ကို စိမ့် ခွဲနိုင်သလား''

''အဟင့် ဟင့် မောင်ရယ်''

ပြောရင်း၊ စိမ့် ရှိုက်ကြီးတငင် ငိုကြွေးသည်။ ရတုဝိုင် စိမ့်လက်ဖဝါးလေးကို ဆုပ်ကိုင်နှစ်သိမ့်ရ၏။

''စိမ့် မငိုနဲ့နော်၊ ဆိုင်ထဲမှာ မကောင်းဘူး ဟုတ်လား။ ဘာမှ စိတ်အားမငယ်နဲ့၊ မောင် စိမ့်ဘက်မှာရှိတယ်၊ အဖြူထည်ကလည်း စိမ့်ဘက်မှာ ရှိမှာပဲ''

စိမ့် ခေါင်းလေးညိတ်ကာ လက်ကိုင်ပဝါလေးနှင့် မျက်ရည်တွေကို သုတ်နေသည်။

ရတုဝိုင် ရင်ထဲမှာမကောင်းနိုင်ပါ။ အားငယ်လွန်းသော ချစ်သူလေးကို သူ သနားသည်။ ဘယ်လိုအခြေအနေတွေပဲ ကြုံလာပါစေ စိမ့်ကို သူ မစွန့်လွှတ်နိုင်ပါ။

ဒါ ရင်ထဲက ခိုင်မာသော ဆုံးဖြတ်ချက်ပဲဖြစ်သည်။

■ ■ ■



## အခန်း (၁၈)

''ငါပြောခဲ့တာတွေအားလုံး အမှန်တွေပါ စိမ့်၊ နင့်ကို ရတုဝိုင်လည်း ပြောပြတယ်မဟုတ်လား။ နင် ဘာမှတွေဝေမနေနဲ့၊ ရတုဝိုင်ဘက်က လုပ်စရာကို လုပ်မှာပဲ''

''မဟုတ်ဘူး၊ ဖြူရယ် သူ့မိဘတွေက''

''စိမ့် အရေးကြီးတာက နင်နဲ့ရတုဝိုင်ပဲလေ၊ နှစ်ယောက်တဝကို တည်ဆောက်ကြမှာပဲ၊ ရတု မိဘတွေက သဘောမတူလည်း၊ ရတုဝိုင် နင့်ဘက်မှာ ရှိနေဖို့လိုတယ်၊ ပြီးတော့ ဒီကိစ္စကို မေမေကလည်း နင့်ဘက်က အားလုံးကူညီပေးဖို့ အသင့်ရှိတယ်၊ ရတုဝိုင်နဲ့နင့်ကို မေမေက သဘောတူပါတယ်''

အဖြူထည် စကားတွေကို နားထောင်ရင်း၊ စိမ့် အဖြူထည် မျက်နှာကိုတောင် မကြည့်ရဲပါ။

ကံကြမ္မာက ဒီလို မျက်နှာပူစရာ အခြေအနေတွေကို ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရဖို့ ဖန်တီးပေးလာပြန်သည်လား။

ရတုပိုင်ကို သူ့မာမီက သဘောတူနေသူက အဖြူထည် ဖြစ်နေခြင်းက သိပ်ကိုဆိုးပါသည်။ ပြီးတော့ ရတုပိုင် မိဘတွေနှင့် မေမေဆွေတို့ နှုတ်တွေ့ကျွဲ ကတိတွေပေးပြီးမှ ပျက်ရသည့်အဖြစ်။

"စိမ့် နင် ဘာဖြစ်နေတာလဲ"

"ငါ တော်တော်မျက်နှာပူတယ်၊ ပြီးတော့ စိတ်မကောင်းဖြစ်နေတာလည်း အမှန်ပဲ ဖြူရယ်"

"မဟုတ်တာ ဘာကိုမျက်နှာပူရမှာလဲ၊ ဘာမှလည်း စိတ်မကောင်းဖြစ်စရာမရှိဘူး"

"မဟုတ်သေးဘူးလေ ဖြူရဲ့၊ ဒီကိစ္စက မေမေဆွေတို့ စီစဉ်သိပြီးမှဆိုတော့ ဘယ်ကောင်းမှာလဲ"

"ဒါတော့ မေမေတို့ ဘာမှမသိဘဲ ပြောကြဆိုကြတဲ့ကိစ္စပါ၊ အခုလည်း အမှန်ကိုသိသွားကြပြီပဲ၊ နင် ဘာမှမျက်နှာပူစရာမရှိဘူး၊ ငါနဲ့ရတုပိုင်ကလည်း အပြတ်ငြင်းပြီးပြီ"

"ဒါပေမဲ့ မောင့်မေမေက ငါနဲ့သဘောမတူဘူး ဖြူ၊ ဒီအခြေအနေကြီးမှာ မောင်ခေါ်ရင် ငါ လိုက်ဖို့ မဝံ့ရဲဘူး"

စိမ့်စကားကို ဖြူ လက်မခံနိုင်သလို ခေါင်းခါသည်။ ပြီးမှ စိမ့်ကို မျက်နှာချင်းဆိုင် ရူးစိုက်ကြည့်ရင်း

"စိမ့် နင်ဘာမှ အားငယ်စရာမလိုဘူး၊ နင်တို့ကိစ္စကို သဘောမတူလို့ စွန့်ပစ်ရင် ရတုပိုင် မိဘတွေဘက်ကပဲဖြစ်မယ် မေမေကတော့ နင်တို့ကိစ္စကို သဘောတူလက်ခံပြီးသားပါ၊ နင်နဲ့ရတုပိုင် လက်ထပ်ကြတဲ့အခါ မေမေ့ဘက်က အပြည့်အဝကူညီမှာ ငါ ကတိပေးရဲတယ်၊ ကဲ





နင် ဘာစိတ်ညစ်စရာရှိလဲ"

ဖြူ ပြောတော့လည်း စိမ့် ဘာမှပြန်ခွန်းတုံ့မပြန်နိုင်ပါ။

"ကဲပါ စိမ့်ရယ်၊ စိတ်ညစ်စရာတွေ မတွေးနဲ့တော့၊ လာ ငါတို့မနက်ဖြန် အလုပ်စဆင်းရတော့မှာဆိုတော့ နင့်ကို ငါ ပေးစရာတွေရှိတယ်"

ဖြူ ဆွဲခေါ်ရာ နောက်ကိုပဲ စိမ့် လိုက်ခဲ့လိုက်ရသည်။ ဖြူက အခန်းထဲအထိ စိမ့်ကို တွဲခေါ်ခဲ့၏။

"ဒီမှာ ငါတို့ယူနီဖောင်းက ငါးစုံစီရတယ် စိမ့်၊ ဒါက နင်နဲ့ငါ အလုပ်ဆင်းရင် အတူလွယ်လို့ရအောင် ဆလင်းဘတ်အရောင်တူလေး ငါ ဝယ်ထားတယ်"

ဖြူသည် အမြဲတမ်း စိမ့်အတွက် အလေးအနက် ဂရုတစိုက်ရှိလွန်းတာ စိမ့် သိပါသည်။ စိမ့်အပေါ်မှာ ဖြူသည် ညီမအရင်းအချာဆက်တောင် ကောင်းသူဖြစ်သည်။

"ရော့ ဖုန်း"

"ဟင် ဒီဖုန်းက ဘာလုပ်ဖို့လဲ"

"နင့်အတွက်လေ"

ကမ်းပေးနေသော လက်ကိုင်ဖုန်းလေးကို စိမ့် အံ့သြစွာကြည့်ရင်း ခေါင်းလေးခါမိသည်။

"မယူပါဘူး ငါ့အတွက် သိပ်အသုံးလိုတာမှ မဟုတ်တာ"

"ဘယ့်နှယ် မလိုရမှာလဲ၊ နင် အလုပ်ဝင်ပြီဆိုတော့ ဖုန်းတော့ရှိတာပဲ၊ ပြီးတော့ ရတုပိုင်နဲ့လည်း ဆက်သွယ်လို့ရတာပေါ့"

စိမ့် လက်ထဲကို ဖြူ ဇွတ်အတင်းထည့်ပေးနေတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



စိမ့် ယူလိုက်ရပါသည်။

"မနက်ဖြန်ကစပြီး အလုပ်ဆင်းရတော့မှာနော် စိမ့်၊ ဒီည စောစောအိပ်နော်"

"အင်းပါ ဖြူရဲ့"

"ဒါဆို နင့်ပစ္စည်းတွေ ယူသွားလေ၊ မနက်ကျ ငါတို့အတူ အလုပ်စဆင်းတာပေါ့ဟာ"

ဘဏ်မှာ ဆင်းရမည့် ယူနီဖောင်းနှင့်လက်ကိုင်အိတ်လေးအပြင် ဖုန်းလေးကိုပါယူပြီး စိမ့် အခန်းဘက် ထွက်ခဲ့လိုက်သည်။

အခန်းထဲရောက်တော့ ခုတင်စွန်းမှာ ထိုင်ရင်း စိမ့် လက်ကိုင်ဖုန်းလေးကို ကြည့်နေမိသည်။ စိမ့်အတွက် ဘဝတစ်လျှောက်လုံး ဖြူတို့မိသားစုရဲ့ကူညီမှုတွေက အများကြီးဖြစ်သည်။

ဟိုးငယ်စဉ်ကတည်းက ဖြူနှင့်တန်းတူ နေထိုင်ခွင့်ရသလို မေမေဆွေကလည်း လိုအပ်တာမှန်သမျှ ကူညီပေးသည်။

နောက်ဆုံး အလုပ်သမားအိမ်လေးပေါ်မှ တိုက်ကြီးပေါ် ခေါ်တင်ထားသည်အထိ ကောင်းခဲ့တာဖြစ်သည်။

ထိုကျေးဇူးတွေကို စိမ့် ဥပေက္ခာပြုလို့မရတာ အမှန်ဖြစ်၏။ အခုလည်း မောင်နှင့်စိမ့်ကိစ္စကို မေမေဆွေက တာဝန်ယူ ကူညီပေးမည် တဲ့။

ရတုပိုင်မိဘတွေက အမြဲ့ထည့်နှင့်သဘောတူတာသိလျက်နဲ့ ဖြူ ဖွင့်ပြောတော့ မေမေဆွေက ငြင်းပေးခဲ့၏။

ရတုပိုင် ဆိုသော ယောကျ်ားတစ်ယောက်ကို မေမေဆွေလည်း သမက်တော်ချင်မှာ သေချာသည်။ ပြီးတော့ အဆင့်အတန်း၊ အချင်း





အချင်းတွေကလည်း ဖြူနှင့်ထပ်တူညီမျှသည်။

စိမ့်ကြောင့် ရတုပိုင်ဆိုသော သမက်လောင်းကို မေမေဆွေ ကြည်ဖြူစွာ လက်လွှတ်ခဲ့၏။

ထို့အတွက် စိမ့်ရင်ထဲမှာတော့ လိပ်ပြာမလုံ ဖြစ်မိတာ အမှန် ဖြစ်၏။ မေမေဆွေအပေါ်မှာရော ဖြူအပေါ်မှာရော နောက်ဆုံး ရတုပိုင် ဆိုသည့် မောင့်အပေါ်မှာပါ . . .။

စိမ့် သိပ်ကို အတ္တဆန်လွန်းသလို ဖြစ်နေခဲ့ပြီလား။

မောင်ရယ် မောင့်ကို ဆုံးရှုံးခံနိုင်တဲ့သတ္တိတွေ စိမ့်မှာ မရှိတာ တော့ အမှန်ပါပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

အပြာနုရုပ်လက်တိုအင်္ကျီမှာ ကော်လံဖြူလေးနှင့် ယူနီဖောင်းလေးကို စိမ့် ဝတ်ဆင်လိုက်သည်။ အောက်က အရောင်တူ ဒူးဖုံးစကပ်လေးနှင့်မို့ သက်တောင့်သက်သာ ရှိသည်။

ဒီနေ့ ပထမဆုံး အလုပ်ဆင်းရမည့်ရက်။ ပထမဆုံး ဝတ်ဆင်ရသော ယူနီဖောင်းကို ဝတ်ဆင်ကာ စိမ့် မှန်ထဲမှာ သဘောကျမဆုံးဖြစ်နေ၏။

ဖြူ ပေးထားသော လက်ကိုင်အိတ်လေးကို လှမ်းယူပြီး စားပွဲပေါ်က ဟန်းဖုန်းလေးကို ကောက်ယူထွက်ခဲ့၏။

"စိမ့် အဆင်သင့်ပဲလား"

"ပြီးနေပြီလေ ဖြူရဲ့"

ဖြူသည်လည်း ဘဏ်ဝတ်စုံလေးနှင့် သိပ်ကိုလှပနေသည်။ ဝင်းဖန့်နေသော ဖြူရဲ့အသားအရည်နှင့်မို့ ဝတ်စုံလေး ဝတ်လိုက်တော့



ပိုလို့ပေါ်လွင်နေ၏။

မျက်နှာလေးကို မှန်ညက်နေအောင် ပြင်ဆင်မထားပါဘဲလည်း ဖြူသည် ချစ်စရာကောင်းနေ၏။ ဖြူ့အလှတွေက မိန်းကလေးချင်းတောင် ငေးကြည့်ရအောင် လှတာမျိုးဖြစ်သည်။

တစ်ခါ တစ်ခါမှာ ဖြူရဲ့ကံကောင်းခြင်းတွေကို စိမ့်တောင် မက်မောအားကျမိသည်။

အဖြူထည်ဆိုသော နာမည်လေးနှင့်လိုက်ဖက်အောင် ဖြူသည် ချောမောလွန်းသည်။ စိတ်ထားလေးကလည်း ဖြူစင်သည်။ ဘဝလေးကလည်း ပြည့်စုံပါသည်။

စိမ့်ဘဝကတော့ ဖြူနှင့်တကယ့်ကို ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ဖြူနှင့်ယှဉ်လျှင် စိမ့်အလှက မှေးမှိန်သွားတတ်တာ စိမ့်ကိုယ်တိုင် သိထားသည်။

ဒါပေမဲ့ ကံကောင်းတာက ဖြူ့ဘဝနှင့်ထပ်တူ နေခွင့်ရတာလေးပဲဖြစ်သည်။ စိမ့်ဘဝက ဖြူတို့အိမ်က ဒရိုင်ဘာသမီးဆိုပေမယ့်လည်း မေမေဒွေတို့စေတနာကြောင့် အဆင်ပြေစွာ နေထိုင်ခွင့်ရခဲ့သည်။

ပြီးတော့ ရတုဝိုင် ဆိုသော ချစ်သူကို စိမ့် ပိုင်ဆိုင်ခွင့်ရထားခြင်းကလည်း . . . ။

"စိမ့် ဒီနေ့ စောစောသွားကြမယ်ဟာ၊ လမ်းမှာတစ်ခုခုဝင်စားရအောင်"

"ဟင် သမီးတို့က ကော်ဖီသောက်မသွားတော့ဘူးလား"

"ဒီနေ့ အလုပ်စဆင်းတဲ့အထိမ်းအမှတ်အဖြစ် စောစောသွားပြီး ဆိုင်မှာ ဝင်စားလိုက်မယ် မေမေ၊ နောက်နေ့တွေမှ မေမေတို့ပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



တော်ခီးသောက်တော့မယ်''

အလုပ်စဆင်းရတော့မည်ဆိုတော့ ဖြူ ပုံစံလေးကလည်း တက်ကြွလို့နေခဲ့သည်။ မေမေဆွေက စိမ့်တို့နှစ်ယောက်ကို ပြုံးကြည့်ရင်း

''ကောင်းပါပြီ ကောင်းပါပြီတော်၊ ညီအစ်မနှစ်ယောက် အတူသွား အတူပြန်ကြနော်''

''ဟုတ်ကဲ့ပါ မေမေရဲ့၊ လာ စိမ့်ရေ''

စိမ့် လက်ကလေးကို ဆွဲကာ ဆင်ဝင်အောက်က လင်ခရူဆာကားသစ်ကြီးဆီ ဖြူ ခပ်သွက်သွက်လေး လျှောက်တော့ စိမ့် မီအောင် လိုက်ခဲ့ရ၏။

အလုပ်စဆင်းတော့မည်ဆိုတော့ ဖြူ့ဖေဖေက ဖြူ့အတွက် လင်ခရူဆာကားသစ်ကြီးတစ်စီး ဝယ်ပေးသည်။ တစ်ဦးတည်းသော သမီး ဖြူ့အပေါ်မှာ မိဘနှစ်ပါးစလုံးက ချစ်ခင်ကြတာကိုတော့ စိမ့် အားကျမိသည်။

စိမ့် ဖေဖေနှင့်တော့ ကွာပါသည်။ အဖေသည် စိမ့်ကို စကားအပိုတွေ မပြောတတ်သလို ချစ်ခင်ကြင်နာဟန်ကိုလည်း ထုတ်မပြတတ်ပါ။ ယခု စိမ့် အလုပ်ဝင်ရတော့မည်ဆိုတော့

''သမီး အလုပ်ကို စိတ်ဝင်တစားနဲ့ကြိုးစားလုပ်ပါ။ ကိုခန့်တို့ ကျေးဇူးတွေက ဖေဖေတို့အပေါ်မှာ အများကြီးရှိတယ်၊ ဒီကျေးဇူးတွေကို သမီး ဘယ်တော့မှ မမေ့နဲ့''

အဖေ အမြဲဆုံးမသည့် စကားပဲဖြစ်သည်။ အဖေ့စကား မမှားသလို စိမ့်လည်း လက်ခံပါသည်။ ဖြူတို့ ကျေးဇူးတွေသာမရှိလျှင် စိမ့်တာဝ ဒီအခြေအနေထိ ရောက်လာဖို့ မလွယ်ဟုထင်သည်။





စိမ့်အင်္ကျီအိတ်လေးထဲက ပေါ်ထွက်လာသော သံစဉ်ချိုချိုလေးကြောင့် အတွေးစလေး ပြတ်ကာ စိမ့် ဖြူ့ကို အံ့သြသလို ကြည့်မိ၏။

ညကမှ စိမ့်ရထားသော ဖုန်းက ဘာကြောင့် ထမြည်ရတာလဲ။ စိမ့်ကို ဖုန်းဆက်မည့်သူ ဘယ်သူမှမရှိ။

''ရတုဝိုင်ဆီက ထင်တယ်၊ မနက်က သူ့ဖုန်းဆက်တော့ နင့်ဖုန်းနံပါတ် ငါပေးလိုက်တာ''

ဖြူ ပြောမှ စိမ့် ဖုန်းလေးထုတ်ကာ ဖွင့်နားထောင်လိုက်တော့ မောင့်အသံကို ကြားရ၏။

''စိမ့် မောင်ပါ''

''ပြော မောင် စိမ့်တို့ အခု အလုပ်သွားနေကြတာ''

''ဟုတ်လား ဒီနေ့ စဆင်းပြီပေါ့၊ မောင်လာတွေ့လို့ရမလား''

''အလုပ်ကိုတော့ မလာနဲ့လေ မောင်ရဲ့၊ ဒီနေ့မှ စဆင်းတာကို''

''မောင် နားလည်ပါတယ်၊ ယူနီဖောင်းနဲ့ စိမ့်ကို မြင်ဖူးချင်လို့''

''ဒါဆို အခု စိမ့်တို့ကော်ဖီဆိုင်ထိုင်ဦးမှာ၊ မောင်ထွက်လာချင်ထွက်ခဲ့လေ၊ အကြာကြီးတော့ မဖြစ်ဘူး။ အလုပ်ချိန်မီအောင် သွားရမှာ''

''ဟာ ရတယ် ခဏပဲ၊ ဘယ်ဆိုင်မှာလဲပြော မောင်လာခဲ့မယ်''

''နေဦး မောင်၊ ဖြူလေးကို မေးလိုက်ဦးမယ်''

စိမ့်တို့ထိုင်မည့် ဆိုင်လေးကို ဖြူပြောတော့ မောင့်ကို စိမ့် ပြန်ပြောလိုက်ရသည်။

ကော်ဖီဆိုင်လေးမှာ စိမ့်နှင့်ဖြူတို့ နန်းကြီးသုပ်စားနေတုန်းမှာပဲ မောင့်ကားလေး ထိုးရပ်လာ၏။

စပို့ရှပ်ဖြူနှင့် ဂျင်းပြာနုနုဝတ်ထားသော မောင်သည် ငေးမော



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လောက်အောင် ချောမောပါသည်။ စိမ့်တို့ပိုင်းအထိ မောင် လျှောက်လာကာ ဝင်ထိုင်သည်။

"စိမ့် နင်တို့စကားပြောချင်ရင် ငါ တခြားဝိုင်းပြောင်းထိုင်ပေးမယ်လေ"

"ဟာ မဟုတ်တာ၊ ရပါတယ် အဖြူထည် ဒီမှာပဲ ထိုင်ပါ၊ ကိုယ် ခဏပဲထိုင်မှာပါ"

စိမ့်တောင် ဘာမှမပြောလိုက်ရသေးဘဲ မောင်က ဖြူကို ပြောနေသည်။ အမြဲတမ်း အမြင်မကြည်ကြသော မောင်နှင့်ဖြူ အဆင်ပြေနေပြန်တော့ စိမ့် စိတ်ထဲမှာ အံ့သြချင်စရာဖြစ်နေပြန်၏။

"မောင် ဘာစားမလဲ"

"ဘာမှမစားတော့ဘူး ကော်ဖီပဲသောက်မယ်၊ အင်း ဒါ စိမ့်တို့ ယူနီဖောင်းလား"

"ဟုတ်တယ် မောင် ဘယ်လိုနေလဲ"

"ကြည့်ကောင်းပါတယ်"

ပြောရင်း မောင့်အကြည့်တွေက ဖြူ့ဆီကိုလည်း လွင့်ခနဲရောက် သွားသေးသည်။ တကယ်ဆို ဘဏ်ဝတ်စုံအပြာနုလေးနှင့် ဖြူက ပိုလို့ လိုက်ဖက်ကြည့်ကောင်းပါသည်။

"မောင်လည်း နောက်အပတ်ထဲမှာ အလုပ်စဆင်းရတော့မှာပါ။ ဆန်းဒေးတစ်ရက်လောက်ပဲ အားတော့မှာ၊ တော်သေးတာပေါ့၊ စိမ့်ဆီကို ဖုန်းဆက်လို့ရလို့"

"ဖြူက စိမ့်အတွက် ဖုန်းတစ်လုံး ပေးထားလို့လေ မောင်ရဲ့"

"အဆင်ပြေတာပေါ့ကွာ၊ စိမ့်နဲ့မောင် ဖုန်းပြောလို့ရတာပေါ့၊





အဲဒီအတွက်လည်း အဖြူထည်ကို ကျေးဇူးတင်ပါတယ်"

မောင့်မျက်ဝန်းတွေ အဖြူထည်ကိုကြည့်ပြီး ကျေးဇူးတင်စကားပြောနေတော့ စိမ့် အံ့သြမိပြန်ပါသည်။ မောင်သည် ဖြူ့အပေါ်မှာ အရင်လို မာတင်းတင်း ဆက်ဆံမှုတွေ မရှိတော့တာ အမှန်။

"ရပါတယ် ရတုပိုင်၊ စိမ့်က အလုပ်လုပ်နေပြီဆိုတော့ ဖုန်းတော့ ရှိမှဖြစ်မှာလေ၊ ဒါကြောင့် ဖေဖေက ထုတ်ပေးတာပါ"

တကယ်ဆို ဒီဖုန်းကို ဖြူကိုယ်တိုင် သူ့မငွေနှင့် သူဝယ်ကာ စိမ့်ကို ပေးခြင်းဖြစ်သည်။ ဒါပေမဲ့ ဦးဦးခန့် ဝယ်ပေးသလို မောင့်ကို ပြောနေသည်။

ထိုအတွက်တော့ စိမ့် နားလည်ပါသည်။ ဖြူသည် စိမ့်အပေါ်မှာ အမြဲတမ်း ပံ့ပိုးပေးနေတာကို မောင် မကြိုက်သလို ပြထားသည့်အတွက် ဖြူ လိမ်လိုက်ခြင်းပဲထင်၏။

"ဪ အဖြူထည်ကို ပြောရဦးမယ်၊ သီဟနဲ့ကဗျာတို့အဆင်ပြေသွားပြီ"

"ဟင် ဟုတ်လား၊ ထည်တောင် မသိဘူး၊ ကဗျာ ဖုန်းမဆက်ဘူး"

"ဆက်မှာပါ ကိုယ်တောင် သီဟပြောလို့သိရတာ၊ သီဟနဲ့ ကဗျာက ချစ်သူဖြစ်တဲ့အထိမ်းအမှတ်ပွဲလေး လုပ်ပေးမယ်တဲ့၊ လာမယ့် ဆန်းဒေးလောက် ဖြစ်လိမ့်မယ်"

ရတုပိုင်နှင့်ဖြူတို့အပြန်အလှန် စကားတွေပြောနေတာကို စိမ့် ငေးငေးလေး ကြည့်နေမိ၏။ ပြီးတော့ စိတ်ထဲမှာလည်း အတူးအဆန်းလို ခံစားနေရသည်။ အရင်တုန်းက မတည့်သည့်နှစ်ယောက် တည့်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း မြန်ဆန်လိုက်တာ။ စိမ့်ကိစ္စမှာ ဖြူက ငြင်းဆိုပေးခဲ့တာကြောင့်ပဲ မောင် ဖြူ့ကို ကြည်ဖြူသွားတာ ထင်သည်။ ဘာပဲဖြစ်ဖြစ် ဖြူနှင့်မောင် ပြေလည်သွားတာလည်း ဝမ်းသာစရာပါပဲ။

"စိမ့် အဲဒီနေ့ကျ စိမ့်ပါ လိုက်ခဲ့နော်"

"ဟင့်အင်း မလိုက်ချင်ဘူး မောင်၊ ကဗျာတို့ နုဒီတို့နဲ့ စိမ့်က သိပ်အဆင်ပြေတာ မဟုတ်ဘူး"

"ဟာ ဘာဆိုင်လဲကွာ၊ မောင်နဲ့အတူလိုက်ခဲ့ပေါ့"

"ဟုတ်သားပဲ စိမ့်ရဲ့၊ ငါလည်း လိုက်မှာပဲလေ၊ ပြီးတော့ နင်က ရတုရဲ့ အဖော်အဖြစ် လိုက်ရမှာပဲ ကောင်းပါတယ်"

ဖြူ ကိုယ်တိုင်က ဝင်ပြောတော့ စိမ့် တွေခနဲ ဖြစ်သွားရ၏။ ကဗျာတို့ နုဒီတို့ မျက်နှာတွေနှင့် မဆုံချင်ပေမယ့်လည်း . . .

မောင့်ရဲ့ချစ်သူတစ်ယောက်အဖြစ် ကဗျာတို့ နုဒီတို့နှင့်ဆုံရမည့် ပွဲကိုတော့ စိမ့်လိုက်သင့်သည် ထင်သည်။

ဒါမှ ရတုဝိုင်ဆိုတာ စိမ့်ချစ်သူလို့ ကြေညာသည့် သဘောဖြစ်မည်။

စိမ့် ခေါင်းညိတ် သဘောတူကြောင်းပြလိုက်တော့ မောင့်မျက်နှာ ဝင်းပ ကြည်လင်သွားခဲ့သည်။ ရတုဝိုင်ဆိုသော မောင့် ရဲ့ချစ်သူဖြစ်ခွင့် ရခြင်းက စိမ့်အတွက်တော့ ကံကောင်းခြင်းပါပဲ။

ဒါကို ကဗျာတို့ နုဒီတို့သည်း ဝန်တိုနိုင်သည်။ စိမ့်အတွက်တော့ တကယ်ဂုဏ်ယူစရာပါပဲ။

■ ■ ■



## အခန်း (၂၀)

သီဟနှင့် ကဗျာချစ်သူတွေ ဖြစ်သည့်အထိမ်းအမှတ်အဖြစ် ဟိုတယ်တစ်ခုမှာ နေ့လယ်စာကျွေးမွေးသည်။

ရတုဝိုင်နှင့် ယှဉ်တွဲပါလာသော စိမ့်စမ်းလက်ိုမြင်သည်နှင့် ကဗျာ၊ နုဒီနှင့် ရှင့်မင်းတို့မျက်နှာတွေ တစ်မျိုးဖြစ်ကုန်သည်။

ဒီလိုအခြေအနေတွေ ကြုံဆုံလာမည်ဆိုတာ ထည်သိပြီးဖြစ်သည်။ ရတုဝိုင်ကလည်း ရိပ်မိပြီးထင်၏။ စိမ့်ကတော့ ရတုဝိုင်လက် မောင်းကို တင်းတင်းလေးဆုပ်ကိုင်ရင်း အပြုံးလေးတွေ ဖန်ဆင်းထားသည်။

မျက်နှာလေးကို လှပနုညက်နေအောင် စိမ့်ပြင်ဆင်လာသလို ဝတ်ဆင်ထားသော ကြက်သွေးရောင် ဝတ်စုံတောက်တောက်လေးကလည်း ပေါ်လွင်နေသည်။

အားလုံးမိတ်ဆက်ကြတော့ ကဗျာနှင့်နုဒီတို့ ရတုဝိုင်ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ကို အပြုံးနှင့် ဟန်မပျက်ရှိကြသည်။ ဘာပဲဖြစ်ဖြစ် ဟန်ဆောင်ဆက်ဆံပေးခြင်းအတွက်လည်း ကဗျာတို့ကို ကျေးဇူးတင်မိ၏။

ပွဲလေးကတော့ တကယ့်ကိုပျော်စရာ ကောင်းသွားတာတော့ အမှန်ဖြစ်သည်။ သီဟနှင့်ကဗျာ၊ ရဲမက်နှင့်ရှင်မင်းသူ၊ နဒီကလည်း ကိုမြတ်နောင်ဆိုသော ချစ်သူနှင့်ဖြစ်နေ၏။

အားလုံးထဲမှာ အတွဲမပါသူဆို၍ ထည်နှင့်ကေသွယ်ပဲရှိသည်။ ကေသွယ်သာမပါလျှင် ထည်တစ်ယောက်တည်း အူတူတူဖြစ်နိုင်လောက်၏။

အခုလည်း အတွဲမရှိသော ထည်နှင့်ကေသွယ်ကတော့ အားလုံးနောက်ပြောင်စရာ ပစ်မှတ်ဖြစ်နေသည်။

''ဖြူလေးနှင့်ကေသွယ် နင်တို့အသက်တွေလည်း မငယ်ကြတော့ဘူးနော် ရှေ့ရေးကိုစဉ်းစား''

''ဘာရှေ့ရေးလဲ သီဟရဲ့''

''ဒါတောင် မသိဘူးလားကေသွယ်ရယ် ညံ့ပုံ။ ဒါကြောင့်လည်း နင်အခုချိန်ထိ မစွံတာ''

''မသာကောင် ဘာစကားပြောတာလဲ''

''အား သေပါပြီ နာတယ်ဟ အား''

''နာအောင်လုပ်တာ တဆိတ်ရှိ ငါနဲ့ဖြူကိုပဲ နင်တို့နှိပ်ကွပ်နေတယ် ငါ ထပ်ဆွဲလိမ်လိုက်ရ''

နောက်တစ်ခါ ကေသွယ် ဆွဲလိမ်မို့လက်ရှယ်တော့ သီဟ လွတ်အောင်ရှောင်ရင်း ကဗျာဘက်လှည့်ကြည့်ကာ

''သူ့ကိုတော့ ကဗျာ နားလည်ခွင့်လွှတ်လိုက်နော်၊ သူက





သိတဲ့အတိုင်းပဲ မဟုတ်လား၊ ကိုယ်တိုင်က မစွံတော့ စွံတဲ့သူတွေကို မနာလိုဖြစ်နေတာ''

သီဟကလည်း သီဟပါပဲ မျက်နှာပြောင်စပ်စပ်နှင့် ထပ်ပြီးစနောက်နေတော့ ကေသွယ် မျက်မှောင်ကြီးကုပ်ကြည့်ရင်း

''နေစမ်းပါဦး သီဟ နင်ကလည်းအခုမှ ချစ်သူလေးတစ်ယောက်ရတာ ရက်ပိုင်းလေးပဲရှိသေးတယ်၊ ဘာတွေအာသားယူ ပြောနေတာလဲ၊ ကြည့်လို့မရဘူး၊ ဒီလိုမှန်းသိရင် အဖြေမပေးသေးဖို့ ကဗျာကို တိုးတိုးတိတ်တိတ် ကြိတ်မှာထားပါတယ်''

''နင် အဲဒီလိုစိတ်ပုတ်လို့ ချစ်သူတစ်ယောက်မှ မရသေးတာ''

''အံမယ် နင်က ဘယ်နှစ်ယောက်တောင် ရဖူးလို့လဲ''

ကေသွယ်မျက်စောင်းထိုးကာ ပြောတော့ သီဟ မျက်နှာကြီးဖြကာရယ်လျက် ကဗျာကို လက်ညှိုးထိုးပြနေ၏။

သီဟနှင့်ကေသွယ်တို့ကိုကြည့်ကာ အားလုံးရယ်မိကြသည်။

စကားများလွန်းသည့် ကဗျာကလည်း အခုတော့ ရှက်ကိုးရှက်ကန်းပုံစံလေးနှင့် ခေါင်းငုံသမီးလေး လုပ်နေသည်။

မိအသဘောတူ၍ ယူရမည်ဆိုသော ရဲမက်မျက်နှာကလည်း ပျားတွေ အုံလွဲ့မှာတောင်စိုးရ၏။ သတို့သမီးလောင်း ရှင်မင်းသူမျက်နှာကို တစိမ့်စိမ့်ကြည့်နေသည်။

စိမ့်ကတော့ ချစ်သူ ရတုပိုင်အနား တိုးတိုးကပ်ကပ်ထိုင်ကာ မျက်နှာလေးပြုံးနေ၏။ ရတုပိုင်ကတော့ မျက်နှာတည်တည်နှင့် ငြိမ်သက်နေသည်။

ရဲမက်ချစ်သူ ရှင်မင်းသူဆိုတာ ဒီနေ့မှ အားလုံးနှင့်ဆုံတွေ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ရှင်းရှင်းနီးနီး မနေတာထားတော့၊ ရတုဝိုင်ကတော့ ဘာလို့တည်နေတာလဲမသိ။

ဘာတွေပြဿနာရှိနေသည်လဲဟု ထည် တွေးနေမိသည်။ ရတုဝိုင်နှင့် ထည့်ကြားမှာလည်း၊ အရင်လိုပြဿနာရှိတာ မဟုတ်တော့ပါ။

ဘာကြောင့် ရတုဝိုင် မျက်နှာက တည်တည်ကြီးဖြစ်နေတာလဲ။ စိမ့်ကလည်း ကိုယ့်ချစ်သူမျက်နှာကို အကဲခတ်မတတ်လိုက်တာ။

"သီဟ နင့်ပါးစပ်ကို ပိတ်လိုက်နော်၊ မပိတ်လို့ကတော့ ကဗျာကို ငါ ထောင်လိုက်ရင် နင်ဘာဖြစ်သွားမယ်ထင်သလဲ"

"အိမယ် နင်မဟုတ်တာရတ်တွေ လျှောက်မပြောနဲ့ ကေသွယ်၊ ထောင်ရအောင် ငါကဘာမဟုတ်တာတွေ လုပ်ထားလို့လဲ"

"ဒါတော့ နင်ဟာနင် သိမှာပေါ့"

သီဟနှင့်ကေသွယ်တို့ စကားတိုက်ပွဲက အဆုံးမသတ်သေးပါ။ အားလုံးကလည်း ပြုံးစစမျက်နှာတွေနှင့် နားထောင်နေကြဆဲ။

"နင်နော် ကဗျာတစ်မျိုးထင်အောင် လျှောက်ပြောမနေနဲ့ ငါ့ကို အနိုင်ရပြီးရော ပြောနေတာမဟုတ်လား"

ကေသွယ် ဘာမှမပြောဘဲ အချိုပွဲထဲက ပန်းသီးစိတ်လေးတွေကို ယူစားနေသည်။

သီဟ မျက်နှာကြီးက ကဗျာကိုကြည့်လိုက်၊ ကေသွယ်ကိုကြည့်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေရှာသည်။ အခုမှ ရထားသော ချစ်သူလေးတစ်မျိုးထင်မှာစိုးပြီး သီဟ ရှုံးရှုံးရှဲရှဲ ဖြစ်နေ၏။

"သီဟ အမှန်တရားဆိုတာ ရေရှည်ဖုံးကွယ်လို့မရဘူး"

ရဲမက်က ခပ်တည်တည်နှင့် ဝင်နောက်သည်။ ကေသွယ်က





လည်း အခွင့်သာတုန်း ဖိထောင်းသည်။

"မဟုတ်တာလုပ်ထားရင် ဒီလိုပဲ ပုပ်တော့နံလာမယ်၊ ဟုတ်တော့ကျော်လာမှာပဲလေ"

"ဟော့ ဟော့ နင့်တို့အားလုံးတော်ကြနော်၊ ကဗျာတစ်မျိုးထင်ရင် ငါဘယ်သူ့ကိုမှ ညှာမှာမဟုတ်ဘူးနော်၊ ကဗျာ သူတို့ပြောတာတွေ မယုံနဲ့နော် ဒါ မောင့်ကို သက်သက်မနာလိုဖြစ်နေကြတာ"

"နားကြားပြင်းကပ်လိုက်တာ သီဟရယ်၊ ရုပ်ကြမ်းကြီးနဲ့ နွဲ့မနေစမ်းပါနဲ့"

ရဲမက် နှိပ်ကွပ်လာတော့ သီဟ တိုက်ကွက်တွေ ရဲမက်ဆီ လမ်းကြောင်းပြောင်းကုန်သည်။

"သူများမပြောနဲ့၊ မင်းကျတော့ကော ကိုယ်တိုင်မစွံလို့ မိဘရှာပေးလို့ ရည်းစားလေးရတာများ လေကြီးလေကျယ်ပြောနေတယ်၊ ရှင်မင်း နင့်ကိုတော့ အားနာပါတယ်ဟာ"

ရှင်မင်းသူ မျက်နှာလေး ပြုံးကာ ခေါင်းလေးညိတ်ပေမယ့် ရဲမက်မျက်နှာကြီးကတော့ ရဲရဲနီနေပြီ။ ရွတင်းတင်း မျက်ဝန်းတွေနှင့် သီဟကိုကြည့်နေ၏။ သီဟက မျက်နှာပိုးမသတ်ဘဲ ကဗျာကို ပန်းသီးစိတ်လေး ခွံကျွေးကာ ရဲမက်နှင့်ကေသွယ် အမြင်ကပ်အောင် သည်းသည်းလှုပ်ပြနေသည်။

ဘာပဲဖြစ်ဖြစ် ကဗျာနှင့်သီဟတို့ပွဲလေးကတော့ အားလုံးအတွက် ပျော်စရာတော့ ကောင်းပါသည်။

ပျော်ကြ နောက်ကြပေမယ့် ဘယ်သူမှ စိတ်မဆိုးကြဘဲ ရယ်မောစရာကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်နေတတ်သော သီဟနှင့်ကဗျာ လိုက်ဖက်ပါသည်။ သီဟရဲ့မိဘမျိုးရိုးကလည်း ပြောစရာမလိုသလို သီဟကိုယ်တိုင်ကလည်း လူတော်တစ်ယောက် ဖြစ်၏။

သီဟ ချစ်သူမထားဖူးသေးသလို ကဗျာက ချစ်သူမရှိသေးပေမယ့် ယောကျ်ားလေးမိတ်ဆွေများသည်။ ကဗျာ့ပုံစံက ချစ်သူကို ဇကာစစ်ချပြီး ရွေးနေတာမျိုးဖြစ်သည်။

သီဟကိုတော့ အားလုံးထဲမှာ အကြိုက်ဆုံးဖြစ်သွားပုံရှိ၏။

စားသောက်ပွဲလေး ပြီးဆုံးတော့ လမ်းခွဲလိုက်ကြသည်။ စိမ့်က ထည်နှင့်ပဲ အတူပြန်လိုက်ခဲ့သည်။ ရတုပိုင်က နှုတ်ဆက်ကာ တစ်ယောက်တည်းပြန်သွားခဲ့သည်။

စိမ့်မျက်နှာလေးက ကြည်နူးအပျော်လေးတွေ မပျက်ယွင်းသေးဘဲ ထည်ကို ပြောလာ၏။

"တကယ် ပျော်စရာပဲနော် ဖြူလေ။ ကဗျာနဲ့သီဟက လိုက်ဖက်ညီပါတယ်၊ သူတို့ တကယ်ချစ်ကြပုံပဲ"

"အင်း အဆင်ပြေမှာပါ၊ ဒါနဲ့ ရတုပိုင်က နင့်ကို ဘာပြောသေးလဲ စိမ့် လက်ထပ်ဖို့ကိစ္စလေ"

"ဟင့်အင်း ဘာမှမပြောသေးဘူး ဖြူ"

စိမ့်မျက်နှာပေါ်က အပြုံးရိပ်လေးတွေ ပျောက်ကာ ညှိုးရိပ်လေးနှင့် ဆိုသည်။

"သူ့ဘက်က သဘောမတူဘူးထင်ပါတယ် ဖြူရယ်၊ မောင့်မျက်နှာလည်း ရွှင်ရွှင်ပြုံးပြုံး မရှိဘူး"

ထည် မေးလိုက်မိတာကိုတောင် နောင်တရချင်သည်။ စိမ့်ရဲ့





အပျော်လေးတွေကို ဖျက်ဆီးသလို ဖြစ်သွားခဲ့ပြီ။

"ဘာပဲဖြစ်ဖြစ် ရတုပိုင်က အဓိကပဲ စိမ့်၊ နင့်ကိုချစ်လို့ ကဗျာတို့ နဒီတို့ရှေ့မှာ ပွဲထုတ်ပြတာပဲလေ"

"မောင့်ကို ငါ နားလည်ပါတယ်၊ ဒါပေမဲ့ မောင့်မျက်နှာက သိပ်မရွှင်လန်းဘူးလေ၊ တို့နှစ်ယောက် အနာဂတ်က သိပ်မငြိမ်းချမ်းဘူး"

"နင် ဘာမှတွေးပူမနေနဲ့ စိမ့်၊ နောက်ဆုံး သူ့မိဘတွေ လက်မခံလည်း ရတုပိုင် ခေါ်ရင် နင်လိုက်သွား၊ ရတုပိုင်ကလည်း နင့်ကိုပြောပြထားတာပဲ၊ ဘယ်မိဘမဆို သားသမီးကို ပစ်မထားပါဘူး၊ ဦးလေးအောင် စိတ်ဆိုးလည်း ခဏပေါ့၊ မေမေတို့ပြောရင် ရမှာပါ၊ ဒီတော့ စိတ်ဆင်းရဲစရာတွေ တွေးမနေနဲ့တော့ ပျော်ပျော်နေစမ်းပါဟယ်"

"အင်းပါ ဖြူရယ်၊ နင့်ကြောင့်ပဲ ငါ အင်အားတွေရှိနေပါပြီ"

အားငယ်တတ်သော စိမ့်ကိုတော့ ထည် အားတွေပေးချင်ပါသည်။ ဖြစ်နိုင်လျှင် အခုလို အဆင်မပြေမှုတွေ စိမ့်ကို မကြုံစေချင်ပါ။

ရတုပိုင် မိဘတွေကသာ စိမ့်ကို ကြည်ဖြူလျှင် ဘယ်လောက်ကောင်းမည်လဲ။

ရတုပိုင်နှင့်စိမ့်ကို စိတ်သောကတွေ ကင်းစင်အေးချမ်းစေချင်၏။ ဒါ ထည့်ရင်ထဲက ဖြစ်စေချင်သော ဆန္ဒအရင်းခံပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ဒီတနင်္ဂနွေ နားရက်လေးတော့ အိမ်မှာပဲ နေတော့မည်ဟု ထည်ဖေကာ စိမ့်ပါ တိုင်ပင်ထားကြသည်။ မေမေကလည်း ရွှေတောင် ခေါက်ဆွဲလုပ်ကျွေးမည် ဆို၏။

ဒါပေမဲ့ မနက်စောစောစီးစီး ဆက်လာသော ကဗျာဆီက ဖုန်း ကြောင့်ပဲ အစီအစဉ်တွေ ပျက်ကုန်ရတော့၏။

"ကိစ္စတစ်ခု ပြောစရာရှိလို့ နင် လာခဲ့ပါလား ဖြူ"

"အရေးကြီးလို့လား၊ ငါတို့ ဒီနေ့ ရွှေတောင်ခေါက်ဆွဲလုပ်စား ကြမလို့ နင်လာခဲ့ပါလား ကဗျာ"

"လာလို့မရဘူး ထည်၊ နင် လာခဲ့ပါ။ အရမ်းအရေးကြီးတယ်"

"ဘာကိစ္စမို့လဲ ကဗျာရယ်"

"ဖုန်းနဲ့ပြောလို့ မရတဲ့ကိစ္စမို့ပေါ့၊ ပြီးတော့ ဒီကိစ္စက စိမ့်စမ်းလ ကိစ္စ"





"ဘာရယ် စိမ့်ကိစ္စ"

"ဟုတ်တယ် သူ့ကိုမခေါ်ခဲ့နဲ့နော်၊ သူ ပါလို့မရဘူး"

ကဗျာ ဘာကိုဆိုလိုတာလဲ။ ဘာတွေပြောချင်တာလဲ ဆိုတာ ထည် စိတ်ဝင်စားသွားမိသည်။ စိမ့်ကိစ္စဆိုတာကြောင့်လည်း ဖြစ်သည်။ စိမ့်ကို ခေါ်မလာနှင့်ဆိုတော့ နားမလည်နိုင်။

"ကဲပါ ဖြူရယ် နင် အခုထွက်ခဲ့၊ ငါ အိမ်ကစောင့်နေမယ် ဟုတ်လား လာဖြစ်အောင် လာခဲ့နော်"

ပြောပြီး ကဗျာ ဖုန်းချသွားခဲ့သည်။ ဘာရယ် အသေအချာ မသိသေးပေမယ့် စိမ့်ကိစ္စဆိုတာကြောင့်ပဲ ထည် ဇိတ်က သိချင်နေပြီ။

မနက်က ရေမိုးချိုးပြီးပြီမို့ အဝတ်အစားကိုပဲ အမြန်လဲလိုက် ရသည်။ ပြီးတော့ မီးဖိုခန်းဘက် လှမ်းခဲ့လိုက်သည်။

မီးဖိုထဲမှာ မေမေနှင့်အတူ ဝိုင်းဝန်းကူညီပေးနေသော စိမ့်ပါ ရှိနေသည်။

"ဟင် ဖြူ ဘယ်သွားမလို့လဲ"

"ကိစ္စလေး တစ်ခုရှိလို့ စိမ့်၊ မေမေ သမီး ကဗျာတို့အိမ် ခဏ သွားမလို့"

"ဟင် ဘာကိစ္စမို့လဲ သမီးရဲ့၊ ဒီမှာ မေမေတို့ ခေါက်ဆွဲကြော် ရွှေတောင် ပြင်ဆင်နေပြီ"

"ခဏလေးပါ မေမေ၊ သမီး မီအောင် ပြန်လာမှာပါ၊ ကဗျာရဲ့ ကိစ္စတစ်ခု အရေးကြီးလို့ပါ"

"စိမ့်လေးကိုပါ ခေါ်သွားမှာလား သမီး"

"ရတယ်လေ စိမ့် နေခဲ့လိုက်ပါ၊ သမီးပဲ သွားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး အတူလက်ဆုံစားရအောင်တော့ ပြန်ခဲ့လိုက်နော် သမီး"

ထည် ခေါင်းလေးပဲညိတ်ပြလိုက်ကာ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီကို ထွက်ခဲ့လိုက်သည်။ ကဗျာတို့ အိမ်ဘက်ကို မောင်းလာသည့် တစ်လမ်းလုံး သီချင်းစိတ်တွေက ပြင်းပြနေခဲ့သည်။

ဧည့်ခန်းထဲမှာ အဆင်သင့် ကြိုစောင့်နေသော ကဗျာက ထည် ကားထိုးရပ်သည်နှင့် ထွက်လာတာမို့

"ဘာတွေများ ဒီလောက် အရေးတကြီး ဖြစ်နေလို့လဲ ကဗျာ"

"ကြီးတယ် ကျေးဇူးရှင်ရေ၊ အရမ်းကိုကြီးတယ်၊ ငါတို့ အခု ရှင်မင်းသူ့ အိမ်သွားကြမယ်"

ကားတံခါးဖွင့်တက်ထိုင်သော ကဗျာကို နားမလည်နိုင်သော မျက်ဝန်းတွေနှင့် ထည် ကြည့်မိ၏။

"ရှင်မင်းသူ ဆိုတာ ရဲမက် ကောင်မလေးလား"

"ဟုတ်တယ်လေ ငါတို့ ဆုံဖူးပြီးသားပဲ"

တစ်ခါပဲ ဆုံဖူးသော ရှင်မင်းသူနဲ့ကဗျာ ဘယ်လောက်သိကျွမ်းနေပြီလဲ။ ထည် ကားလေးကို မောင်းထွက်ရင်း

"ရဲမက် မိတ်ဆက်ပေးလို့ တစ်ခါပဲ ဆုံဖူးသေးတယ်၊ ငါတို့က ဘာကိစ္စသွားကြမှာလဲ ကဗျာ"

"အလည်သွားတာမဟုတ်ဘူး၊ အရေးကြီးကိစ္စ ပြောစရာရှိလို့ သွားမှာ ကဲပါ ဖြူရယ်၊ နင့်ကိုငါ သွားရင်း ရှင်းပြမယ်၊ အသေအချာ နားထောင်"

ကဗျာ့စကားကို နားစွင့်ထားရင်း ကားလေးကို ထည် ဂရုစိုက်





မောင်းနှင်ခဲ့လိုက်သည်။

"အဖြစ်ကတော့ အရမ်းတိုက်ဆိုင်နေတယ် ဖြူလေးရေ"

"ဘာတွေ တိုက်ဆိုင်တာလဲ၊ အသေအချာ ရှင်းပြစမ်းပါ ကဗျာရယ်"

စကားလုံးတွေနှင့် အစပျိုးနေသော ကဗျာကို စိတ်မရှည်နိုင်စွာ ထည် ပြောလိုက်မိသည်။

"အေး ပြောရရင် ဒါ စိမ့်စမ်းလရဲ့ ပြဿနာ၊ ရှင်းရှင်းပြောရရင် ဦးဗညားနိုင်နဲ့ စိမ့်စမ်းလတို့ရဲ့ ပတ်သက်မှုပဲ"

ထည် မျက်လုံးတွေ ဝိုင်းစက်ကာ ကဗျာကို ကြည့်လိုက်မိသည်။ စိမ့်ရဲ့ပြဿနာဆိုတာ ဒါလား။

"ဖြူ ကားကို ဂရုစိုက်မောင်းလေ"

ကဗျာ သတိပေးမှ ရှေ့ကို အာရုံပြန်ထူးစိုက်ရင်း ထည် ကားကို စက်ရှိန်လျှော့ချပြီး မောင်းလိုက်သည်။

"နင် ဘာဖြစ်လို့ ဒီလောက် သွေးပျက်သွားရတာလဲ ဖြူ၊ နင် ကားမောင်းနေတယ်ဆိုတာ သတိထားဦးမှပေါ့၊ နှစ်ယောက်စလုံး ကိုယ်နဲ့မဆိုင်တဲ့ကိစ္စနဲ့ မာလကီးယားကုန်ဦးမယ်၊ အင်း နင်က စိမ့်စမ်းလ အတွက်ဆို နင့်ကိုယ်နင်ထက်တောင် အလေးထားလွန်းနေတယ် ဖြူ"

စိမ့်နဲ့ပတ်သက်ပြီး ကဗျာရဲ့ အထေ့အငိ စကားတွေကို အခုချိန်မှာ ထည် ဂရုမစိုက်နိုင်ပါ။ စိမ့်ရဲ့ကိစ္စကြီးက ထည့်ကို တုန်လှုပ်ချောက်ချားသွားစေတာတော့ အမှန်ပဲဖြစ်သည်။

"ငါ ဆက်ပြောရမှာလား ဖြူ၊ နင် အရမ်းစိတ်လှုပ်ရှားနေတယ်ဆိုရင် ကားကို ဆက်မမောင်းနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ကဗျာ ရိုသွဲ့သွဲ့ပြောနေတာကို ဒီအချိန်မှာ အလေးမထားနိုင်ပါ။ တကယ်လည်း ထည့်စိတ်တွေ လှုပ်ရှားလွန်းနေတာမို့ ကားကို လမ်းဘေးမှာပဲ ထိုးရပ်လိုက်သည်။

"ကဲ စိမ့်ကိစ္စဆိုတာ ပြောစမ်းပါ၊ ငါ ကြားရတာ မယုံနိုင်လို့"

"ဘာကို မယုံနိုင်တာလဲ၊ စိမ့်စမ်းလနဲ့ ဦးဗညားနိုင်ကိစ္စက နင်တို့အိမ်မှာပဲ ဖြစ်သွားခဲ့တာမဟုတ်လား။ နင် စိမ့်စမ်းလအတွက် သိုဝှက်ပေးထားတာဆိုတာ ငါ နားလည်နေတယ်"

ကဗျာက အသေအချာသိနေပုံနှင့် အပိုင်ပြောနေတော့ ထည့် နှုတ်ဆိတ်ကာ ငြိမ်သက်နားထောင်နေလိုက်သည်။

"ဒီမှာဖြူ ဦးဗညားနိုင်ဟာ လွန်ခဲ့တဲ့ ခုနစ်နှစ် ရှစ်နှစ်လောက်က လေးလေးခန့် လက်အောက်မှာ အလုပ်လုပ်ခဲ့တယ်၊ နင်တို့အိမ်မှာ အဝင်အထွက်ရှိခဲ့တယ်ဆိုတာ ဟုတ်လား"

ကဗျာ အတိအကျသိနေတာတော့ သေချာပြီ။ ဒီကိစ္စကြီးကို ဘယ်သူက ပြန်ဖာတ်လမ်းအစ ရှာခဲ့တာလဲ။ ဒီပြဿနာကြီးက မေ့နိုင်သောကိစ္စမဟုတ်သော်လည်း ထည့်တို့အားလုံးမေ့ထားကြသည့်အတွက် မေ့ပျောက်နေပြီ။

ဒီအိမ်တွင်းရေးကိစ္စကြီးကို ကဗျာ သိအောင် ဘယ်သူပြောခဲ့တာလဲ။ စိမ့်တို့သားအဖနှင့် ထည့်တို့မိသားစုရယ် ကာယကံရှင် ဦးဗညားနိုင်သာ သိသည့်ကိစ္စကြီး။

"ကဗျာ"

"ဘာလဲ ဖြူ"

"နင် ဒီကိစ္စကို ဘယ်ကသိခဲ့တာလဲ"





ကဗျာ နှုတ်ခမ်းလေးတွေမဲ့ကာ ပြုံးသည်။ လှောင်ရိပ်ထင်သော အပြုံး။

"ရှင်မင်းသူ ဆီကပေါ့"

"ဘာရယ် ရှင်မင်းသူနဲ့ဦးဗညားနိုင်က ပတ်သက်မှုရှိနေလို့လား"

"ဒါကိုထားဦး ဒီကိစ္စကို နင် ဝန်ခံပြီလား"

"ငါက ဘာကိုဝန်ခံရမှာလဲ"

ကဗျာ မျက်နှာထားကို မနှစ်သက်တာမို့ ထည့် ခပ်မာမာပဲ ပြန်မေးမိသည်။

"စိမ့်စမ်းလနဲ့ ဦးဗညားနိုင်တို့ ပတ်သက်ခဲ့မှုကိုပေါ့ဟာ"

"ဒါ ကြီးကျယ်တဲ့ ပြဿနာမဟုတ်ပါဘူး ကဗျာ၊ ဘာမှမဟုတ်ခဲ့တဲ့ ကိစ္စတစ်ခုပဲ"

"ဘာမှမဟုတ်တဲ့ ကိစ္စဟုတ်လား ဖြူ၊ မိန်းကလေးတစ်ယောက်အတွက် ဖနီးမယားရှိတဲ့ မိန်းမတစ်ယောက်နဲ့ နက်နက်ရှိုင်းရှိုင်း ပတ်သက်ခဲ့မှုတော ဘာမဟုတ်တဲ့ကိစ္စလို့ ပြောမလား၊"

ကဗျာစကားတွေက ပြင်းထန်သည်။ စိမ့်စမ်းလကို မုန်းနေသော အမုန်းတွေက ချွတ်ယွင်းချက်ကြီးကို သိလိုက်တော့ ပိုလို့ရှုရှာနေတာ မျက်ဝန်းတွေက သက်သေတည်နေသည်။

"ဦးဗညားနိုင်ရဲ့မိန်းမက ဘယ်သူထင်လဲ ဖြူ၊ ရှင်မင်းသူရဲ့ အစ်မရင်းပဲ၊ ဒါကြောင့် စိမ့်စမ်းလကို ရှင်မင်းသူတို့ တစ်ဆွေမျိုးလုံးက ရွံရှာမုန်းတီးနေကြတာပဲ၊ ဘာလို့လဲဆိုတော့ နင်သိပါတယ်၊ နင့်ကိုငါ ပြောခဲ့ဖူးတယ်နော် ဖြူလေး၊ စိမ့်စမ်းလဟာ ကုတ်ကမြင်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လို့ အခုတော့ ထင်တဲ့အတိုင်းပဲ အပျိုတောင်ကောင်းကောင်း မဖြစ်သေးချိန်ကတည်းက သားကြီးမယားကြီးရှိတဲ့သူကို မေတ္တာမိုးတွေ ရွာသွန်းခဲ့တာ''

ကဗျာရဲ့စကားတွေကို ထည်ဘယ်လိုမှ ဆက်ပြီးမကြားရဲတော့ပါ။

''နှင် ထင်တာတွေ ရမ်းမပြောနဲ့ ကဗျာရယ်၊ ဦးဗညားနိုင်မှာ မိန်းမရှိမှန်း စိမ့်မသိခဲ့ရှာပါဘူး။ နောက်ပြီး ဦးဗညားနိုင်က စိမ့်ကို လိမ်ညာသိမ်းသွင်းခဲ့တာကြောင့်ပါ၊ စိမ့်ခမြာ ဘာမှအတွေ့အကြုံမရှိတော့ သာယာသွားမိတာလောက်ပါ''

''ဖြူ နှင်ဟာလေ အခုထိတောင် စိမ့်စမ်းလဘက်က ကာကွယ်နေတုန်းနော်၊ ငါနှင့်ကို ဘာမှမပြောချင်တော့ဘူး ရှင်မင်းသူနဲ့တွေ့မှ နှင် စိမ့်ဘက်က ကာကွယ်ပြီးငြင်းပေးပါ၊ ငါက ပွဲကြည့်ပရိသတ်ပဲ လုပ်တော့မယ် မောင်းတော့''

''ကဗျာ''

ထည်ခေါ်တော့ ကဗျာ မျက်မှောင်လေးကျုံ့ကာ လှည့်ကြည့်သည်။

''ရှင်မင်းသူက ဒီကိစ္စတွေကို ပြောလို့လား''

''ဘာလဲ နှင် ရှင်မင်းကို တောင်းပန်နှုတ်ပိတ်မလို့လား၊ သူ့အစ်မအိမ်ထောင်ရေးမှာ အနှောင့်အယှက်ကြီး ပေးခဲ့တဲ့ကိစ္စနော်''

''ငါ ပြောတာက ဒီကိစ္စကို ရတုဝိုင် သိသွားမှာကိုပါ''

ကဗျာ ခပ်မဲ့မဲ့လေးပြုံးကာ ထည့်ကို စူးစိုက်ကြည့်နေခဲ့တာ အတန်ကြာသည်။ ပြီးမှ





''ရတုဝိုင် စိမ့်စမ်းလကို မုန်းသွားမှာ နှင်စိုးရိမ်တယ်ပေါ့ ဟုတ်လား။ ငါကတော့ ဝမ်းသာတယ် ဖြူ။ ဘာမဟုတ်တဲ့ မိန်းမကို တန်ဖိုးတွေထားပြီး နှင့်ကိုတောင် မတူမတန်သလို ဆက်ဆံခဲ့တဲ့ ရတုဝိုင် ခံလိုက်ရတာပဲလေ နှင်မနာပေမယ့် ငါက နာတယ်သိလား၊ ကိုရဲမင်းနဲ့ ကိုသီဟကလည်း ရတုဝိုင်ရဲ့ ညီအစ်ကိုလို ချစ်ကြတဲ့ သူငယ်ချင်းအရင်းခေါက်ခေါက်တွေလေ သူတို့ သူငယ်ချင်းရတုဝိုင် နွားကျခံရမယ့် အဖြစ်ကိုတော့ သူတို့လက်ပိုက် ကြည့်နေမှာလား''

ထည့် ရင်ထဲမှာ ပူခနဲ ဖြစ်သွားသည်။ ကဗျာတွက်ပြတာလည်း မမှားနိုင်ပါ။ စိမ့်ကိစ္စကြီးက ရတုဝိုင် ကျိန်းသေသိတော့မည့် ပြဿနာကြီးပါပဲ။

စိမ့်ကတော့ ဘယ်လိုနေမည် မသိပါ။ ထည်ကတော့ ရင်တွေပူမောန်းသွားခဲ့တာ အသေအချာပါပဲ။ ဒါပေမဲ့ ကဗျာကိုတော့ ထည် စိမ့်ကိုယ်စား ဖြေရှင်းချက်တွေ ပေးနေမိဆဲ။

''မသိနားမလည်တဲ့အရွယ်မှာ ရည်းစားထားမိတာ အပြစ်ကြီးမဟုတ်ပါဘူး ကဗျာရယ်၊ စိမ့်ကို မုန်းတဲ့စိတ်နဲ့မတွေးဘဲ စာနာစိတ်လေးနဲ့ မိန်းမသားချင်း ကိုယ်ချင်းစာပေးပါလားဟယ်''

''စိမ့်စမ်းလနဲ့ ငါတို့နဲ့က ဘာမှမဆိုင်ပါဘူး ဖြူ၊ နှင်ကြားထဲက အဖြစ်သည်းနေလို့ ငါတို့က မုန်းသလို ဖြစ်နေရတာပါ၊ အခုကိစ္စမှာလည်း သမီးရင်းဖြစ်တဲ့ နှင်နဲ့ရတုဝိုင်ကိုပဲ ငါတို့ကြည်ဖြူတယ်၊ ကဲပါ ဒါတွေထားတော့ စိမ့်စမ်းလကိစ္စကို ငါတို့နားလည်ပေးလို့ရပေမယ့် ရတုဝိုင်က နားလည်ပေးနိုင်မလား မသိဘူး။ ဒါယောက်ျားတစ်ယောက်ရဲ့ ခွင့်လွှတ်နိုင်ဖို့ခက်ခဲတဲ့ ကိစ္စထင်တာပဲ၊ ကိုသီဟနဲ့ကိုရဲမင်းကတော့ ရတုဝိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောကြမှာပဲ”

“အဲဒါကို နင်တားပေးပါလား ကဗျာရယ်”

“ကိုသီဟက ငါ့ချစ်သူမို့ တားလို့ရတယ် ထားဦး၊ ကိုရဲမက်ကို ငါ တားလို့ရမလား ဖြူရဲ့၊ သူချစ်သူ ရှင်မင်းကလည်း စိမ့်စမ်းလက်ကို နာကျည်းနေတာလေ”

ဒီတစ်ခါတော့ ကဗျာဖြေရှင်းချက်တွေက မှန်ကန်လွန်းနေခဲ့သည်။ ဒီပြဿနာကြီးက ကဗျာကော ထည်ပါ ဖြေရှင်းကာကွယ်လို့ မရနိုင်ပါ။

ဖြစ်လာသော ပြဿနာကြီးကို စိမ့် ရင်ဆိုင်ရတော့မှာတော့ သေချာနေပြီ။ ထည် ပင့်သက်မောကြီးချမိ၏။

“ကဲ ငါတို့သွားရအောင် ဖြူ၊ ဟိုမှာ ကိုသီဟနဲ့ကိုရဲမက်လည်း ရောက်နေကြမှာ”

ထည် ခေါင်းညိတ်ကာ ကားလေးကို စက်နှိုးလိုက်ပါသည်။ ထိပ်တိုက်ရင်ဆိုင်ရတော့မည့် ပြဿနာကြီးကိုတော့ စိမ့်မကြုံခင် ထည် အရင် ရင်ဆိုင်ပေးချင်သည်။

ဒါ ရှောင်တိမ်းဖို့ မဟုတ်ပါ။ အမှန်တရားတစ်ခုကိုတော့ စိမ့် ကိုယ်စား ထည် ရှင်းပေးချင်သည်။

ဒါပေမဲ့ ရင်ထဲမှာတော့ မောဟိုက်ပင်ပန်းလွန်းနေတာ အမှန်။

■ ■ ■

ရှင်မင်းသူတို့ အိမ်ရောက်တော့ ခြံထဲကသစ်ရိပ်အောက်မှာ ရှိသော ခုံတန်းလေးတွေမှာ သုံးယောက်သား ထိုင်နေတာကို တွေ့သည်။

ရဲမက်က ထည်နှင့်ကဗျာတို့ကို ကားအနားထိ လာကြိုရှာသည်။





ရဲမက်မျက်နှာ မကောင်းတာတော့ ထည်သတိပြုမိ၏။

“လာကြ ကဗျာ၊ ခြံထဲမှာပဲ အေးအေးဆေးဆေးထိုင်ကြတာပေါ့”

ခြံထဲက ခုံတန်းလေးဆီကိုပဲ အတူလျှောက်ခဲ့ကြသည်။ သီဟနှင့် ရှင်မင်းသူတို့ မျက်နှာတွေလည်း မကောင်းကြပါ။ အမြဲပျော်ပျော်နေသော သီဟမျက်နှာက တည်နေ၏။

“ထိုင်ကြလေ ကဗျာ အအေးသောက်ကြပါဦး၊ အဖြူထည် ထိုင်လေ”

အိမ်ရှင်ဖြစ်သည့် ရှင်မင်းသူကတော့ ဧည့်ခံရှာသည်။ ကဗျာနှင့် ထည်တို့ စားပွဲဝိုင်းလေးဆီမှာ ချထားသော ပလပ်စတစ်ခုံလေးတွေမှာ ဝင်ထိုင်မိကြသည်။

အားလုံးက ဘယ်လိုစကားပြောရမှန်း မသိဖြစ်နေကြတာ အမှန်။

ကဗျာ သီဟကိုလှမ်းကြည့်သည်။ သီဟက မျက်နှာပူသလိုနှင့် ရဲမက်ကို လှမ်းကြည့်ပြန်သည်။ ရဲမက် ထည့်ကို အားနာသလိုကြည့်ရင်း

“အဖြူထည်ကို ဟို အဲ ကဗျာ ပြောပြပြီးပြီ ထင်ပါတယ်”

ရဲမက် စပေးတော့ ကဗျာကခေါင်းညိတ်ကာ ဝင်ဖြေရှင်းပြ၏။

“ဟုတ်တယ် ကိုရဲမက် ဦးဗညားနိုင်နဲ့ ပတ်သက်ခဲ့တဲ့ စိမ့်စမ်းလက်ကိစ္စကို ထည် သိပြီးပါပြီ၊ ဒါပေမဲ့ အဲဒီအချိန်က စိမ့်စမ်းလက ကလေးသာသာပဲရှိသေးတော့ စိတ်ကစား သာယာမိတဲ့ သဘောပါတဲ့”

“ဒါအမှန်ပဲ ထည် သိပါတယ်၊ ဦးဗညားနိုင် မကြာခဏ အိမ်ကို ဝင်ထွက်နေရင်း စိမ့်က စိတ်ကစားမိပြီး သာယာသွားတာပါ၊ ဒါပေမဲ့ အလွန်အကျွံ မဖြစ်ခဲ့ကြတာ ထည် ကျိန်ပြောရဲတယ်၊ ဒီပြဿနာတို့



www.burmeseclassic.com

www.burmeseclassic.com



သိသိချင်း ဖေဖေကိုယ်တိုင် အပြတ်ရှင်းခဲ့တယ်၊ ဦးဗညားနိုင်ကိုလည်း အိမ်ရိပ်တောင် နင်းခွင့်မပေးတော့ပါဘူး''

ထည့်စကားကို ရှင်မင်းသူ တွေတွေလေးနားထောင်နေရင်းက

''ဟိုတစ်လောက ကိုရဲမက် မိတ်ဆက်ပေးကတည်းက စိမ့်စမ်းလဆိုတဲ့ နာမည်ကြောင့် ရှင်မင်း တုန်လှုပ်ခဲ့ရတယ် အဖြူထည်၊ အဲဒီနာမည်က ရှင်မင်းတို့ အသိုင်းအဝန်းထဲမှာ မေ့လို့မရတဲ့နာမည်ပဲ၊ ကိုကြီးဗညားနဲ့ ပတ်သက်တဲ့ ဒီကိစ္စကြီးအတွက် မမကြီးနဲ့ထပ်တူ ရှင်မင်းတို့ တစ်မိသားစုလုံး ခံစားခဲ့ရဖူးတယ်၊ နောက်ဆုံး မမကြီးတို့ အိမ်ထောင်ရေးကြီး ပြိုကွဲခဲ့တဲ့အထိပေါ့၊ အခုထိ မမကြီးဆီမှာ သမီးလေးနဲ့ ကိုဗညားဆီမှာ သားလေးရှိနေတယ်၊ မမကြီးတို့ မိသားစု တကွဲတပြားဖြစ်ခဲ့ကြတဲ့ ကိစ္စကြီးပါ၊ ပြောရရင် တူတူမလေးတွေ ဝေးကွာနေရတဲ့အဖြစ်ဟာ စိမ့်စမ်းလကြောင့်လို့ပဲ ရှင်မင်း စိတ်နာနာနဲ့ မှတ်ယူထားရတယ်လေ၊ အခုချိန်ထိလည်း စိမ့်စမ်းလ ဆိုတဲ့ မိန်းမကို တို့မိသားစု စိတ်နာနေတယ်''

ရှင်မင်းသူ ရင်ထဲက ခံစားချက်တွေကြားရတော့ ထည် စိတ်မကောင်းဖြစ်မိသည်။ ပြိုကွဲခဲ့ရသည့် အစ်မဖြစ်သူ အိမ်ထောင်ရေးအတွက် ရှင်မင်းသူ ခံစားသင့်တာ နားလည်သည်။

ဒါပေမဲ့ ဒီပြဿနာမှာ တရားခံဖြစ်ရရှာသော စိမ့်ကိုလည်း စာနာစေချင်၏။

''ရှင်မင်း''

''ပြောပါ ဖြူလေး၊ ဘာပြောချင်လို့လဲ''

''တို့ပြောချင်တာ စိမ့်ကိုယ်စား ရှင်မင်းကို တောင်းပန်ပါတယ် ပြီးတော့ ဒီကိစ္စမှာ စိမ့်ကိုလည်း ရှင်မင်း နားလည်စာနာပေးပါ''





''အဖြူထည် ရှင်မင်း အဖြူထည်ကို ခင်မင်လေးစားပါတယ်၊ ဒါပေမဲ့ စိမ့်စမ်းလကို ဘယ်လို နားလည်ပေးရမှာလဲ၊ ဒါ မဖြစ်သင့်တဲ့ အမှားကြီးပါ၊ ဒီအမှားကြီးက တစ်ပါးသူရဲ့မိသားစုကို ပြိုကွဲသွားစေတဲ့ အထိ ကြီးမားခဲ့တာပါ''

''တကယ် ဝမ်းနည်းစရာပါ ရှင်မင်း၊ တို့ တကယ် စိတ်မကောင်းဘူး စိမ့်သိရင်လည်း အရမ်းစိတ်မကောင်းဖြစ်မှာပါ၊ ဒါပေမဲ့ အဲဒီတုန်းက ကိုဗညားနိုင်မှာ အိမ်ထောင်ရှိမှန်း စိမ့်ကော ထည်ပါ မသိခဲ့ကြပါဘူး၊ စိမ့်တို့ချိန်းတွေ့တာကို စိမ့်အဖေသိပြီးတော့မှ ပြဿနာတွေ ဖြစ်ကြတာ၊ မေမေပြောပြမှ ဦးဗညားနိုင်က မယားကြီးရှိတာ သိတယ်၊ စိမ့်ဆို ရှက်လွန်းလို့ ငိုနေခဲ့တာပါ၊ အခုထိလည်း အဲဒီကိစ္စကို စိမ့် နောင်တရနေတုန်းပဲ၊ ဒီတော့ ရှင်မင်းနဲ့ရဲမက် အားလုံးကိုတောင်းပန်ချင်တာ ဒီကိစ္စကို ရတုပိုင် မသိပါစေနဲ့''

''နောက်ကျသွားပြီ အဖြူထည်၊ မနေ့က ရတုပိုင်ကို ကိုရဲမက် အရိပ်အမြွက် ပြောပြီးပြီ၊ အသေအချာ ရှင်းမပြရသေးတာ၊ ရတုပိုင် အရမ်းခံစားရမှာစိုးလို့ပါ၊ ပြီးတော့ စိမ့်စမ်းလ ဆိုတာ ကိုကြီးဗညားနဲ့ ပတ်သက်ခဲ့သူ တကယ်ဟုတ် မဟုတ် မသေချာသေးလို့ပါ၊ ကဗျာနဲ့မေးကြည့်မှ သေချာပြီဆိုတာ သိတာ၊ ဒါကြောင့်လည်း အဖြူထည်ကို တို့ခေါ်အသိပေးတာပါ''

''ဟုတ်တယ် အဖြူထည်၊ ရတုကို ဖုံးထားလို့မရတာ အမှန်ပဲ ဘာကြောင့်လဲဆိုတော့ ဒါအမြဲဖုံးထားလို့ ရတဲ့ကိစ္စမှမဟုတ်တာ၊ နောက်ဆုံး ငါတို့မင်္ဂလာပွဲမှာတောင် မျက်နှာတွေ ပြန်ဆုံချင် ဆုံနိုင်တယ်၊ ဒီတော့မှ ရတုသိရင် ပိုဆိုးနိုင်တယ်၊ ကိုယ်က ဘယ်လိုသိုဝှက်ထားပေ



www.burmeseclassic.com

www.burmeseclassic.com



လဲ အဖြူထည်၊ ဒါကိုတော့ နားလည်ပေးပါ''

"ဟုတ်တယ် ဖြူလေး၊ နင်က စိမ့်ကို သနားလို့ ကာကွယ်ပေး စေချင်နေပေမယ့် ကိုရဲမက်နဲ့ကိုသီဟာဘက်က ကြည့်ဦးလေ၊ သူငယ်ချင်း အရင်းကြီး သိုဝှက်ထားသင့်သလား''

ကဗျာ ဝင်ပြောတော့ ထည် ဘာမှမပြောနိုင်ခဲ့ပါ။ အားလုံးရဲ့ စကားတွေက မှန်နေပြီပဲ။

"ရှင်မင်းလည်း စိတ်မကောင်းပါဘူး အဖြူထည်၊ တကယ်တမ်း စိမ့်စမ်းလနဲ့ရှင်မင်း မိသားစု ထိပ်တိုက်တိုးရင် မဖြစ်သင့်တာတွေ ဖြစ် ကုန်မှာ သေချာတယ်၊ ဒါကြောင့် ရှင်မင်းတို့မင်္ဂလာပွဲကို ရတုပိုင်နဲ့အတူ စိမ့်စမ်းလ လာလို့မဖြစ်ဘူး''

ရှင်မင်းသူ စကားက ပြတ်သည်။ မင်္ဂလာပွဲမှာ ပြဿနာတွေ ပိုမိုကြီးမားသွားမှာတော့ မဖြစ်သင့်ပါ။ ပြီးတော့ ရတုပိုင်ကို ထည် ပြောသလို လိမ်ညာထားလို့ ဘယ်လိုမှ မရနိုင်တာအမှန်။

"အကောင်းဆုံးက ဒါ ရတုပိုင် သိသင့်တယ်၊ ပြီးတော့ သူ့ စိတ်တိုင်းကျ ဆုံးဖြတ်ခွင့်ရှိတယ်၊ ဒါကြီးက အိမ်ထောင်ကျပြီးမှ သိရင် လည်း မဖြစ်သင့်ဘူး၊ ရတုပိုင် ခွင့်လွှတ်တယ်ဆိုရင် ပြီးပြီပေါ့''

သီဟာက ချင့်ချင့်ချိန်ချိန် ဝင်ပြောသည်။ ရဲမက်ကလည်း ထောက်ခံ၏။

"ဟုတ်တယ် သီဟာပြောတာ မှန်တယ်၊ ရတုပိုင်နဲ့စိမ့် နှစ် ယောက်ဆုံရှင်းပြတာ အကောင်းဆုံးပဲ၊ အဖြူထည် ဘာမှကြားမဝင်ဘဲ သူတို့ဘာသာ ရှင်းခွင့်ပေးလိုက်ပါဗျာ''

မှန်ကန်လွန်းနေသောစကားအတွက် ထည် ဘာမှငြင်းဆန်နိုင်





ပါ။ စိမ့်သာ ဒီပြဿနာကြီးကို သိသွားလျှင်တော့ ....။

တွေးကြည့်ရုံနှင့် ထည် ရင်ထဲမှာ လေးပင်သွားရသည်။ စိမ့် ခမြာ ချစ်ခြင်းမှာ ကံဆိုးလွန်းပါလား။

စိမ့်ရယ် နင့်ကိုငါ သနားလိုက်တာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မယုံကြည်နိုင်ခြင်း၊ တုန်လှုပ်ခြင်းတွေနှင့် ရင်တစ်ခုလုံး ဟာလာဟင်းလင်း ဖြစ်သွားခဲ့တာ အမှန်။ သူ့ကို ရူးစူးနစ်နစ် စိုက်ကြည့်နေသော ရဲမက် သီဟနှင့် ကဗျာတို့ မျက်ဝန်းတွေကိုလည်း ရင်ဆိုင်နိုင်စွမ်း မရှိခဲ့။

အံကို တင်းခနဲ ကြိတ်ရင်း မျက်ဝန်းတွေကို မှိတ်လိုက်တော့လည်း အာရုံထဲမှာ အရိပ်ထင်လာတာ စိမ့်မျက်နှာလေး။

ဖြူစင်မှု ရိုးသားမှုတွေနှင့် အမြဲတမ်း အားငယ်နေတတ်သော စိမ့်ရဲ့အတိတ်မှာ ဒီလို အကျည်းတန်စရာ အရိပ်ကြီးရှိနေသည်လား။

သူ မသိခဲ့။ မယုံနိုင်ခဲ့ပါ။ မယုံဘူးဟု ခေါင်းခါငြင်းပယ်လိုက်ချင်ပေမယ့် **ရဲမက်တို့** သီဟတို့က အသေအချာ ပြောပြနေခဲ့ပြီးပြီ။

"ရတု မင်း အရမ်းခံစားနေရသလားဟင်"

ရဲမက် လေသံမှာ သူ့ကို စာနာမှုတွေနှင့် တိုးလျှနေသည်။



သူငယ်ချင်းတွေအားလုံးကြားမှာ ရတုဝိုင် ဆိုသော သူသည် စာနာသနားစရာ သတ္တဝါတစ်ကောင် ဖြစ်နေပြီထင်ရဲ့။

"ဒီ ဒီအကြောင်းတွေ စိမ့် ငါ့ကိုဘာလို့ ကြိုမပြောရတာလဲ"

သူ ကတုန်ကယင်နှင့် မေးမိတော့ သီဟက

"ဒါတော့ကွာ ဒီလိုကိစ္စကြီးက မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့သက်ဆိုင်နေတယ်၊ ဒီတော့ မင်းကို ဘယ်လိုပြောထွက်မှာလဲ၊ အဲ တစ်ခုတော့ မင်းသိထားသင့်တာ အဲဒီတုန်းက စိမ့်စမ်းလအသက်က ငယ်ရွယ်သေးတယ်၊ ဆယ်တန်းကျောင်းသူပဲ ရှိသေးတယ်၊ ဦးဗညားနိုင်က အပြောကောင်းတယ်၊ ရုပ်ချောတယ်၊ ဒီတော့ စိတ်ကစားပြီး ပါသွားတာ မျိုးပေါ့"

"ဟုတ်တယ် ရတုဝိုင်၊ ဒီအတွက် ဖြူကလည်း အားလုံးကို စိမ့်ကိုယ်စား ရှင်းလင်းပြောပြပါတယ်၊ စိမ့်ရဲ့ပြဿနာကို ဖြူတို့မိသားစုက ကာကွယ်ပေးခဲ့ကြတာပါ"

ကဗျာကလည်း ဝင်ရှင်းပြနေသည်။ ဒါပေမဲ့ စိမ့်သည် အိမ်ထောင်ရှိယောကျ်ားတစ်ဦးနှင့် ချစ်ကြိုက်ဖူးသည်ဆိုသော အပြစ်ကြီးက သူ့ကို ထိတ်လန့်ချောက်ချားနေမိဆဲ ဖြစ်၏။

စိမ့်က ဆင်းရဲပေမယ့် ရိုးသားသည်။ ဖြူစင်သည်ဟု သူ ကြွေးကြော်ထားမိတာတွေအတွက် ရှက်နေမိသည်။ ဒီအကြောင်းတွေ သိသိလျှင်တော့ စိမ့်ကို ဘယ်လိုမှ လက်ခံမှာမဟုတ်တာ သေချာသည်၊

စိမ့် မသိနားမလည်စဉ်အရွယ်က အမှားကြီးတဲ့လား။ တကယ်ဆို ဒီစကားတွေကို စိမ့်ကိုယ်တိုင်က ဖွင့်ပြောလျှင်တောင် သူ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ခံစားတုန်လှုပ်မှာမဟုတ်ပါ။

အခုတော့ သူငယ်ချင်းတွေပြောမှ သိရသည့်အဖြစ်၊ ရဲမက်ရဲ့ ချစ်သူ ရှင်မင်းသူနှင့်ပတ်သက်ပြီးမှ သိရသည့်အဖြစ်က ဆိုးပါသည်။

"ငယ်ရွယ်တဲ့အချိန်မှာ ရည်းစားထားမိတာ အပြစ်တော့မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ ရှင်မင်းနဲ့ကလျှာကိုတော့ မင်း နားလည်ပေးပါ ရတု"

ရဲမက် ပြောမှပင် ရဲမက်ချစ်သူ ရှင်မင်းသူကို သူ ပြန်အားနာမိပြန်ပါသည်။ အားလုံးထဲမှာ မျက်နှာမပြရဲအောင် ဖြစ်ခဲ့သောအဖြစ်ကြီးကို သူ ဘယ်လိုမျက်နှာနှင့် ရင်ဆိုင်ရမည်လဲ။

"ကဗျာ ပြောချင်တာကတော့ ဖြူ့အပေါ်မှာ ဖြစ်နေတဲ့ သံသယတွေကို ရတုဘက်က ဖျောက်ဖျက်ပစ်လိုက်ဖို့ပဲ၊ ဖြူက စိမ့်ကို အရိပ်လိုစောင့်ရှောက်ပေးနေတာ၊ စိမ့် ဒီလိုအမှားကြီး ထပ်ရင်ဆိုင်ရမှာစိုးလို့ပါ။ ပြီးတော့ စိမ့်စမ်းလ အဖေက ဖြူမပါရင် စိတ်မချလောက်အောင် သူ့သမီးကို မယုံကြည်တော့တာ"

ကဗျာက သူနှင့်အဖြူထည်ကြားမှ အခြေအနေတွေကို သိထားသူပီပီ အဖြူထည်ဘက်က ဝင်ပြောသည်။

"အခုကိစ္စကိုလည်း ဖြူ သိတော့ ချက်ချင်း ရှင်မင်းတို့ ရဲမက်တို့နဲ့တွေ့ပြီး စိမ့်စမ်းလဘက်က ကာကွယ်ဖို့ ကြိုးစားတယ်၊ ရှင်းရှင်းပြောရရင် ရတုကိုတောင် ဒီကိစ္စကို သိုဝှက်ထားစေချင်တာ၊ ဖြူက အဲသလောက်အထိ စိမ့်ကို ချစ်ရှာတာ၊ ပြောရရင် ကဗျာတို့လို ညီအစ်မရင်းချာထက်တောင် စိမ့်စမ်းလကို ပိုမိုတယ်၊ ဒါကြောင့်လည်း ကဗျာတို့က စိမ့်ဆိုရင် အလိုလို မျက်မုန်းကျိုးနေတာ"





"ကိုယ် နားလည်ပါတယ် ကဗျာ၊ အရင်က အဖြူထည်အပေါ် နားလည်ရခက်ခဲ့ပေမယ့် နောက်ပိုင်းမှာ အဖြူထည် စိတ်ကို ပိုသိခဲ့တယ် နားလည်ခဲ့ပြီးသားပါဗျာ"

ရတု အမှန်အတိုင်းပဲ ဝန်ခံဖြစ်သည်။ တကယ်ဆို အဖြူထည်သည် နာမည်နှင့်လိုက်အောင် ဖြူစင်သူလေးဆိုတာ သူ သိခဲ့သည်။

စိမ့်ကတော့ သူ ကသိကအောက်ဖြစ်စေသော ပြဿနာကြီးနှင့် အခုတော့ စိတ်ကို ရှုပ်ထွေးစေခဲ့ပြီ။ ရဲမက်နှင့်ပတ်သက်သော ရှင်မင်းတို့မျက်နှာတွေကို ရင်ဆိုင်ဖို့တောင် ခက်ခက်ဖြစ်နေပြီ။

"ကဲ ရတု မင်းသိသင့်တာသိပြီဆိုတော့ ကျန်တာ မင်းဘာသာဆုံးဖြတ်ရမယ့်အပိုင်းပဲ၊ ငါတို့တော့ ဘာမှဝင်အကြံမပေးချင်ဘူး၊ ငါတို့က ညီအစ်ကိုလို ခင်မင်တဲ့ သူငယ်ချင်းတွေမို့ ပြောသင့်တာ ပြောတာပါ ငါတို့ပြန်မယ်"

သီဟက ပြောရင်း နှုတ်ဆက်တော့ ရတု ခေါင်းညိတ်ပြရင်း

"ကျေးဇူးတင်ပါတယ် သီဟ၊ ကဗျာကိုလည်း ကျေးဇူးတင်ပါတယ်"

"ရပါတယ် ရတုဝိုင်း၊ ဖြူလေးကို ရတု နားလည်ပေးသွားတာကိုပဲ ကဗျာ ဝမ်းသာပါတယ်"

ကဗျာနှင့်သီဟ နှုတ်ဆက်ပြန်သွားတော့ ကျန်ရစ်ခဲ့ကြတာ သူနှင့်ရဲမက် နှစ်ယောက်တည်း။

"ရတု သီဟပြောသလိုပဲ ဆုံးဖြတ်ရမှာတော့ မင်းအပိုင်းပါ၊ ငါလည်း ဘာမှဝင်မစွက်ပါဘူး"

"ငါ အခုချိန်မှာ စိမ့်နဲ့ပတ်သက်ပြီး ဘာမှမပြောတတ်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ရဲမက်ရာ၊ ငါ အရမ်းစိတ်တွေ ရှုပ်ထွေးနေတယ်''

''ငါ နားလည်နိုင်ပါတယ်၊ ပြောရရင် ဒီကိစ္စက ကြီးမားတဲ့ကိစ္စတော့မဟုတ်ပါဘူး၊ လူဆိုတာ အမှားနဲ့မကင်းပါဘူး၊ စိမ့်ဘက်ကကြည့်ရင် ဦးဗညားနိုင်မှာ ဖနီးမယားကြီးရှိမှန်းမသိတော့ သာယာမိမှာပေ့ါ၊ အဲ ရှင်မင်းတို့ဘက်ကကျတော့လည်း သူ့အစ်မမိသားစု ပြိုကွဲစေတဲ့ တရားခံလို့ မြင်နေမှာပဲ၊ ရှင်မင်း ပြဿနာနဲ့ မင်းပြဿနာက တစ်ကဏ္ဍစီလို့ ငါထင်တယ်၊ စိမ့်ကို မင်းခွင့်လွှတ်နိုင်လည်း ငါက မင်းကိုနားလည်ပေးပြီးသားပါကွာ''

နှစ်ဖက်တွေးဆချင့်ချိန်ပြီး ရဲမက် ပြောသည်။ ရဲမက်စကားကို ခေါင်းညိတ်လက်ခံရင်း သူ ထရပ်လိုက်၏။

''ကျေးဇူးတင်တယ် ရဲမက်၊ ငါ သွားမယ်ကွာ''

''မင်းဘယ်သွားမှာလဲ အိမ်ပြန်မှာလား''

''အင်း ငါ ပြန်မှာပါ''

''စိတ်ညစ်ပြီး ပေါက်ကရတွေ မလုပ်နဲ့နော် ရတု၊ ပြဿနာတစ်ခုကို အေးအေးဆေးဆေး သွေးအေးအေးထား ဆုံးဖြတ်ပါကွာ''

''ငါ သိပါတယ်ကွာ၊ အခုတော့ ငါ စိတ်ညစ်ညူးရှုပ်ထွေးနေလို့ပါ၊ ငါတစ်ခုခုတော့ ဆုံးဖြတ်မှာပါ''

ရဲမက်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ပေမယ့် အိမ်ကို မပြန်ချင်သေးပါ။ မွန်းကြပ်ပိတ်လှောင်နေသော စိတ်တွေနှင့် ကန်ဘောင်ဘက် ကားကို မောင်းခဲ့သည်။

ညနေခင်းမို့ ကန်ဘောင်မှာ လမ်းလျှောက်သူတွေ ထိုင်နေသော စုံတွဲတွေနှင့် အေးချမ်းနေ၏။





မအေးချမ်းနိုင်သောသူကတော့ လူမရှိသော ထိုင်ခုံလေးမှာ ဝင်ထိုင်ရင်း ကန်ရေပြင်ကို ငေးနေမိ၏။ လှိုင်းလေးတွေက လေပြည်အဝှေ့မှာပဲ ဂယက်လေးတွေ လှုပ်ခတ်စေ၏။

စိမ့်သည်လည်း သူ့အာရုံထဲမှာ အရိပ်ထင်လာသည်။ စိတ်အာရုံတွေ ရှုပ်ထွေးမွန်းကြပ်လျက်. . .။

ရဲမက်ပြောသလို တစ်ခုခုတော့ ဆုံးဖြတ်ရမည်၊ ဒီရက်အတွင်း သူ့စိတ်ကူးတွေထဲမှာ အစီအစဉ်တွေ ရှိနေခဲ့သည်။

စိမ့်ကိုလက်ထပ်ဖို့အတွက် မာမီ့ဘက်က သဘောမတူနိုင်တာ သေချာနေပြီမို့ နှစ်ယောက်ဘဝလေး တည်မည်၊ စိမ့်ကလည်း အလုပ်အကိုင်နှင့် ရှိနေသည်။

သူ့ကို ဒယ်ဒီကပါ လက်မခံလျှင် သူလည်း အလုပ်တစ်ခုရှာမည်။ နှစ်ယောက်ဘဝလေးက အဆင်ပြေမည်ဟု ထင်ခဲ့သည်။

ရင်ဆိုင်ရသမျှ အခက်အခဲတွေကိုလည်း သူ ရင်ဆိုင်မည်ဟု ဆုံးဖြတ်ထားခဲ့သည်။ အခုတော့ ထိုအစီအစဉ်တွေ ဘာတစ်ခုမှ အထမမြောက်သေးခင်မှာ မထင်မှတ်သော ပြဿနာကြီးက ဝင်လာပြီ။

ဒါကို အဖြူထည်လည်း သိနေသည်။ အဖြူထည်က စိမ့်ဘက်က အပြည့်အဝ ရပ်တည်ပေးနေသည်တဲ့။

စိမ့်အပေါ်မှာ ထားရှိသော အဖြူထည်ရဲ့မေတ္တာနှင့် သံယောဇဉ်ကတော့ ကြီးမားလွန်း၏၊ သူလည်း စိမ့်ကိုချစ်ပါသည်။ ဒါပေမဲ့ ဒီပြဿနာကို စိမ့် ဝန်ခံသင့်သည်။

စိမ့်ရဲ့ဖြေရှင်းချက်တွေကို သူ ကြားချင်သည်။

ဟိုးအရင်ကလိုပဲ စိမ့်ရဲ့ရိုးသားဖြူစင်မှုလေးတွေကို သူ ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးချင်သည်။

မှတ်မိနေသေးသည်။ စိမ့်နှင့်သူ အင်တာနက်မှာ ချက်တင်ထိုင်ရင်း စတင်ရင်းနှီးခဲ့ကြတာ ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်း မမြင်ဖူးပေမယ့် စကားတွေ ပြောဖြစ်ကြသည်။

W ဟု အမည်ဝှက်တင်ထားသော စိမ့်နှင့် Y ဟု နာမည်ဝှက်တင်ထားသော သူ ဖန်သားပြင်မှာစကားတွေ အများကြီးပြောဖြစ်ကြသည်။ သံယောဇဉ်တွေ နှောင်ဖွဲ့ခဲ့ကြသည်။

ဘယ်မိန်းကလေးကိုမှ မနှောင်တွယ်မိသော သူ့ပုံရိပ်လေးတောင် မမြင်ဖူးသော W အပေါ်မှာ စွဲလန်းနေခဲ့မိသည်။

ဒါကြောင့်လည်း မျက်နှာလေး မြင်ခွင့်တောင်းတော့ စိမ့်ဘက်က ငြင်းဆန်ခဲ့သည်။ သူမဘဝလေးက ဆင်းရဲသည်တဲ့။ သူမ ဖခင်ဘက်က ဒရိုင်ဘာတစ်ယောက်ဟု ဝန်ခံသည်။

ဒါပေမဲ့ သူမရဲ့မပြည့်စုံမှုတွေက သူ့ သံယောဇဉ်နှောင်ကြိုးတွေကို မဖြတ်တောက်နိုင်ခဲ့ပါ။

သူ အကြိမ်ကြိမ် ဆုံတွေ့ခွင့်တောင်းတော့ စိမ့်က လူချင်းဆုံတွေ့ခွင့်ပေးခဲ့သည်။ ပထမဆုံးသူတို့နှစ်ဦး ဆုံဖြစ်ကြသော နေ့လေးကို မမေ့သေးပါ။

ပန်းဆီရောင်ဝတ်စုံလေး ဝတ်ဆင်လာမည်ဆိုသော စိမ့်ကို ချိန်းဆိုထားသော ကော်ဖီဆိုင်လေးထဲမှာ သူ ရင်ခုန်စွာ ရှာဖွေကြည့်မိ၏။ သူကတော့ စိမ့်ကို မမြင်ဖူးသေးပေမယ့် စိမ့်ကိုတော့ သူ့နာမည် ရတုဝိုင်ဖြစ်ကြောင်း ပြောပြပြီးသလို သူ့ဓာတ်ပုံကိုလည်း ချက်တင်ထဲမှာ တင်ပြပြီးခဲ့ပြီ။





သူ ဆိုင်လေးထဲဝင်ကတည်းက မျက်လုံးဝေ့ရှာကြည့်တော့ ပန်းဆီရောင် ဝတ်စုံလေးနှင့်ထိုင်နေသူက တစ်ယောက်တည်း မဟုတ်တဲ့ နှစ်ယောက် ဖြစ်နေသည်။

စားပွဲလွတ်တစ်ခုမှာ ထိုင်နေကြသော မိန်းကလေးနှစ်ယောက်စလုံး ပန်းဆီရောင် ဝမ်းဆက်ကို ဆင်တူဝတ်ထားကြသည်။

သူ နည်းနည်းတော့ အူတူတူဖြစ်သွားရသည်။ ဒါ တမင် သူ့ကို အရူးလုပ်တာလား။ နောက်ပြောင်ကျီစယ်တာလား မသိ။

ထိုင်နေသော နှစ်ယောက်က အသားညိုစိမ့်စိမ့်နှင့်တစ်ယောက် နောက်တစ်ယောက်က ဝင်းမွတ်ကြည်လင်သော အသားအရည်နှင့်ဖြစ်သည်။

ဘယ်လိုပဲကြည့်ကြည့် အသားဝင်းမွတ် ကြည်လင်နေသော် မိန်းကလေးအလှက ထင်းရှင်းပေါ်လွင်နေ၏။ ဒါပေမဲ့ သူ တွေ့ချင်တာ ချက်တင်ထဲက W ဆိုသော သံယောဇဉ်မလေးကိုပဲဖြစ်၏။

ဒါကြောင့်လည်း သူမတို့နှစ်ဦးရှိနေသော ဝိုင်းကိုပဲ သူ လျှောက်ခဲ့လိုက်ကာ

"ဒီမှာ W ဆိုတာ ဘယ်သူလဲ"

"ဘယ်သူလို့ ရှင်ထင်သလဲ ရတုဝိုင်"

မျက်နှာချောချောနှင့် ကောင်မလေးက မေးတော့ သူ ထိုင်ခုံမှာဝင်ထိုင်ရင်း

"ကျွန်တော် မသိဘူးလေ၊ ကျွန်တော် သိချင်တာ ချက်တင်ထဲမှာ ဆုံနေကျ W ကိုပြောတာ၊ ကျွန်တော် တွေ့ချင်တာ သူပဲ"

"ကျွန်မတို့နှစ်ယောက်ထဲက ဘယ်သူလဲဆိုတာတောင် ရှင်



www.burmeseclassic.com

www.burmeseclassic.com



ခွဲခြားလို့မရဘူးလား၊ ဘယ်သူထင်သလဲ''

သူ တကယ်ပဲ အကြပ်ရိုက်သွားရသည်။ တစ်ခါမှ မမြင်ဖူးသော မျက်နှာကို သူ ဘယ်လိုရွေးချယ်ရမည်လဲ မသိ၊ သူ့ကိုတစ်ယောက်တည်း နိုင်ခံပြောနေသော မိန်းကလေးဘေးက ညိုချောမလေးကို သူ အကဲခတ် ကြည့်မိ၏။

ရှက်ရိပ်လွှမ်းသော မျက်ဝန်းတွေနှင့် သူ့ကိုကြည့်နေရာမှ မျက်လွှာလေး ချသွား၏။

''ကဲ ရှင်ထင်တဲ့တစ်ယောက်ကို ရွေးချယ်ကြည့်စမ်းပါ ရတုဝိုင်''

ပန်းဆီရောင်နှင့် အလှမလေး ထပ်ပြောတော့ သူ ခေါင်းကို တဖျင်းဖျင်းကုတ်မိ၏။ နံဘေးက ညိုစိမ့်မလေးဆီက စကားသံလေး ပထမဆုံး ထွက်လာ၏။

''ဖြူရယ် တော်ပါတော့ သူ စိတ်ညစ်နေပြီ''

သူ အခက်တွေ့နေတာကို စာနာစွာ ဝင်ပြောသော ညိုစိမ့်လေး ခေါ်လိုက်သော အမည်ကြောင့် မျက်မှောင်ကုပ်သွား၏။

ဖြူ တဲ့။ ဒါဆို ပန်းဆီရောင် အလှမလေးက W ပဲဖြစ်မည်ထင် သည်။ သူ ရင်တွေခုန်သွားခဲ့၏။ ဒါပေမဲ့ ပန်းဆီမလေး၏အပြုံးနှင့်ပြော လိုက်သော စကားက ရင်ခုန်သံတွေကို တွန့်ဆုတ်သွားစေပြန်ပါသည်။

''ဆောရီး နောက်တာပါ၊ W ဆိုတာ ရှင့်ဘေးနား ညာဘက် က စိမ့်ပဲ''

''ဗျာ''

''ဟုတ်တယ် နာမည်က စိမ့်စမ်းလ တဲ့၊ ကျွန်မက စိမ့်အဖော် ခေါ်လို့ လိုက်ခဲ့ပေးတာပါ၊ ကျွန်မနာမည် အဖြူထည်''





စတွေ့ကတည်းက လူကို အရှုးလုပ်ခဲ့သော အဖြူထည်ကို သူ နည်းနည်းတော့ တင်းသွားရသည်။

''ကဲ စိမ့်တို့ စကားပြောကြ၊ တို့ ဟိုဘက်စားပွဲဝိုင်းမှာ ရှိမယ် နော်''

အဖြူထည် ပြောပြီး တစ်ဖက်ဝိုင်းမှာ သွားထိုင်သည်။ သူလည်း မကျေနပ်ချက်ကို စိမ့်စမ်းလကို ချက်ချင်းပဲ ဖွင့်ပြောဖြစ်၏။

''ဘာလို့ ဒီလိုလုပ်ရတာလဲ၊ ကိုယ်ကတောင် မင်းကိုယုံကြည် လို့ ဓာတ်ပုံပြ နာမည်ပြောခဲ့တယ်၊ မင်းတို့က လူကို အရှုးလုပ်လှောင် ပြောင်တာလား''

''အို မဟုတ်ရပါဘူး ရတုဝိုင်ရယ်၊ ဟိုလေ ဖြူက ရတုဝိုင်ကို စနောက်ချင်လို့ဆိုလို့ပါ၊ စိမ့် တကယ် မရည်ရွယ်ပါဘူး ခွင့်လွှတ်ပါနော်''

ထိုစဉ်ကတည်းက မျက်နှာငယ်လေးနှင့် တောင်းပန်နေသော စိမ့်ကို သူ သနားသွားရသည်။ အဖြူထည်ဆိုသော သူမကိုတော့ မကျေ နပ်မိတာ အမှန်။

နောက်ပိုင်းမှာ စိမ့်နှင့်သူ ချစ်သူတွေဖြစ်သွားတော့လည်း အဖြူ ထည်က အရိပ်လို ပါလာတာ သူ မကျေနပ်နိုင်ခဲ့။

စိမ့်က အဖြူထည်တို့အိမ်က ဒရိုင်ဘာသမီးမို့ နှိမ်တာလားဟု ထင်မိသည်။ စိမ့်ကတော့ အဖြူထည်ဘက်က ကာကွယ်တတ်စမြဲ။

နောက်ပိုင်းမှာ စိမ့်ကို ကွန်ပျူတာသင်တန်းတက်တော့ သူ လည်း ရဲမက်၊ သီဟတို့နှင့် တက်ဖြစ်သည်။

စိမ့်သည် အဖြူထည်နှင့်မခွဲမခွာ အမြဲရှိနေတာကို သူ ဘယ်လို မှ ကြည့်မရခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဘာကြောင့် အဖြူထည်က စိမ့်အနားမှာ အရိပ်လို ရှိနေတာလဲဆိုတာ သူ သိခဲ့ရပြီ။

အတိတ်က စိမ့် ကြုံခဲ့ရသော အရိပ်ဆိုးကြီးကြောင့် အဖြူထည်က ဘယ်သွားသွားလာလာ မခွဲမခွာ ရှိနေခြင်းပါလား။

မထင်မှတ်ဘဲ သိခွင့်ရခဲ့သော စိမ့်ရဲ့အတိတ်ကြီးက သူ့အပေါ်မှာတော့ ရိုက်ခတ်မှုရှိခဲ့တာ အမှန်ပဲဖြစ်သည်။

ရိုးသားသည်။ ဖြူစင်သည်ဆိုသော စိမ့်ကို ဒီတစ်ချက်နှင့်တင် မာမီ ပိုလို့ ခါးသီးသွားနိုင်သည်။ သူ့ဘက်က ခွင့်လွှတ်နိုင်သည်ပဲထားဦး။

မာမီက ဒီအမှားကြီးကိုသိလျှင် ဘယ်လိုမှ ခွင့်လွှတ်မည်မဟုတ်

တွေးရင်း တွေးရင်း ခေါင်းတွေရှုပ်ထွေးချင်လာတာတော့ အမှန်ပဲဖြစ်သည်။

ညနေခင်း၏အလှတွေ ကန်ရေပြင်ကို ဖြတ်တိုက်လာသော လေ ပြည်တွေ အေးချမ်းစွာ ကြည်နူးနေကြသော ချစ်သူစုံတွဲတွေ အားလုံးသည် သူနှင့်မသက်ဆိုင်သလို ခံစားနေရသည်။

စိမ့်ကို သနားလည်း သနားသည်။ ချစ်လည်းချစ်ခဲ့ဖူးသည်။ သူ ယုံကြည်ထားသော ဖြူစင်ရိုးသားသည့်ဘဝလေးအတိုင်း ရှိနေလျှင် ဘယ်လောက်ကောင်းမည်လဲ။

ညနေခင်းကတော့ ရှုပ်ထွေးနောက်ကျိစေသော အတွေးအာရုံတွေနှင့် ညစ်ညူးမှိုင်းဝေနေခဲ့ဆဲ။

■ ■ ■



အခန်း (၂၃)

စိမ့်မျက်ဝန်းမှာ မျက်ရည်တွေ ဝိုးဝိုးပေါက်ပေါက် စီးကျလျက် နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ယင် ငိုကြွေးနေပြီ။ ထည် ကြည့်ရင်း ရင်ထဲမှာ မကောင်းဖြစ်မိသည်။

"စိမ့် မငိုစမ်းပါနဲ့ဟာ"

နှစ်သိမ့်မိကာမှ စိမ့် မျက်ရည်တွေ ပိုစီးကျလာကာ ရှိုက်ကြီးတငင်ငိုကြွေးသည်။

"အဟင့် ဟင့် မောင် ငါ့ကိုအထင်သေးသွားပြီ၊ မုန်းတီးသွားပြီပေါ့ ဖြူရယ်၊ ဒီပြဿနာကြီးတစ်ချိန်မှာ ပြန်အစပေါ်လာမှာ ငါ အရမ်းကြောက်ခဲ့တယ်၊ အထူးသဖြင့် မောင် သိသွားမှာ ငါ ကြောက်တယ် အခုတော့ တကယ်ဖြစ်လာပြီပေါ့ ဖြူရယ်"

"ဖြစ်လာတော့လည်း ဘာဖြစ်လဲ စိမ့်ရယ်၊ နင် မသိလို့မှားခဲ့တာပဲ၊ ပြောရင် နင်မှားခဲ့တာ မဟုတ်ဘူး၊ ဦးဗညားနိုင်ရဲ့မာယာတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ နင် အလိမ်အညာခံခဲ့ရတာပါ၊ ဒါဆို ရတုဝိုင် နားလည်မှာပါ''

ထုံးစံအတိုင်း ဖြူကတော့ စိမ့်ကို နှစ်သိမ့်စကားတွေ ပြောနေသည်။ ဒါပေမဲ့ စိမ့် သိပါသည်။ သည်နှစ်ရက်လုံး မောင့်ဆီက ဖုန်းမဆက် စိမ့် ဖုန်းဆက်တော့လည်း မောင် ဖုန်းပိတ်ထားခဲ့သည်။

ဒါတွေ ဘာကြောင့်လဲဆိုတာ စိမ့် သိလိုက်ရခြင်းနှင့်အတူ တုန်လှုပ်မိ၏။

အထူးသဖြင့် မောင့်ကို စိမ့် ဆုံးရှုံးရတော့မည့်အဖြစ်အတွက် ရင်မှာ ပိုလို့ခံစားရ၏။

''စိမ့် ဒီကိစ္စက ရှင်မင်းသူနဲ့ဆက်စပ်နေတော့ မဖြေရှင်းဘဲ ထားလို့မရဘူးလေ၊ ဒါကြောင့် နင် ဖြေရှင်းသင့်တယ်''

''မောင့်ကို ငါ ဘယ်လိုဖြေရှင်းရမှာလဲ၊ မောင် လက်ခံနိုင်ပါ့မလား ဖြူရယ်''

''ဘာလို့ လက်မခံရမှာလဲ၊ နင့်ကိုသူ ချစ်တယ်ဆိုရင် ဘာမဟုတ်တဲ့ပြဿနာကို သူ ခွင့်လွှတ်ပေးနိုင်ရမှာပေါ့''

ဘာမဟုတ်သည့် ပြဿနာလေးတဲ့လား။ မောင်နှင့်မျက်နှာချင်းဆိုင်ဖို့တောင် စိမ့် မဝံ့ရဲသည့်ပြဿနာကြီးကို အမှန်အတိုင်း ဘယ်လိုရှင်းရမှာတဲ့လဲ။

''မနက်ဖြန် နင် ရုံးကခွင့်ယူပြီး သွားရှင်းလိုက်ပါ၊ ရတုဝိုင် ဒီည နင့်ဆီဖုန်းဆက်လိမ့်မယ်''

''ဟင်''

''စောစောကပဲ ငါ ရတုဝိုင်ဆီ ဖုန်းဆက်လိုက်ပြီးပြီ သူကလည်း နင့်ကိုတွေ့ချင်နေတယ်တဲ့''





စိမ့် ဖုန်းဆက်တုန်းက ဖုန်းပိတ်ထားသော မောင့်ဆီကို ဖြူ အလွယ်တကူ ဆက်လို့ရခဲ့သည်တဲ့လား။ ဖြူ့အပေါ်မှာတောင် မောင် နားလည်မှုတွေ ရှိသွားခဲ့တာကြောင့်ပဲ ထင်၏။

''နင် တစ်ယောက်တည်း မသွားရဲရင် ငါလိုက်ခဲ့မယ်လေ''

ဖြူက အားပေးသလိုကြည့်ရင်း ပြောတော့ စိမ့် ဖြူ့ကိုမော့ကြည့်မိသည်။ ကြည်လင်နေသော ဖြူ့မျက်နှာလေးက ဝင်းမွတ်ရွှင်းသန့်နေသည်။ ဖြူ့ဘဝလေးလိုပဲ စိမ့်ဘဝလေး အေးချမ်းချင်လိုက်တာ။

ဒါပေမဲ့ စိမ့် ကံမကောင်းခဲ့ပါ။ ချစ်ရသူရဲ့အမုန်းတွေကိုတောင် ရင်ဆိုင်ရမည့်အဖြစ်။

''စိမ့် ငါ အဖော်လိုက်ခဲ့ရမလား''

''ရ ရတယ် ဖြူ၊ နင့်ဘာသာ အလုပ်ဆင်းပါ၊ ငါ့ဘာသာ မောင်နဲ့တွေ့လိုက်မယ်''

''ဒီလို ရဲရင့်စမ်းပါ စိမ့်ရယ်၊ ဒီလို ပြဿနာမျိုးက ထိပ်တိုက်ရင်ဆိုင်ရှင်းတာ အကောင်းဆုံးပါ၊ နင့်ဘက်မှာ ရတုဝိုင်ရှိနေမှာ ငါ ယုံတယ်''

စိမ့် ပင့်သက်မောလေး ရှိုက်မိသည်။ ရင်ထဲမှာ တုန်လှုပ်ကြောက်ရွံ့နေတာတစ်ခုပဲ ရှိသည်။

မောင့်အမုန်းတွေကို စိမ့် မခံယူရဲပါ။ မောင့်ကိုသိပ်ချစ်သည်။ သိပ်ချစ်လို့လည်း စိမ့် မောင့်အချစ်ကို ရအောင်ယူခဲ့ပြီးပြီပဲ။

ထပ်ဆုံးရှုံးဖို့ဆိုတာ ဘယ်လိုမှ ရင်မဆိုင်ရဲပါ။

ဘယ်တုန်းကမှ ကံမကောင်းခဲ့တဲ့ စိမ့်အတွက်တော့ ကံကြမ္မာက မောင်နှင့်ကံကောင်းမှုတွေ ပေးပါလို့ တောင်းဆိုချင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ဖြူ့လောက် စိမ့် ကံမကောင်းခဲ့ပါ။

ထိုကံမကောင်းခြင်းတွေကြောင့်ပဲ မောင့်မာမီက မကြည်ဖြူခဲ့။ မောင်ကသာ စိမ့်ဘက်မှာ ရပ်တည်ခဲ့သည်။ အခုတစ်ခါ မောင်နှင့်စိမ့်ကြားမှာ မဟာအနှောင့်အယှက်ကြီး ဝင်လာပြန်၏။

စိမ့် မောင့်ကို မဆုံးရှုံးပါရစေနဲ့ မောင်ရယ်။

■ ■ ■

## အခန်း (၂၄)

ညတုန်းက စိမ့် အိပ်မပျော်ပေမယ့် မနက်ကျတော့ အစောကြီးနိုးနေသည်။ လန်းဆန်းသွားအောင် ရေမိုးချိုးပြီးတော့ မှန်တင်ခုံရှေ့မှာထိုင်ပြီး စိတ်လိုလက်ရ ပြင်ဆင်နေမိ၏။

ညတုန်းက ဖြူ ပြောထားသည့်အတိုင်း မောင် ဖုန်းဆက်သည်။ မောင့်အသံတွေက တည်ငြိမ်လွန်းနေ၏။

"စိမ့် မောင် စိမ့်နဲ့အရေးတကြီး တွေ့ချင်လို့"

"စိမ့်လည်း မောင့်ကိုတွေ့ချင်ပါတယ် မောင်"

"ဒါဆို မနက်ဖြန် စိမ့်နဲ့တွေ့လို့ရမလား"

"ရတယ် မောင်၊ စိမ့် အလုပ်ခွင့်ယူလိုက်မှာပေါ့"

"ဒါဆို စိမ့်တို့လမ်းထိပ်က မောင် စောင့်နေမယ်နော်"

"စိမ့် ထွက်ခဲ့ပါ့မယ် မောင်၊ စိမ့် မောင့်ကိုရင်ဖွင့်စရာစကား

ဖျူးတပေ

www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိနေတယ် သိလား''

''မောင်လည်း ကြားချင်ပါတယ် စိမ့် ဒါပဲနော်''

မောင့်စကားတွေထဲမှာ သံယောဇဉ်အရိပ်အငွေ့တို့ ကျန်ရစ်နေဆဲဟု စိမ့် ယုံကြည်ပါသည်။ ဒါပေမဲ့ စိမ့် ကြောက်နေတာ မောင့်အမုန်းတွေပဲ ဖြစ်သည်။

စိတ်တိုင်းကျ ပြင်ဆင်ပြီးတော့ အဝတ်ဗီရိုကိုဖွင့်ကာ စိမ့် ရွေးချယ်မိသည်က ပန်းဆီရောင် ဆင်တူဝတ်စုံလေး ဖြစ်သည်။

ဒီဝတ်စုံလေးကို မောင်နှင့်စတင်ဆုံတွေ့သည့်နေ့က ဝတ်ဆင်ခဲ့ဖူးသည်။ ဖြူကလည်း အရောင်တူဝတ်စုံလေး ဝတ်လာတာမို့ မောင် စိမ့်တို့နှစ်ယောက်ကိုကြည့်ကာ ခေါင်းခြောက်စရာ ဖြစ်ခဲ့သေး၏။

စိမ့် ဒီဝတ်စုံလေး ဝတ်လာတာ တွေ့လျှင် မောင် အမှတ်ရမိနိုင်ပါရဲ့။

''လှလိုက်တာ စိမ့်ရယ်''

ဖြူ့အသံကြောင့် လှည့်ကြည့်သော တံခါးဝမှာ ဖြူ ရပ်နေသည်။ ဖြူကတော့ အပြာနုရောင် ယူနီဖောင်းလေးနဲ့ပဲ ဖြစ်၏။ ဖြူ့အကြည့်တွေက စိမ့်ဆီမှာ မခွာဘဲရှိနေတော့ စိမ့် မလုံမလဲ ဖြစ်ရသေး၏။

''ဒီဝတ်စုံလေးကို စိမ့် ရွေးလိုက်တာ ကောင်းတယ်၊ ရတုပိုင်လည်း မှတ်မိမှာပါ''

ပထမဆုံး ဆုံခဲ့သောနေ့ကို ဖြူလည်း မှတ်မိနေသည်ထင်၏။ ဖြူ မျက်နှာလေး အပြုံးလေးတွေ ဝေဖြာနေသည်။

''သွားရအောင် စိမ့်၊ ရတု စောင့်နေပြီထင်တယ်''

ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီကို နှစ်ယောက်သား





လှမ်းခဲ့ကြသည်။ ကားပေါ်တက်ပြီးတော့ ဖြူ စိမ့်ကို အားပေးအပြုံးလေး နှင့်ကြည့်ရင်း

''စိမ့် ရတု နားလည်အောင် နင် ရှင်းပြလိုက်ပါ အဆင်ပြေမှာပါ''

ဖြူ့စကားကို စိမ့် ခေါင်းလေးညိတ်ပြလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် ဖြူသည် စိမ့်အပေါ်မှာတော့ အရမ်းကိုကောင်းပါသည်။

လမ်းထိပ်မှာ ရပ်စောင့်နေသော မောင့်ကားကို အဝေးကတည်းက စိမ့်မြင်နေရသည်။ ဖြူက ကားကို မောင့်ကားနံဘေးမှာ ထိုးရပ်လိုက်တော့ မောင် တံခါးဖွင့်ဆင်းလာ၏။

''စိမ့်ကို ခေါ်သွားလိုက်ပါ ရတု''

''ဟင် အဖြူထည် မလိုက်ဘူးလား၊ ကိုယ်က အဖြူထည်တို့ နှစ်ယောက်စလုံး ခွင့်ယူထားတယ် ထင်တယ်''

''ဖြူက အလုပ်ဆင်းမှဖြစ်မှာ မောင်ရဲ့၊ စိမ့်တို့ပဲ သွားကြရအောင်လေ''

''အင်း သွားစို့ စိမ့်၊ အဖြူထည် ခွင့်ပြုဦးနော်''

မောင်က အဖြူထည်ကို နှုတ်ဆက်ကာ ကားပေါ်တက်သည်။ စိမ့် မောင့်နံဘေးမှာ ဝင်ထိုင်ရင်း ဖြူ့ကို လက်လေးပြ နှုတ်ဆက်လိုက်သည်။ မောင် ကားကို ငြိမ့်ခနဲ မောင်းထွက်ရင်း

''အေးအေးဆေးဆေး စကားပြောလို့ရတဲ့နေရာကို သွားရအောင်နော် စိမ့်''

စိမ့် ခေါင်းလေးညိတ်ပြလိုက်ပါသည်။ ကားကို ဂရုစိုက်မောင်းနေသော မောင့်မျက်နှာလေးကို စိမ့် ငေးကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဆိုစရာမရှိအောင် ချောမောသော မောင့်ရဲ့ချစ်သူဖြစ်ခွင့်ရတာ စိမ့် ကံကောင်းပါသည်။ တကယ်ဆို မောင့်ရုပ်ရည်၊ မောင့်အသိုင်းအဝန်းက စိမ့်ထက် အပုံကြီးသာလွန်သူတွေကို စိတ်ကြိုက်ရွေးယူနိုင်သည်။

ရတုပိုင် ဆိုသော မောင့်ကို သမက်တော်ချင်သည့် သမီးရှင်တွေ အများကြီး။ မေမေဆွေတောင် သဘောကျနှစ်သက်ခဲ့သည်ပဲ။ တကယ်ဆို ဖြူနှင့်မောင်သည် လိုက်ဖက်ညီသူတွေပါပဲ။

ကားလေးကို ဟိုတယ်ကြီးတစ်ခု၏ ကားစတင်းထဲအထိ မောင် ထိုးဝင်ရပ်သည်။

"စိမ့် ဘာမှမစားရသေးဘူးမို့လား၊ တစ်ခုခုစားရင်း ပြောကြတာပေါ့"

စိမ့် ခေါင်းလေးညိတ်ကာ မောင် ခေါ်ဆောင်သော သီးသန့်ခန်းလေးထဲကို လိုက်ဝင်ခဲ့လိုက်သည်။ စိမ့်နှင့်လွတ်လပ်စွာ စကားပြောချင်တာကြောင့် မောင် ဒီနေရာလေးကို ရွေးချယ်ခဲ့တာထင်၏။

မောင့်အချစ်ကို ဆုံးရှုံးမခံနိုင်သော စိမ့်ကလည်း မောင့်ကို ဖြေရှင်းပြမှာပါပဲ။

ထို့အတွက် ဖြူကိုတော့ အခုချိန်မှာ စိမ့် ရင်ဘတ်ထဲက ခဏတော့ ထုတ်ထားရမည်။

ကော်ဖီနှင့်စားစရာတွေ ရောက်လာတော့လည်း မောင်ကော စိမ့်ပါ မထိမကိုင်မိကြသေးပါ။ မောင့်ဆီက တိတ်ဆိတ်နေမှုကြီးကို စိမ့် ကြာရှည်စွာ မခံစားနိုင်ပါ။

"မောင် မောင်ဘာပြောချင်လဲ၊ ဘာမေးချင်လဲ မေးလေ"





မောင့်မျက်ဝန်းတွေ စိမ့်ကိုမော့ကြည့်သည်။ စိမ့် ဝတ်ဆင်ထားသော ပန်းဆီရောင် ဝတ်စုံလေးကို မောင် သတိထားမိမှာတော့ သေချာသည်။

"စိမ့် စိမ့်ကော မောင့်ကို ပြောချင်တာတွေ မရှိဘူးလား"

စိမ့် မောင့်စကားကို အပြုံးလေးနှင့်ပဲ တုံ့ပြန်ဖြစ်၏။

"မောင် မေးချင်တာတွေ မေးလေ၊ စိမ့် အားလုံးဝန်ခံပြောပြဖို့ လာခဲ့တာပါ နော် မောင်"

စိမ့်ကို မောင် စေ့စိုက်ကြည့်နေခဲ့ကာ တွန့်ဆုတ်နေတာ အကြာကြီး ပြီးမှ ပင့်သက်ကြီးရှိုက်ရင်း မောင့်အကြည့်တွေ လွှဲသွားခဲ့သည်။

စိမ့်ကိုမေးမည့်စကားတွေအတွက် မောင် တွန့်ဆုတ်နေသည်လား။

"စိမ့် ဦးဗညားနိုင်ကို သိလား"

ပြုံးနေသည့် စိမ့်မျက်နှာလေး တည်ငြိမ်ကာ စကားသံတွေ ထွက်မလာတော့ မောင် စိမ့်ကို မော့ကြည့်ရင်း

"မောင့်ရင်ထဲမှာ အရမ်းခံစားနေရတယ် စိမ့်ရယ်၊ ဒီသတင်းကြီးကို ရဲမက်တို့ဆီက ကြားလိုက်ရတော့ မောင် အရမ်းခံစားတုန်လှုပ်သွားတယ်၊ ဘာကြောင့်လဲဆိုတော့ မောင် သိထားတဲ့စိမ့်ရဲ့ ဖြူစင်မှုတွေကို စွန်းပေစေတဲ့ အမည်းစက်တစ်ခု ဖြစ်နေလို့ပဲ၊ အတိတ်မှာ စိမ့် ဘာတွေဖြစ်ခဲ့ ဖြစ်ခဲ့ မောင် ခွင့်လွှတ်နိုင်တယ်၊ ဒါပေမဲ့ မယားကြီးသားကြီး ရှိတဲ့ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ခဲ့တာတော့ တကယ် ဝမ်းနည်းတယ်၊ သူတစ်ပါးအသိုက်အမြုံကို ခွဲသူလို အရိပ်မည်းကြီးလိုက်နေမှာကို မောင် ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင် အရမ်းခံစားနေရသလားဟင်"

"မောင် ခံစားရတာထက် စိမ့်အတွက် ဝမ်းနည်းကြေကွဲရတာပါ၊ တကယ်ဆို ဒီအကြောင်းတွေ စိမ့်နှုတ်က ဝန်ခံကြိုပြောခဲ့ရင်တောင် မောင် ဒီလောက် ခံစားရမှာမဟုတ်ဘူး"

မောင့်စကားတွေကို နားထောင်ရင်း စိမ့် ပင့်သက်လေးရှိုက်လိုက်သည်။ ပြီးမှ မောင့်ကို စိုက်ကြည့်ရင်း

"ဒီကိစ္စကို မောင် ကိုယ်တိုင်သာမဟုတ်ဘဲ တခြားတစ်ယောက်က မေးလာရင် စိမ့်မပြောဘဲ တစ်သက်လုံး သိုဝှက်ထားမှာပါ မောင် ဘာဖြစ်လို့လဲဆိုတော့ ဖြူက စိမ့်ရဲ့ကျေးဇူးရှင်ဖြစ်နေလို့ပဲ"

"စိမ့် ဘာတွေပြောနေတာလဲ မောင် ပြောနေတာ အဖြူထည့်ကိစ္စမဟုတ်ဘူးလေ"

"မောင် ခဏလေး နားထောင်ဦး၊ စိမ့် မောင့်ကိုပြောပြမှာပေါ့၊ ဒါပေမဲ့ မောင့်ဘက်က တစ်ခုတော့ ကတိပေးပါလို့ စိမ့် တောင်းဆိုချင်တယ်"

"ဘာလဲ စိမ့် ဘာကတိလဲ"

"အခု စိမ့်ပြောပြမယ့် အမှန်တရားတွေကို မောင့်ရင်ထဲမှာပဲ သိုဝှက်ပေးထားပါ၊ တခြားဘယ်သူမှ မသိပါစေနဲ့"

"မောင့်ကို စိမ့် ယုံပါ၊ မောင် ကတိပေးတယ် ပြော"

"တကယ်တော့ ဦးဗညားနိုင်နဲ့ဖြစ်ခဲ့တာ ဖြူပါ"

"ဘာရယ် စိမ့်"

ရတုဝိုင် မျက်ဝန်းတွေ ပြူးကျယ်သွားကာ စိမ့်ကို အလန့်တကြား ထပ်မေးသည်။ စိမ့်အကြည့်တွေက အခန်းနံရံ ဖြူဖြူလေးဆီ





ကိုပဲ ငေးကြည့်ရင်း

"ဟုတ်တယ် မောင်၊ မောင် အံ့ဩသွားပြီမဟုတ်လား၊ ဒီအဖြစ်တွေကို စိမ့် တစ်သက်လုံး မေ့ထားတာပါ၊ ဦးဦးခန့်ရဲ့တပည့် ဦးဗညားနိုင်က ရုပ်ချောတယ်၊ အပြောကောင်းတယ်၊ အဲဒီတုန်းက စိမ့်နဲ့ ဖြူက ဆယ်တန်းဖြေပြီးထားကြရုံပဲ ရှိသေးတယ်၊ ပြောရရင် လူကြီးမကျ ကလေးမဟုတ်အရွယ်တွေပါ၊ ဦးဗညားနိုင်က လေးလေးခန့်နဲ့ ပတ်သက်ပြီး အိမ်ကို ဝင်ထွက်နေတာဆိုတော့ ဖြူတို့ စိမ့်တို့နဲ့ ခင်မင်ရင်းနှီးတာပေါ့"

ရတု စိမ့်စကားတွေကို ငြိမ်သက်စွာပဲ နားထောင်နေမိဆဲ။

"ဦးဗညားနိုင်က စိမ့်ထက် ဖြူကို အရေးပေးတယ်၊ ဒါကလည်း သူ့အကြံနဲ့သူပေါ့လေ၊ ဖြူက ချမ်းသာတယ်၊ ချောတယ်လေ၊ ဒီမှာပဲ ဖြူနဲ့ဦးဗညားနိုင် လူကြီးတွေမသိအောင် ချစ်ကြိုက်သွားကြတယ်၊ စိမ့်သိပေမယ့် မပြောရဲဘူးလေ၊ ပြီးတော့ သူတို့ချိန်းတွေ့ရင်တောင် စိမ့်က လူစောင့်အဖြစ်နေပေးရတယ်၊ ဦးဗညားနိုင်က ညဘက်တွေတောင် ခြံထဲခိုးဝင်ပြီး တွေ့တဲ့အထိ အတင့်ရဲတယ်၊ တစ်ညတော့ ဒါကို လေးလေးခန့် မိသွားပြီး ပြဿနာတွေဖြစ်ကုန်တယ် မောင်"

စိမ့်ပြောရင်း မောဟိုက်သွားသလို ခဏနားတော့ ရတုဝိုင် ရေသန့်ဘူးထဲက ရေတွေ ဖန်ခွက်ထဲ ငှဲ့ထည့်ပေးသည်။

"လေးလေးခန့် ဒေါသတွေထွက်ပြီး ဖြူကို သတ်မယ် တကဲကဲပဲ၊ ဦးဗညားနိုင်ကိုလည်း သတ်မယ်ပေါ့၊ မေမေဆွေနဲ့ စိမ့်အဖေတို့ ဝင်ဆွဲတောင်းပန်လို့ အဆိုးဆုံး မဖြစ်ကုန်တာ၊ အရမ်းအရှက်ကြီးတဲ့ လေးလေးခန့် စိတ်ပြေအောင် မေမေဆွေနဲ့ အဖေက တိုင်ပင်ပြီး ဖိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိမ်ကြရတယ်၊ တကယ်ချိန်းတွေကြတာ ဖြူမဟုတ်တဲ့အကြောင်း၊ စိမ့်နဲ့ ဦးညွှန့်နိုင် ချစ်နေတာပါလို့ ပြောကြရတယ်''

''ဟာ စိမ့်က ကြားထဲက ဝင်ခံရတာပေါ့''

''မောင်ရယ် ဒါမှ ဖြူသက်သာမှာပေါ့၊ လေးလေးခန့်လည်း ယုံကြည်ပြီး ဒေါသပြေသွားတယ်''

''ကိုယ်မဟုတ်ဘဲ စိမ့်က ဖြူ့အတွက် အစားဝင်ခံလိုက်ရတာ ပေါ့ ဒါ မတရားဘူးကွာ''

''မောင်ရယ် စိမ့်တို့အပေါ် မေမေဆွေတို့ကျေးဇူးတွေ အများ ကြီးပါ၊ လေးလေးခန့် စိတ်ကျေနပ်အောင် ညာပေးလိုက်ရတာ စိမ့်အတွက် ဘာနစ်နာမှုမှ မရှိပါဘူး''

''အခု စိမ့်က နစ်နာပြီလေ''

''ဒီအချိန်ကျမှ ဒီပြဿနာပြန်စလာမယ် မထင်ခဲ့ဘူးလေ မောင် ရဲ့၊ ဘာပဲဖြစ်ဖြစ် စိမ့်ကူညီလို့ မေမေဆွေက စိမ့်ကို သမီးရင်းလို အခုထိ တကယ်ချစ်တာပဲလေ၊ ဖြူကလည်း စိမ့်အပေါ်မှာ ညီအစ်မရင်းလို ပြန်ပေးဆပ်ချစ်နေတာပဲ မောင်ရယ်''

စိမ့် ရှင်းပြနေတာလည်း မငြင်းနိုင်တော့ ရတု ခေါင်းညိတ် လက်ခံရ၏။

''မေမေဆွေကော ဖြူပါ စိမ့်ကို ဘယ်လောက်ချစ်ကြသလဲဆို မောင်နဲ့ဖြူကို မောင့်မာမီ ကြည်ဖြူနေတာတောင် ဖြူကော မေမေဆွေပါ ငြင်းခဲ့ကြတယ်လေ''

''အင်း၊ မောင် လက်ခံပါတယ်ကွာ၊ ဘာပဲဖြစ်ဖြစ် မောင့်ရဲ့ ချစ်သူလေးက အပြစ်ကင်းစင် ဖြူစင်သူလေးမို့ မောင် ဝမ်းသာသွားပြီ''





''ဒီအကြောင်းတွေ မောင် ဘယ်သူ့မှ မပြောပါနဲ့နော်၊ စိမ့်တို့ သိုဝှက်ထားရမယ့်ကိစ္စပါ''

''မောင် နားလည်ပါတယ် စိမ့်ရယ်၊ မောင် ဘယ်သူ့မှ မပြောပါ ဘူး၊ အဖြူထည်ကိုလည်း မောင် နားလည်ပေးလို့ ရပါတယ်၊ ဘာပဲဖြစ် ဖြစ် ဦးဗညားနိုင်က သစ္စာမရှိ၊ ကိုယ်ကျင့်တရားမကောင်းတဲ့ ယောကျ်ား ဖြစ်ခဲ့တာပဲ''

''ဖြူ အရမ်းကံကောင်းပါတယ် မောင်ရယ်၊ ဘဝပျက်လောက် အောင် လွန်လွန်ကျူးကျူး မဖြစ်ဘဲ ဒီကိစ္စကို လူကြီးတွေ သိသွားတော့ တော်သေးတယ်လေ''

''အင်း အဖြူထည်ကို မောင် စာနာသနားပါတယ်၊ ပြီးတော့ ကျေးဇူးလည်းတင်တယ် စိမ့်၊ ဖြူက မာမီ့ကို ငြင်းခဲ့လို့ မောင်တို့ မဝေးခဲ့ကြတာပဲ''

''ဖြူ့ကို နားလည်ပေးတာအတွက် မောင့်ကို စိမ့် အရမ်းကျေး ဇူးတင်တယ် မောင်ရယ်''

ရတု ချစ်သူလက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း ရင်ထဲမှာ ကြည်နူး နေရသည်။

စိမ့် ဆိုသော ချစ်သူလေးရဲ့ဖြူစင်ရိုးသားမှုတွေကိုတော့ သူ မလေးစားဘဲ မနေနိုင်တော့ပါ။

ဘယ်သူတွေ ဘယ်လိုပဲဆိုဆို စိမ့်ကိုတော့ သူ မစွန့်လွှတ်နိုင် တော့ပါ။ သူ့ဘဝရဲ့လက်တွဲဖော်သည် စိမ့်ပဲဖြစ်ရမည်။

အဖြူထည်အတွက်တော့ စိမ့်ကိုပေးထားသည့် ကတိအတိုင်း သူ ထိန်းသိမ်းရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



တကာယ်ဆို အဖြူထည်ဘဝကို အမည်းစက်ထင်အောင် ကြဲစည်ခဲ့တာ ဦးဇညားနိုင်ပဲလေ။

စိမ့်နှင့်သူ ကြားမှာတော့ သံသယမြူမှုန်တွေ ကင်းစင်သွားခဲ့ပြီမို့ . . ။

■ ■ ■

## အခန်း (၂၅)

"ဟာ မဟုတ်တာတွေ၊ ဒီသတင်းကို မာမီ့ကို ဘယ်သူပြောတာလဲ"

"သား မင်း မာမီ့ကို မေးခွန်းပြန်ထုတ်မနေနဲ့၊ ဒီမိန်းကလေးနဲ့ မာမီ လုံးဝ သဘောမတူဘူးနော်၊ ဆင်းရဲတာ ပြဿနာမဟုတ်ဘူးဆိုရင်တောင် နာမည်ပျက်ကြီးကတော့ ဘယ်လိုမှ သည်းခံစရာမရှိဘူး"

စိမ့်နှင့်ပတ်သက်သော သတင်းတွေ မာမီ့ဆီကို ဘယ်လိုတယ်ပုံရောက်ရှိသွားခဲ့သည်လဲ ရဲတု မသိလိုက်ပါ။ မာမီက ပြင်းပြင်းထန်ထန်ကန့်ကွက်တားမြစ်နေခဲ့သည်။

"မာမီတို့ရဲ့ ဂုဏ်သိက္ခာကိုတော့ မင်း ညစ်ထေးသွားအောင် မလုပ်ပါနဲ့၊ သား စိတ်ကြိုက်ရွေးချယ်ထားတဲ့ မိန်းကလေးကို အရင်ကတည်းက မာမီ သဘောမတူခဲ့ဘူး။ အခုတော့ ဘယ်လိုမှကို သဘောတူစရာ မရှိတော့ဘူး သား"

မြူတာဝေ

www.burmeseclassic.com

www.burmeseclassic.com



"မာမိ"

"ပြော သား၊ ဘာပြောချင်တာလဲ၊ မာမီ့ကို ပွင့်ပွင့်လင်းလင်း ပြော"

မာမိ သူ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း သူ့စကားတွေကို နားစွင့်နေခဲ့သည်။ စိမ့်နှင့်ပတ်သက်သော သတင်းကြီးကို မာမိ အသေအချာ ကြားခဲ့တာတော့ သေချာပါသည်။

ဒါပေမဲ့ မာမိ ကြားထားသော ထိုသတင်းကြီးက လွဲမှားနေသော သတင်းကြီးဆိုတာတော့ သူ ရှင်းပြချင်ပေမယ့် ဖျတ်ခနဲ သတိရလိုက်တာ စိမ့်ရဲ့စကားတွေ။

"အမှန်တရားတွေကို မောင့်ရင်ထဲမှာပဲ သိုဝှက်ထားပေးပါ၊ တခြားဘယ်သူမှ မသိပါစေနဲ့"

စိမ့် တောင်းဆိုခဲ့သော စကားကြောင့် မာမီ့ကို ရှင်းပြဖို့ နှုတ်တွေ အလိုလို တွန့်ဆုတ်သွားခဲ့သည်။ ဒါ အဖြူထည်ရဲ့ဂုဏ်သိက္ခာနှင့်လည်း သက်ဆိုင်နေသည်။

"ပြောလေ သား။ မင်းဘာပြောချင်တာလဲ"

"သား ပြောချင်တာ စိမ့်အပေါ်မှာ မာမိ ကြားထားတဲ့စကားတွေက အမှန်တရားတွေ မဟုတ်ဘူးဆိုတာပဲ"

မာမိ ယုံ့ယုံ့ပြုံးသည်။ စူးစူးနစ်နစ် စိုက်ကြည့်နေသော မာမိရဲ့ အကြည့်တွေထဲမှာ သူ့စကားကို ယုံကြည်မှုမရှိတာ အထင်အရှား။

"သား ရတုဝိုင် မင်းလည်း ကြားပြီးပြီလို့ မာမိယုံတယ်၊ စိမ့်စမ်းလဆိုတဲ့ မိန်းကလေးက အတိတ်သမိုင်း မကောင်းဘူး။ သားကြီးမယားကြီးရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်မှုးတယ်"





"ဟာ မဟုတ်ဘူး မာမိ မှားနေပြီ"

"ရတုဝိုင် မင်း ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးကွယ်ဖို့ မကြိုးစားနဲ့၊ မာမိ အသေအချာ အခိုင်အမာသိထားတဲ့ကိစ္စကြီးပဲ"

"အဲဒါတွေက အမှားကြီးတွေပဲ မာမိ"

"ရတုဝိုင်"

စူးခနဲ မာမိ အော်သည်။ ဒေါသရိပ်တွေ ဖြာလက်နေသော မာမိ မျက်ဝန်းတွေထဲမှာ ရောင့်စဉ်တွေ တလက်လက်တောက်ပလျက်

"မင်း အဲဒီလောက်အဲဆိုတောင် မှိုင်းမိနေပြီလား ရတုဝိုင်ဆိုတဲ့ မင်းအတွက် ရွေးချယ်စရာ ဒီလောက်တောင် မိန်းမရှားပါးနေပြီလား။ ဒါ ဘဝတစ်ခုလုံးအတွက်ကိစ္စနော်၊ မာမိ အပြတ်ပြောလိုက်မယ်၊ အကျင့်သိက္ခာမဲ့တဲ့ မိန်းကလေးတစ်ယောက်ကို မာမိ အသိုင်းအဝိုင်းထဲ လုံးဝသွတ်သွင်းမလာနဲ့ ဒါပဲ"

စကားအဆုံးမှာ ဒေါသတွေကို မျိုသိပ်ချုပ်တီးလျက် မာမိ အခန်းထဲက ရှာခနဲ လှည့်ထွက်သွားခဲ့သည်။

သူ ပင့်သက်မောကြီးရှိုက်ရင်း ကျန်ရစ်ခဲ့သည်။ မာမီ့ကို သူ ဘယ်လိုရှင်းပြရမည်လဲ။

ဦးဗညားနိုင်နှင့်ရှုပ်ထွေး ပတ်သက်ခဲ့မှုတာ စိမ့်မဟုတ်ဘဲ မာမိ သဘောကျနေသော အဖြူထည် ဖြစ်သည်ဆိုတာ သူ ဘယ်လိုပြောပြရမည်လဲ။

သေချာသည်က ဒီစကားတွေကို မာမိ ယုံကြည်ဖို့ခက်ခဲမည်။ ပြီးတော့ အဖြူတို့အသိုင်းအဝိုင်းထဲကို ဒီစကားတွေ ချက်ချင်းပြန့်ရောက်သွားမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုပဲကြည့်လေ စိမ့်နှင့်ပတ်သက်သော သတင်းဆိုးကြီးက မာမီ့နားဆီ ပေါက်ကြားသွားတာ လျင်မြန်လိုက်တာ။

အဖြူထည်တို့မိသားစုအသိုင်းအဝန်းရဲ့ ဂုဏ်သိက္ခာအတွက် စိမ့်က သူမရဲ့ဂုဏ်သိက္ခာကို ပေးဆပ်စတေးခဲ့သည်။ ရှစ်နှစ်ကျော် ကိုးနှစ်နီးပါးတောင် ကြာခဲ့ပြီ။

အခုမှ စိမ့်က ဒီပြဿနာကြီးကို သူမ မဟုတ်ပါဘူးဟု ဖြေရှင်းမှာမဟုတ်ပါ။ စိမ့် သူ့ကို ဝန်ခံပြောပြခဲ့တာ သူ့ကိုချစ်လို့ပဲဖြစ်သည်။

တွေးရင်းတွေးရင်း စိမ့်ကို သူ သိပ်သနားသည်။

မာမီ ပြောသလို စိမ့်ကို စွန့်လွှတ်လိုက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါ။ စိမ့်ရဲ့ဖြူစင်ရိုးသားသော စိတ်ဓာတ်လေးကို သူ ချစ်သည်။

ဖြစ်ချင်တာဖြစ် စိမ့်ကိုသူ လက်ထပ်မည်။ ထို့အတွက် မာမီကတော့ သူ့ကို ခါးသီးစွာ မုန်းသွားနိုင်ပါသည်။ လက်ရှိအခြေအနေမှာ မာမီကိုလည်း ရှင်းပြစရာ အခြေအနေက မပေးသေးပါ။

စိမ့်ကို အထင်လွဲနေသော မာမီ့ကိုလည်း ရှင်းပြခွင့်မသာသည့် အခြေအနေမှာ သူ အပြည့်အဝ ရပ်တည်ပေးမှာ စိမ့်ဘက်ကပဲ ဖြစ်သည်။

မင်းရဲ့ဖြူစင်ရိုးသားတဲ့ နှလုံးသားလေးကို ကိုယ်တစ်ယောက်ပဲ မြင်သိနိုင်တယ် စိမ့်ရယ်။

မင်းအနားမှာ ကိုယ် မားမားမတ်မတ် ရပ်တည်ပေးမှာပါ စိမ့်။

■ ■ ■



## အခန်း (၂၆)

စိမ့် မယုံကြည်နိုင်စွာ ပါးစပ်လေး အဟောင်းသား ဖြစ်နေမိသည်။ မေမေဆွေနှင့် ဖြူတို့ မျက်နှာတွေကို တအံ့တဩလေး ငေးကြည့်နေမိ၏။

"သမီးစိမ့် ဘာမှအားငယ်စရာ မလိုပါဘူးကွယ်၊ သမီးကို မေမေဆွေတို့တွေ သမီးရင်းချာလို ချစ်ခဲ့ကြတာဆိုတာ သမီးအသိဆုံးပါ၊ ဒါကြောင့် သမီးစိမ့်အတွက် ဒါတွေက မေမေဆွေတို့ ကြည်ဖြူစွာပေးတာပါ"

"ဟုတ်တယ် စိမ့်၊ ဒါကို နင်လက်ခံပါ၊ နင့်အနာဂတ်အတွက် အေးအေးချမ်းချမ်း၊ ရှင်သန်ရပ်တည်နိုင်တာပဲ ငါမြင်ချင်တယ်"

စိမ့် ပခုံးလေးကို သိုင်းဖက်ရင်း ဖြူ ဝမ်းသာမျက်နှာလေးနှင့် ဆိုနေရှာသည်။

စိမ့်အနာဂတ်အတွက် ခြံနှင့်တိုက်တစ်လုံး၊ ဘဏ်မှာ အပ်နှံပေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဒီဠိဆိုးတစ်လောင်နှင့် တစ်ဆင်စာ လက်ဆောင်ရတရာတွေကို မေမေဆွေ
က စာရွက်စာတမ်းနှင့် လွှဲပေးရသည်တဲ့။

"သမီး လေးလေးနေ့ကလည်း ဒီကိစ္စကို ကြည့်ဖြတ်တယ် သမီး အစ်မတော်တွင်းမှာ သမီးကို တရားဝင်စာချုပ်စာတမ်းနဲ့ လွှဲပေးမယ်တဲ့ ဒါက သမီးလေးကို မေမေဆွေတို့အပိုင်အောက်က လွတ်သွားဖို့ပြုတာ မဟုတ်ဘူးနော်။ မေမေဆွေတို့က သမီးလေးအတွက် အမြဲတမ်း တစ်သက်လုံး တံခါးဖွင့်ထားပြီးသား။ ဒါပေမဲ့ သမီးလေးက အရွယ်လည်းရောက်ပြီ အတောင်အလက်စုံလင်ရင် ပျံသန်းကြမှာ သဘာဝပါလေ။ တစ်နေ့ကျရင် သမီးလေး အိမ်ထောင်ပြုမှာပါလေ"

မေမေဆွေ စကားကြောင့် စိမ့် မျက်နှာလေး ပန်းနုရောင်သမ်းကာ ရှက်သွေးလွှမ်းရ၏။

"မရှက်ပါနဲ့ သမီးရယ်၊ မေမေဆွေ သိသင့်သလောက်လည်း သိထားပါတယ်။ အဲဒီအခါကျရင်လည်း မေမေဆွေက သမီးလေးဖို့တက်က အပြည့်အဝ ရပ်တည်ပေးမှာပါ"

"မေမေဆွေရယ် သမီး သမီး အရမ်းဝမ်းသာလိုက်တာနော်"

အသံလေးတွေ တုန်ခါကာ မျက်ရည်ဝဲလာလေ၏။ စိမ့်ဆီတော့ မေမေဆွေက ကြည်ကြည်နူးနူးလေးပြုံးရင်း စိမ့် ဆံပင်လေးတွေကို ပွတ်သပ်ပေး၏။

"သမီးလေးကို မေမေဆွေတို့က ခိုင်မာတဲ့ သံယောဇဉ်တွေ နှောင်ဖွဲ့ပြီးထားပါတယ်။ ဟဲ ဟဲ သမီးကို စေ့စေ့စပ်စပ်လေး စကားပြောကြဦး မေမေဆွေ လုပ်စရာလေးတွေ သွားလုပ်လိုက်ဦးမယ်"

မေမေဆွေ ထွက်သွားတော့ စိမ့်ကို ဖြူ ပြုံးပြုံးလေး





ကြည့်နေခဲ့၏။

"စိမ့်"

"ဟင် ဘာလဲ ဖြူ"

"မေမေတို့က နင့်ကိုပေးခဲ့တာတွေအတွက် နင် ဘာနေနေရနေရဲ့နော် အဟင်း နင့်အတွက် လိုအပ်တယ်လေ၊ နင်နဲ့ရတုပိုင်တို့ မျက်ခြင်ရတုပိုင်အမေ သဘောမတူလည်း ပူစရာမရှိအောင် စီစဉ်ပေးတာ"

"ဖြူရယ်"

"ဘာဖြစ်တာလဲ စိမ့်ရယ် ဘာတွေ ဝမ်းနည်းပြီး မျက်ရည်ကျရပြန်တာလဲ"

စိမ့် ပခုံးလေးကို ဆုပ်ကိုင်ပြီး ဖြူ မေးတော့ ရင်ထဲမှာဝမ်းနည်းစိတ်က လှိုက်ခိုက်လာသည်။ တားဆီးမရသော မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် စီးကျလာ၏။

"စိမ့် ဟာ ဘာလို့ ငိုရပြန်တာလဲဟယ်"

"ဝီ ဝီ အရမ်းပျော်လို့ပါ ဖြူရယ်။ အဟင့် ဟင့် နင်တို့ သားမေမေဆွေတို့ ပိုးပေးထားကြတဲ့ မေတ္တာတွေအတွက် ဝါ ဝီ အရမ်းဝမ်းနည်းတယ်"

စိမ့် တသိမ့်သိမ့်လေး ရှိုက်ငိုနေတော့ ဖြူ စိမ့်ကို ဝေ့မေ့ကာ နှစ်သိမ့်နေခဲ့၏။

"ဘာလဲ နင် ဝမ်းသာမျက်ရည်တွေ ကျနေတာလား။ စိမ့်ရယ် နင်က အရမ်းကံကောင်းပါတယ်။ နင့်ကိုချစ်တဲ့သူတွေ အများကြီးရှိတယ်၊ နင်ချစ်တဲ့ ရတုပိုင်ကလည်း နင့်အနားမှာ မားမားမတ်မတ် ရပ်တည်ပေးမှာလေ"



www.burmeseclassic.com

ဖြူ့ စကားတွေကို ကြားရပြန်တော့ စိမ့် အံ့ကိုတင်းတင်းလေး ကြိတ်ရင်း မျက်ရည်တွေက စီးကျနေဆဲ။

စိမ့် တကယ်ကံကောင်းတာတဲ့လား။ ဒီကံကောင်းခြင်းတွေကို စိမ့် တကယ်ပဲ ပိုင်ဆိုင်သင့်ရဲ့လား။

ဖြူရယ် စိမ့်ကို ခွင့်မလွှတ်လိုက်ပါနဲ့ကွယ်။

■ ■ ■

## အခန်း (၂၇)

"ဘာရယ် စိမ့်၊ နင်နဲ့ရတုပိုင်တို့ ချိန်းထားတယ် ဟုတ်လား"

"ဟုတ်တယ် ဖြူ၊ မောင်က ငါ့ကို ခိုးပြေးဖို့ မနက်ဖြန် ချိန်း ထားတယ်၊ မောင့်ရဲ့မာမီက ငါတို့နှစ်ယောက်ကို သဘောမတူဘူးလေ၊ ကြောင့် မောင်က သူ့နောက်ကိုလိုက်ခဲ့ဖို့ ခေါ်တာ"

စိမ့် ပြောပြနေတော့ ဖြူ တွေတွေလေး ငြိမ်သက်စွာ နား ထောင်နေခဲ့သည်။ ပြီးမှ စိမ့်ကို ငေးငေးလေးကြည့်ရင်း

"စိမ့်ရယ် ရတုပိုင် အမေက သဘောမတူလည်း ဘာဖြစ်လဲ ယ်၊ နင်တို့ကိစ္စတွေကို မေမေက တာဝန်ယူမယ် ပြောပြီးပြီပဲ၊ ဘာလို့ ပြေးစရာလိုမှာလဲ"

"မောင်က စီစဉ်ပြီးနေပြီတဲ့ ဖြူရယ်၊ ငါ လိုက်သွားမယ်၊ စီစဉ်သင့်တာ တိုင်ပင်စီစဉ်ပါ့မယ်"

www.burmeseclassic.com



"အင်းလေ ရတုပိုင်က စီစဉ်တော့လည်း နင်လိုက်သွားပေါ့ ဟယ်၊ ဒါနဲ့ နင်တို့ ဘယ်သွားကြမှာလဲ စိမ့်၊ ဘယ်လိုစီစဉ်ထားတာလဲ ဟင်"

"ပဲခူးဘက်က တည်းခိုဆောင်တစ်ခုမှာ ချိန်းထားတယ် ဖြူ အဲဒီမှာ ငါတို့တစ်ညတည်း ပြီးတာနဲ့ မောင်က မန္တလေးက သူ့မိတ်ဆွေ အိမ်သွားမယ်တဲ့၊ ဟိုမှာ တစ်ပတ်လောက် ရှောင်နေပြီးမှ ငါတို့ ပြန်လာ မယ်"

"စိမ့် နင်တို့ ဘယ်မှအဝေးကြီးသွားမနေကြနဲ့၊ နင့်အတွက် မေမေ ပေးထားတဲ့ မြို့နဲ့တိုက် ရှိတာပဲ၊ အဲဒီမှာ နေကြပေါ့"

"အေးပါ ဖြူရယ်၊ လောလောဆယ်တော့ မောင့်မိဘတွေ အရိပ် နဲ့ကင်းတဲ့နေရာတစ်ခုမှာ ငါတို့ ရှောင်နေတာ အကောင်းဆုံးလေ"

ဖြူ ဘာမှမပြောတော့ဘဲ ခေါင်းလေးညိတ်သည်။ ပြီးတော့ စိမ့်ကို ငေးငေးလေးကြည့်ရင်း

"စိမ့်ရယ် နင် တကယ် အိမ်ထောင်ပြုတော့မှာပေါ့နော်၊ နင်နဲ့ အမြဲတမ်း ဆုံတွေ့နိုင်ဖို့ဆိုတာ မလွယ်တော့ဘူး ထင်ပါရဲ့"

"ဘာလို့ မတွေ့ရမှာလဲ ဖြူရဲ့၊ ငါက နင်နဲ့အတူ အလုပ်လုပ် ဦးမှာပဲဟာ၊ မောင်ကလည်း သူ့မိတ်ဆွေတစ်ယောက် ကုမ္ပဏီမှာ အလု ဝင်မယ်တဲ့၊ သူ့ဒယ်ဒီကုမ္ပဏီမှာ အလုပ်ဆက်လုပ်ရမှာ မဟုတ်တော့ တခြားမှာပဲ လုပ်မယ်တဲ့"

"အင်းလေ ရတုပိုင် မိဘတွေ ပထမတော့ စိတ်ဆိုးချင်ဆိုး ကြမှာပေါ့၊ ဒါပေမဲ့ မပူပါနဲ့ စိမ့်ရယ်၊ မေမေတို့ လူကြီးတွေ ညှိနှိုင်းပေး မှာပါ၊ ရတုပိုင် မိဘတွေက မေမေတို့နဲ့ရင်းနှီးပြီးသားပဲ၊ သူတို့ သ





မတူလို့ မရတော့လည်း လက်ခံရမှာပဲပေါ့"

"အင်း ဘယ်လိုအခြေအနေမျိုးပဲကြုံကြုံ ငါ ရင်ဆိုင်ရဲပါတယ် ဟာ၊ တစ်ခုတော့ နင်ကူညီနော် ဖြူ၊ မနက်ဖြန်ကျ နင် ငါ့ကိုလိုက်ပို့ပေး ဟာ၊ ငါ့အဘွားဆီသွားမယ်လို့ အမေ့ဆီ ခွင့်တောင်းထားတယ်၊ အဲဒါ နင်ပါ လိုက်ခဲ့ပေးပါ၊ ပဲခူးက ငါ့ဦးလေးတွေအိမ်မှာ အိပ်ချင်အိပ်၊ မအိပ် ချင်လည်း ငါတို့နဲ့ တည်းခိုဆောင်မှာတည်းပေါ့"

"ဟင် ဘယ်လို စိမ့်၊ နင်တို့က ဘယ်အချိန် ချိန်းထားကြလို့လဲ"

"မောင်က ညနေခြောက်နာရီခွဲလောက်မှ ရောက်မှာ"

"ဟယ် နင်တို့ကလည်း ချိန်းထားတဲ့အချိန်က နောက်ကျ လိုက်တာ"

"မောင်က တမင်စီစဉ်ထားတာလေ၊ သူ့မိဘတွေရိပ်မိသွားရင် တောင် နောက်က ခြေရာခံမလိုက်နိုင်အောင် အချိန်ကို ညဘက်စီစဉ်တာ တဲ့၊ ပဲခူးမှာ ငါတို့ တစ်ညတည်းပြီး မနက်မိုးလင်းတာနဲ့ မန္တလေးသွား မှာ"

"ဒါဆို ငါက ပဲခူးမှာ တစ်ညနေရမှာပေါ့ ဟုတ်လား စိမ့်"

"အင်းလေ ငါနဲ့အတူ အဘွားဆီသွားမှာဆိုရင် မေမေတွေ တို့က ခွင့်ပြုမှာပါ၊ နင် လိုက်ခဲ့ပေးပါနော် ဖြူ"

စိမ့် နှစ်ခါအကူအညီ မတောင်းလိုက်ရပါဘဲ ဖြူက ခေါင်းညိတ် ပြီးဖြစ်နေသည်။ ဖြူသည် အမြဲတမ်း စိမ့်ကို ကူညီပေးတတ်သူဖြစ်သည်။

အခုလည်း စိမ့်ကို ပဲခူးအထိ လိုက်ပို့ပေးဖို့အတွက် ဖြူက ခေါင်းလေးညိတ် ကတိပေးသည်။

မနက်ဖြန်အတွက် စိမ့်အတွေးတွေနှင့် ထိုညက အိပ်မပျော်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့ပါ။ ဖြူလည်း ဘယ်လိုနေသည် မသိပါ။

စိမ့်ကတော့ လုပ်သင့်တာ အားလုံးကို အကွက်ချချ စီစဉ်ပြီး ခဲ့ပြီ။ ဖြူစင်သော စိတ်ထားနှင့် နွေးထွေးပြည့်ဝသော မေတ္တာတရား တန်ဖိုးကို စိမ့် နားလည်တတ်ခဲ့ပြီ။

မောင်ရယ် မောင့်ရဲ့ချစ်ခြင်းမေတ္တာတွေက ပိုင်ဆိုင်ထိုက်သူနဲ့မှ ပိုင်ဆိုင်သင့်ပါတယ်။

■ ■ ■

## အခန်း (၂၈)

ပဲခူးက အဘွားဆီ စိမ့်နှင့်ထည်တို့ သွားမည်ဆိုတော့ မေမေက စိတ်ပူနေသေးသည်။

"သွားချင်လည်း မနက်စောစောကတည်းက သွားကြပါလား ကွယ်၊ ညနေစောင်းကြီးမှ သွားကြသလား"

"ဘာမှမဖြစ်ပါဘူး မေမေရဲ့၊ မိုးမချုပ်ခင် ရွာရောက်မှာပဲဉစ္စာ၊ သမီးတို့ ဟိုမှာ ညအိပ်မှာနော်၊ မေမေတို့မပူနဲ့၊ မနက်ဖြန်မှ ပြန်လာမှာ"

ထည်နှင့်စိမ့်တို့ အတူသွားမှာမို့ မေမေက ခွင့်ပြုခဲ့သည်။ စိမ့် ဘယ်တော့မှ ဒီအိမ်ကို ပြန်မရောက်တော့ဘူးဆိုတာ မေမေ မသိရှာသေးပါ။ ချစ်သူနောက် စိမ့်လိုက်သွားတာကိုသိလျှင် မေမေ ဖြူ့ကို ကရုဏာ ဒေါသောနှင့် အပြစ်တင်ဦးမှာ သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေက စိမ့်ကို နိုးရာမလိုက်စေချင်ပါ။ ရတုဝိုင် မိဘတွေနှင့် အဆင်ပြေအောင် ညှိနှိုင်းပေးမည်ဟု ပြောထားသည်။ အခုတော့ ရတုဝိုင်က စိမ့်ကို နိုးမည်ဆိုတော့လည်း ....။

ဖြူ မတားချင်တော့ပါ။ သူ့မိဘတွေအကြောင်း ရတုဝိုင် သိလို့ ဒီလို ဆုံးဖြတ်လိုက်တာပဲဖြစ်မည်။

"ဖြူ တစ်ဆိုင်ဆိုင် ခဏဝင်ထိုင်ရအောင်ဟာ"

"ဟင် မထိုင်ပါနဲ့တော့ဟာ၊ နောက်ကျနေဦးမယ်"

"ဘယ်ကနောက်ကျရမှာလဲ၊ ငါတို့ ထွက်လာတာက စောနေတာ၊ မောင်က ညနေခြောက်နာရီခွဲလောက်မှ ရောက်မှာ၊ ငါ ဗိုက်ဆာလို့ပါဟာ"

စိမ့်ဆန္ဒအတိုင်း ကြေးအိုးဆိုင်လေးမှာ ထည်ကားလေးကို ရပ်လိုက်ပါသည်။ ပဲခူးက တည်းခိုဆောင်မှာ ရတုဝိုင်နှင့်ချိန်းထားတာ ညနေခြောက်နာရီခွဲဆိုတော့ အချိန်တွေ စောနေတာတော့အမှန်။ မေမေက စောစောထွက်ကြဆိုတာကြောင့် ထွက်ခဲ့ကြတာဖြစ်သည်။

ကြေးအိုးနှစ်ပွဲမှာသောက်တော့ ဗိုက်ဆာသည်ဆိုသော စိမ့် ဟက်ဟက်ပက်ပက် မစားပါ။

"စားလေစိမ့် နင်ဗိုက်ဆာနေတယ်ဆို"

"ဗိုက်ဆာပေမယ့် စားလို့မဝင်ပါဘူး ဖြူရယ်၊ ငါ့ရင်တွေ အလိုလို ပြည့်နေတယ်"

"ဘာလဲ ရတုဝိုင်နဲ့တွေ့ရတော့မှာမို့လား။ အင်း ငါက နင်တို့ မင်္ဂလာပွဲကို ခမ်းခမ်းနားနား ဖြစ်စေချင်တာဟာ၊ ဒီလိုကြီးဖြစ်မလာစေချင်ဘူး"





စိမ့် နှုတ်ခမ်းလေးတွေမှာ အပြုံးရိပ်လေးတွေ အရိပ်ထင်သည်။ ထည်ကသာ စိမ့်နှင့်ရတုဝိုင်တို့ ပေါင်းစည်းမှုကို ထည်ဝါခမ်းနားစေချင်နေတာ။ စိမ့်ကတော့ ရင်ခုန်စရာကောင်းသောအဖြစ်ဟု သတ်မှတ်ရင်းခုန်နေသည်လား မသိ။

"ဖြူ နင်မှတ်မိသလားဟင်"

"ဘာကို မေးတာလဲစိမ့်ရဲ့"

"ခြော် မောင်နဲ့ငါချစ်သူတွေ ဖြစ်ခဲ့ကြတာ နင့်ရဲ့ကျေးဇူးတွေ အများကြီးပါတယ်လေ၊ တကယ်ဆို မောင့်ကိုနင်က အရင်သိကျွမ်း ရင်းနှီးခဲ့တာနော်"

ဘာကြောင့် စိမ့်ဒီစကားတွေ ပြန်ပြောနေရတာလဲ။ တကယ်ဆို ထည် ဒါတွေကို မေ့ထားပေမယ့် ရင်ထဲမှာတော့ သိပ္ပက်စွာမေ့လို့မရနိုင်ခဲ့တာ ကိုယ်တိုင်ပဲသိသည်။

"ဒါကို မောင်အခုထိမသိရှာဘူး၊ မောင်သိရင် ဘာတွေဖြစ်လာမယ်လို့ နင်ထင်သလဲဟင် ဖြူ"

"ဘာတွေဖြစ်စရာမှ မလိုဘူးလေ၊ ရတုဝိုင်က နင့်ချစ်သူပဲ"

"မဟုတ်ဘူး ထည် သူက အင်တာနက်မှာ ချက်တင်ထိုင်ရင်း သိကျွမ်းရင်းနှီးခဲ့တာ W ဆိုတဲ့ မိန်းကလေးကို စွဲလန်းခဲ့တာတဲ့"

စိမ့်စကားကြောင့် ထည် မျက်နှာလေးရဲခနဲ ထူပူသွား၏။ စိမ့် ဘာတွေပြန်ပြောနေရတာလဲ။ ပြီးတာတွေ ပြီးဆုံးခဲ့ပြီ။

"ရတုနဲ့နင် လူချင်းမမြင်ဖူးကြဘဲ ချက်တင်ထိုင်ရင်း ကျွမ်းဝင်ခဲ့ကြတာ နှစ်လလောက်ကြာမယ်နော် ဖြူ"

"အဲဒါတွေ ပြန်ပြောမနေစမ်းပါနဲ့ စိမ့်ရယ်၊ ဒါက ငါ့ အပျော်



www.burmeseclassic.com

www.burmeseclassic.com



သသော လျှောက်လုပ်ခဲ့တာပါ။ အဖျင်းပြေပြေပါ့ဟာ အပင်း ရတုပိုင်တော့ မသိစေနဲ့နော် တော်ကြာ နင်နဲ့ငါ့ကို အထင်လွဲသွားဦးမယ်''

ထည် တစ်ခါတည်း ကြိုပိတ်ထားလိုက်ရသည်။ စိမ့်ကပြောလို့ ရတာမဟုတ်ပါ။ ရတုပိုင်ကို အမှန်တွေလျှောက်ပြောနေလျှင် အခက်။

တကယ်ဆို အင်တာနက်မှာ ချက်တင်ထိုင်ရင်း Y ဆိုသော ရတုပိုင်နှင့် ဆုံတွေ့ခင်မင်ခဲ့တာ ထည်ပဲဖြစ်သည်။ W ဆိုသော အမည် ဝှက်နှင့် ထည် ရတုပိုင်နှင့် စကားတွေပြောဖြစ်သည်။

မက်ဆေ့ချ်တွေ အပြန်အလှန်ပို့ဖြစ်သည်။ နောင်တွယ်မှန်းမသိ တွယ်ခဲ့သော သံယောဇဉ်တွေက ထည်နှင့်ရတုပိုင်ကြားမှာ ငြိတွယ်ခဲ့၏။

ဘယ်သူဘယ်ဝါမှန်းလည်းမသိ မမြင်ဖူးပေမယ့် Y ဆိုသော သူ့ကို ထည် စွဲလန်းငြိတွယ်ခဲ့သည်။

အံ့ဩစရာတော့ ကောင်းပါသည်။ တက္ကသိုလ်ကျောင်းသူ ဘဝ တစ်လျှောက်လုံးမှာ ဘယ်ယောကျ်ားကိုမှ မချစ်ခဲ့သော ထည်သည် မမြင်မတွေ့ဖူးသော ယောကျ်ားတစ်ယောက်ကိုမှ စွဲလန်းခဲ့မိသည့်အဖြစ် ဟာ အချစ်ရဲ့ ဆန်းကြယ်သောစွမ်းအင်တွေကြောင့်လား။

သူ့နာမည် ရတုပိုင်ဟု အရင်ဆုံးအသိပေးကာ သူ့ပုံရိပ်ကို ထည် မြင်တွေ့နိုင်အောင် သူ ဝန်ခံသည့်နေ့က ထည် နှလုံးသားတွေ တဒိတ်ဒိတ်ခုန်နေခဲ့သည်။

''W ကိုယ်မင်းကို ခင်တွယ်နေပြီ သိဝှက်ထားတဲ့ မင်းရဲ့ပုံရိပ် လေးကို ကိုယ်မြင်တွေ့ချင်တယ်၊ ကိုယ် မင်းနဲ့ လူချင်းဆုံချင်တယ်ကွာ၊ ကိုယ့်ကို ဆုံတွေ့ခွင့်ပေးပါ''

သူတောင်းဆိုလာတော့ ထည် လက်ခံဖို့ဆုံးဖြတ်ကာ သူ့ချိန်း





ဆိုသော ကော်ဖီဆိုင်လေးမှာ ဆုံကြဖို့လက်ခံမိ၏။ ဒါပေမဲ့ ထိုအချိန်မှာပဲ စိမ့်ရဲ့ခံစားချက်တွေကို ထည် သိခဲ့ရ၏။

''ဖြူ့ ငါ ယောကျ်ားလေးတစ်ယောက်ကို စွဲစွဲလန်းလန်း ချစ်နေ တယ်ဟာ၊ ငါ့ဘဝမှာ ဘယ်သူ့ကိုမှ မချစ်ဖူးတဲ့ အချစ်နဲ့ချစ်ခဲ့တာပါ''

''ဘုရားရေ နင်ကချစ်သူတွေ့နေပြီပေါ့ ဘယ်သူလဲစိမ့်၊ ဘယ်က လူလဲ ကျောင်းတုန်းကပဲလား''

''မဟုတ်ဘူး သင်တန်းသွားရင်း မထင်မှတ်ဘဲ သူနဲ့ဆုံခဲ့တာ သူ့နာမည်က ရတုပိုင် တဲ့''

''ဘာရယ်''

''ရတုပိုင် တဲ့ အရမ်းချောတဲ့ ယောကျ်ားတစ်ယောက်ပဲ နင်သာ သူ့မျက်နှာကိုမြင်တွေ့ရင် ငါပြောတာလက်ခံမှာ သေချာတယ်၊ နင် မှတ်မိ လား၊ နင်နေမကောင်းလို့ သင်တန်းမတက်တဲ့နေ့က ငါဗိုက်ဆာလို့ ကော် ဖီဝင်သောက်ရင်း သူ့ကိုမြင်ဖူးတာ၊ သူတို့သူငယ်ချင်းတွေ ခေါ်နေတဲ့ နာမည်ကိုကြားရင်း ငါသိခဲ့တာ၊ တစ်ခါမြင်ဖူးတာနဲ့ ငါ့ရင်ထဲမှာ သူ့ပုံရိပ် က ထင်ကျန်ရစ်ခဲ့တာ၊ အခုချိန်ထိ မေ့မရဘူးဟယ်၊ ဒါကြောင့် သူနဲ့ ပြန်ဆုံပါစေလို့ ဆုတောင်းပြီး ငါရောက်တဲ့နေရာတိုင်း ရှာခဲ့တယ်၊ ဒါပေမဲ့ အခုထိမတွေ့ရဘူးဟယ်''

စိမ့်စကားတွေကို နားထောင်ရင်း ထည် တိုက်ဆိုင်သော ကံ ကြမ္မာအတွက် အံ့ဩရ၏။ စိမ့်စွဲလန်းနေသူက ထည်ရဲ့ Y လေး ရတု ပိုင်ဖြစ်နေသည်လား။

ထည့်ကို ရတုပိုင် ပြခဲ့သော ဓါတ်ပုံလေးကို ထုတ်ပြကြည့်တော့ စိမ့် အံ့ဩမျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ဒီဓါတ်ပုံ နင်ဘယ်ကရတာလဲ ဖြူ၊ ဒါ ရတုဝိုင်၊ ရတုဝိုင်ပဲ၊ သူ့မျက်နှာလေးကို ငါစွဲစွဲလန်းလန်း မှတ်မိနေတာ"

စိမ့်ရှူးရှူးမှူးမှူး စွဲလန်းနေသူက ရတုဝိုင်ဟု သိလိုက်ရချိန်မှာ ထည် တနာသနားသွားမိ၏။ စိမ့် နှလုံးသားလေးကို ထည် မကွဲကြေစေလိုပါ။

"စိမ့် ဒါ နင်စွဲလန်းနေတဲ့ ရတုဝိုင်ဆိုရင် သူနဲ့နင် ရင်းနှီးအောင် ငါဖန်တီးပေးနိုင်တယ်"

"တကယ် တကယ်ပြောတာလား ဖြူ နင်နောက်နေတာလား ဟယ်"

"မနောက်ဘူး အဲဒီပုဂ္ဂိုလ်က အခုငါနဲ့အင်တာနက်မှာ ချက်တင်ထိုင်ရင်း ရင်းနှီးနေတယ်"

"ဟင်"

"အထင်မလွဲနဲ့ ငါဖျင်းရင် ချက်တင်ထိုင်တတ်တာ နင် သိတာပဲ၊ အပျော်ထိုင်ရင်းဆုံကြတာ၊ ငါ့စိတ်ထဲမှာ ဘာမှမရှိဘူး။ ဒါပေမဲ့ အခု သူက အပြင်မှာ လူချင်းတွေ့ချင် မြင်ချင်တယ်တဲ့၊ ဒီတော့ နင် ငါ့ကိုယ်စား သွားတွေ့လိုက်ပေါ့"

"ဖြူ တကယ်လား၊ ငါက နင့်ကိုယ်စား တွေ့လို့ကောင်းပါ့မလားဟယ်"

"ငါ့ကို သူ မမြင်ဖူးဘူးလေ၊ နာမည်ကိုတောင် W လို့ပဲ သိထားတာ၊ အဟင်း ငါက သူ့ကို ဟာသလုပ်မလို့ စဉ်းစားထားတာ၊ နင်တကယ် ရင်းနှီးချင်တယ်ဆိုရင် W အဖြစ် သူနဲ့သွားတွေ့လိုက်ပေါ့"

ထည့်စကားကို စိမ့်လက်ခံသည်။ ရတုဝိုင်ကို သွားတွေ့သည့်





နေ့က မဝံ့မရဲဖြစ်နေသော စိမ့်နှင့်အတူ အဖော်လိုက်သွားပေးရင်း ရတုဝိုင် ဦးနှောက်စားအောင် နောက်ပြောင်ခဲ့မိသေး၏။

ပန်းဆီရောင် ဝတ်စုံတူနှင့် ထည်တို့နှစ်ယောက်ကိုကြည့်ကာ ရတုဝိုင် စိတ်ရှုပ်ညစ်ညူးနေသော မျက်နှာလေးကို ထည်ဘယ်တော့မှ မမေ့သေး။

"ဖြူ နင်ဘာတွေ စဉ်းစားနေတာလဲ"

စိမ့်အသံလေးက ထည့်အတွေးတွေကို ဖြတ်တောက်ပစ်လိုက်မှ ထည် သတိဝင်လာရင်း

"ဘာမှမစဉ်းစားပါဘူး စိမ့်ရယ်၊ နင်နဲ့ရတုဝိုင်အကြောင်း တွေးကြည့်နေတာပါ"

"ဖြူ ငါတစ်ခုမေးမယ် နင်မှန်မှန်ဖြေမလား"

"ဘာမေးမလို့လဲ မေးလေ စိမ့်"

"နင့်ဘဝမှာ နင်ချစ်ခဲ့တဲ့သူ မရှိဘူးလား"

"ဟယ် ဘာတွေမေးနေတာလဲ မရှိလို့ နင်မတွေ့တာပေါ့ စိမ့်ရယ်၊ ငါ့မှာအချစ်ဆုံးသူ တစ်ယောက်ပဲရှိတယ်၊ အဲဒါ စိမ့်ဆိုတဲ့နင်ပဲ"

"ဖြူရယ် နင့်ရဲ့သံယောဇဉ်ကို ငါနားလည်ပါပြီဟာ၊ ပြီးတော့ အချစ်ဆိုတာ နူးညံ့သိမ်မွေ့တဲ့အရာတစ်ခုပါ၊ ဒါကို ငါလက်ခံလိုက်ပြီ သိလား"

စိမ့် ငေးငေးလေးကြည့်ရင်း ပြောနေသည့်စကားတွေကို ထည် နားထောင်ရင်း ပြုံးမိ၏။ အချစ်ဆိုတာ စိမ့်ပြောသလို နူးညံ့သိမ်မွေ့သလို ပိုင်ဆိုင်လိုစိတ်လည်း ကင်းစင်ပါတယ်။

ထည့်ဘဝမှာ အချစ်ကို ကြုံခဲ့ဖူးသလို ရင်ထဲမှာ ဖြူစင်စွာ



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး မျှိုသိပ်သိမ်းဆည်းထားမှာပါ။ ရတုပိုင် ဆိုတဲ့သူ့ကို ထည့် မြှုတ်နှံးမှာ ချစ်ခဲ့တာ စိမ့် ဘယ်တော့မှ မသိစေရပါဘူး။

အဖြူထည်ရဲ့နှလုံးသားမှာ ရတုပိုင် ဆိုတဲ့သူကလည်း အဖြူ ရောင်လေးအတိုင်း တည်ရှိနေမှာပါကွယ်။

■ ■ ■

## အခန်း (၂၉)

ကားလေးက မင်္ဂလာဒုံအလွန်မှာပဲ စိမ့်ဆီက ဟန်းဖုန်းလေးက ထမြည်လာ၏။ စိမ့် ဖုန်းလေးဖွင့်နားထောင်ချိန်မှာ ထည်ကတော့ ကားကို ဂရုစိုက်မောင်းနေလိုက်၏။

"ဟုတ်ကဲ့ စိမ့်ပါ"

"..."

"ရှင်"

"..."

"ဟုတ်ကဲ့ ဟုတ်ကဲ့ စိမ့် အခုချက်ချင်း လာခဲ့ပါ့မယ်"

စိမ့်မျက်နှာလေး ဖိုးရိမ်ရိပ်တွေ လွှမ်းခြုံသွားတာမို့ ထည်လည်း ထိတ်ခနဲ ဖြစ်သွားရ၏။

"ဘယ်ကဖုန်းလဲ ဘာဖြစ်တာလဲ စိမ့်"

"ဖေ ဖေဖေ ကားအက်ဆီးဒင့်ဖြစ်လို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ဦးလေးအောင်"

"ဟုတ်တယ် ဖြူ ဆေးရုံက လှမ်းဆက်တာ"

ထည် ကားကိုချက်ချင်းရပ်ပစ်လိုက်သည်။ စိမ့်မျက်နှာလေးက တုန်လှုပ်ချောက်ချားခြင်းတွေနှင့် ဆောက်တည်ရာမရ။

"ငါ ငါ ဆေးရုံလိုက်သွားမှ ဖြစ်မယ် ဖြူ"

"ငါကားကို ပြန်လှည့်လိုက်မယ်၊ ဘယ်ဆေးရုံလဲ စိမ့်"

"နေဦး ဖြူ ဟိုမှာမောင်စောင့်နေမယ်၊ နင် သွားလိုက်ပါ"

"ဘယ်လို"

"ဟုတ်တယ် မောင့်ဆီ နင်သွားပြီး အကျိုးအကြောင်းပြောပြထားလိုက်နော်၊ ငါ ဆေးရုံရောက်မှ ဖုန်းဆက်လိုက်မယ်"

"စိမ့် နင်မပါဘဲ ငါက ရတုပိုင်နဲ့ ဘယ်လိုလုပ်ရမှာလဲ"

"ဖြူရယ် မောင် စောင့်နေမှာ၊ နင် အသေအချာရှင်းပြလိုက်ပါ၊ ဘာဆက်လုပ်ရမလဲဆိုတာ ငါ ဖုန်းဆက်ပါ့မယ်၊ အခု ငါ တက္ကစီငှားပြီး ဆေးရုံလိုက်သွားမယ်"

"ရတုဆီ ဖုန်းဆက်ရင်ကော"

"မောင် အရမ်းစိုးရိမ်သွားမှာစိုးလို့ပါဟယ်၊ ငါ့ကို ကူညီပါနော် ဖြူ နော်"

စိမ့် ဆောက်တည်ရာမရ ဖြစ်နေတာကိုကြည့်ရင်း ထည် ခေါင်းညိတ်လက်ခံလိုက်ရသည်။ စိမ့် ကားတံခါးဖွင့်ဆင်းသည်။

"စိမ့် နင် ဖြစ်ပါ့မလား"

"ရတယ် တက္ကစီငှားသွားမယ်၊ နင် သွားတော့ ဖြူ၊ မောင့်ကို အသေအချာ ရှင်းပြ၊ ငါ ဖုန်းဆက်မယ်၊ နင် မဆက်နဲ့နော်၊ ငါတို့ကိစ္စ





တွေ ရိပ်မိကုန်မယ်"

ပြောပြီး တက္ကစီတစ်စီးကို လှမ်းတားကာ စိမ့် ထွက်သွားခဲ့သည်။ ထည် ကားလေးကို ပဲခူးဘက် ဆက်မောင်းနှင်ခဲ့သည်။ ရတုပိုင်နှင့်တွေ့မှ ဘာဆက်လုပ်ရမည်လဲဆိုတာ ထည် တိုင်ပင်ရတော့မည်။

စိမ့်ခမြာ ကံဆိုးလိုက်တာ။ ရတုပိုင်နှင့် စိမ့်တို့ ချစ်ခရီးက အနှောင့်အယှက်တွေ အများကြီးနဲ့ပါလား။

■ ■ ■

ပဲခူးဘက်က ချိန်းထားသော တည်းခိုဆောင်ကိုရောက်တော့ ရတုပိုင်ကို အဆင်သင့်တွေ့ရသည်။ ကားထဲက ထည် ဆင်းလာတော့ ရတုပိုင် အပြေးလေး လျှောက်လာရင်း

"စိမ့်ကော အဖြူထည်"

ထည် အခြေအနေအားလုံးကို ရှင်းပြလိုက်တော့ ရတုပိုင် မျက်နှာပေါ်မှာ စိုးရိမ်ရိပ်တွေ ယှက်သမ်းသွားခဲ့ရှာ၏။

"ဟင် အခြေအနေက ဆိုးသလား"

"မပြောတတ်သေးဘူး၊ သူလည်း ချက်ချင်း ဆေးရုံကို ကားငှားပြီး လိုက်သွားရတယ်၊ ထည့်ကို ရတုပိုင် စိုးရိမ်နေမှာစိုးလို့ လွှတ်လိုက်တာ"

"ဟာကွာ ဖုန်းဆက်ပြောလို့ရတာပဲ၊ သူတစ်ယောက်တည်း ဘာလို့ ပြန်သွားရတာလဲ"

"ရှင် စိုးရိမ်မှာစိုးလို့တဲ့လေ၊ သူ့အဖေအတွက် ထူပူနေတော့လည်း စိမ့်ကော ထည်ပါ ဘာမှမစဉ်းစားနိုင်အောင် ဖြစ်သွားတယ်၊ အခုလောက်ဆို သူ ဆေးရုံမှာ ရောက်နေလောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရတုဝိုင် ဘောင်းဘီအိတ်ထဲက ဖုန်းကိုထုတ်ကာ ချက်ချင်း ဆက်သည်။ ရတုဝိုင်ရဲ့ စိုးရိမ်နေသောမျက်နှာကိုကြည့်ရင်း ထည် ပင့်သက်ရှိုက်မိသေးသည်။

"ဟဲလို စိမ့် ကိုယ်ပါ"

"..."

"ဟုတ်လား ဒါဆို စိမ့်နေလိုက်၊ ကိုယ်နဲ့အဖြူထည်တို့ ပြန်ခဲ့လိုက်မယ်"

"..."

"ဟင် ဟုတ်လား။ ဒါဆို ဘယ်လိုလုပ်ကြမှာလဲ"

"..."

"အင်း အင်း အိုကေ အိုကေ ကိုယ်တို့စောင့်နေမယ်"

ရတုဝိုင် ဖုန်းကိုပိတ်ရင်း ထည့်ကိုကြည့်သည်။ ပြီးမှ စိမ့်ပြောတာတွေကို ပြန်ရှင်းပြသည်။

"စိမ့်အဖေ ဒဏ်ရာကြီးကြီးမားမား မရဘူးတဲ့၊ ညတွင်းချင်းတောင် ဆေးရုံက ဆင်းရမှာတဲ့၊ ပြီးတော့ စိမ့်က သူ ခဏနေရင် ထွက်လာမယ်တဲ့၊ ကိုယ်နဲ့အဖြူထည်ကို ဒီကပဲ စောင့်နေပါတဲ့"

"ဟင် စိမ့်က ညတွင်းချင်း ပဲခူးကိုပြန်လာမှာ ဟုတ်လား"

"ဟုတ်တယ်တဲ့ အဖြူထည်၊ သူ့အဖေက စိုးရိမ်စရာ မရှိဘူးတဲ့၊ ပြီးတော့ ကိုယ်နဲ့အစီအစဉ်ကို အပျက်မခံနိုင်ဘူးတဲ့၊ ဒီကစောင့်နေဖို့ပဲ ပြောနေတယ်"

ထည် ပင့်သက်ရှိုက်မိပြန်ပါသည်။ စိမ့် ဘာကြောင့် ကသုတ်ကရိုက်တွေ စီစဉ်နေရသည်လဲ။





"ရန်ကုန်နဲ့ပဲခူး ခရီးက ဒီလောက် မဝေးပါဘူး။ ကိုယ်တို့ စောင့်လိုက်ကြရအောင်"

ရတုဝိုင် ကိုယ်တိုင်ကလည်း စိမ့်ဆန္ဒအတိုင်း ထပ်တူဖြစ်နေတော့ ထည် ငြင်းလို့မကောင်းတော့ပါ။ တည်းခိုဆောင်လေး၏ စားသောက်ခန်းမလေးက အတူထိုင်စောင့်ဖြစ်၏။

"တစ်ခုခု စားလေ ထည်၊ ဗိုက်ဆာနေမှာပေါ့"

ရတုဝိုင်၏ ထည်ဟု တရင်းတနှီး ခေါ်သံကြောင့် ထည် ရင်လေး ဒိတ်ခနဲ ခုန်မိသေး၏။ ရတုဝိုင်ကတော့ စားပွဲထိုးလေးကိုခေါ်ကာ စားစရာတွေ မှာသည်။

နှစ်ယောက်သား မဆာပေမယ့် စားရင်း စိမ့်ကို စောင့်ကြရသည်။ ခရီးက မဝေးလှပေမယ့် စိမ့်ခမြာ ကားငှားလာရမှာမို့ အချိန်ကြာနိုင်သည်။

စားသောက်ပြီး ရတုဝိုင်ဖုန်းဆက်တော့ ဖုန်းပိတ်ထားသည်တဲ့။ ထည့်ဖုန်းနှင့်ဆက်ကြည့်တော့လည်း စိမ့် ဖုန်းပိတ်ထားသည်။

"သူ လာနေပြီထင်တယ်၊ ဆယ်နာရီလောက်တော့ ရောက်မှာပါ"

မျှော်ရင်းစောင့်ရင်း ဆယ်နာရီ ထိုးတော့လည်း စိမ့် ရောက်မလာတော့ ရတုဝိုင် မျက်နှာက စိုးရိမ်နေသည်။ ထည်လည်း စိတ်ပူနေ၏။

"ဘယ်လိုလုပ်ကြမလဲ ရတုဝိုင်"

"ဘာတွေ ပြဿနာတက်နေသလဲ မသိဘူး၊ ဖုန်းကလည်း ပိတ်ထားတယ်၊ ခုပဲ ဆယ်နာရီကျော်နေပြီ"

"ထည်တို့ ရန်ကုန်ပြန်ကြမလား ရတုဝိုင်"



www.burmeseclassic.com

www.burmeseclassic.com



"စိမ့်နဲ့လွဲရင် ဘယ်လိုလုပ်မလဲ၊ ကိုယ် ရန်ကုန်လိုက်သွားမယ် ထည်တစ်ယောက်တည်း ဒီမှာ နေရဲသလား"

"ဟင့်အင်း ဒါတော့ မဖြစ်ဘူး ထည် မနေရဲဘူး"

ရတုပိုင် ပင့်သက်ရှိုက်ရင်း တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်နှင့်

"ကိုယ်တို့ ဒီမှာပဲ ဆက်စောင့်ကြတာပေ့ါ ထည်၊ မနက်မိုးလင်း မှ ပြန်ကြတာပေ့ါ"

ရတုပိုင် ကြိုတင်ငှားရမ်းထားသော နှစ်ယောက်ခန်းတစ်ခန်း မှာပဲ တစ်ညလုံးထိုင်နေဖို့ ထည် ဆုံးဖြတ်လိုက်သည်။ ထည် တစ်ယောက် တည်းလည်း မနေရဲတာ အမှန်။

"ထည် အိပ်ချင်အိပ်လေ၊ ကိုယ် အပြင်ထွက်စောင့်နေပေး မယ်"

"မဟုတ်တာ အတူထိုင်စောင့်ရင်း ငိုက်ကြတာပေ့ါ၊ ထည် အိပ်လို့လည်းရမှာမဟုတ်ပါဘူး"

တကယ်လည်း ထည် တစ်ညလုံး အိပ်မရခဲ့ပါ။ စိမ့်က ဘာ ကြောင့် ရောက်မလာတာလဲ။ တွေးရင်း တွေးရင်း မိုးစင်စင်လင်းခဲ့သည်။

■ ■ ■

"ထည် ထည်"

တီးတိုးခေါ်သံသဲ့သဲ့ကြောင့် ထည် မျက်ဝန်းတွေ ဖွင့်ကြည့်မိ[illegible]

ရူးရူးရှရှ အလင်းရောင်ကြောင့် မျက်ဝန်းတွေ ပြာဝေကျိန်းစပ်သွားခဲ့[illegible]

မျက်ခွံတွေကို ပွတ်သပ်ကြည့်တော့ ရတုပိုင် မျက်နှာကို မြင်[illegible]

"ဟင် ရတု"

"ထည် အိပ်ပျော်နေလို့ စောင့်နေတာ၊ ခုနစ်နာရီတောင် ထိုး





နေပြီ"

"ဟင် ဟုတ်လား။ ထည် မှောခနဲ အိပ်ပျော်သွားလို့ နောက်ကျ နေပြီ စိမ့်ကော"

"သူ ရောက်မလာဘူး။ ဘာတွေဖြစ်နေသလဲ သိရအောင် ရန်ကုန်ပြန်ကြမယ် ထည်"

"အင်း သွားကြမယ်လေ"

နှစ်ယောက်သား တည်းခိုခန်းတံခါးဖွင့်ကာ အထွက်မှာပင် မြင်လိုက်ရသော မြင်ကွင်းကြောင့် မျက်လုံးတွေ ပြူးသွားရ၏။

"သား"

"သမီးလေး"

မာမီ ဒယ်ဒီနှင့် အဖြူထည်တို့ မိဘနှစ်ပါးအပြင် အနောက်မှာ တွေ့လိုက်ရတာ ကဗျာနှင့် သီဟတို့စုံတွဲ။

"အမလေး သားရယ် မိဘတွေ သဘောတူပါတယ်ပြောရက်နဲ့ မိုးပြေးရသလား"

"ဗျာ"

"သမီးရယ် မေမေတို့ စိတ်တွေပူလိုက်ရတာ၊ တော်သေးတာပေ့ါ သမီးလေး စိမ့်က သားနဲ့ပါသွားတယ်ပြောမှ စိတ်အေးရတာ"

"မေ မေမေ ဘာပြောနေတာလဲ စိမ့် စိမ့်ကော"

"သမီးလေး စိမ့်က ရွာပြန်သွားတယ်လေ၊ သူ ဖုန်းဆက်လို့ သမီးတို့ဒီမှာရှိတာ မေမေတို့ သိရတာ"

"စိမ့်အမေကော သက်သာလား မေမေ"

"ဘာလဲ သမီး၊ ကိုအောင် ဘာဖြစ်လို့လဲ၊ အခုတောင် မေမေ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို သူပဲ ကားမောင်းပို့တာ''

''ဟင်''

ထည် မျက်လုံးလေးတွေ ဝိုင်းကာ ရတုပိုင်ကို လှမ်းကြည့်တော့ ရတုပိုင်လည်း မျက်ဝန်းတွေ ပြူးအံ့သြလို့

''ကဲ သားနဲ့သမီး အတူပြန်လိုက်ခဲ့ကြပါကွယ်၊ မေမေတို့မိဘတွေဘက်က မိဘဝတ္တရားအတိုင်း စီမံပေးရမှာပေါ့''

မေမေ့စကားကြောင့် ထည် ခေါင်းတွေ ပုတ်လောက် ကြီးသွားမိသည်။ ဘာတွေဖြစ်ကုန်တာလဲ။ စိမ့် ဘာတွေလုပ်ခဲ့တာလဲ။

တစ်ခုခုတော့ လွဲမှားနေတာ သေချာ၏။

■ ■ ■

## အခန်း (၁၀)

''မဟုတ်ဘူး မာမီ၊ လုံးဝမဟုတ်ဘူး။ သားနဲ့အဖြူထည်တို့က မာမီတို့ထင်သလို မဟုတ်ဘူး။ ရိုးရိုးသားသားပါဗျာ''

''သားရယ် တည်းခိုခန်းထဲက နှစ်ယောက်သား ထွက်လာတာ တောင် ငြင်းချင်သေးသလား။ ညကတည်းက သားနဲ့အဖြူထည်လေးတို့ ခိုးရာလိုက်သွားတဲ့သတင်းက ရန်ကုန်မှာ ပျံ့နှံ့နေပြီ''

''မဟုတ်ဘူး မာမီ၊ သားက စိမ့်နဲ့ချိန်းထားတာ''

''စိမ့်စမ်းလကို ပြောတာလား။ မင်းတို့နှစ်ယောက်သတင်း ကြားကတည်းက မဆွေဆီ ခွင့်တောင်းပြီး ရွာပြန်သွားပြီ''

''ဗျာ''

သူနဲ့မာမီပြောနေတာတွေကို မျက်မှောင်ကြီးတွေနဲ့ နားထောင်နေသော ဒယ်ဒီက

''သား ရတုပိုင် မင်းယောကျ်ားတစ်ယောက်မဟုတ်လား။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နှယ်ကွာ တစ်ဖက်က မိန်းကလေးကို ငဲ့ညှာပါဦးကွာ၊ လူသိရှင်ကြား ဒီအခြေအနေဖြစ်ရုံမက မိဘနှစ်ဖက်ရှေ့မှာ ထိပ်တိုက်တွေ့တာတောင် မင်းက ဘာလို့ ငြင်းနေတာလဲကွ''

''မဟုတ်ဘူး ဒယ်ဒီ၊ သား ရှင်းပြ''

''ဟေ့ကောင် ဘာမှရှင်းစရာ အချိန်မဟုတ်ဘူး၊ ဒီအချိန်က မင်း အဖြူထည်လေးကို အမြန်ဆုံးလက်ထပ်ရမှာ မင်းရှုပ်ချင်တာတွေ ဘယ်လောက်ရှုပ်ရှုပ် ယောက်ျားပီပီ တာဝန်ယူရဲရတယ်၊ ဒီတော့ဘာမှ မပြောနဲ့တော့ မင်္ဂလာပွဲကို အမြန်ဆုံးစီစဉ် ဒါပဲ''

ဒယ်ဒီ ယတိပြတ်ပြောပြီး ဧည့်ခန်းထဲက ချာခနဲ လှည့်ထွက်သွား၏။ မာမီက သူ့ကိုငေးစိုက်ကြည့်ရင်း

''သားရယ် ဘာတွေဘယ်လိုပဲဖြစ်ခဲ့ ဖြစ်ခဲ့ အဖြူထည်လေးရဲ့ ဂုဏ်သိက္ခာအတွက် သားသူ့ကို လက်ထပ်ရမယ်''

ဂုဏ်သိက္ခာအတွက်တဲ့လား။ အဓိပ္ပါယ်မရှိလိုက်တာ။ ဒါဘယ်လိုမှ ဒွေးရိုးသားရိုး မဟုတ်တာသေချာ၏။

သူနှင့်စိမ့်ကြားမှာ ဘယ်သူတွေ လှည့်စားခဲ့သလဲ။ အဖြူထည်လား၊ ဒါမှမဟုတ် အဖြူထည်ရဲ့ မိခင်လား။

တစ်ခါတုန်းကလည်း အဖြူထည်ရဲ့ဂုဏ်သိက္ခာအတွက် စိမ့်က စတေးခံခဲ့ရပြီးပြီ။ အခုသူက အဖြူထည် ဂုဏ်သိက္ခာအတွက် ပေးဆပ်ရမှာလား။

''နေပါဦး မာမီ ဒီကိစ္စကို အဖြူထည်က ဘာပြောလဲ''

''ဘာပြောရမှာလဲ သား ဒီအခြေအနေရောက်မှတော့ အဖြူထည်လေးက ခေါင်းညိတ်ပြီးသားပေ့ါ၊ ပတ်ဝန်းကျင်မှာ ဒီလောက်ထ





တင်းတွေပျံ့နေတာကို သားဘက်က ရှောင်ထွက်သွားရင် မာမီတို့ ဒယ်ဒီတို့ သိက္ခာတရားတွေသွားပြီ၊ အရှက်အတွက် မင်းဒယ်ဒီက အသက်ကို လဲမယ့်လူဆိုတာ သား မမေ့ပါနဲ့''

မာမီသူ့ကို ယတိပြတ်ချုပ်နှောင်လိုက်ခြင်းဟု သူနားလည်လိုက်သည်။

အံကိုတင်းတင်းကြိတ်ရင်း ဆင်ဝင်အောက်က ကားဆီလှမ်းခဲ့လိုက်သည်။

ကားကို ခြံထဲကမောင်းထွက်ခဲ့ရင်း ဖုန်းလေးကိုထုတ်ယူလိုက်သည်။ မှတ်မိနေဆဲ အဖြူထည်ရဲ့ ဖုန်းနံပါတ်လေးကို သူဖိနှိပ်ခေါ်လိုက်မိသည်။

ပြဿနာကိုတော့ ရင်ဆိုင်ရှင်းရမည်။

■ ■ ■

''ပြောစမ်းပါ အဖြူထည် ဒီဓာတ်လမ်းက မင်းအမေစီစဉ်တဲ့ ဓာတ်လမ်းလား။ မင်း မသိဘူးဆိုတာ ငါမယုံဘူး။ ငါ့ကိုအပိုင်ဖမ်းပြီး စိမ့်ကိုအဝေးမောင်းထုတ်လိုက်တာ မဟုတ်လား''

သူ ပေါက်ကွဲစွာမေးတော့ အဖြူထည် မျက်လုံးလေးဝိုင်းကာ ကြောင်တောင်တောင်လေး ကြည့်နေသည်။

အဖြူထည်နှင့် ယတိပြတ်ရှင်းချင်တာကြောင့် လူရှင်းသော ဒီနေရာလေးကို ခေါ်လိုက်တာဖြစ်သည်။ ပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိ။ ရှေ့တူရူမှာ ကန်ရေပြင်ကြီး ဘေးနောက်ဝန်းကျင်မှာ သစ်ပင်ခြုံနွယ်တွေ ဘာမှအားနာစရာ ဂရုစိုက်စရာမရှိပါ။

''ပြောလေ အဖြူထည် စိမ့်ကိုမင်းတို့ အသုံးချလိုက်တာလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မဟုတ်ဘူးရတုဝိုင် ထည် ဘာမှမသိဘူး ပြီးတော့ ဒီကိစ္စကို စိမ့်ဘာကြောင့် ဒီလိုလုပ်သွားတာလဲ မသိပါဘူး"

"တော်စမ်းပါကွာ စိမ့်ဆိုတာ မင်းတို့မိသားစုကြီးခွဲရာ ကနေ ရတဲ့ ရုပ်သေးရုပ်လေးပါ"

"ရတုဝိုင် ရှင်အထင်လွဲနေပြီ တကယ်ကို ထည် ဘာမှမသိဘူး ဒီကိစ္စတွေကို စိမ့်ဖန်တီးသွားတာ၊ ရှင်နဲ့ကျွန်မခိုးရာလိုက်သွားပြီလို့ ကဗျာတို့ နဒီတို့ဆီ ဖုန်းဆက်တာလည်း သူပဲ၊ အခုလည်း ထည် ဆုံတွေ့ချင်ပေမယ့် မေမေဆီက သူ ခွင့်တောင်းထွက်သွားတယ်၊ ရွာကိုပြန်တာမဟုတ်ဘူး၊ သူ ရွာမှာမရှိဘူး၊ ဘယ်မှာလဲမသိဘူး"

ရတုဝိုင် အံကိုတင်းတင်းကြိတ်ပစ်လိုက်မိသည်။ တကယ့်ကို ပိပိရိရိ ရှိကြသည်ပေပဲ။

ဦးဗညားနိုင်ကိစ္စတုန်းကလည်း ကိုးနှစ်နီးပါး ပိရိစွာ လိမ်ညာခဲ့ကြသည်။ စိမ့်ခြေမှာတော့ အဖြူထည်သိက္ခာအတွက် ရင်းနှီးပေးဆပ်ခဲ့ရသည်။

အခုလည်း အဖြူထည်တို့ လုပ်ရပ်က ရှင်းထင်းနေ၏။

"အဖြူထည် မင်းတို့ စိမ့်အပေါ်မှာ ဘယ်လောက်အနိုင်ယူကြမှာလဲ"

"ဟင် ဘာကိုလဲ ရတုဝိုင်"

"ငါမသိဘူး ထင်နေသလား၊ ဦးဗညားနိုင်ကိစ္စတုန်းက တကယ်ပတ်သက်ခဲ့တဲ့ တရားခံက မင်း၊ စိမ့်က မင်းသိက္ခာအတွက် ကြားကခေါင်းခံခဲ့ရတယ်"

"ဟင် ဘယ်လို"





အဖြူထည် မျက်လုံးတွေ ဝိုင်းစက်ကာ မင်သက်တုန်လှုပ်နေသည်။ သူမသိဘူးထင်ကာ လိမ်ညာထားတာပေါ်သွား၍ပဲ ဖြစ်မည်။ စိမ့်ကို ပေးခဲ့သော ကတိဖျက်ခဲ့တာအတွက်တော့ သူ စိတ်မကောင်းပါ။

"ငါ သိတယ် အဖြူထည်၊ စိမ့်က ရင်ဖွင့်သွားတယ်"

"စိမ့် စိမ့်က"

ချောက်ချောက်ချားချား အသံတုန်တုန်လေးနှင့် အဖြူထည် ရေရွတ်နေတာကို သူ ရွံရှာစွာ ကြည့်မိ၏။

"ဟုတ်တယ် ရိုးသားဖြူစင်တဲ့ စိမ့်ကတော့ မင်းကို ကျေးဇူးတရားအတွက် မင်းရဲ့သိက္ခာတရားအတွက် ကိုယ့်ကိုတောင် ဘယ်သူမှ ဖွင့်မပြောဖို့ ကတိတောင်းခဲ့တယ်"

အဖြူထည် နှုတ်ဆိတ် ငြိမ်သက်သွားခဲ့သည်။ အမှန်တရားတစ်ခုကို ကြာရှည်စွာ သိုဝှက်မရနိုင်တာ သိသွားခဲ့တာကြောင့် ဖြစ်မည်။

"စိမ့်က မင်းတို့သားအမိတွေအပေါ်မှာ သစ္စာရှိရှိ ပေးဆပ်သလောက် မင်းတို့က စိမ့်အပေါ်မှာ အနိုင်ယူကြတယ်၊ အခုလည်း ဒီကိစ္စမှာ မင်းက ရှောင်သလို ကူညီသလိုနဲ့ ငါ့ကိုအပိုင်သိမ်းပိုက်ဖို့ ကြံစည်ခဲ့တာပဲ"

နှုတ်ခမ်းလေးတွေ တုန်ခါကာ အဖြူထည် မျက်ရည်လေး ဝဲလာပေမယ့် သူ မသနားနိုင်ပါ။

"မင်းတို့မျှော်လင့်ချက်တွေ ဘယ်တော့မှ ဖြစ်မလာစေရဘူး အဖြူထည်၊ အေး ငါ့မိသားစုသိက္ခာ ယောက်ျားတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားအတွက် မင်းကိုငါ လက်ထပ်ခဲ့ရရင်တောင် ငါ့ချစ်ခြင်းမေတ္တာကို မင်းဘယ်တော့မှ မရစေရဘူး၊ ငါချစ်တာ စိမ့်ပဲ၊ စိမ့်ရဲ့ဖြူစင်တဲ့စကားသံ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေကို မျက်နှာလေးမမြင်ခင်ကတည်းက ငါ စွဲလန်းခဲ့ရတာ၊ မြတ်နိုးချစ်ခဲ့တာ၊ အချစ်ကို လောဘရမ္မက်တွေနဲ့ ဘယ်တော့မှ မင်းမပိုင်ဆိုင်နိုင်ဘူးဆိုတာ မှတ်ထားလိုက် အဖြူထည်"

ရင်ထဲက နာကျည်းခံစားချက်တွေကို စိတ်ရှိတိုင်းပြောပြီး ရတုဝိုင် ချာခနဲ လှည့်ထွက်ခဲ့သည်။

အင့်ခနဲ ရှိုက်သံတစ်ချက်က အဖြူထည်ဆီကလား။

ဆောရီးပဲ အဖြူထည်။ မင်းအပေါ် ငါ အထင်ကြီးလေးစားထားသမျှတွေ အကုန်ကြေမွသွားပြီးပြီ။ ငါ့ဘဝကို မင်းပိုင်ဆိုင်လိုက်တောင် ငါ့နှလုံးသားကိုတော့ မင်း မရနိုင်ဘူး။

■ ■ ■

## အခန်း (၃၁)

နှစ်ဖက်မိဘတွေ၏ဆန္ဒအရ သူနှင့်အဖြူထည်တို့ မင်္ဂလာပွဲကြီးက ခမ်းနားစွာ ကျင်းပပြီးဆုံးခဲ့သည်။

မာမီကတော့ သူ့ဆန္ဒအတိုင်း ဖြစ်ခဲ့သော မင်္ဂလာပွဲအတွက် ကြည်နူးရိပ်တွေ ဝေနေသည်။ ဒယ်ဒီကလည်း သိက္ခာတရားအတွက် ကျေနပ်ပြုံးတွေနှင့်ပါပဲ။

အဖြူထည် မိဘတွေ ကဗျာတို့ နဒီတို့တွေအားလုံး သူတို့နှစ်ယောက်အတွက် ပျော်နေကြသည်။

ရဲမက်ကလည်း ရှင်မင်းသူနှင့်အတူ သူ့မင်္ဂလာပွဲကို ရောက်လာတော့ သူ ကြိတ်ပြုံးမိသေး၏။

ဦးဗညားနိုင်နှင့် တကယ်တမ်း ငြိတွယ်ခဲ့သူက အဖြူထည်ဆိုတာသိလျှင် ရှင်မင်းသူ ဒီပွဲကို လာမည်လား။ အားလုံးက စိမ့်အပေါ်မှာပဲ အမုန်းတွေ ပွားနေကြတာ ခံပြင်းစရာ။

"ရတုတို့က တကယ်လက်သွက်တာပဲ၊ ကိုယ်နဲ့ဇာဇာတို့ပွဲတောင် မရောက်သေးဘူး ကျော်တက်ပြတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုလွင်က နောက်ပြောင်နေတော့ သူ မချိပြုံးနှင့်ပဲ တုံ့ပြန်မိသည်။ မမဇာကလည်း ဝမ်းသာနေသော မျက်နှာနှင့်

''ကွန်ဂရက်ကျူလေးရှင်းပါ အဖြူထည်၊ သိပ်လိုက်ဖက်တဲ့ စုံတွဲဆိုတာ မမ လက်ခံတယ်၊ တစ်ခုပဲ မချင့်မရဲဖြစ်မိတာ မမဇာ မင်္ဂလာပွဲကျရင် ဖြူလေးကို သတို့သမီး အရံလုပ်ခိုင်းမှာ၊ အခုတော့ အစီအစဉ်ပျက်သွားပြီကွယ် အပင်း၊ ဟင်း''

အားလုံး ရယ်မောကြည်နူးနေပေမယ့် အဖြူထည်ကလည်း အပြည့်အဝ ပျော်ရွှင်ဟန်မရှိ။ သူ ဘာကြောင့် သူမကိုလက်ထပ်ခဲ့ရတာလဲဆိုတာ အဖြူထည်လည်း သိမှာပါ။

မာမိတို့ လက်ဖွဲ့သော ခြံနှင့်တိုက်မှာ သူတို့နေဖြစ်သည်။ ဒါကို လက်ခံခေါင်းညိတ်ခဲ့တာလည်း သူနှင့်အဖြူထည်ကြားမှာ ကင်းပြတ်စွာ နေလို့ရ၍ဖြစ်၏။

''ဒီမှာ အဖြူထည် ဒီမင်္ဂလာပွဲက ဘာကြောင့်ဖြစ်ခဲ့ရသလဲ မင်းသိပါတယ်၊ မင်းတို့မာယာထဲက ငါ့သိက္ခာ၊ ငါ့မိသားစုဂုဏ်သိက္ခာကို ငါ့ဘဝနဲ့ပေးဆပ်လိုက်တာပဲ၊ ဒါပေမဲ့ ကျန်တာ ဘာတစ်ခုမှ မမျှော်လင့်ပါနဲ့''

သူ ဘာပြောပြော ခေါင်းလေးငုံ့ ငြိမ်သက်နေသော အဖြူထည်ကို သူ ယုယကြင်နာမှုတွေကို အဖြူထည် ဘာမှပိုင်ဆိုင်ခွင့်မရှိ။

''မင်း ငါ့အခန်းထဲ လုံးဝမဝင်ပါနဲ့ အဖြူထည်၊ ငါ့အတွက် ဘာတာဝန်မှလည်း ယူစရာမလိုဘူး၊ ဘာလို့လဲဆိုတော့ မင်းကို ငါ့ရဲ့ မယားတစ်ယောက်အဖြစ် ငါ မသတ်မှတ်ထားလို့ပဲ''

သူ့အခန်းထဲကို ဝင်ရောက်ပြီး အဖြူထည် ရှင်းလင်းပေးတာကိုလည်း သူ တားမြစ်ခဲ့သည်။





သူ ဘယ်လိုပြောပြော အဖြူထည်ကတော့ သူ့အပေါ်မှာ အိမ်ထောင်ရှင်မ ပီသကြောင်း ပြတတ်သည်။

သူ့အတွက် ကော်ဖီပိုင်းမှာ ပြင်ဆင်ပေးတာလည်း အဖြူထည်။ ထမင်းချက် ဒေါ်ကြင် ရှိသည့်ကြားက သူကြိုက်သော ဟင်းတွေကို အဖြူထည် ချက်ပြုတ်ပေးတတ်တာ သူ သိထားသည်။

''ဒေါ်ကြင် ဒီဟင်းက ဘယ်သူချက်တာလဲ''

''ရှင် ဘာဖြစ်လို့လဲ ဆရာလေး၊ ဟို ကျွန်မချက်တာပါ''

''မညာနဲ့ ဒါ ဒေါ်ကြင်လက်ရာ မဟုတ်တာ ကျွန်တော်သိတယ်''

''ဟို ဟိုလေ သမီးလေးထည် ချက်တာပါ၊ ဆရာလေးက ဘာဟင်းတွေ ကြိုက်သလဲ သူသိလို့ စီစဉ်ချက်ပေးနေတာ ကြာပြီ၊ ဆရာလေးမေးရင် သူချက်တာ မပြောနဲ့ဆိုလို့ပါ''

အိမ်ကို မကြာခဏ လာလည်တတ်သော မာမီ့ဆီက သူ ဘာဟင်းတွေ ကြိုက်သလဲဆိုတာ အဖြူထည် မေးမြန်းထားသည်ထင်၏။

မာမီ့အိမ်ကိုလည်း မကြာခဏသွားကာ မာမီ့ဆီက ချက်ပြုတ်နည်းတွေ သင်ထားတာကိုလည်း သူ သိထား၏။

အဖြူထည် မာမီ့လက်ရာအတိုင်း ချက်ပြုတ်နိုင်တာ သူ အံ့ဩမိသည်။

သူနှင့်အိမ်ထောင်ကျပြီးကတည်းက အဖြူထည်ကို သူမ မိဘတွေက အလုပ်မလုပ်ခိုင်းတော့ပါ။ အိမ်ထောင်ရှင်မ တာဝန်ကို ကြေဖို့ပဲ သင်ကြားနေတာတွေ သူ ကြားသည်။

နှစ်ဖက်မိဘတွေရှေ့မှာတော့ သူနှင့်အဖြူထည်တို့ ဟန်ဆောင်ဆက်ဆံသည်။

ကျန်အချိန်တွေမှာတော့ သူနှင့်အဖြူထည်က သူစိမ်းတွေလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

တစ်လလျှင် တစ်ကြိမ်လောက် သူ့မိဘတွေနှင့် အဖြူထည် မိဘတွေ အိမ်ကိုချိန်းကာ ရောက်လာတတ်သည်။

"မေမေ့သမီးလက်ရာလေး စားချင်လို့ကွဲ့"

"မဆွေ့သမီးလေး လက်ရာ ဘယ်လောက်ကောင်းသလဲဆိုတာ စားကြည့်၊ စိုးတို့ကတော့ အိမ်လာတိုင်း သမီးချက်ကျွေးလို့ စားနေကျ အဟင်း ဟင်း"

ထိုရက်တွေမှာတော့ သူနှင့်အဖြူထည် စိတ်ကျဉ်းကြပ်စွာ နှစ်ဖက်မိဘတွေရှေ့မှာ ဟန်ဆောင်နေကြရစမြဲ။

"ဒြော် ဒါနဲ့ သမီးလေးနဲ့သားတို့ ကလေးယူဖို့ အစီအစဉ် မရှိကြဘူးလား။ မာမီတို့က မြေးချီချင်နေပြီနော်"

"အို"

"ဟုတ်တယ် သမီး၊ မေမေနဲ့ဖေဖေလည်း မြေးလေးတွေကို မျှော်လင့်နေတာကွဲ့ အဟင်း ဟင်း"

"ခုကွာပါလားဟေ့ သားရေ မင်းတို့ ကလေးမွေးရင်တစ်ယောက်တည်း မမွေးနဲ့ကွ၊ တတ်နိုင်ရင် အမြွှာဆို ပိုကောင်းမယ်၊ ဒါမှ အဲဒီ အဘွားနှစ်ယောက် မြေးမလုကြမှာကွ ဟား ဟား"

အိမ်ထောင်သက် တစ်နှစ်နီးပါးရှိပြီဆိုတော့ မာမီတို့မျှော်လင့်တာ သူ နားလည်ပါသည်။ ဒါပေမဲ့ ဒါ ဘယ်တော့မှ ဖြစ်လာမည်မဟုတ်ဆိုတာ မာမီတို့မသိရှာပါ။

သူနှင့်အဖြူထည်ကြားက အမုန်းတံတိုင်းကြီးက ခိုင်မာနေပြီ။

■ ■ ■



## အခန်း (၃၂)

ဒီနေ့ ကုမ္ပဏီမှာ အလုပ်ပါးတာမို့ သူ အိမ်ကို စောစီးစွာပဲ ပြန်ဖြစ်သည်။

ခါတိုင်းဆိုလျှင် ဘယ်လောက်ပဲအလုပ်ပါးပါး သူ အချိန်တန်မှ အိမ်ပြန်တတ်သည်။ ရဲမက်တို့ သီဟတို့နှင့် ဆုံချင်ဆုံ၊ မဆုံလျှင်လည်း ဆိုင်တစ်ဆိုင်မှာ အချိန်ဖြုန်းပြီးမှ အိမ်ပြန်စမြဲ။

ဒီနေ့တော့ ခေါင်းတွေမူးနောက်နောက် ဖြစ်နေတာမို့ အိမ်ပြန်ခဲ့သည်။

ခြံထဲက ကားကိုမောင်းဝင်ခဲ့တော့ ဆင်ဝင်အောက်မှာ ရပ်ထားသော ဆလွန်းကားအဖြူလေးကြောင့် ညှို့သည်ရောက်နေတာဟု သိလိုက်၏။

သူ့ညှို့သည်တော့ မဟုတ်နိုင်ပါ။ အဖြူထည် သူငယ်ချင်း မိတ်ဆွေထင်၏။

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲကို ဝင်ခဲ့တော့ ဘယ်သူမှ မရှိပါ။ အဖြူထည် ဘယ်သွားနေသည်လဲ မသိပါ။

ဒုတိယထပ်က သူ့အခန်းဆီ လှမ်းဖို့ ခြေလှမ်းအပြင်မှာပဲ ညှော်ခန်းထဲကိုထွက်လာသူတွေကြောင့် မျက်မှောင်တွန့် မင်သက်သွားသည်။

အဖြူထည်နှင့်ပခုံးကိုယ်စီ ဖက်ထွက်လာသူက စိမ့်ဖြစ်နေ၏။ မင်သက်ခြင်းနှင့် ငြိမ်သက်သွားကြတာ သုံးယောက်စလုံး ဖြစ်သည်။

စိမ့်မျက်ဝန်းတွေ နီရဲမို့အစ်နေသည်။ ငိုကြွေးထားခြင်းဆိုတာ ထင်ရှားသည်။ အဖြူထည်သည်လည်း ငိုထားသည်လားမသိ။

သူ ပထမဆုံး သတိဝင်လာကာ မျက်နှာလွှဲ လှေကားထစ်တွေ အတိုင်း တက်ခဲ့သည်။

စိမ့် ဘယ်ကပြန်ရောက်လာတာလဲ အံ့ဩမိတာ အမှန်။ စိမ့်ရဲ့ အဘွားရှိသော ရွာလေးကို အဖြူထည်နှင့် မင်္ဂလာမဆောင်မီသူ လေးငါး ခေါက် ရောက်ခဲ့သည်။

စိမ့် ရွာလေးမှာ မရှိ၊ ရန်ကုန်မှာလည်းမရှိ၊ ဘယ်ကိုရှောင်တိမ်း နေသည်ဆိုတာ သူ အစရှာလို့မရ။ အားလုံးကို စိတ်နာကာ စိမ့် ရှောင် ပြေးသွားတာဟု ထင်ခဲ့သည်။

အခုတော့ စိမ့် အဖြူထည်ဆီရောက်လာသည်။

အဖြူထည်တို့ မိသားစုကို စိမ့် ဘာကြောင့် စိတ်မနာနိုင်ရတာလဲ။ စိမ့်ရဲ့ရိုးသားဖြူစင်မှုတွေကို အဖြူထည်တို့ အမြဲအနိုင်ယူခွင့်ရနေတာ ဒါကြောင့်ထင်သည်။

ဆင်ဝင်အောက်က ကားသံကြားတော့ သူ ပြတင်းတံခါးဆီ





လျှောက်ခဲ့ကာ ခန်းဆီးလိုက်ကာစလေး မကြည့်မိ၏။

စိမ့်ရဲ့ကားဖြူလေး ပြန်ထွက်သွားခဲ့ပြီ။

အဝတ်အစားလဲပြီးသည်နှင့် သူ အိမ်အောက်ကို ဆင်းခဲ့သည်။ ညှော်ခန်းထဲမှာ ထိုင်နေသော အဖြူထည် သူ့ကိုမြင်တော့ မော့ကြည့်သည်။

"မင်းဆီ စိမ့်စမ်းလ ဘာလာလုပ်တာလဲ အဖြူထည်"

"သူ လာလည်တာပါ၊ ရန်ကုန်ရောက်နေလို့တဲ့၊ နယ်မှာ စိမ့်က အလုပ်ဝင်နေတာပါ"

"ငါ ဘာမှသူ့အကြောင်း မင်းကို မေးမနေဘူး အဖြူထည်၊ ငါပြောတာက စိမ့်စမ်းလကို မင်းတို့ ဘာဒုက္ခပေးဦးမလဲ သိချင်လို့"

အဖြူထည် ဘာစကားမှ မဆိုဘဲ သူ့ကိုငေးကြည့်နေသည်။ ငိုထားသော မျက်ဝန်းသားတွေ နီနေဆဲ။ နှစ်ယောက်သား ဘာတွေ အလွမ်းသယ်ခဲ့ကြသည် မသိပါ။

"ပြောလေ အဖြူထည် ဘာလဲ မင်းနဲ့ငါရဲ့ အိမ်တွင်းရေးကို ရင်ဖွင့်ပြီး မင်း၊ စိမ့်စမ်းလကို အကူအညီတောင်းတာလား၊ ဆောရီးပဲ မင်းမျှော်လင့်တာ ဘာမှ ငါ့ဆီက မရဘူး"

"ရတုဝိုင် တော်ပါတော့ ထည် တောင်းပန်ပါတယ်"

"ဘာကိုတောင်းပန်တာလဲ ငါ့ဘဝတစ်ခုလုံးကို မှန်ကြပ်အောင် လုပ်ပြီးလို့လား"

"အဟင့် ဟင့်"

"မငိုနဲ့ အဖြူထည်၊ မင်းနလုံးသားက ညစ်ထေးနေတော့ မင်းရဲ့မျက်ရည်တွေကလည်း မသန့်ရှင်းဘူး"

သူ နာကျင်အောင် တမင်ပြောဖြစ်လိုက်သည်။ စိမ့်ကို မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရချိန်မှာ အဖြူထည်ကို ပိုဒေါသဖြစ်မိတာ အမှန်ဖြစ်၏။

မဖြစ်နိုင်တော့သော သူနှင့်စိမ့် ခတ်လမ်းကို မေ့ပျောက်ပစ်လိုက်တာ ကြာပြီ။ ဒါကို အဖြူထည် ဘာလို့ အသစ်ပြန်စခိုင်းနေတာလဲ။ ရတုဝိုင်ဆိုတဲ့ကောင်က အိမ်ထောင်ရေးဖောက်ပြန်သူလို့ ပတ်ဝန်းကျင်မှာ ကြေညာချင်တာလား။

"ငါ အပြတ်ပြောမယ် အဖြူထည်၊ စိမ့်စမ်းလ အိမ်လာတာ ငါ မကြိုက်ဘူး။ ဘာလို့လဲ သိလား။ မင်းရဲ့အနိုင်ကျင့်မှုတွေကို စိမ့်စမ်းလ ထပ်ခံရမှာ စိုးလို့ပဲ"

စကားဆုံးသည်နှင့် သူ ထွက်ခဲ့လိုက်သည်။ ရှိုက်သံတွေ ညနေခင်းထဲမှာ ပျံ့လွင့်ကျန်ခဲ့သည်။

သူနှင့်အဖြူထည် အနာဂတ်သည် ဒီလိုညစ်ညူးစရာတွေနှင့် အတိဖြစ်နေမှာ သူ ကြိုသိပြီးသား။

စိတ်ဆင်းရဲနေသလား အဖြူထည်။

တကယ်ဆို ဒီစိတ်ဆင်းရဲမှုတွေကို မင်းပဲ ဖန်တီး ရွေးချယ်ခဲ့တာပါ။

■ ■ ■



## အခန်း (၃၃)

မြည်လာသော ဖုန်းသံက သူ့ရဲ့လက်ကိုင်ဖုန်းက ဖြစ်တာကြောင့် လှမ်းယူလိုက်သည်။

ဒီဖုန်းက ဒယ်ဒီ မာမီတို့ပဲ ဆက်တာဖြစ်သည်။ အလုပ်ကိစ္စနှင့် မသက်ဆိုင်သော သီးသန့်ဖုန်း။

"ဟဲလို"

"ရတုဝိုင် ကျွန်မ စိမ့်စမ်းလပါ"

"ဟင်"

သူ အံ့ဩသွားမိသည်။ စိမ့်စမ်းလဆီက ဖုန်းဟု ဘယ်လိုမှ ထင်မှတ်မထားတာ အမှန်။

"မင်း ဘာအတွက် ငါ့ဆီဆက်တာလဲ စိမ့်စမ်းလ"

"ရှင်းပြစရာတစ်ခုအတွက်ပါ ရတုဝိုင်"

"ဘာကို ရှင်းပြမှာလဲ၊ အဖြူထည်တို့ ကျေးဇူးတွေအတွက် ငါ့ကို စွန့်လွှတ်တဲ့အထိ ဆပ်လိုက်တဲ့ မင်းရဲ့သိတတ်မှုတွေအတွက်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရတုပိုင် ကျွန်မပြောတာ နားထောင်ပေးပါ၊ တကယ်ဆို အားလုံးမှားခဲ့တာ စိမ့်ပါ၊ အတ္တကြီးခဲ့တာ စိမ့်ပါ၊ လိမ်ညာခဲ့တာ စိမ့်ပါ"

"ဘာရယ်"

"ဒီလိုပါ ရတုပိုင် ဦးပညာနိုင်နဲ့ကိစ္စမှာ စိမ့်မဟုတ်ဘူး ဖြူ့အစားခံပေးရတာလို့ ကျွန်မပြောခဲ့တာ ရတုပိုင်ကို လိမ်ညာခဲ့တာပါ"

"ဘာရယ်"

"ဟုတ်ပါတယ် ရတုပိုင် အထင်သေးမုန်းမှာကြောက်လို့ ဖြူ့ကို တရားခံလုပ် ညာခဲ့တာပါ၊ အဲဒါကို စိမ့် နောင်တရမဆုံးပါဘူး၊ တကယ်ဆို ဖြူက တကယ်ရိုးသားဖြူစင်ပါတယ်၊ စိမ့်အပေါ်ထားတဲ့ဖြူနဲ့ မေမေဆွေတို့မေတ္တာက နွေးထွေးခဲ့တယ်၊ ဖြူစင်ခဲ့တယ်၊ ဒါပေမဲ့ မဖြူစင်ဘဲ အတ္တကြီးခဲ့သူက စိမ့်ပါ ရတုပိုင်ရယ်"

သူ မယုံနိုင်စွာ မင်သက်နေမိသည်။ ဦးပညာနိုင်ကိစ္စမှာ စိမ့်က အဖြူထည်ကို လွှဲချခဲ့တာတဲ့လား။ သူ့ကိုညာခဲ့တာတဲ့လား။

"ရတုပိုင် ရှင်နဲ့အင်တာနက်ချက်တင်ထဲမှာ W နာမည်ခံ့ကြနဲ့ စကားတွေပြော ခင်မင်ခဲ့တာလည်း စိမ့်မဟုတ်ပါဘူး၊ တကယ်က ဖြူပါပဲ"

"ဟင်"

"ရှင့်ကို တစ်ခါမြင်တွေ့ သဘောကျနေမိတဲ့ ကျွန်မ ဒါကိုသိတော့ အတ္တကြီးစွာ ဖြူ့ဆီက လုယူခဲ့တယ်၊ စိမ့်ကို အမြဲတနာဦးစားပေးတဲ့ ဖြူကိုအသုံးချပြီး ရှင့်အချစ်ကို ယူခဲ့တာပါ၊ စိမ့် ဒီလောက် အတ္တကြီးခဲ့တာတောင် ဖြူနဲ့ မေမေဆွေတို့ မေတ္တာက မပျက်ယွင်းခဲ့ဘူး၊ စိမ့် နောင်တရသွားခဲ့တယ် ရတုပိုင်၊ အချစ်ဆိုတာ လိုချင်ရမ္မက် အတ္တနဲ့





ပိုင်ဆိုင်အပ်တဲ့အရာ မဟုတ်ဘူးလို့ နားလည်လိုက်တယ်၊ ဒါကြောင့် ရတုပိုင်နဲ့ဖြူ နီးစပ်အောင် ကြံစည်ဖန်တီးခဲ့တာပါ၊ စိမ့် ဖြူ့အပေါ် အနိုင်ယူခဲ့သလို ရတုပိုင် အချစ်ကိုလည်း လုပ်ကြံယူခဲ့တယ်လေ၊ ဒါ မတရားဘူးလို့သိလို့ စိမ့် ပြန်ပေးဆပ်ခဲ့တာပါ"

စိမ့် ဝန်ခံစကားတွေကို သူ အံ့ဩစွာ နားထောင်နေမိဆဲ။

"စိမ့်အမှားတွေပါ၊ အားလုံး တောင်းပန်ပါတယ် ရတုပိုင်၊ ဖြူလေးကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ရှင်၊ ဖြူလေး နှလုံးသားက ဖြူစင်ရိုးသားတယ်၊ မချစ်တတ်တဲ့ နှလုံးသားက ချစ်ခဲ့သွားတဲ့ ရတုပိုင်ကိုတောင် စိမ့်အတွက် ပေးဆပ်ရဲတယ်၊ ဖြူ့နှလုံးသားကို ရတုပိုင် အနိုင်ယူနေတာ စိမ့်ကြောင့်ပါ၊ စိမ့် ညာခဲ့တာတွေကို ရတုပိုင် ယုံကြည်သွားပြီး ဖြူလေးကို မုန်းသွားတာ၊ စိမ့်ပယောဂ မကင်းဘူးထင်တယ်၊ ဖြူ့ကိုလည်း တောင်းပန်ပြီးပါပြီ ရတုပိုင် ခွင့်လွှတ်ပါနော်၊ စိမ့် တောင်းပန်ဝန်ခံပါတယ်ရှင်"

"စိမ့် မင်းတကယ်ပြောနေတာလား အဖြူထည်မှာ ဘာအပြစ်မှမရှိဘဲ မင်းအသုံးချခဲ့တာလား"

"ဟုတ်ပါတယ် ရတုပိုင် ဒီအမှားတွေသိလို့ ဖြူလေးအနားမှာ ရတုပိုင်ကို ထားရစ်ခဲ့ပေမယ့် ဖြူလေးစိတ်ဆင်းရဲအောင်လုပ်သလို ဖြစ်နေတာ စိမ့် စိတ်မကောင်းလို့ပါ"

ရတုပိုင် ရင်ထဲမှာစိတ်မကောင်းဖြစ်သွားရသည်။ စိမ့်ကြောင့် ဖြူစင်သော အဖြူထည်ကို သူ အနိုင်ယူနေခဲ့တာတွေ များခဲ့ပြီ။

တကယ်ဆို ဖြူစင်သော နှလုံးသားလေးကို သူ မိုက်မဲစွာ နင်းချေနေသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်တယ်စိမ့် ကိုယ်အဖြူထည်ကို တနာနားလည်နိုင်ပါပြီ"

"ဝမ်းသာလိုက်တာ ရတုဝိုင်ရယ်၊ ဖြူ နှလုံးသားလေးက ဖြူစင်တယ် ရတုဝိုင်ချစ်ခြင်းကလည်း ဖြူစင်ပါတယ်၊ ဖြူစင်တဲ့အဖြူထည်နှလုံးသားတွေပဲ ထိတ္တူရှိသင့်ပါတယ် ရတုဝိုင်ရယ်"

စိမ့်စကားအဆုံးမှာ သူ ဖုန်းလေးပိတ်ကာ စားပွဲက ဝုန်းခနဲ ထရပ်လိုက်သည်။

"ဩော် မောင်ဇော် ဒီနေ့ဘယ်သူလာလာ ငါနေမကောင်းလို့ ပြန်သွားတယ်ပြောလိုက်ကွာ ဟုတ်လား"

"ဟုတ်ကဲ့ ဟုတ်ကဲ့ဆရာ"

ဖုန်းဆက်ပြီး ရုတ်တရက် ကောက်ကာငင်ကာ ဖျားလိုက်သော သူ့ကို သူ့လူယုံမန်နေဂျာမောင်ဇော် နားမလည်သလိုကြည့်၏။

သူအခန်းထဲက ထွက်ခဲ့လိုက်သည်။ လျှင်မြန်သော စိတ်အာရုံတွေက အဖြူထည်ဆီကို ဦးတည်ပြေးလွှားနေကြသည်။

ဖြူစင်တဲ့နှလုံးသားလေးကို ကိုယ်မမြင်ခဲ့တာ ခွင့်လွှတ်ပါအဖြူထည်လေးရယ်။

ဆင်ဝင်အောက်ထိုးရပ်ပြီး ကားပေါ်ကသူဆင်းတော့ ညှို့ခန်းထဲမှာ လက်ဆွဲအိတ်ကြီးဆွဲရပ်နေသော အဖြူထည်နှင့်ထိပ်တိုက်ဆုံသည်။

"အဖြူထည် ဘယ်သွားမလို့လဲ"

မှိုအစ်နီမြန်းနေသော မျက်ခွံအစ်အစ်လေးတွေနှင့် အဖြူထည် ကြည့်သည်။ မျက်ရည်တွေကျအောင် သူ အဖြူထည်ကို နှိပ်စက်နေခဲ့တာတွေအတွက် နောင်တတွေရမဆုံး။





"ထည် ထွက်သွားပါရစေ ရတုဝိုင်၊ ထည်ရှိနေရင် ရတုဝိုင် စိတ်ဆင်းရဲနေမှာသိပါပြီ"

"ဟင့်အင်း မင်းကိုယ့်အနားက ဘယ်မှမသွားပါနဲ့"

"ရှင်"

"ကိုယ်မှားခဲ့ မိုက်ခဲ့တာတွေအတွက် မင်းကိုပြန်ပေးဆပ်ချင်လို့ပါ အဖြူထည်၊ အခုပဲ စိမ့်စမ်းလနဲ့ဖုန်းစကားပြောဖြစ်တယ်၊ သူပြောပြလို့ ဖြူစင်တဲ့ မင်းနှလုံးသားလေးကို ကိုယ်မြင်သိခဲ့ပြီ"

အဖြူထည် မျက်ဝန်းလေးတွေ ဝိုင်းလျက် သူ့ကိုကြည့်နေသည်။ သူ အဖြူထည်လက်ထဲက ဆွဲအိတ်ကြီးကိုယူကာ ကြမ်းပြင်ပေါ်ပစ်ချလိုက်၏။ ပြီးတော့ အဖြူထည် ပခုံးလေးကိုဆုပ်ကိုင်ရင်း အပြစ်ကင်းစင်သော မျက်နှာလေးကို စိုက်ကြည့်မိ၏။

ငိုထားသည့် မျက်ဝန်းလေးမတွေထဲမှာတောင် ဖြူစင်ရိုးသားရိပ်တွေ ဖြာနေသည်။

"အဖြူထည်"

"ရှင်"

"ကိုယ်လူမိုက်ပါ၊ မိုက်မဲခဲ့တာတွေအတွက် မင်းကိုတစ်သက်လုံး ယုယကြင်နာခွင့်ပေးပါ၊ ကိုယ်စွဲလန်းခဲ့ဖူးတဲ့ W ဆိုတဲ့ မိန်းကလေးက မင်းပဲမဟုတ်လား။ မင်းရဲ့ဖြူစင်တဲ့ နှလုံးသားလေးကို ကိုယ်မြတ်နိုးချစ်ခဲ့တာပါ"

"ရတုရယ်"

ရင်ခွင်ထဲ ပြိုလဲကျလာသော အဖြူထည် ခန္ဓာကိုယ်လေးကို သူ သိုင်းဖက်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးသော ခန္ဓာကိုယ်လေးကို မြတ်နိုးစွာ ယုယစွာပွေ့ဖက်ရင်း အပြစ်ကင်းစင်သော မျက်နှာလေးပေါ်ကို အကြင်နာအနမ်းတို့ သူခြွေမိသည်။

''သိပ်ကိုဖြူစင်တဲ့ ကိုယ့်ရဲ့အဖြူထည်လေးရယ်''

စည်းချက်ညီသွားသော ရင်ခုန်သံတွေ ပေါင်းစည်းမိကြရိုးနှင့်မှာ ရင်ဘတ်တွင်းက ဖြူသောချစ်ခြင်းတို့သည်လည်း မွှေးရနံ့ကြိုင်သင်းစွာ နူးညံ့လိုက်မောစွာ၊ ယုယကြင်နာခြင်းရောင်စဉ်တို့ လင်းလက်တောက်ပစွာ။

ချစ်ခြင်းမေတ္တာသည် အဖြူထည်ပန်းတစ်ပွင့်။

ပရိသတ်အတွက်

အမြဲတမ်း

မျူး

www.burmeseclassic.com